
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မြသွန်းချယ်

# လေပြည်တစ်စရဲ့ တမ်းချင်း




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



"ငါ သိပ်နားမရှင်းလို့ နောက်တစ်ခေါက်လောက် ထပ်ပြောပေးပါလား ထနောင်း"

သူ့ရင်ထဲ တလိပ်လိပ် လှိုက်တက်လာသော ဒေါသတရားများကို တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ပြီး ဖြေဖျောက်လိုက်ပေမယ့် သူ့မျက်လုံးထဲက မုန်းတီးစက်ဆုပ်ခြင်း အရိုးအငွေ့တချို့ကိုတော့ ဘယ်လိုအင်အားမျိုးနှင့်မှ မငြိမ်းသတ်နိုင်ပါ။

နဂိုတည်းက မာကျောကျော၊ ဂျစ်ကန်ကန်နှင့် ထိခနဲဆို မိုက်သွေး အလိုလိုကြွလာတတ်သည့် သူ့စိတ်ဓာတ်ကို အရှုမချေးခါးမကျန်သိသော ထနောင်းရိပ်က မျက်နှာငယ်ငယ်လေးနှင့် သူ့ကို မော့ကြည့်ကာ ...

"ဒီသွန်း ... ငါ ... ငါ ဘာဆက်လုပ်ရမှန်း မသိတော့ဘူးဟာ၊ ဒေါ်လေးတို့စကားကိုလည်း ငါ မပယ်ရှားရဲဘူး၊ ငါ့ဘဝက ဒေါ်လေးတို့လက်ထဲမှာပဲ ထားရာနေ စေရာသွားနေရတဲ့ဘဝဆိုတာ နင်လည်း သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်ဆို့နင့်စွာ ဆိုလာသော ထနောင်းကို သူ ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ သူနဲ့ ထနောင်းဟာ ဟိုးနှပ်ချေးတွဲလောင်းဘဝတည်းက စားအတူ၊ သွားအတူ ချစ်ခင်စည်းလုံးစွာ နေလာခဲ့သော သူငယ်ချင်းအရင်းကြီးတွေ ဖြစ်သည်။ ဆယ်တန်းအထိ လက်တွဲမဖြုတ်တမ်း နေလာခဲ့ကြပြီး ဆယ်တန်းအောင်စာရင်းထွက်သည့်နေ့မှာပင် သူနှင့် ထနောင်း အလှမ်းဝေးသွားခဲ့ကြသည်။ အတန်းထဲမှာ နှစ်စဉ် ပထမအမြဲရခဲ့သော ထနောင်းက ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်မှုတစ်ခုကို လက်ခံရရှိခဲ့သော်လည်း နှစ်တိုင်းလိုလို အညံ့စာရင်းထဲမှာ ပါခဲ့သောသူက ကျရှုံးခြင်းတစ်ခုဖြင့် ပညာရေးလမ်း ဆုံးခန်းတိုင်ခဲ့သည်။

ထနောင်းက ကွန်ပျူတာတက္ကသိုလ်မှာတွဲ့ရပြီး ကွန်ပျူတာ စာစီစာရိုက်၊ ဂရပ်ဖစ်ဒီဇိုင်းနှင့်ပတ်သက်သော နာမည်ကြီးဆိုင်တစ်ဆိုင်တွင် အလုပ်ဝင်နေခဲ့ချိန်မှာ သူကတော့ သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်၊ ဂစ်တာတဒေါင်ဒေါင်တီးလျက် ဂျစ်ပစီဆိုသည့် ဘွဲ့ထူးတစ်ခုကို မြတ်မြတ်နိုးနိုး ဖက်တွယ်ကာ လေလွင့်လမ်းမများပေါ် ဆက်လက်ခရီးနှင် လျှောက်လှမ်းနေခဲ့လေသည်။

သို့သော် သူ့ရဲ့ တစ်ဦးတည်းသော ငယ်သူငယ်ချင်းလည်းဖြစ်၊ အရွယ်ရောက်လာချိန်မှာ ငွားငွားစွင့်စွင့် လှပလာသည့်





နှင်းဆီပွင့်ကလေးတစ်ပွင့်လို သဏ္ဌာန်တူသည့် သူငယ်ချင်းအပေါ် တိတ်တခိုး ချစ်မြတ်နိုးနေမိသော သူ့အတွက် လတ်တလော ကြားလိုက်ရသည့် သတင်းက သူ့နှလုံးသားဗဟိုချက် တည့်တည့်ကို ထိမှန်သွားစေခဲ့ပါသည်။

"နှင့်သဘောထားကရော ဘယ်လိုလဲ ထနောင်း၊ အဲဒီမင်းဇီရဆိုတဲ့ ငနဲကို ပြန်လက်ခံဖို့ ဆုံးဖြတ်လိုက်ပြီလား"

သူ့အသံက အေးစက်မာကျောစွာ ပြင်းရှရှ လွင့်ထွက်လာသည်။ ခုချိန်မှာ သူ့ရင်တွေ အဆမတန် နာနေခဲ့လေပြီ။

ဖြစ်နိုင်လျှင် သူ ထနောင်းလက်ကိုဆွဲပြီး အားလုံးနဲ့ဝေးရာကို ပြေးထွက်သွားချင်မိသည်။ ငယ်သူငယ်ချင်းသံယောဇဉ်ဖြင့် ဖွင့်မပြောရက်စွာ မျိုသိပ်ကြိတ်မှိတ်ခဲ့ရသော သူ့ခံစားချက်များကို ထနောင်း သိအောင် သူ ဘယ်လိုနည်းဖြင့် ဝန်ခံရမည်လဲ။

ခုတော့ သူ့ရဲ့ နိုးကြောင်နိုးဝှက် မျိုသိပ်မှုများကို အခြားတစ်ယောက်က ပြင်းပြင်းထန်ထန်ပင် လက်ဦးမှုရယူသွားခဲ့ပြီ။

ထနောင်းက လက်ထဲမှာကိုင်ထားသော တစ်ရှူးစကို အဓိပ္ပာယ်မဲ့ လုံးချေပစ်ရင်း ခပ်တိုးတိုးဆိုလာသည်။

"ငယ်ငယ်လေးကတည်းက ငါ့ဘဝကို ငါမပိုင်ခဲ့တာ နင်အသိဆုံးပါ ဒီသွန်းရယ်၊ ဒေါ်လေးလက်ထဲမှာ ဝကွက်အပ်



www.burmeseclassic.com

www.burmeseclassic.com



ထားရတဲ့ ငါ့ဘဝကို ငါကိုယ်တိုင် ထုဆစ်ပုံဖော်ခွင့်မရခဲ့တာ ငါ့ရဲ့အနီးဆုံးမှာရှိတဲ့ နင် အသိဆုံးပါ”

အဖျားခတ် တုန်ယင်သွားသော တိုးတိုးတိတ်စကားသံတချို့က သူ့ရင်ထဲမှ ဒေါသအစိုင်အခဲကို ထုထည်ကြီးထွားသွားစေသည်။ သူငယ်ချင်းမလေးရဲ့ ဘဝပေးအခြေအနေကို သူကောင်းစွာ နားလည်သဘောပေါက်မိပါသည်။

ထနောင်းက ငယ်စဉ်ကတည်းက အဒေါ်ဖြစ်သူ ဒေါ်ရင်ကျော့ လက်ပေါ်တွင်သာ ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ ထနောင်း ပြောပြချက်အရ ထနောင်းအဖေနှင့်အမေဟာ သူမလသားအရွယ်မှာပင် အကြီးအကျယ် ပြဿနာတက်ကြရင်း ကွာရှင်းပြတ်စဲသွားကြသည်ဆိုပါသည်။ သူမအဖေ အိမ်ပေါ်မှဆင်းသွားပြီး ခြောက်လခန့်အကြာမှာ မိခင်ဖြစ်သူက အမျိုးသမီးရောဂါဖြင့် ကွယ်လွန်သွားခဲ့လေသည်။

ထိုအချိန်မှစ၍ ထနောင်းအမေ၏ ညီမရင်းဖြစ်သော ဒေါ်လေးက ထနောင်းကို အပြီးအပိုင်မွေးစားခဲ့ပြီး ယခု အသက်အရွယ်အထိ ပညာစုံလူလားမြောက်အောင် ထိန်းကျောင်းပုံ့ပိုးပေးခဲ့ပါသည်။ တကယ်တော့ ထနောင်းရိပ်ဆိုသော မိန်းကလေးဟာ ဆပ်မကုန်နိုင်သော ကျေးဇူးတရားများ၏ အရိပ်အောက်မှာ ခိုလှုံနေရသော သနားစဖွယ်ဘဝကို ပိုင်ဆိုင်ထားသူဖြစ်သည်။





ခုတော့ သူမဘဝကို ငွေကြေးဥစ္စာနှင့် လဲလှယ်ပစ်မည့် ယောကျ်ားတစ်ယောက် မမျှော်လင့်ဘဲ ပေါ်ထွက်လာခဲ့ပြီ။ ထိုအသိကြောင့်ပင် သူ့ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်စီးဆင်းနေသမျှသွေးများအားလုံး ပွက်ပွက်ဆူလာသည်အထိ ဒေါသအမှောင်ဖုံးလွှမ်းသွားခဲ့လေသည်။

သူ့ရဲ့မူလဗီဇဖြစ်သော ကြွပ်ဆတ်ဆတ်၊ ဂျစ်ကန်ကန် မခံချင်စိတ်က ဖြုန်းခနဲ အုံကြွရုန်းထလာကာ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။ မဖြစ်နိုင်ပါ။ သူ့နှလုံးသားထဲမှ ထနောင်းကို ဆွဲထုတ်ယူငင်သွားသည့်သူဟာ သူ့ရဲ့ အကြီးမားဆုံးရန်သူသာလျှင် ဖြစ်လိမ့်မည်။

သူ ထနောင်းမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ နီရဲဆွတ်ကျင်နေသော မျက်လုံးမို့မို့တို့က တစ်ညလုံးငိုထားသောသက်သေပင်။

ဒီသူငယ်ချင်းမလေးဟာ တော်တော်လည်း မျက်ရည်လွယ်သူဖြစ်ကြောင်း သူကိုယ်တိုင် အသိဆုံးပင်။ ငယ်စဉ်ကတည်းက ပြဿနာအရှုပ်အထွေး တစ်ခုခုနှင့်ကြုံတိုင်း အရင်ဆုံးဖြေရှင်းနည်းက ငိုကြွေးခြင်းပင် သူမရဲ့အဖော်ဖြစ်ခဲ့သည်။

သို့သော် သူကလည်း အလွန်ငိုတတ်သော သူမရဲ့အချော့တော်အဖြစ် ကိုယ့်ကိုယ်ကိုယ် ကျိတ်ပြီး ကြိတ်ကြိတ်ဖန်ဖန် ဂုဏ်ယူနေခဲ့ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထနောင်း ငါပြောမယ် သေချာနားထောင်နော်၊ နင် ဦးမင်းဝီရကို ချစ်လား"

သူ့မေးခွန်းအဆုံးမှာ ဖျတ်ခနဲ မော့ကြည့်လာသော မျက်လုံးဝိုင်းဝိုင်းလေးတွေကြောင့် သူ့ရင်ထဲ စစ်ခနဲ နာကျင်သွားရပါသည်။ နှစ်ရှည်လများ နှောင်ဖွဲ့ထားခဲ့သော သူတို့နှစ်ယောက်ရဲ့ သံယောဇဉ်ဗိမာန်ကို ဘယ်လိုလက်နက်မျိုးနှင့်များ ဖြိုဖျက်တိုက်ခိုက်နိုင်မှာ လဲ။

သူ ထနောင်းဆီမှ အဖြေကို ငံ့လင့်စောင့်စားနေမိသည်။ ထနောင်းက သူ့ထံမှ အကြည့်ကိုလွှဲဖယ်ကာ အသာအယာ ခေါင်းယမ်းပြလေသည်။ သူ့ရင်ထဲ မြောက်ခနဲနေအောင် ဝမ်းသာလုံးဆို့သွားရသည်။ ဒီအချက်တစ်ချက်တည်းနဲ့တင် သူ့အတွက် အစစအရာရာ ပြီးပြည့်စုံသွားပြီ ဖြစ်လေသည်။

"ထနောင်း ... နင် ဒီအချိန်ကစပြီး စိတ်ညစ်စရာတွေ အားလုံးကို ခပ်ဝေးဝေး ဝဲပစ်လိုက်၊ နင့်အခက်အခဲတွေ မှန်သမျှ ငါတစ်ယောက်တည်း ဒိုင်ခံဖြေရှင်းပေးမယ် ဟုတ်ပြီလား"

သူ့ရဲ့ တိကျပြတ်သားသော စကားကြောင့် ထနောင်း သူ့ကို အလန့်တကြား မော့ကြည့်လာပြန်သည်။ ထို့နောက် ကြွက်သားအဖုအထစ်များဖြင့် တင်းမာကျစ်လျစ်နေသော သူ့လက်မောင်း



တစ်ဖက်ကို အသာဖွဖွ ဆုပ်ကိုင်လာကာ လေသံတိုးဖျော့ဖျော့ဖြင့် ဆိုသည်။

"ဒီသွန်း ... နင် ... နင် ဘာတွေလျှောက်လုပ်မလို့လဲဟင်၊ ငါက မချစ်ဘူးဆိုပေမယ့် ဒေါ်လေးစကားကို နားထောင်ပြီး ..."

"ဘာကို နားထောင်ရမှာလဲ ... ဟင် ထနောင်း၊ နင့် ဘာလို့ ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်နေတာလဲ၊ နင် ဘယ်လောက် စိတ်ဆင်းရဲနေတယ်ဆိုတာ နင့်မျက်နှာကြည့်ရုံနဲ့ သိတယ်၊ ဘဝတစ်လျှောက်လုံး နင် ရင်ဆိုင်ရမယ့် ပြဿနာအခက်အခဲတွေ အားလုံး ငါတစ်ယောက်တည်း ခေါင်းဝင်ဖြေရှင်းလာတာ ခုလည်း နင်ကြည့်နေ ... ဒီကိစ္စကို မရ,ရအောင် ငါ ဖျက်ပြမယ်"

သူ့အသံက ကြောက်ခမန်းလိလိ ပြင်းထန်ပေါက်ကွဲနေခဲ့လေသည်။ သူ့ဒေါသအတိမ်အနက်ကို ခန့်မှန်းသိရှိသော ထနောင်းက သူ့ကို အချိန်မီတားမြစ်ဟန်ပြင်သည်။

"ဒီသွန်း ... နင် စိတ်လိုက်မာန်ပါတွေ လျှောက်မလုပ်ပါနဲ့ဟာ၊ ငါက နင့်ကို အသိပေးရုံပေးတာပါ၊ ငါ့ကိစ္စကို ငါ့ဟာငါပဲ ဖြေရှင်းပါရစေ၊ နင့်ကို ငါ့အတွက်နဲ့ ပြဿနာ မဖြစ်စေချင်ဘူး၊ ငါ့စကားကို နားထောင်ပါနော်"

www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘယ်လိုနည်းနဲ့ ဖြေရှင်းမှာလဲ၊ အဲဒီကောင်လက်ထဲကို နင့်ဘဝထိုးအပ်ပြီး ဒေါ်လေးတို့ကျေးဇူးကို ကျွန်မဒီနည်းနဲ့ ဆပ်လိုက်ပါပြီဆိုပြီး သူ့ရဲကောင်းလုပ်ချင်တာလား၊ ဟင် ... ယောကျာ်းတွေကို ဘာထင်နေလဲ ထနောင်း၊ အဲဒီမင်းဝီရဆိုတဲ့ကောင်အကြောင်းရော နင် ဘယ်လောက်သိလို့လဲ ... တောက် ... ငါကွာ"

သူ မျက်စိရှေ့က ခဲတစ်လုံးကို ဒေါသတကြီး ကန်ထည့်လိုက်သည်။ ထနောင်းက အရောင့်လွင့်ဟောင်းနွမ်းနေပြီဖြစ်သော သူ့ဂျင်းဂျာကင်အနားစကို အသာဆွဲရင်း ခပ်တိုးတိုးဆိုပြန်သည်။

"ဒီသွန်းရယ် ... ငါ စိတ်ညစ်လိုက်တာ၊ ငါ့အတွက်နဲ့ နင်ဒီလိုပေါက်ကွဲနေရတာ ငါ့မှာလည်း အပြစ်ရှိပါတယ်၊ နင်ငါ့အပေါ် အများကြီးကောင်းခဲ့ဖူးတာပဲ၊ ငါ သိပြီးသားပါ၊ ဒါပေမဲ့ ဒီကိစ္စကိုတော့ နင် စိတ်လိုက်မာန်ပါ ဖြေရှင်းရင်အားလုံး မျက်နှာပျက်ကုန်လိမ့်မယ် ...

ငါက ခုချိန်မှာ ဦးမင်းဝီရရဲ့ လက်ရှိဝန်ထမ်းတစ်ယောက် ဖြစ်နေတယ်လေ၊ နင် ... နင် ငါပြောတာကိုသဘောပေါက်ရင် ငါ့စကားကို နားထောင်ပေးပါနော်"





သူ အံကို တင်းတင်းကြိတ်လိုက်မိသည်။ သူ ခံပြင်းဆုံးအချက်ထဲမှာ အဲဒီအချက်က ထိပ်ဆုံးကပါသည်။ ကိုယ့်အောက်လက်ငယ်သားတစ်ယောက်ကို ပြောင်ပြောင်တင်းတင်းလက်ထပ်ခွင့်တောင်းဝံ့သော ဦးမင်းဝီရရဲ့ စိတ်ဓာတ်ကို ယောကျာ်းအချင်းချင်း သူ ကောင်းကောင်းကြီး နောကျေပြီးသားပင်။ မင်းဝီရဆိုသော နာမည်နှင့်ပတ်သက်၍ ထနောင်းတို့အိမ်မှာ မိုးမွှန်အောင်ပြောဆိုနေသံများကို သူ နားနဲ့မဆံ့အောင် ကြားခဲ့ရဖူးသည်။

လူကိုယ်တိုင် မမြင်ဖူးသော်လည်း နာမည်ကြားရုံနှင့် သူ တူးတူးခါးခါးမုန်းမိသည်မှာ အမှန်ပင်။ ယခုလို ထနောင်းကို သူ့ကမ္ဘာထဲမှ အပြီးအပိုင် ဆွဲခေါ်ထုတ်ဖို့ အကြံအစည်ကြီးကြောင့် ဦးမင်းဝီရ အပေါ်မှာ သူ့အမုန်းတရားများ တစ်စတစ်စကြီးထွားကျယ်ပြန့်လာခဲ့ပြီဖြစ်သည်။

သူ ဘယ်နည်းနဲ့မှ ထနောင်းကို အဆုံးရှုံးမခံနိုင်ပါ။ သို့သော် သူငယ်ချင်းအပေါ် ယိမ်းယိုင်တိမ်းညွတ်မိသည့် ကိုယ့်စိတ်ဓာတ်အတွက်လည်း သူ အနည်းနဲ့အများ မခံချိမခံသာဖြစ်ရမြဲပင်။ ကိစ္စတိုင်းလိုလိုမှာ အမှား အမှန် ဆင်ခြင်နိုင်စွမ်းမရှိသော ဖြေရှင်းနည်းများကိုသာ မိုက်မိုက်ကန်းကန်း ဖန်တီးခဲ့ဖူးသည့်သူ့တစ်သက်တာမှာ အခက်အခဲ အပင်ပန်းဆုံးအလုပ်က ထနောင်းကို ချစ်ခွင့်ပန်ဖို့ ကြိုးစားခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းရှေ့ရောက်လျှင် သူ့ရဲ့ ရဲရင့်တက်ကြွသော နှုတ်ခမ်းအစုံ အလိုလိုနေရင်း ဆွံ့အပိတ်ဆို့သွားရမြဲ။ သူ ပျော့ညံ့တွေဝေကြောင်း ကိုယ့်ကိုယ်ကိုယ် သိသော်လည်း နစ်ရှည်လများ နိုင်မြဲတည်တံ့ခဲ့သော အဖြူရောင်နှောင်ကြိုးများကို အံတုယှဉ်ပြိုင်နိုင်စွမ်းမရှိခဲ့ပေ။ သို့သော် ထနောင်းအတွက် ဘာမဆို အစစအရာရာ မဖြစ်ဖြစ်အောင် ဖြည့်ဆည်းလိုက်လျောပေးမည့် ယောက်ျားဟာ ကမ္ဘာပေါ်မှာ သူတစ်ယောက်တည်းသာရှိသည်ဟု သူက ဇွတ်နင်းယုံကြည်ထားခဲ့သည်။

ခုတော့ မခူးရက်၊ မမွှေးရက်စွာ အရိပ်ကြည့်စောင့်ရှောက်ခဲ့ရသော အဖြူရောင်ပန်းလေးတစ်ပွင့်ကို အခြားတစ်ယောက်က ရက်ရက်စက်စက် ခူးခြွေပစ်ဖို့ ကြံစည်နေလေပြီ။ လှုပ်ရှားဖို့ လှိုက်နေသော ရင်အစုံက တလိပ်လိပ်တက်လာသော ဒေါသများကို တွန်းလှန်ဖြိုဖျက်နိုင်စွမ်း မရှိခဲ့။

ပခုံးသာသာ ကျောပြင်ပေါ် အုပ်ဝဲကျနေသော နီညိုရောင် ဆံနွယ်ပျော့စင်းစင်းများကို အငြိုးတကြီး တစ်ချက်ခါလိုက်ပြီး သူ ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ ထနောင်း မျက်လုံးများထဲ တည့်တည့်စိုက်ကြည့်ရင်း ဆိုမိသည်။

"ထနောင်း ... နင် ဦးမင်းဝီရကို လုံးဝ လက်မထပ်ရဘူး"





မာထန်ပြတ်သားသော သူ့စကားအဆုံးမှာ ရုတ်တရက် ပွင့်အာသွားသော ပန်းသွေးရောင် နှုတ်ခမ်းတစ်စုံ။ မသိမသာ ပျက်ယွင်းသွားသော မျက်နှာညိုညိုက ထနောင်းရဲ့ စိတ်ညစ်ညူးခြင်း အရိပ်အယောင်တချို့ကို ဖွင့်လှစ်ပြသနေခဲ့သည်။

"ဒီ ... သွန်း"

တိုးတိတ်ညင်သာသော လေသံဖျော့ဖျော့ပိုင်ရှင် မျက်နှာ ရှည်သွယ်သွယ်လေးကို သူ အတန်ကြာ စိုက်ကြည့်မိသည့် ခဏမှာ တဆတ်ဆတ် တုန်လာသော ဘယ်ဘက်ရင်အုံဆီက အထိအတွေ့တချို့ကို ခံစားသိရှိလိုက်ရသည်။ ထိုအထိအတွေ့လေးကြောင့်ပင် သူ့ဆုံးဖြတ်ချက် ပိုမိုတိကျ ခိုင်မာသွားခဲ့လေသည်။ သူ ထနောင်းရိပ်ကို ဘယ်နည်းနဲ့မှ လက်လွှတ်ဆုံးရှုံးမခံနိုင်တာ အသေအချာပဲ ဖြစ်သွားသည်။

"ဒီသွန်း ... နင် ..."

သူ ခေါင်းတစ်ချက် ဆတ်ခနဲညိတ်ပြလိုက်ရင်း ...

"ဟုတ်တယ် ထနောင်း၊ နင် သူ့ကို လုံးဝ လက်မထပ်ရဘူး၊ နင့်ဒေါ်လေးကိုလည်း ငါ အကျိုးအကြောင်းရှင်းပြပြီး သွားတားမယ်၊ နင် ဘာအကြောင်းပြချက်နဲ့မှ ဦးမင်းဝီရကို လက်မထပ်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောလျှင် သူ့ရင်ထဲမှာ မျိုသိပ်အံခဲထားသမျှ အထွေးလိုက် ပြေကျလာမှာစိုးသဖြင့် သူ ထနောင်းရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ခုချိန်ကစပြီး သူဟာ ထနောင်းကို တစ်ပါးသူလက်ထဲ မရောက်စေရန် ပြင်းပြင်းထန်ထန် ပိတ်ဆို့တားဆီးပစ်တော့မည့် တံတိုင်းကြီးတစ်ခုအဖြစ် ကျေနပ်ဂုဏ်ယူစွာ ခံယူနေမိပါတော့သည်။

ဂျစ်ပစီတစ်ကောင်ရဲ့ စစ်မှန်သန့်ရှင်းတဲ့ အချစ်ကို တစ်နေ့နေ့မှာ ထုတ်ဖော်ဝန်ခံခွင့် ရပါစေလို့ ငါ တိတ်တဆိတ် ဆုတောင်းနေမှာပါ ထနောင်းရယ်။





"ကံကောင်းတာပေါ့ မရင်ကျော့ရယ်၊ တူမလေးတစ်ယောက် ရှားရှားပါးပါးရှိတာ လင်ကောင်းသားကောင်းရသွားတော့ မရင်ကျော့တို့လည်း မပူမပင် နေရတော့မှာပေါ့၊ ဒါနဲ့ အဲဒီသူငယ်က ထနောင်းထက် ဘယ်နှနှစ်ကြီးသလဲ"

"ရှစ်နှစ်ကျော်ပဲကွာတာပါ မခင်လေးရယ်၊ ကျွန်မကတော့ တူမလေးသဘောထားကိုပဲ ဦးစားပေးဖို့ ဆုံးဖြတ်ပြီးသားပါ၊ ကာယကံရှင်ရဲ့ဆန္ဒက အဓိက မဟုတ်လား"

"အင်း ... အသက်ကွာတာက ကိစ္စမရှိပါဘူး၊ ကြီးရင်မှိ ငယ်ရင်ချီဆိုတဲ့ စကားလည်း ရှိတယ်လေ၊ အဓိကက ထနောင်းအပေါ်မှာ မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာနဲ့ တစ်သက်လုံး သစ္စာမြဲဖို့ပဲ အရေးကြီးတာပါ"

အာပေါင်အာရင်းသန်သန်နှင့် ပြောဆိုနေကြသော စကားသံတချို့က သူ့ခြေလှမ်းတွေကို တုံ့ခနဲဖြစ်သွားစေသည်။ သူတို့အိမ်ရှေ့ ကုန်စုံဆိုင်လေးထဲမှာ သူ့အမေ ဒေါ်ခင်လေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းရဲ့ဒေါ်လေး ဒေါ်ရင်ကျော့တို့နှစ်ယောက် အတိုင်အဖောက် ညီစွာ ဖောက်သည်ချနေကြခြင်းပါ။

ထနောင်းအကြောင်း ဦးတည်ပြောနေကြတာမို့ လတ်တလော ပေါက်ကွဲမှုများနှင့် အပြန်ခရီးနှင်ခဲ့ရသော သူ့အတွက် ထိုစကားများက ရင်ဝဆောင့်ကန်လိုက်သလို နာကျင်ဖိစီးသွားပါသည်။

လက်ထဲကိုင်လာသော စီးကရက်တိုကို နောက်ဆုံး ရှိုက်ဖွာပြီး ခြေနှင့် ဆောင့်နင်းထိုးခြေကာ သူ အမေတို့ရှိရာ ဆိုင်လေးထဲ ခြေသံပြင်းပြင်းဖြင့် ဝင်ရောက်လာခဲ့သည်။ ဒေါ်ရင်ကျော့က သူ့ကိုမြင်သော် မသိမသာ မျက်မှောင်တွန့်သွားပြီး ...

"ဟဲ့ ... ဒီသွန်း ... နင့်မလဲ တွေ့လိုက်ရင် လမ်းပေါ်မှာချည်းပဲ၊ အိမ်မှာ အမေနဲ့ အစ်မကို ကူမယ်မရှိဘူး၊ နုမဟာ ဘယ်မှာအလေလိုက်ပြီး ပြန်လာတာလဲ"

ဒေါ်ရင်ကျော့ရဲ့ မဲ့မဲ့ရွဲ့ရွဲ့အပြောကို သူက မထီမဲ့မြင်ပုံစံဖြင့် ပခုံးတစ်ချက် ဟန်ပါပါတွန့်ရင်း တုံ့ပြန်လိုက်လေသည်။ ဒီအဘွားကြီးဟာ သူ့ကိုဆို ဘယ်တုန်းကမှ အကောင်းမြင်ခဲ့တာ မဟုတ်။ ထနောင်းနှင့် ငယ်သူငယ်ချင်းများဖြစ်ကာ တစ်လမ်းတည်း သာခြားသော သူတို့မိသားစုနှင့် ရင်းနှီးခင်မင်နေတာကြောင့်သာ သူ့ကို မရွံ့မရဲနှင့် ခေါ်ပြောဆက်ဆံနေခြင်းဖြစ်သည်။





ရပ်ကွက်ထဲမှာ ရန်ပွဲဆိုလည်း ထိပ်ဆုံးကပါတတ်သူ၊ ကိုယ်မှန်တယ်ထင်လျှင် လူကြီးသူမများကိုပင် ဂရုမစိုက် ပမာမခန့်လုပ်တတ်သူ၊ ဆိုးသွမ်းပေတေသည့်နေရာမှာ နှစ်ယောက်မရှိတတ်သူ စသော ဂုဏ်မုဒ်များဖြင့် နာမည်ကြီးသော ရဲဒီသွန်း ဆိုသည့် လူတစ်ယောက်ကို ဒေါ်ရင်ကျော့လိုပင် လူတော်တော်များများက အော့ကြောလန်တတ်ကြပါသည်။

သို့သော် သူကတော့ ဘဝမှာ အမေနဲ့ အစ်မရယ်၊ ထနောင်းရယ်၊ သူနဲ့ ဆိုးဖော်ဆိုးဖက် အပေါင်းအသင်းတစ်စုရယ် ဒီအရာတွေကလွဲလို့ ကျန်ကိစ္စများအားလုံး ဖွဲနဲ့ဆန်ကွဲဟုသာ ပြောင်ပြောင်တင်းတင်း သတ်မှတ်ထားခဲ့သည်။ သူက ထုလေမာလေ ဆိုသည့် ငါးဖယ်အမျိုးအစားထဲတွင် ရှေ့ဆုံးက ပါဝင်သူဖြစ်ပါသည်။

"ဒေါ်ရင်ကျော့ ... တူမရောင်းစားရေးစီမံကိန်းကြီး တော်တော် အောင်မြင်နေပြီလား"

သူ့ရဲ့ မထင်မှတ်သော ထိုးနှက်ချက်ကြောင့် အမေရော ဒေါ်ရင်ကျော့ပါ မျက်လုံးအပြူးသား ဖြစ်သွားကြပါသည်။ ဒေါ်ရင်ကျော့က သူ့ကို မီးဝင်းဝင်းတောက်သည့် မျက်လုံးများဖြင့် စူးစူးရှါးရှါး စိုက်ကြည့်ကာ ...

"ဟင် ... နင် မိုက်ရိုင်းလှချည်လား ... ကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲဗျာ ... လူတွေက အမှန်တရားထုတ်ပြောပြန်တော့လည်း ဆတ်ဆတ်ထိမခံကို နာကြတော့တာပဲ၊ ကျွန်တော်ပြောတာ မဟုတ်လို့လား၊ ထနောင်းကို သူဌေးနဲ့ပေးစားဖို့ကြံနေတာ၊ သူဌေးလက်ထဲ ထိုးထည့်ချင်နေတာ အဲဒါ ရောင်းစားတာ မဟုတ်လို့ ဘာလဲ"

သူ့အသံထဲမှာ ခံပြင်းဒေါသထွက်ခြင်း၊ မာကျောကြွပ်ဆတ်ခြင်းတွေ ရာနှုန်းပြည့်ပါဝင်နေခဲ့သည်။ သူ့ရင်ထဲမှာလည်း အလားတူ ပူလောင်ပေါက်ကွဲနေပါသည်။

ဒေါ်ရင်ကျော့က သူ့စကားကြောင့် မျက်နှာရဲခနဲဖြစ်သွားကာ ဆောင့်ကြီးအောင့်ကြီးနှင့် ထိုင်ရာမှ ဝုန်းခနဲ ထ,ရပ်လိုက်သည်။

"မခင်လေးရယ် ... ရှင့်ကိုတော့ ကျွန်မ အားနာပါတယ်၊ သင်းနဲ့တွေ့လိုက်ရင် ဒီလို အပေါက်မျိုးပဲ ချိုးချိုးလာလို့ ကျွန်မ ဒေါသထွက်ရပေါင်းများပြီ ...

ဒီမှာ ဒီသွန်း ... အဲဒီသူဌေးက ငါ့တူမကို ရွှေပေါ်မြတင်အောင်ထားမှာ၊ ခုခေတ်မှာ ဒီလို အစစ်အမှန်မျိုးက တစ်ထောင်မှာ တစ်ယောက်တောင်မရှိဘူးလေ၊ ဒီရပ်ကွက်ထဲမှာပဲ ရှာကြည့်ပါလား၊ အချိန်တန် မိဘဆီကလက်ဖြန့်တောင်းပြီး လမ်းပေါ် ပေတေလေလွင့်နေကြတဲ့ ဘဝ





အာမခံချက်မရှိတဲ့ လမ်းသရဲတွေပဲ ကြီးစိုးနေကြတာ၊ အဲဒီလိုကောင်တွေထက်စာရင် သူဌေးနဲ့ရတာ ပိုကံမကောင်းဘူးလား"

ဒေါ်ရင်ကျော့ စကားလုံးတွေက သူ့နှလုံးသားကို အရှိန်ပြင်းပြင်းနှင့် ထိုးနက်တိုက်ခိုက်သွားသည်။ အမိကက သူ့ကို စောင်းမြောင်းထော့ငေါ့လိုက်ခြင်းပင်။ သူ ရုတ်တရက် မြွေဟောက်တစ်ကောင်လို ပါးပျဉ်းထောင်သွားရသည်။

"အဲဒီအလေအလွင့်တွေက ဘယ်သူ့ကိုမှ ထိခိုက်နစ်နာအောင်မလုပ်ဘူး ဒေါ်ရင်ကျော့ရဲ့၊ လူငယ်သဘာဝ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းနေကြတာ ဟန်ဆောင်မှုကင်းတယ်၊ ခင်ဗျားတို့ အထင်ကြီးနေတဲ့ သူဌေးတွေကမှ သူတော်ကောင်းယောင်ဆောင်ပြီး အရေခြုံထားကြတာ၊ မသိရင် မှတ်ထားလိုက်ဦး"

သူ့ရဲ့ တန်ပြန်ထိုးနှက်ချက်များကြောင့် ဒေါ်ရင်ကျော့ ဒေါသတကြီးနှင့် ဆိုင်ပေါ်မှ ဆင်းသွားလေတော့သည်။ ပါးစပ်မှလည်း ပွစိပွစိရေရွတ်သွားသေး။

"မိုက်ရိုင်းလိုက်တာ၊ ဘယ်လို အလေနတောမှန်းကို မသိ"

သူ ကြားအောင် တမင်ပြောသွားသော ဒေါ်ရင်ကျော့နောက်ကျောကို သူ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက ဇလောင်ဆူနေသည့် အုံကြွပေါက်ကွဲမှုများကြောင့် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေ့သည်။

အမေက သူ့ဒေါသကို သိသူပီပီ ဈေးရောင်းရသည့် ပိုက်ဆံများကို ရေတွက်နေရာမှ ရုတ်တရက်ထလာကာ သူ့လက်မောင်းကို အသာဖျစ်ညှစ်ရင်း ချော့မော့သည်။

"သားရယ် ... စိတ်ကိုထိန်းစမ်းပါ၊ မရင်ကျော့က ဒီလိုပဲ ပြောနေကျပါ၊ ဘာမှ ခေါင်းထဲမထည့်ပါနဲ့၊ အမေ့စကားကို နားထောင်နော်"

သူ ဒေါသအရှိန်မပြယ်သော မျက်လုံးများဖြင့် အမေ့ဘက် လှည့်ကြည့်လိုက်သည်။ အမေက သူ့လို သားဆိုးသားမိုက်တစ်ယောက်အပေါ် ဘယ်တုန်းကမှ အပြစ်မဆိုခဲ့ဖူးသော မိခင်ကောင်းတစ်ယောက်ဖြစ်သည်။ ဒီနေ့ ဒီအချိန်ထိ အမေ သူ့ကို ရိုက်နှက်ဆုံးမတာမျိုး တစ်ခါမှမရှိဖူးခဲ့။ သူ ခြောက်တန်းနှစ် သူ့အစ်မလင်းသူဇာ ရှစ်တန်းနှစ် မောင်နှမနှစ်ယောက်လုံး လူလားမမြောက်တမြောက်အရွယ်မှာ အဖေ အသည်းကင်ဆာဖြင့် ဆုံးပါးသွားခဲ့သည်။

ထိုအချိန်မှစ၍ အမေ သူတို့မောင်နှမကို ကုန်စုံဆိုင်ဖွင့်၍ ရှာဖွေကျွေးမွေးခဲ့သည်။ သူက ဆယ်တန်းကို တဖုတ်ဖုတ်ကျပြီး ပညာပါရမီ နည်းခဲ့သလောက် သူ့အစ်မ လင်းသူဇာက





တော့ သိပ္ပံဘွဲ့ရအောင် ကြိုးစားနိုင်ခဲ့သည်အထိ အမေ့ကျေးဇူးကို တစ်ဖက်တစ်လမ်းက ဆပ်ခဲ့ဖူးလေသည်။

သို့သော် ဒီအသက်အရွယ်အထိ အလုပ်အကိုင်မဲ့၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား လတ်လျားလတ်လျားဘဝဖြင့် ကျင်လည်ခဲ့သည့် သားတစ်ယောက်အပေါ် အမေ ဘယ်တုန်းကမှ ဆူပူငြိုငြင်ခြင်းမရှိခဲ့။ မိခင်အများစုသည် သားလိမ္မာများထက် သားဆိုးများကို ပိုချစ်တတ်ကြသည် ဆိုသည့်စကားအတိုင်း အမေက သူဆိုးသလောက် သူ့အပေါ် သူ့မတူအောင် ချစ်ရှာခဲ့သူ ဖြစ်လေသည်။

ပတ်ဝန်းကျင် အသိုင်းအဝိုင်းဆီက သူနဲ့ပတ်သက်သည့် ပြစ်တင်ရှုတ်ချသံများကိုလည်း အမေက ပြုံးပြုံးလေးနှင့် လျစ်လျူရှုထားခဲ့မြဲပင်။

ခုလည်း ဒေါ်ရင်ကျော့၏ နှိမ်ချပြောဆိုမှုများအတွက် အမေ့မျက်နှာပေါ်မှာ နာကျင်ပြင်းပြခြင်း အရိပ်အမြွက်တချို့ ထင်ဟပ်ပေါ်လွင်နေခဲ့သည်။ အမေ စိတ်မကောင်းဖြစ်နေတာ သိသာလှပေမယ့် ထိုစိတ်မကောင်းမှုကို အပြုံးတုံတစ်ခုဖြင့် ဖုံးအုပ်ထားခဲ့သည်။

အမေက သူ့ဆံနွယ်ရှည်များကို တယုတယ ပွတ်သပ်ကျီစယ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အမေ့သားက အမေ့အမြင်မှာ ချစ်စရာကောင်းနေရင် ပြီးတာပဲ၊ သူတို့ ဘာပြောပြော ဂရုစိုက်စရာ မလိုဘူး၊ သားတို့မောင်နှမရှေ့မှာ အမေ မားမားမတ်မတ် ရပ်တည်ပေးနေမှာအမှန်ပဲ၊ ငါ့သားအမေပြောတာ နားလည်လား"

ဒေါ်ရင်ကျော့သာ ဒီစကားကြားလျှင် 'မအေက အလိုလိုက်ထားလို့ အမိုက်စော်ကားနေတာ' ဟု ကောက်ချက်ချဦးမည်ထင်သည်။ သူ အမေ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ အမေက သူ့ကို နူးညံ့အေးမြသော အပြုံးတစ်ပွင့်နှင့် ငေးစိုက်ကြည့်နေခဲ့ပါသည်

သူ့ရင်ထဲ ပူပူနွေးနွေးဖြစ်ထားသော မတင်မကျ ပြဿနာကြီးကို အမေ့ထံ ရင်ဖွင့်ရန် ဆုံးဖြတ်ချက် ချလိုက်မိသည်။

"အမေ … သား အမေ့ကို ပြောစရာရှိတယ်"

သူက ဒေါ်ရင်ကျော့အပေါ် နာကစ်နေသေးပုံဖြင့် အမေ့ကို နှုတ်ခမ်းစူစူနှင့် စိုက်ကြည့်ပြောလိုက်သည်။ အမေက နဖူးစပ်မှ ချွေးစများကို လက်ခုံဖြင့် အသာပွတ်သုတ်ရင်း သူ့ကို မျက်ခုံးပင့်ကြည့်ကာမေးသည်။

"ဘာလဲ သား ပြောလေ"

သူ တစ်ချက် စဉ်းစားခန်းဝင်လိုက်ရင်း …





"အခုနက ဒေါ်ရင်ကျော့ပြောနေတဲ့ စကားတွေက အမှန်ပဲလားဟင်"

အမေက သူ့ရဲ့ကောက်ကာငင်ကာ အမေးကြောင့် ရုတ်တရက် ငိုင်ကျသွားပြီးမှ အကြောင်းရင်းခံကို သိရှိသဘောပေါက်သွားပုံဖြင့် နှမ်းလျစွာ ဆိုလာသည်။

"ဩော် … ထနောင်းလေး ကိစ္စကို ပြောတာလား"

သူ ခွန်းတုံ့မပြန်ဘဲ ခေါင်းတစ်ချက်သာညိတ်ပြလိုက်သည်။ သူ ထနောင်းအပေါ် အများနဲ့မတူအောင် သံယောဇဉ်ကြီးလွန်းတာ အမေရော အစ်မပါ အသိဆုံးပင်။ အမေက သူ နားလည်ရ ခက်လောက်သော ပြုံးတုံ့တုံ့အမူအရာဖြင့် သူ့မျက်နှာကို စေ့စေ့ စိုက်ကြည့်လာသည်။

"လက်စသတ်တော့ ငါ့သားက ဒီကိစ္စကို မကျေမချမ်းဖြစ်နေတာကိုး၊ မရင်ကျော့ကတော့ သိတဲ့အတိုင်းပဲလေ၊ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး ချဲ့ကားပြောချင်တာ၊ အဓိက,ကတော့ ထနောင်းအပေါ်မှာပဲ မူတည်ပါတယ် သားရယ်"

သူ ခပ်ယောင်ယောင်လေးတော့ ဝမ်းသာသွားမိသည်။ သို့သော် ဟိုသူငယ်ချင်းမက ကျေးဇူးတရားတွေအကြောင်း ကမ္ဘာနဲ့ချီပြောလာလျှင် နေရင်းထိုင်ရင်း ဟိုလူ့လက်ထဲ ပါသွားမှာ စိုးရိမ်မိပါသည်။ လူတစ်ဖက်သားအပေါ် အားနာလိုက်လျှောတ



www.burmeseclassic.com

www.burmeseclassic.com



သော ထနောင်းရိပ် သဘောကို သူ ကောင်းကောင်းကြီး နောကြေပြီးသားပင်။

အမေက သူ့ရင်တွင်း အကြိတ်အခဲကို ရိပ်မိသိရှိသူပီပီ သူ့ပခုံးတစ်ဖက်ကို အားပေးသလို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း...

"သားရော ဒီကိစ္စကို သိပြီးပြီလား"

"ခုပဲ သား ထနောင်းနဲ့ အဲဒီကိစ္စ အကျယ်တဝင့်ရှင်းလင်းပြီး ပြန်လာတာ၊ ဘာပဲပြောပြော ထနောင်း အဲဒီလူကို လုံးဝ မယူရဘူးလို့ သား ပြင်းပြင်းထန်ထန် အမိန့်ချခဲ့တယ်"

အမေက သူ့စကားကြောင့် အသံထွက်အောင်ပင် ရယ်မောလိုက်လေသည်။

"အမေ ဘာရယ်တာလဲဗျ"

"အဟင်း ဟင်း ... ငါ့သားလေးဟာလေ၊ ခုထိ ကလေးစိတ်မပျောက်သေးဘူး၊ ကြည့်ပါဦး ... ဘယ်လောက်တောင် ဒေါသထွက်လာလဲမသိဘူး၊ မျက်နှာကြီးကို နီရဲနေတာပဲ"

အမေက သူ့ကို နားလည်ခွင့်လွှတ်စွာ ပြုံးကြည့်ဆိုလာပါသည်။ လိုချင်တာမရလျှင် ဇွတ်တရွတ်ဂျစ်ကိုက်တတ်သော သားအကြောင်းကို အမေ ကောင်းကောင်းသိသည်။ ခဏကြာမှ အမေ အရယ်ရပ်သွားကာ ခင်မျှင်းမျှင်းသက်ပြင်းချရင်း ...





"သားကို အမေပြောမယ်၊ ဒီကိစ္စက ကာယကံရှင်ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ရမယ့် ကိစ္စဆိုတော့ သား နုလို တင်းတင်းကျပ်ကျပ် သွားတားလို့မရဘူးကွယ့်၊ အမေတို့လည်း ထနောင်းကို သမီးအရင်းလေး တစ်ယောက်လို ချစ်တာပဲ၊ ဒါပေမဲ့ သူ့ဘဝကို သူကိုယ်တိုင် ထုဆစ်ပုံဖော်မှရမှာလေ"

အမေ့စကားအဆုံးမှာ သူ ခါးခါးသီးသီး ခေါင်းခါယမ်းလိုက်သည်။ ဒါတွေအားလုံး ထနောင်းအဒေါ်ရဲ့ စနက်တွေဆိုတာ အမေ သိသိကြီးနှင့် ဖျောင်းဖျဖို့ ကြိုးစားချင်သေးသည်။

"အမေကလဲဗျာ ... ထနောင်းက ဘယ်တုန်းကများ သူ့ဘဝကို သူ စိတ်ကြိုက်ဖန်တီးခွင့် ရခဲ့လို့လဲ၊ သူ့အဒေါ်ပဲ အစစအရာရာ စိုးမိုးခြယ်လှယ်ခဲ့တာ၊ သားကတော့ လုံးဝ မကျေနပ်ဘူး၊ ထနောင်းနဲ့ ဟိုသကောင့်သား လုံးဝ လက်မထပ်ရဘူး"

အမေက သူ့ကို စိတ်မသက်မသာနှင့် လှမ်းကြည့်နေရာမှ အမူအရာ တစ်မျိုးပြောင်းသွားကာ သူ့မျက်လုံးတည့်တည့်ကို ရင်ဆိုင်ကြည့်ပြီး ...

"နေပါဦး သားရဲ့ ... မေမေ မေးဦးမယ်၊ သားက ဘာလို့ ဒီလောက်တောင် ထနောင်း ယူမယ့်လူအပေါ် တူးတူးခါးခါး မုန်းနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖျတ်ခနဲ ငြိမ်ကျသွားခဲ့သည်။ ရတ်တရက် ဆွံ့အ,သွားသော နှုတ်ခမ်းတစ်စုံက တိကျပြတ်သားသော အဖြေတစ်ခု ထွက်လာရန် ဟန့်တားပေးခဲ့လေသည်။ သူ အမေ့မျက်လုံးများကို ရင်မဆိုင်ရဲစွာ မျက်နှာလွှဲလိုက်ရင်း ...

"အမေကလဲ ... သားသူငယ်ချင်းကို ရင်ထဲက အပြီးအပိုင် လုယူသွားမှာ သားက ဒီတိုင်း လက်ပိုက်ကြည့်နေရမှာလား မဖြစ်နိုင်တာ"

အမေ သူ့ကို ပြုံးစစနဲ့ လှမ်းကြည့်နေမှာ သေချာပါသည်။ သူ အကြောင်းမဲ့သက်သက် ဆံပင်တွေကြားထဲ လက်နှစ်ဖက်ထိုးသွင်းကာ ငြိမ်နေမိသည်။ သူ့ရင်ထဲမှ ထနောင်းအပေါ် ပြောင်းလဲလာသော သဘောတရားများကို အမေ ရိပ်မိသွားပြီလား မပြောတတ်ပါ။

"သား အမေ့မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီးပြောစမ်း၊ သား ထနောင်းကို တိတ်တိတ်လေး စိတ်ဝင်စားနေတယ် မဟုတ်လား"

သူ့ရင်ခုန်သံတွေ ဒိုင်းခနဲ ပေါက်ကွဲသွားခဲ့သည်။ သူ အမေ့မျက်နှာကို အလန့်တကြား လှည့်ကြည့်လိုက်မိသည်။ အမေ့မျက်လုံးတွေက 'ညာဖို့မကြိုးစားပါနဲ့ သားရယ်'ဟု တီးတိုးပြောကြားနေသယောင် အဓိပ္ပာယ်များစွာ ပါဝင်နေခဲ့လေသည်။





သူ့မျက်နှာ တစ်ပြင်လုံး ထူပူရဲတက်သွားကာ ရတ်တရက် ဘာပြန်ပြောရမှန်းမသိအောင် ဆွံ့အ,သွားခဲ့ရသည်။

"ကဲ ... ဘယ်လိုလဲ လူဆိုးလေးရဲ့၊ သားတို့ ခေတ်လူငယ်စကားနဲ့ပြောရရင် ဟာ့ပ ၁ ထိသွားပြီလား"

အမေ့ရဲ့ ပိုင်ပိုင်နိုင်နိုင် ပြောချက်များအောက်မှာ သူ မလူးသာမလွန့်သာ အကျပ်တွေ့နေလေသည်။ အမေက သူ ညာဏ်ရည်မမီနိုင်လောက်အောင် သူ့သိစိတ်၊ မသိစိတ်နှစ်မျိုးလုံးကို အကဲခတ် ဖတ်ရှုနိုင်စွမ်းရှိသူဖြစ်သည်။ အမေ ဘယ်ကတည်းက ရိပ်မိနေမှန်း မသိပါ။

"အမေ ... သား ထနောင်းကို စိတ်ဝင်စားနေတာ အမေ ဘယ်လိုသိလဲ"

အမေက သူ့အပြောကို သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါသည်။ သူ့ဆံနွယ်ရှည်များကို ခပ်ဖွဖွ သပ်တင်ပေးရင်း အဓိပ္ပာယ်တစ်မျိုးပါသော အကြည့်ဖြင့် အမေ သူ့ကို ပြုံးကြည့်လာသည်။

"အမေက သားရဲ့ အမေအရင်းကြီးပါကွယ်၊ သားတို့ အရွယ်လူငယ်ဘဝကို ဖြတ်သန်းပြီးမှ လူကြီးဘဝရောက်လာတာပါ၊ အမေ့သားရဲ့ဗိုက်ထဲမှာ အူဘယ်နခွေရှိလဲဆိုတာ သားကိုယ်သားတောင် မသိသေးတဲ့ အချိန်မှာ အမေက



www.burmeseclassic.com

www.burmeseclassic.com



တိတိကျကျကို ခန့်မှန်းထားပြီးသား၊ ကဲပါ ... အမေ့သား ရှက်နေပြီ၊ အမေ မစ,တော့ပါဘူး"

အမေက သူ့ပခုံးတစ်ဖက်ကို ခပ်ဆတ်ဆတ်ပုတ်ရင်း ထိုင်ရာမှ ထထွက်သွားပါသည်။ သူ့ရင်ထဲမှာ အမေ့ရဲ့ မတင်မကျ စကားကြောင့် ကျလိကျလိဖြစ်သွားရကာ ချက်ချင်းပင် အမေ့နောက် လိုက်လာရင်း အမေ့ကို ကလေးဆိုးကြီးတစ်ယောက်လို ခပ်နွဲ့နွဲ့ သိုင်းဖက်လိုက်သည်။

အမေက ထုံးစံအတိုင်း ပြုံးစစနှင့် ငရုတ်သီးမှုန့် ပိသာထုပ်ကြီးထဲမှ ငရုတ်သီးမှုန့်များကို ပလတ်စတစ်အိတ် သေးသေးလေး များထဲသို့ တစ်အိတ်စီ အချိုးကျထည့်နေရင်းက ...

"ဘာလဲ ... ဘာလာပြီး အပူကပ်ဦးမလို့လဲ ..."

"မဟုတ်ပါဘူး အမေရာ၊ သားနဲ့ ထနောင်းကိစ္စ ပြောမလို့ပါ၊ တကယ်လို့ သားက ထနောင်းကို ကြိုက်တယ်ဆိုရင် အမေ သဘောတူမှာလား"

အမေ သူ့စကားအဆုံးမှာ တဒင်္ဂတော့ ငြိမ်သက်သွားသည်။

နောက်မှ သက်ပြင်းရှိုက်သံတိုးတိုးနှင့်အတူ ...

"အမှန်အတိုင်းပြောရရင် အမေ့ဘက်ကတော့ သဘောမတူစရာအကြောင်း ဘာမှ မရှိပါဘူး သားရယ်"





အမေ့နှုတ်မှ အပြောရဲ့နောက်ဆက်တွဲကို သူ ကောင်းကောင်းကြီး သဘောပေါက်ပါသည်။ အမေ့ဘက်က သဘောမတူစရာအကြောင်း မ[illegible]ပမယ့် ထနောင်းအဒေါ် ဒေါ်ရင်ကျော့ရဲ့ သူ့အပေါ် ခါးခါးသီးသီး ဖြစ်နေခြင်းကို အမေ သွယ်ဝိုက်ရည်ညွှန်းလိုက်ခြင်းဖြစ်သည်။

"အမေသဘောတူဖို့က အဓိကပါဗျာ၊ ကျန်တာတွေ သားဘာမှ ဂရုမစိုက်ဘူး၊ သား ထနောင်းကို ဦးမင်းဝီရလက်ထဲ မပါအောင် မဖြစ်ဖြစ်တဲ့နည်းနဲ့ တားရမှာပဲ"

သူ့လေသံက ပြတ်တောင်းမာထန်စွာ ထွက်ပေါ်လာရာ အမေ သူ့ကို စိတ်ပျက်ပျက်နှင့် လှည့်ကြည့်လာသည်။

"သားရယ် ... မဖြစ်နိုင်တာကို ဘာလို့ စွန့်စားချင်ရတာလဲ၊ လောကကြီးမှာ သားထင်သလောက် မလွယ်တဲ့ကိစ္စတွေ အများကြီးပဲနော်"

"အမေ စောင့်ကြည့်နေပါဗျာ၊ ဦးမင်းဝီရ သားအကြောင်း ကောင်းကောင်းသိသွားအောင် နည်းနည်းပါးပါး ပညာပေးရုံပါ၊ ဒါပေမဲ့ အနုနည်းနဲ့ပဲ အင်ထရိုဝင်မှာနော်၊ သူက လူကြီးလူကောင်းဆိုတော့ ဖြကြမ်းနည်းနဲ့ သိပ်မအပ်စပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အမေက သူ့စကားကြောင့် မသိမသာ မျက်မှောင်ကုတ်ကြည့်လာသည်။ အမေ့အကြည့်တွေထဲမှာ 'ဘယ်အချုပ်မှာ ဘယ်လို လိုက်ရှွေးရမလဲ'ဆိုသည့် ရင်တွင်းစကား အရိပ်အယောင်တွေ အထင်းသားပေါ်လွင်နေခဲ့သည်။ သူ့ရာဇဝင်ကို အမေ ရှင်းရှင်းလင်းလင်း သဘောပေါက်ပြီးသားပင်။ သူ့တစ်သက်မှာ အမေ သူ့အတွက်နဲ့ အချုပ်ခန်းရောက်ရသော အကြိမ်အရေအတွက်က အမေ့အသက်ထက်တောင် ပိုများနေပါဦးမည်။

ခုလည်း သူ့ရင်ထဲက ဦးမင်းဝီရအပေါ် အခဲမကြေမှုများအတွက် သူ ဘယ်လိုနည်းနှင့် ဖြေရှင်းမလဲဆိုတာ အမေ ရင်တမမနှင့် မျက်ခုံးလှုပ်နေပေတော့မည်။

သူကတော့ သူ့အစီအစဉ်နှင့်သူ ကျေနပ်စွာ ခပ်ရင့်ရင့်ပြုံးလိုက်မိပါသည်။





"ဟော့ကောင် ဒီသွန်း ... ဟိုမှာ ထနောင်း လာပြီ"

သူတို့ရပ်ကွက်ထဲက 'ရွှေလင်းယုန်'လက်ဖက်ရည်ဆိုင်လေးမှာ သူအပါအဝင် ဖိုးတေ၊ ကျော်ကြီး၊ ရဲညွန့် စသည့် သွေးသောက် ညီအစ်ကိုတစ်စုရဲ့ စတည်းချရာ ဌာနဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုမြင့်မော်ကတော့ သူတို့တစ်အုပ်စုလုံးရဲ့ အန္တအတာကို ခံနိုင်ဆံ့၊ သူတို့ကိုလည်း ညီလေးအရင်းတွေလို ချစ်ခင်သူဖြစ်သည်။

ဆိုင်ရှေ့တည့်တည့်မှာ ကားမှတ်တိုင် ရှိတာမို့ ထနောင်း ဒုံးလုပ်သွားတိုင်း ထိုကားမှတ်တိုင်လေးမှာ ကားလာလာစောင့်မြဲ။ ယခုလည်း ကျော်ကြီး ညွှန်ပြရာသို့ သူ လှည့်ကြည့်မိတော့ ကားမှတ်တိုင်ရှိရာဆီ တရွေ့ရွေ့ လျှောက်လှမ်းလာသော ထနောင်းကို တွေ့လိုက်ရသည်။

ဘဲခေါင်းစိမ်းရောင် အထက်အောက်ဆင်တူ ယူနီဖောင်း ခပ်ရိုးရိုးနှင့်ပင် ထနောင်းအလှက လူကြားထဲမှာ ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားနေပါသည်။ ခါးမရောက်တရောက် ဆံနွယ်ပျော့စင်းစင်းများကို နဖူးအပြောင်သိမ်း၍ ခပ်မြင့်မြင့်စုစည်းထားကာ ပကတိကြည်လင်ရှင်းသန့်သော မျက်နှာနုနုလေးက အခြယ်အသကင်းကင်းနှင့်ပင် မြင်သူငေးမဝနိုင်အောင် အရှိန်အဝါတောက်ပနေခဲ့သည်။

သူ သောက်ရန်ပြင်နေသော ရေနွေးကြမ်းခွက်ကို အသာဘေးချကာ သူငယ်ချင်းများကို လက်ကာပြပြီး ထနောင်းဆီသို့ လှမ်းထွက်လာခဲ့သည်။

ထနောင်းက ကားမှတ်တိုင်လေးမှာ တိတ်ဆိတ်ငြိမ်သက်စွာရပ်ရင်း တစ်စုံတစ်ရာအတွက် ပြင်းပြင်းထန်ထန်စဉ်းစားနေပုံရလေသည်။ သူ ထနောင်းနား အသာတိုးကပ်သွားကာ ...

"ထနောင်း"

ဖျတ်ခနဲ လှည့်ကြည့်လာသော မျက်လုံးလေးတွေက ကိစ္စရပ်ကြီးတစ်ခုကို ဖြေရှင်းရခက်သည့် အရိပ်အသွင်မျိုး အထင်းသား ပေါ်လွင်နေပါသည်။ ထနောင်း စိတ်သဘောကို အနီးဆုံးမှာရှိသော သူ တစ်ဖက်ကမ်းခတ် တတ်ကျွမ်းစွာ ဖတ်ရှုနိုင်စွမ်းရှိသည့်အလျောက် ယခုလည်း ညှိုးမှိန်ဖျော့တော့သည့် အကြည့်ညိုညိုများဟာ တစ်စုံတစ်ရာရဲ့ ဖိအားပေးမှုကြောင့်ဆိုတာ သူ့စိတ်ထဲ အလိုလို နားလည်သွားရသည်။





"ဒီသွန်း"

ထနောင်းအသံက အက်ကွဲတုန်ယင်စွာ ရုတ်တရက်ဖြစ်လျက်။

"ထနောင်း ... နင့်ကို ငါ အလုပ်လိုက်ပို့မယ်"

သူ့စကားကြောင့် ထနောင်း မျက်လုံးလေးတွေ ဝိုင်းစက်သွားကာ သူ့ကို အထူးအဆန်း မော့ကြည့်နေပါသည်။ ဦးမင်းဗိုရဆီမှာ အလုပ်ဝင်ခဲ့သည့် နှစ်နှစ်ကျော် ကာလအတွင်းမှာ သူ ထနောင်းကို တစ်ခါမှ အလုပ်လိုက်မပို့ဖူးခဲ့ပါ။ ထို့ကြောင့်ပင် ကောက်ကာငင်ကာ ပြောင်းလဲသွားသော သူ့စိတ်ဓာတ်ကို ထနောင်း အံ့ဩသွားခြင်း ဖြစ်ပေမည်။

"နင် ... နင်က ငါ့ကို လိုက်ပို့မယ်"

ထနောင်းက သူ့ကို မရဲတရဲ လက်ညှိုးထိုးရင်း အသံတုန်တုန်လေးဖြင့် ဆိုလာသည်။

သူ ခပ်ဆတ်ဆတ်ပင် ခေါင်းညိတ်ပြလိုက်မိပါသည်။ ဘာပဲဖြစ်ဖြစ် သူ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်ချက်ချပြီးသားပင်။ ထနောင်း မျက်နှာက မသိမသာ ပျက်ယွင်းသွားကာ လက်ထဲက ထမင်းချိုင့်ပါသည့် ပလတ်စတစ်ခြင်းတောင်း လက်ကိုင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ငြိမ်သက်နေလေသည်။ ထနောင်း ဝေခွဲမရ ဖြစ်နေဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ လမ်းပေါ်က ကျောက်ခဲတစ်လုံးကို အရှိန်ပြင်းပြင်း ကန်ထည့်လိုက်ပြီး ထနောင်းလက်ထဲက ခြင်းတောင်းကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။ ရုတ်တရက်မို့ ထနောင်း အငိုက်မိသွားပါသည်။

"နင့်ကို ငါ အလုပ်ထိရောက်အောင် လိုက်ပို့ပေးမယ်၊ နင်တို့အလုပ်ရှင်သူဌေးနဲ့ ငါ့ကို တစ်ခါလောက် မိတ်ဆက်ပေးစမ်းပါဟာ၊ မိတ်ဆွေအသစ်လေး ဘာလေး တိုးရအောင်"

သူ့ရဲ့ခနဲ့တဲ့တဲ့ အပြောကြောင့် ထနောင်း မျက်နှာလေး ပြင်မရအောင် ညိုမည်းပျက်ယွင်းသွားပါတော့သည်။

"ဒီသွန်းရယ် ... သွား ... သွားပါတော့ဟယ်၊ ညနေ ငါ အလုပ်ကပြန်လာမှ နင်နဲ့ငါ တွေ့ကြမယ်လေ ... နော်"

ထနောင်းက သူ့လက်ထဲမှ ခြင်းတောင်းကို လှမ်းဆွဲယူရန်ပြင်ရင်း မျက်နှာရှုံ့မဲ့နှင့် ဆိုလာသည်။ သူ ခြင်းတောင်းကိုင်ထားသောလက်ကို ထနောင်း မမီအောင် အသာမြှောက်ကိုင်ရင်း ...

"နင်နဲ့ ငါ နေ့တိုင်း တွေ့နေတာပဲ၊ မထူးဆန်းပါဘူး၊ ငါက နင့်အလုပ်ရှင်သူဌေးနဲ့ လူကိုယ်တိုင် တွေ့ချင်တာ၊ ဒီကောင်က နာမည်ကြီးဆိုတော့ ဘာပဲဖြစ်ဖြစ် နာမည်ကြီးနဲ့သိကျွမ်းခွင့်ရတာ ငါ့အတွက် ဂုဏ်တက်တာပေါ့၊ မဟုတ်





ဘူးလား၊ နင်ကလည်းဟာ ကပ်စေးနှဲမနေစမ်းပါနဲ့၊ ဟိုမှာကားလာပြီ တက်ရအောင်"

သူ ထနောင်းကို ယတိပြတ်ပြောပြီး ထိုးဆိုက်လာသော ဘတ်စ်ကားပေါ်သို့ ရှေ့ကနေ ခပ်သုတ်သုတ် တိုးတက်သွားပါသည်။ စပယ်ယာကို ဘောင်းဘီအိတ်ကပ်ထဲက ငါးရာတန်တစ်ရွက် ထုတ်ပေးရင်း နှစ်ယောက်ဟု ပြောလိုက်သည်။

ထနောင်းက သူ့ကို စိတ်ပျက်လက်ပျက် ဖြစ်နေပုံဖြင့် သက်ပြင်းချရင်း စိုက်ကြည့်ကာ ...

"ဒီသွန်းရယ်၊ နင်ဟာလေ စိတ်ထင်တိုင်း ကြံတဲ့အကျင့်က ခုထိမပျောက်သေးဘူး၊ ငါ စိတ်ညစ်လာပြီ"

သူက မထီမဲ့မြင် စတိုင်ဖြင့် ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒီနေ့ကစပြီး နင့်ကို ငါ နေ့တိုင်း အလုပ်လိုက်ပို့မယ်လို့ ဆုံးဖြတ်ချက် ချလိုက်ပြီ"

"ဒီသွန်း ... ငါ ..."

ထနောင်းက ဘာဆက်ပြောရမှန်း မသိအောင် ဆွံ့အ,တိတ်ဆိတ်သွားကာ အောက်နှုတ်ခမ်းလေးကို မသိမသာကိုက်ရင်း ငြိမ်သက်နေပါသည်။ သူ ထနောင်းရဲ့မျက်နှာနွမ်းနွမ်းလေးကို ကြည့်ရင်း တစ်ချက်တော့ ငိုင်ကျသွားရသည်။ သို့သော် သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သတ် ကျိတ်ပိုးစွဲလမ်းရသော သူငယ်ချင်းလေးကို တစ်ဖါးသူလက်ထဲတော့ အပါမခံနိုင်ပါ။ ဖိတ်ချင်းဖိတ် ကိုယ့်ဖိတ်ထဲ ဖိတ်တာကမှ ဖြေသိမ့်ရာ ရောက်ဦးမည်။

ထို့ပြင် သူတို့စီးလာသော ကားကြီးထဲ ဖွင့်ထားသည့် သီချင်းစာပိုဒ်လေးကြောင့် သူအလိုလိုနေရင်း ပြုံးမိသွားရပါသည်။

"သူငယ်ချင်းလို့ ပြောပေမယ့် ... ခိုးချစ်ရသူလေး ရှိဖူးတယ် ... ရင်ထဲသိမ်းဆည်းကာရယ် ... ရိုးသားခဲ့ယောင်လည်း ဆောင်ဖူးတယ်"

သူ့အဖြစ်နဲ့ တိုက်ဆိုင်လွန်းပေစွ။

နာရီဝက်ခန့် အကြာမှာတော့ ထနောင်းတို့ အလုပ်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။ ထနောင်းက သူ့ကို မရဲတရဲ မော့ကြည့်ကာ ...

"ကဲ ... ဒီသွန်း၊ ငါ အလုပ်ဝင်တော့မယ်၊ နင် အိမ်ပြန်ပြီး အန်တီနဲ့ မမတို့ကို ဈေးကူရောင်းပေးလိုက်နော်၊ ငါ့ကိုခင်ရင် ငါ့စကား နားထောင်ပါဟာ"

"ငါတောင်းဆိုထားတာ နင်မေ့နေပြီလား၊ နင်တို့သူဌေးမင်းနဲ့ ငါ့ကို မိတ်ဆက်ပေးရမယ်လေ ထနောင်း"

ထနောင်းက ကျွတ်ခနဲ ခပ်တိုးတိုး စုတ်သပ်ကာ မျက်မှောင်တွန့်ချိုးထားပါသည်။ ထနောင်းတို့ ကွန်ပျူတာဆိုင်





ကြီးက မှန်ခန်းတံခါးတွေ အလုံပိတ်ထားတာမို့ သူက မှန်ထဲမှ အတွင်းသို့ ခပ်တည်တည်ပင် ချောင်းမြောင်းကြည့်ရှုလိုက်သည်။

"အင်း ... အထဲမှာတော့ သူဌေးနဲ့တူတဲ့ကောင် တစ်ကောင်မှ မတွေ့ဘူး၊ ငါ ခဏစောင့်လိုက်ဦးမယ်လေ"

သူက ပြောပြောဆိုဆို ဆိုင်ရှေ့အုတ်ခုံလေးပေါ် ဆောင့်ချထိုင်လိုက်ရာ ထနောင်းက သူ့လက်မောင်းတစ်ဖက်ကို အသာဆွဲကိုင်လှုပ်ယမ်းရင်း စိတ်ရှုပ်သလို ဆိုလာသည်။

"ဒီသွန်း ... ငါ တောင်းပန်ပါတယ်ဟာ၊ နင်ပြန်ပါတော့၊ ကိုကြီး ခဏကြာ လာတော့မှာ ငါတို့ကို ဒီပုံစံနဲ့မြင်သွားရင် တစ်မျိုးထင်လိမ့်မယ်၊ နင် ပြန်ပါတော့ ဒီသွန်းရယ်"

သူက ထနောင်း စကားကြောင့် ကျယ်လောင်ပြင်းထန်စွာ ရယ်မောချလိုက်လေသည်။ ထနောင်းက သူ့အမူအရာကြောင့် ရုတ်တရက် ကြောင်အသွားရကာ သူ့ကို နားမလည်သလို စူးစိုက်အကဲခတ်ရင်း ခပ်တိုးတိုး လှမ်းပြောသည်။

"နင် ဘာရယ်တာလဲ ဒီသွန်း"

"ဟား ဟား ... အူနာလိုက်တာဟာ၊ ခေါ်ပုံကိုက ကိုကြီးတဲ့၊ ထွီ ... ရွံစရာကောင်းလိုက်တာ၊ အေး ... အဲဒီကိုကြီးနဲ့ မဆုံ,ဆုံအောင်ကို တမင်ထိုင်စောင့်ဦးမှာ၊ နင် လုပ်စရာရှိတာ သွားလုပ်တော့ ထနောင်း၊ ငါ ဆက်စောင့်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက အေးအေးဆေးဆေးပင် ခြေထောက်ချိတ်ရင်း ဒူးနန့်နေပါသည်။ ထိုပြင် လေပင်ချွန်နေလိုက်ကာ ထနောင်းရဲ့ စိတ်ကသိကအောက်အသွင် အထင်းသား ပေါ်လွင်နေသည့် မျက်နှာ ညိုညိုကို ခပ်တည်တည်နှင့် ဥပေက္ခာပြုထားလိုက်သည်။

"ဒီသွန်းရယ် ... နင်နဲ့တော့ ခက်တာပဲ၊ ကိုကြီး လာရင် ... ဟင် ..."

ထနောင်း စကားက ရုတ်တရက် တစ်ဝက်တစ်ပျက် နှင့် ရပ်တန့်သွားရာ တစ်စုံတစ်ရာကို မြင်လိုက်ရသည့်ခဏမှာ ပါးစပ်အဟောင်းသားပွင့်ပြီး အာမေဋိတ်သံလေးပင် လွတ်ခနဲထွက် သွားရပါသည်။

သူ ထနောင်း စိုက်ကြည့်နေရာသို့ ရှုတည်တည်ဖြင့် လှမ်းကြည့်လိုက်သည်။

"ကိုကြီး ... လာပြီ"

သူ မြင်လိုက်ရတာက နောက်ဆုံးပေါ် မော်ဒယ်လ် ခပ်မြင့်မြင့် ကားတစ်စီး။ ဘာအမျိုးအစားလဲ ဆိုတာတော့ သူ လည်း သေချာမသိပါ။ ဒီလိုကားမျိုးကို သူ ရုပ်ရှင်၊ ဗီဒီယိုတွေ ထဲမှာပဲ တွေ့ဖူးခဲ့ပါသည်။

သူနှင့် ထနောင်း အနားသို့ တအိအိ ထိုးဆိုက်လာ သော ကားဖြူကြီးကို သူ မျက်တောင်မခတ်တမ်း စူးစူးရှားရှား





စိုက်ကြည့်လိုက်သည်။ ဒါ ဦးမင်းဝီရ ဆိုတဲ့ သူဌေးရဲ့ကားပေါ့။ သူ့ရင်ထဲ မခံချင် ဒေါသစိတ်များ ဝုန်းဒိုင်းကြဲ အုံကြွလာခဲ့တော့ သည်။

သူတို့အခြမ်းဘက်မှ ကားတံခါး ပွင့်ထွက်ကာ ပြောင်လက်စိုရွှဲနေသည့် အနက်ရောင်ရှူးဖိနပ် စီးထားသော ခြေ ထောက်တစ်ဖက် ကျဆင်းလာသည်။ သူ ခါးနှစ်ဖက်ထောက်ကာ ကားထဲမှပုဂ္ဂိုလ်ကို အသာအယာပင် စောင့်ကြည့်နေလိုက်သည်။ သူ့မျက်နှာပေါ်မှာတော့ မခံချင်စိတ်များ ရောပြွမ်းပြည့်လျှမ်းနေ သည့် အပြုံးတစ်စ ခိုတွဲတပ်ဆင်ထားလျက်။

ငါးပေခုနစ်လက်မကျော်သော သူ့အရပ်အမောင်း ထက် မသိမသာကျော်သည့် ထိုပုဂ္ဂိုလ်ရဲ့ ဘော်ဒီစထရက်ချာက သူ့ထက် အနည်းငယ် ပိုပိန်သယောင် ထင်ရလေသည်။ ကား တံခါးကို အသံခပ်ကျယ်ကျယ်မြည်အောင် ဆောင့်ပိတ်လိုက်ရင်း သူနှင့် ထနောင်းကို စေ့စေ့စပ်စပ် အကဲခတ်၍ လှေ့လာနေသော စူးရှရှ မျက်ဝန်းတစ်စုံကိုတော့ သူ မြင်မြင်ချင်းပင် ထိုးဖောက်ပစ် ချင်စိတ်တွေ တဖွားဖွား ပေါ်လာရသည်။

ပုံကျကျ ခပ်တိုတို ညှပ်ထားသော ဆံပင်ပုံစံက သူ့ကို လူကြီးလူကောင်းတစ်ယောက်အဖြစ် ထပ်မံအားဖြည့်ပေး ထားသည့်နှယ်။ ဖြောင့်မတ်တန့်စင်းသော နှာတံချွန်ချွန်နှင့် ပြုံး



www.burmeseclassic.com

မလို မဲ့မလို ပဟေဠိနှုတ်ခမ်းတစ်စုံက တစ်လောကလုံးအပေါ် ဩဇာသက်ညောင်းစွာ လွှမ်းမိုးချင်သော အရိပ်အမြွက်အပြည့်နှင့် ပိရိသေသပ်နေခဲ့သည်။

အဲရိုး(Arrow)ရှပ်လက်တို အပြာနုရောင်ကို တုန်အိ ပုံကျသော အနက်ရောင်စတိုင်လ်ပင်န်နှင့် လိုက်ဖက်အချိုးကျစွာ ဝတ်ဆင်ထားပုံက သူ့အမြင်ထဲ ထောင့်မကျိုးစွာ ကန့်လန့်ဖြတ် ဝင်ရောက်လာသည်။ တစ်ထည်တည်းသော မိုးပြာရောင်ဂျင်းကုတ် အရောင်ခပ်မွဲမွဲနှင့် အောက်အနားစ ဖွာလန်ကျဲကျဲ ဂျင်းဘောင်းဘီကို ဆင်မြန်းထားသူ သူ့အတွက်တော့ ဦးမင်းဝီရနှင့် ယှဉ်တွဲရပ်နေသည့် ခဏမှာ ဘာမှ သက်ဆိုင်ခြင်းမရှိအောင် ကွာဟခြားနား လွန်းခဲ့ပါသည်။

သို့သော် သူက မထီတရီစတိုင်(လ်)ဖြင့် ထိုပုဂ္ဂိုလ်ကို ရှုးရှားပြင်းထန်စွာ စိုက်ကြည့်နေမိသည်။ ထနှောင်းကတော့ ခြေသည်းဖြူဖြူလေးများထံမှ အကြည့်မခွာနိုင်ဘဲ ငုံ့ချထားသော ခေါင်းကို ပြန်မော်ဖို့ မေ့လျော့နေသည့်နှယ်။ ခြင်းတောင်းလက်ကိုင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော လက်ချောင်းသွယ်သွယ်တွေက မငြိမ်မသက် လှုပ်ရှလျက်။

ဦးမင်းဝီရက သူ့ကို ရှိတယ်လို့ပင် သဘောမထားဘဲ ထနှောင်းဘက်ကိုသာ ဂရုတစိုက်ကြည့်ကာ စကားဆိုသည်။





"ကိုယ် မင်းအိမ်ကိုတောင် ရောက်ခဲ့သေးတယ် ထနှောင်း ရိပ်၊ ဘာဖြစ်လို့ ကိုယ့်ကိုမစောင့်ဘဲ ထွက်သွားရတာလဲ"

သူ အော့နှလုံးနာစွာ အရွဲ့တိုက်ချင်စိတ်တွေ ထိန်းမရ သိမ်းမရ၊ ပေါက်ကွဲထွက်လာခဲ့ရသည်။ ဖြစ်နိုင်လျှင် အနီးကပ်မြင်နေရသည့် ထိုပုဂ္ဂိုလ်ရဲ့မေးကို ရာဇဝင်တွင်သော သူ့လက်သီးဖြင့် သုံး,လေးချက်လောက် ဆင့်ထိုးပစ်လိုက်ချင်သည်။

သူ ရှိနေသရွေ့ ကာလပတ်လုံး ထနှောင်း အနားကို ဘယ်သူစိမ်းယောကျ်ားမှ ကပ်ခွင့်မရခဲ့။ သူက အားလုံးကို တားဆီးဟန့်တားနိုင်ခဲ့တာချည်းပင်။ ယခုလည်း ထနှောင်း မျက်နှာကို တစိမ့်စိမ့် စိုက်ကြည့်ဆိုနေသော ဦးမင်းဝီရကို သူ မုန်းတီးစက်ဆုပ်စွာ စိုက်ကြည့်နေရင်း ခန္ဓာကိုယ်ထဲက သွေးတွေပွက်ပွက်ဆူလာရပါသည်။

ထနှောင်းက ခေါင်းငုံ့လျက်သားကပင် ...

"ဒီ ... ဒီနေ့ ... ဒီသွန်း လိုက်ပို့လို့ပါ ကိုကြီး"

အသံတုန်တုန်ယင်ယင်ဖြင့် ဆိုလာသော ထနှောင်းကို သူ အားမလိုအားမရဖြစ်စွာ လှမ်းကြည့်လိုက်မိသည်။ ထနှောင်းဟာ တစ်ဆိတ်တော့ ပျော့ညံ့လွန်းနေပြီဟု သူ ထင်သည်။ ဦးမင်းဝီရကို လိုတာထက် ပိုမိုရှိန်လန့်နေပုံက ထနှောင်းရဲ့အားနည်းချက်ကြီးတစ်ခုပင် ဖြစ်နေလေသည်။

www.burmeseclassic.com



သူ ဦးမင်းဝီရကို ဘုရှိုး,ရှိုးလိုက်ပြီး ...

"ထနောင်းရိပ်ကို ဆယ့်ငါးမိနစ်လောက် ခေါ်သွားလို့ရမလား သူငွေး"

သူ့အသံရဲ့ မာထန်ပြတ်သားမှုကြောင့် ဦးမင်းဝီရ မျက်ခုံးတစ်ချက်ပင့်သွားကာ သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လာသည်။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စူးရှပြင်းထန်စွာ စိုက်ကြည့်နေမိကြလေသည်။ သူ့မျက်ဝန်းထဲမှာ မုန်းတီးရွံရှာခြင်း အရိပ်တချို့ ကိန်းအောင်းပါဝင်နေသလို ဦးမင်းဝီရ မျက်ဝန်းထဲမှာလည်း နှိမ့်ချလိုသည့်အထင်သေးမှု အရိပ်အယောင်တချို့ လွှမ်းမိုးပြည့်နှက်နေခဲ့ပါသည်။

ထနောင်းကတော့ ကြဲရာမရဖြစ်ကာ ဟိုဘက်ကြည့်လိုက်၊ ဒီဘက်ကြည့်လိုက်ဖြင့် ဗျာများနေဆဲမှာပင် ဦးမင်းဝီရက မဲ့ပြုံးတစ်ချက်ပြုံးကာ စကားဆိုသည်။

"ဩော် ... ရဲဒီသွန်း ဆိုပြီး ထနောင်း ကြားညပ်ပြောပြောနေတဲ့ ငယ်သူငယ်ချင်းဆိုတာ မင်းလား ချာတိတ်"

သူ့ရင်ထဲ ဘာကိုအလိုမကျမှန်း မသိဘဲ နာကျင်အောင့်မျက်သွားရသည်။ သူ့ကို ချာတိတ်ဟု ခေါ်လာသော မျက်ဝန်းတွေထဲက အရိပ်အမြွက်တချို့ကို သူ မနှစ်မြို့မိတာအမှန်ပင်။ လူတစ်ဖက်သားအပေါ် အထင်သေး ရှုတ်ချလိုသည့်သဏ္ဍာန်





အထင်းသား ပေါ်လွင်နေသော ဦးမင်းဝီရကို သူ မကျေမချမ်း စူးစိုက်ကြည့်ကာ လေသံနှစ်ဆ ပိမာတင်းရင်း ပြောလိုက်သည်။

"ကျုပ် သူငွေးဆီမှာ ခွင့်တောင်းနေတာပါ"

သူ့စကားကြောင့် ဦးမင်းဝီရ မျက်နှာ တည်တင်းခက်ထန်သွားသည်။ ထနောင်းဘက် တစ်ချက်လှမ်းကြည့်ကာ လက်ထဲက ဟန်းဒ်ဖုန်းကို ခပ်ဆဆကိုင်ရင်း ...

"ထနောင်းရိပ်က ကိုယ် အားအကိုးရဆုံး ဝန်ထမ်းကွ၊ ဆယ့်ငါးမိနစ်ဆိုတာ ရုံးစာဆယ်ရွက်လောက် ရိုက်နိုင်တဲ့ အချိန်အပိုင်းအခြားပဲ၊ ကိုယ့်အလုပ်ကို ထိခိုက်နစ်နာစေမယ့်ကိစ္စမျိုးအတွက် ကိုယ် ခွင့်မပြုနိုင်ဘူး"

သူ့ရင်ထဲ ဆောင့်တက်လာသော ဒေါသတရားများကြောင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။ ဒါဟာ ထနောင်းကို ဘယ်လောက်ပိုင်ကြောင်း သွယ်ဝိုက်စွာ ပညာပြ အသိပေးလိုက်သည့် သဘောပင်။

သူ့ရဲ့မူလဗီဇဖြစ်သော ဂျစ်ကန်ကန်၊ အကြောတင်းတင်း အကျင့်က စက္ကန့်ပိုင်းလေးအတွင်းမှာပင် ခေါင်းထောင်ထလာတော့သည်။

"ခင်ဗျား ခွင့်မပြုလည်း ကျုပ် ဂရုမစိုက်ဘူး ဦးမင်းဝီရ၊ ထနောင်း ... လာ ... သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မြန်လက်မြန်ပင် သူ ထနောင်းလက်ကို ဆတ်ခနဲ ဆွဲယူရင်း ထိုပုဂ္ဂိုလ်ရှေ့မှ ထွက်ခွာဟန်ပြင်သည်။ တကယ်တော့ သူ အရွဲ့တိုက်ချင်စိတ် သက်သက်ဖြင့်သာ နီးရာလက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ထနောင်းကိုခေါ်သွားဖို့ လှုပ်တစ်ပြက် ကြံရွယ်လိုက်ခြင်းပါ။

ဦးမင်းဝီရက ထနောင်းကို လက်တစ်ဖက် အသာကာပြရင်း ...

"ထနောင်းရိပ် ... ကိုယ် တစ်ခုတော့ မှာလိုက်မယ်၊ အလုပ်မရှိ အကိုင်မရှိ တစ်နေကုန် တစ်နေခန်း လမ်းဘေးထိုင် အချိန်ဖြုန်းနေတဲ့ ခပ်ပေါ့ပေါ့ လူတန်းစားတွေနဲ့ ဆက်ပေါင်းလို့ မင်းဘဝ ဒီထက်ပိုပြီး ယုတ်နိမ့်သွားဖို့ပဲ ရှိတယ်နော်၊ အဲဒါ မင်းခေါင်းထဲ မှတ်ထား၊ အချိန်ဆယ့်ငါးမိနစ် ဘယ်လောက် အဖိုးတန်တယ်ဆိုတာ ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်တဲ့ မင်း ကောင်းကောင်းသိမှာပေါ့"

သူ့အရိုက်ကို တည့်တည့်ထိစေသော ဦးမင်းဝီရစကားတွေကြောင့် သူ ဆတ်ခနဲ ခေါင်းထောင်သွားရသည်။ သူတို့နှစ်ယောက်ကို အနိုင်ပိုင်းပြောကာ တရွေ့ရွေ့ ထွက်ခွာသွားသော နောက်ကျောပြင်ဆီသို့ သူ မီးဝင်းဝင်းတောက် မျက်ဝန်းများဖြင့် အံကြိတ်ကာ စိုက်ကြည့်နေမိသည်။





ထနောင်းက ငိုမဲ့မဲ့မျက်နှာနှင့် သူ့လက်များထဲမှ အတင်းရုန်းဖယ်ကာ ...

"ဒီသွန်းရယ် ... နင် ရည်ရွယ်ချက်မရှိဘဲ အရွဲ့တိုက်ချင်စိတ်သက်သက်နဲ့ လျှောက်လုပ်နေတာ နောက်ဆုံး ငါ့ကိုပဲ ထိခိုက်မှာပေါ့၊ နင် ငါ့ကို မသနားဘူးလားဟင်"

"ဒီမှာ ထနောင်း၊ ငါ့ဆုံးဖြတ်ချက်တွေ ပိုပြီးခိုင်မာသွားပြီ၊ ဒီနေ့ကစပြီး ဦးမင်းဝီရဟာ ငါ့ရဲ့အကြီးမားဆုံးရန်သူဖြစ်သွားပြီလို့ ငါ ယူဆလိုက်တယ်၊ ငါ့ကို ဘလိုင်းကြီးစော်ကားသွားတဲ့ သူ့ကို တစ်နည်းမဟုတ် တစ်နည်းနဲ့ လက်စားပြန်ချေခွင့်ရအောင် ငါ ကြိုးစားမယ်၊ ငါသူ့ကို အရမ်းမုန်းတယ် ထနောင်း"

သူ့အသံက ကြောက်စရာကောင်းလောက်အောင် ပေါက်ကွဲမြည်ဟည်းနေခဲ့လေသည်။ သူ့ရင်ထဲမှာလည်း ပြင်းပြင်းထန်ထန် ဗလောင်ဆူဝေနေခဲ့သည်။ စိတ်ရှိတိုင်းသာ ပေါက်ကွဲခွင့်ရလျှင် ဦးမင်းဝီရရဲ့ နောက်ဆုံးပေါ်ကားကို အုတ်ခဲကြီးကြီးနှင့် တစ်ချက်ပြီးတစ်ချက် ကောက်ထုပစ်ချင်နေမိပါသည်။

ထနောင်းက သက်ပြင်းကျယ်ကျယ် တစ်ချက်ဆွဲချကာ လေသံကိုးဖျော့ဖျော့နှင့် ဆိုလာလေသည်။

"ဒီသွန်း ... ပြန်တော့နော်၊ ငါ အလုပ်ဝင်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းမလေးရဲ့ အသံတုန်တုန်ယင်ယင်ကြောင့် သူ့စိတ်ထဲ မချင့်မရဲ ဖြစ်သွားကာ တင်းမာနေသမျှတို့ကို အနည်းငယ် လျှော့ချပစ်လိုက်ရပါသည်။ သူ့အတွက်နဲ့ ထနောင်း စိတ်ဆင်းရဲ ငြိုငြင်မှာကိုတော့ သူ ငယ်ငယ်လေးကတည်းကပင် စိုးရိမ်ကြီးခဲ့ရသည်။

ဦးမင်းဝီရအပေါ် ပစ်ပစ်ခါခါ မုန်းတီးမိပေမယ့် သူ့ပယောဂကြောင့် ထနောင်း အခက်တွေ့ ကျဉ်းထဲကျပ်ထဲ ရောက်လောက်အောင်ထိတော့ မရည်ရွယ်မိရိုး အမှန်ပါ။

"ထနောင်း ... ဒီနေ့ကိစ္စအတွက် ငါ တောင်းပန်ပါတယ်ဟာ၊ ငါ သွားတော့မယ်၊ ညနေ ငါ နင့်ကို လာကြိုမယ်နော်"

သူ့ရဲ့မထင်မှတ်သောစကားကို ထနောင်းက မျက်လုံးအဝိုင်းသားနှင့် ငေးကြောင်ကြည့်ပြီး ခပ်ဟဟ ဆိုလာသည်။

"ဒီသွန်း ... မ ... မလာနဲ့၊ ငါ့ဟာငါ ပြန်မယ်၊ နင့်အိမ်ကိုပဲ ငါလာခဲ့မယ်လေ ... နော်"

သူ ပခုံးတစ်ချက်တွန့်ပြီး လက်ကာပြကာ ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။ ထနောင်း စိတ်ပျက်လက်ပျက် ဖြစ်ကျန်ခဲ့မှာ သိပေမယ့် လှည့်မကြည့်ဖြစ်တော့။

ဘာပဲပြောပြော ဒီညနေတော့ သူ လာကြိုဖြစ်အောင် ကြိုမည်ဟု ဆုံးဖြတ်ချက် ချလိုက်မိသည်။ အဲဒီအတွက် ထနောင်း





အပြစ်တင်ချင်လည်း ထိုအပြစ်ကို သူ ကျေကျေနပ်နပ်ပင် လည်စင်းခံလိုက်မည်။

ငါ့ကို နားလည်ပေးပါ သူငယ်ချင်းလေးရယ်။ ငါတို့နှစ်ယောက်ကြားမှာရှိတဲ့ အဟန့်အတားမှန်သမျှကို စိတ်အားထက်သန်စွာနဲ့ တိုက်ဖျက်ခွင့်ပေးပါ။ အဖြူရောင် သံယောဇဉ်ကို တစ်မျိုးတစ်မည် အရောင်စွန်းထင်းချင်နေမိတဲ့ ငါ့နှလုံးသားရဲ့ တောင့်တချက်ကို နင် တစ်နေ့နေ့တော့ နားလည်သဘောပေါက်လာမယ်လို့ ငါ ယုံကြည်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဒီသွန်း၊ တစ်ကိုယ်လုံး မွေးကြိုင်မွှန်ထူနေတာပဲ၊ ဘယ်ဆီဘယ်ဝယ်ကိုများ ကြွမြန်းတော်မူဦးမလို့လဲ"

အစိုးရရုံးဝန်ထမ်းတစ်ယောက်ဖြစ်သော သူ့အစ်မလင်းသူဇာက အလုပ်မှ ပြန်ရောက်ရောက်ချင်း ထမင်းချိုင့်ခြင်းကို စားပွဲပေါ် အသာတင်ရင်း သူ့တစ်ကိုယ်လုံးကို တရားခံစစ်သလို ကြည့်ရှုဆန်းစစ်လာသည်။

သူက ခေါင်းလျှော်ပြီးစ ဆံနွယ်ရှည်ရှည်များကို ဝဲခနဲ တစ်ချက်ခါယမ်းရင်း အစ်မ ဖြစ်သူကို ပြုံးစိစိနဲ့ လှမ်းကြည့်ကာ ...

"ထနောင်းကို သွားကြိုမလို့လေ အစ်မရဲ့"

သူ့စကားကြောင့် အစ်မက တအံ့တဩ ဖြစ်သွားပုံဖြင့် ရင်ဘတ်လေးဖိရင်း ဆိုလာသည်။

"ဘုရားရေ ... ကြားသားမိုးကြိုးပါလား၊ ခုမှ ဘာစိတ်ကူးထပေါက်ရတာလဲ"





သူက သူ့ရဲ့နှစ်ဆယ့်တစ်နှစ်မြောက် မွေးနေ့ပွဲမှာ ထနောင်း ပေးထားသည့် ဂျော်ဒန်းနီး စပို့ရှပ်အဖြူရောင်ကို ခေါင်းစွပ်ဝတ်ချရင်း အစ်မကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ သူ့ပုံစံ မသက်ာစရာ ဖြစ်နေတာကို အစ်မလည်း အနည်းအကျဉ်း ရိပ်မိသိရှိနေသလိုပင်။

"ကျွန်တော် အကြိုအပို့လုပ်ဖို့ တာဝန်ရှိလာပြီ အစ်မရဲ့၊ ထနောင်း ဘေးမှာ အန္တရာယ်တွေ ပတ်ချာလည်ဝိုင်းနေတာ၊ ကျွန်တော် ရှင်းပစ်မှရမှာ"

အစ်မက မေးစေ့ကို လက်ဖြင့်ထောက်ရင်း သူ့ထံမှ အကြည့်မခွာနိုင်သေးဘဲ အချိန်အတော်ကြာအောင် စိုက်ကြည့်နေရာမှ ...

"အေးအေးဆေးဆေး နေစမ်းပါ ငါ့မောင်ရယ်၊ နင် ရုတ်တရက် ပြောင်းလဲသွားတာ အကြောင်းမသိရင် ခက်မယ်၊ ထနောင်းတို့ သူဌေးက ထနောင်းကို စိတ်ဝင်စားပြီး လက်ထပ်ခွင့်တောင်းထားတာ နင် သိသွားပြီ မဟုတ်လား"

နှမ်းလျဖျော့တော့နေသည့် အစ်မစကားတို့က သူ့နားထဲ ပူလောင်ခါးသက်စွာ ဖြတ်သန်းစီးဆင်းသွားခဲ့သည်။ ဦးမင်းဝီရ ပုံရိပ်ကို ရုတ်တရက် မြင်ယောင်လိုက်မိကာ သူ့မျက်နှာ ရုတ်ခြည်း တင်းမာခက်ထန်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခိက,က သင်း ထနောင်းအပေါ် မရိုးမသား ကြံစည်နေလို့သာ သူ မခံမရပ်နိုင် ဖြစ်ရခြင်းပင်။ ထိုပြင် ထနောင်းနဲ့သူ့ကို ရက်ရက်စက်စက် ခွဲပစ်မည့် မည်သူ့ကိုမဆို သူ ပြင်းပြင်းထန်ထန် ကန့်ကွက်တားဆီးချင်မိသည်။

ဒါဘာကြောင့်လဲ။ သူ့ကိုယ်သူ အထိတ်တလန့်ဆန်းစစ်ကြည့်မိတော့ နှစ်ရှည်လများ အမြစ်တွယ် ရှင်သန်ခဲ့သော သံယောဇဉ် နှောင်ကြိုးများကြောင့်ပင် ဖြစ်ပါလိမ့်မည်။ အစ်မက သူ့ကို စာနာ နားလည်သလို ငေးမောစိုက်ကြည့်နေရာမှ ...

"ထနောင်း ဘဝကလည်း တကယ်တော့ သနားစရာ တော်တော်ကောင်းပါတယ်၊ အဒေါ်တစ်ခု တူမတစ်ခုဘဝနဲ့ နေလာတာ အားကိုးခင်တွယ်စရာဆိုလို့ ဒီအဒေါ်တစ်ယောက်ပဲရှိတာ၊ နောက်ဆုံးတော့လည်း အဒေါ့်စကားပဲ ခေါင်းညိတ်လက်ခံရမှာပဲ"

သူက မနက်တုန်းက အရှိန်မသေသေးသော လက်ကျန်အငြိုးများနှင့် ထပ်ဆင့်ပေါင်းကာ အစ်မစကားကို ခပ်သွက်သွက် ခေါင်းခါယမ်းရင်း တုံ့ပြန်လိုက်မိသည်။ အစ်မက သူ့အပြုအမူကြောင့် ရုတ်တရက် ကြောင်သွားကာ ...

"ဟဲ့ ... ဒီသွန်း၊ နင်က ဘာခေါင်းခါတာလဲ"





"ဒီသီအိုရီတွေက ခုခေတ်မှာ တော်တော်လေး တိမ်ကောပျောက်ကွယ်နေပါပြီ၊ အစ်မရာ အဲဒီ ဦးမင်းဝီရဆိုတဲ့ ငနဲကို သူ့နည်းသူ့ဟန်နဲ့ လက်လျှော့ နောက်ဆုတ်သွားအောင် ကျွန်တော် လုပ်နိုင်ပါတယ်၊ အစ်မတို့ စောင့်ကြည့်နေလိုက်ပါ"

သူ့ရဲ့မိုက်တိမိုက်ကန်း အပြောကြောင့် အစ်မမျက်နှာ သိသိသာသာ ပျက်ယွင်းသွားပြီး သက်ပြင်းကျယ်ကျယ် တစ်ချက်ချလိုက်လေသည်။

"မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော် ဒီသွန်း၊ နင့်အတွက်နဲ့ အမေ စိတ်ဆင်းရဲရပေါင်းလည်း များပြီ၊ နင့်ရဲ့ရုပ်တကာရှာတကာ လုညံ့ရမ်းချင်တဲ့ စိတ်လေးကို နည်းနည်းတော့ လျှော့ပါဦးဟယ်၊ ကိုယ့်အသက်လည်း ကိုယ်ပြန်ကြည့်ပါဦး"

"ဟာ ... အစ်မကလည်း၊ ကျွန်တော်တို့က ကိုယ့်ကိုလာထိမှ ပါးပျဉ်းထောင်တတ်တဲ့ မြွေဟောက်လူငယ်လေးတွေပါဗျာ၊ ဘလိုင်းကြီးတော့ ကိုယ့်ဘက်ကစပြီး အရင်မဖောင်းတတ်ပါဘူး၊ မဟုတ်မခံတတ်တဲ့ စိတ်ဓာတ်ပိုင်ဆိုင်ထားလို့ လူမိုက်စာရင်းသွင်းချင်နေကြတဲ့ ပတ်ဝန်းကျင်ကိုတော့ ရေးကြီးခွင်ကျယ်လုပ်ပြီး စာဖွဲ့မနေချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အစ်မက သူ့မောင် ဆိုးချက်ကို လက်လန်အောင် သိသူမို့ မတတ်သာစွာမျက်စောင်းထိုးရင်း လှမ်းကြည့်လာလေသည်။

"ဒီကိစ္စက နင် စိတ်လိုက်မာန်ပါ သွားရှင်းလို့ရတဲ့ကိစ္စ မဟုတ်ဘူး မောင်လေးရဲ့၊ နင်တို့ စတိတ်ကျောင်းတက်တုန်းက ထနောင်းနောက်ကို ရည်းစားစာ လိုက်ပေးတဲ့ ကောင်လေးတွေကို နင် အမြင်ကတ်ကတ်နဲ့ ဆွဲထိုးသလို မျိုးနည်းလမ်း ခုချိန်မှာ သုံးလို့မရဘူး၊ ဒါ ထနောင်း တစ်ဘဝလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စ ...

သူ ရွေးချယ်ပိုင်ခွင့် ရှိသလို ငြင်းပယ်ပိုင်ခွင့်လည်း ရှိတယ်၊ နင်က ကြားထဲက အလကားနေရင်း ကြီးတော်နွား ကျောင်းချင်နေတယ်၊ ငါ မပြောလိုက်ချင်ဘူး"

အစ်မပြောသလိုပင် ဆယ်တန်းနှစ်တုန်းက ထနောင်းကို ကျောင်းဆင်းချိန်မှာ အတင့်ရဲစွာ စာလိုက်ပေးကြသော ကျောင်းသားတချို့ကို သူ လက်သီးစာကျွေးပြီး ပြင်းပြင်းထန်ထန် နှိပ်ကွပ်ခဲ့ဖူးသည်။

မတတ်နိုင်။ ဦးမင်းဗီရကိုလည်း ထိုက်တန်သော တုံ့ပြန်မှုတစ်ခုတော့ ပြန်ပေးရမှ သူ ကျေနပ်မည်။ အဓိက အကြောင်းရင်းကတော့ ထနောင်းဘေးမှ ခပ်ဝေးဝေး လွင့်ထွက်သွားစေလိုခြင်းပင်။





ဒီအတွက် သူ့ကိုယ်သူ မှားလားမှန်လား မဝေဖန် မဆန်းစစ်ချင်တော့ပါ။

"နေပါဦး မောင်လေးရဲ့၊ နင် ဒီလောက် အသည်းအသန် ဖြစ်နေတာကို ထနောင်းက နည်းနည်းလေးမှ မရိပ်မိဘူး လား၊ နင်ကရော ဘာလို့ ဖွင့်မပြောဘဲ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရတာလဲ"

သူ အစ်မစကားကြောင့် တစ်ချက်တော့ ငိုင်သွားမိသည်။ ဖွင့်ပြောဖို့ သတ္တိမရှိဘူးဟု ပြန်ပြောလျှင် အစ်မ သူ့ကို လှောင်ရယ် ရယ်မလားမသိ။ သို့သော် တကယ်လည်း သတ္တိမရှိဘူးဆိုတာ သူ့ကိုယ်သူ သိပါသည်။ ထို့အတွက်လည်း သူ အားမလို အားမရ ဖြစ်ရမြဲပင်။ အဓိက,ကတော့ ထနောင်း သူ့အပေါ် စိတ်ကွက်ငြိုငြင်သွားမှာကို အကြောက်ဆုံးပဲဖြစ်သည်။

"ရုပ်ရှင်ကားလေးတစ်ကား ကြည့်သလိုပဲ အစ်မရဲ့။ ဇာတ်လမ်းတွေ တစ်ခန်းပြီးတစ်ခန်းကြည့်ရင်း နောက်ဆုံး ဇာတ်သိမ်းခန်းကို အေးအေးဆေးဆေး ရောက်သွားရတာ ပိုမကောင်းဘူးလား၊ ကျွန်တော်က အချိန်ကာလတစ်ခုကို စောင့်နေတာပါ"

"အေး ... အချိန်ကာလကလည်း စောင့်ရင်း စောင့်ရင်းနဲ့ တဖြည်းဖြည်း ဇရာထောင်းလာတော့မယ်၊ အနီးကပ်ပိုနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူကို အဝေးက ရတ်တရက် ရောက်လာတဲ့လူက တစ်ကွက်ကျောသွားမှ နင် မရှုမလှ ခံနေရမယ်၊ မြင်ယောင်သေး … ဟင်း”

သူ့အစ်မရဲ့ မဲ့မဲ့ရွဲ့ရွဲ့ အပြောကြောင့် ရင်ထဲ နင့်ခနဲဆို့သွားရပါသည်။ နှစ်ရှည်လများ ဖွဲ့နှောင်ရစ်ပတ်ခဲ့ပြီးသော သံယောဇဉ်ကို ဘယ်လိုအရာကမှ ဖြတ်တောက်တားဆီး မရနိုင်ဟု သူ တစ်ထစ်ချ ယုံကြည်ထားသည်။

“ကဲပါ အစ်မရာ၊ ကျွန်တော် ထနောင်းကို သွားကြိုတော့မယ်၊ အစ်မ ဒီနေ့ လခထုတ်လာတယ် မဟုတ်လား၊ မုန့်ဖိုးပေး”

မဆီမဆိုင် သူ့အပြောကြောင့် အစ်မက မျက်စောင်းပက်ခနဲ လှမ်းထိုးရင်း ပိုက်ဆံအိတ်ထဲမှ ထောင်တန်ငါးရွက်ကို ဆောင့်ကြီးအောင့်ကြီး ထုတ်ပေးလာသည်။ ဒီလိုနည်းဖြင့် သူ့အနွံအတာကို ခံခဲ့ရပေါင်း များပြီဖြစ်သည့် အမေနှင့် အစ်မဟာ သူ့ဘဝရဲ့ မဟာကျေးဇူးရှင်ကြီးများပင်။

သူ ဘယ်လောက်ဆိုးဆိုး အချိန်တန် လက်ဝါးဖြန့်လျှင် အဆင်သင့် ထုတ်ပေးတတ်သော အစ်မရဲ့ သူ့အပေါ် မေတ္တာတရား ကြီးမားပုံကို သူ ကျိတ်ပြီး ကျေနပ်ပီတိဖြစ်ရသေးသည်။





သို့သော် အစ်မက သူ့ကိုတော့ နားပူအောင် လာလာကလိတတ်လေသည်။

“နင်တို့ဟာလေ ခြေလက်အကောင်းပကတိ ရှိပါရက်နဲ့ အလုပ်လုပ်ဖို့လေးများ စိတ်ကူးမရကြဘူးလားဟင်။ အမေ ရှိရင် ငွေရှိတယ်ဆိုတဲ့ ထုံးကို ပျော့ပျော့ကြီးကို နှလုံးမူထားကြတာပဲ၊ နင်တို့အတွက်တော့ ရင်လေးပါသေးတယ်”

အစ်မက ထိုစကားနှင့်ပင် သူတို့သူငယ်ချင်းတစ်အုပ်စုလုံးကို အားမနာ လျှာမကျိုး နှိပ်ကွပ်တတ်လေသည်။ သို့သော် သူကတော့ ပိုက်ဆံရလျှင်ပြီးရော။ အစ်မရဲ့စကားလုံးတွေကို ပန်းနဲ့ပေါက်သလိုသာ သဘောထားပါသည်။

အစ်မပေးသော ထောင်တန်ငါးရွက်ကို ရွတ်ခနဲ တစ်ချက်နမ်းပြပြီး မျက်စောင်းတရွယ်ရွယ် ဖြစ်နေသော အစ်မကို နှုတ်ဆက်ကာ သူ မြူးကြွသွက်လက်စွာ ထွက်လာခဲ့တော့သည်။

အင်း … ခုမှ သုံးနာရီတော့ [illegible]ပနေတာ[illegible]ူး။ ထနောင်

သူက နှုတ်ခမ်းစူပွစူပွလုပ်ကာ ပြောလာသော ရဲညွှန့်လက်မောင်းကို တစ်ချက်ပိတ်ထိုးကာ အားရပါးရ ရယ်မောလိုက်ပါသည်။

“ကဲပါကွာ၊ ငါပြောပြပါ့မယ်၊ ငါ့ကောင်မလေးကို သွားကြိုမလို့ကွ”



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... စောစောစီးစီး ကိုယ်ရောင်ကိုယ်ဝါတောက်ပနေပါလား၊ ဘယ်နန်းဆောင်ထဲ အစားဝင်မလို့လဲ"

"ဟုတ်ပါ့ကွာ ... ကြည့်စမ်း၊ ဒီအင်္ကျီ ငါမြင်ဖူးပါတယ်၊ နေဦး ... စဉ်းစားဦးမယ်၊ ဟား ... ဟုတ်ပြီ၊ ဒါ သူ့ရဲ့အဖြူရောင်သူငယ်ချင်းလေး ထနှောင်းရိပ် ပေးထားတာပဲ၊ သူ့ရဲ့နှစ်ဆယ့်တစ်နှစ်မြောက် မွေးနေ့မှာ အမှတ်တရ ပေးထားတာ၊ ဟုတ်တယ် မဟုတ်လား"

ကျော်ကြီးက သူ့ကို လက်ညှိုးတထိုးထိုးဖြင့် အနှေးခံစစ် စစ်ရပေသည်။ သူက ဘော်ဒါများစကားကို သူ့ဘဝရဲ့ မဟာ်ကျေးဇူးရှင်ကြီးများပင်။

သူ ဘယ်လောက်ဆိုးဆိုး အချိန်တန် လက်ဝါးဖြန့်လျှင် အဆင်သင့် ထုတ်ပေးတတ်သော အစ်မရဲ့ သူ့အပေါ်မေတ္တာတရား ကြီးမားပုံကို သူ ကျိတ်ပြီး ကျေနပ်ပီတိဖြစ်ရသေးသည်။





ရဲညွန့်နှင့် ကျော်ကြီးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မျက်ခုံးပင့်ကြလေသည်။ ဖိုးတေက သူ့ပခုံးကို သိုင်းဖက်လာကာ ...

"သူငယ်ချင်း ငါတို့ကို ရှင်းရှင်းလင်းလင်း ပြောစမ်း၊ မင်း ဘယ်သွားမလို့လဲ"

ဖိုးတေ အမေးကို သူက ခပ်ပြုံးပြုံး တုံ့ပြန်ရင်း ရေနွေးကြမ်းတစ်ခွက် ငုံ့ထည့်ကာ မော့သောက်လိုက်သည်။ သူငယ်ချင်းတွေက အချိန်ဆွဲပြီး ညစ်နေသော သူ့ကို စိတ်မရှည်ချင်ကြသလို အသီးသီး မျက်မှောင်ကုတ်လာကြလေသည်။

"ကဲ .. ကိုပေရှည်၊ သိပ်လည်း ပဲများမနေနဲ့၊ ပြောစရာရှိတာ မြန်မြန်ပြောကွာ"

"မင်းတို့ကလည်းကွာ ဖြည်းဖြည်းပေါ့"

"ဘာဖြည်းဖြည်းလဲ ဟော့ကောင်၊ မင်း ငါတို့ကို လျှို့ထားချင်လို့ ဝေ့လည်ကြောင်ပတ် လုပ်နေတာလား"

သူက နှုတ်ခမ်းစူပွစူပွလုပ်ကာ ပြောလာသော ရဲညွန့်လက်မောင်းကို တစ်ချက်ပိတ်ထိုးကာ အားရပါးရ ရယ်မောလိုက်ပါသည်။

"ကဲပါကွာ၊ ငါပြောပြပါ့မယ်၊ ငါ့ကောင်မလေးကို သွားကြိုမလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် သုံးယောက်စလုံး ပါးစပ်အဟောင်းသား ပွင့်သွားကြသည်။ ကိုယ်တိုင်က ပေတေလေလွင့်ပြီး ဂျစ်တစ်တစ် အမူအကျင့်များနှင့် ရှင်သန်ကြီးပြင်းလာသော သူ့လို လူဆိုးတစ်ယောက်ဆီမှာ အချစ်ဆိုသည့်အရာ ရှာဖွေမရအောင် ပျောက်ဆုံးနေခဲ့ကြောင်း သူငယ်ချင်းများက နောကျေအောင်သိထားခဲ့ကြသည်။

သူ့ဘဝမှာ အနီးစပ်ဆုံး မိန်းကလေးမိတ်ဆွေဆိုလို့ ထနောင်း တစ်ယောက်တည်းသာ ရှားရှားပါးပါး ရှိခဲ့ပါသည်။ သူ့ကို မိန်းကလေး တော်တော်များများက အော့ကြောလန် ရွံမုန်းတတ်ကြပြီး အထင်ကြီးရကောင်းမှန်း မသိခဲ့ကြပါ။ သူကလည်း မာကျောကျော၊ ဆောင့်ကြွားကြွား အမူအရာများကို အထူးတလည် ပြုပြင်ပြီး မိန်းကလေးများ စိတ်ဝင်စားအောင် မနေပြခဲ့ဖူးပါ။

သူ့ကို အများက တက်ညီလက်ညီ သတ်မှတ်ထားခဲ့ကြသည်မှာ ကလေကချေ အရိုင်းအစိုင်းကောင့်ဟူ၍ပင် ဖြစ်သည်။ သို့သော် သူက အားလုံးကို မထီတရီ အပြုံးဖြင့်သာ ရင်ဆိုင်တုံ့ပြန်ခဲ့မြဲ။ သူ့ခေါင်းထဲမှာ ပတ်ဝန်းကျင်ဆိုသည့် အရာအတွက် နေရာမပေးနိုင်ခဲ့တာ သိပ်ကို သေချာပါသည်။

ယခုလည်း သူ့နှုတ်ဖျားက ထွက်ကျလာသည့် 'အမျှော်လင့်ဖွယ်ရာ စကားတစ်ခွန်းကြောင့် သူ့အကြောင်း ကောင်းကောင်းသိသော သူငယ်ချင်းများ အံ့ဩဘနန်း ဖြစ်သွားရခြင်းပါ။





သူက သူငယ်ချင်းများကို တစ်ယောက်ချင်းစီ စေ့စေ့စပ်စပ် လိုက်ကြည့်ပြီး ...

"မင်းတို့ ပါးစပ်တွေထဲ ယင်ကောင်ဝင်တော့မယ်၊ ဟေ့ကောင်တွေ၊ ဘာလို့ ဒီလောက်ထူးဆန်းနေကြတာလဲ"

သူ့စကားမဆုံးမီမှာပင် ကျော်ကြီး မျက်နှာက တစ်စုံတစ်ရာကို ရိပ်မိသိရှိသွားသလို အမူအရာတစ်မျိုးပြောင်းသွားကာ သူ့ကို မျက်မှောင်ကုတ် ကြည့်လာသည်။

"ဟေ့ကောင် ... ဒီသွန်း၊ မင်း အမှန်အတိုင်းပြောစမ်း၊ မင်း ထနောင်းကို သွားကြိုမှာ မဟုတ်လား"

သူတို့အဖွဲ့ထဲမှာ ကျော်ကြီးက အားလုံးထက်ပိုပြီး တစ်ကွက်မြင်တတ်သူ ဖြစ်လေသည်။ ဘယ်ပြဿနာမဆို ရင်ဆိုင်ဖြေရှင်းဖို့ နည်းလမ်းကောင်း တော်တော်များများကို ကျော်ကြီးထံမှ သူတို့စနည်းနာကြရမြဲ။ ကျော်ကြီးကအရူးချင်းတူတူ တစ်မူးပိုသာသော အတန်းအစားမျိုးထဲမှာ ပါဝင်ပါသည်။

ကျော်ကြီး စကားကြောင့် ကျန်တဲ့ကောင်တွေကပါ မျက်လုံးတဖျပ်ဖျပ် တောက်ပလာကြပြီး သူ့ကို အထူးအဆန်း သတ္တဝါလို ဝိုင်းစူးစမ်းကြည့်လာကြသည်။

"ဟေ့ကောင် ... ကျော်ကြီး ပြောတာ ဟုတ်လား။ မင်း ဘယ်တုန်းက ထနောင်းနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကြည့်စမ်း၊ ငါတို့မေ့နေတာ၊ ဒီကောင် မနက်က ထနောင်းကို ဘာမပြော ညာမပြော လိုက်ပို့တာလေ၊ ဒီညနေကျမှ သွားကြိုရမယ်ဆိုတော့ ဟော့ကောင် မင်းဟာက မြန်လှချည်လားကွ"

တစ်ယောက်တစ်ပေါက်စီ ထင်ရာရမ်းသမ်းပြောနေကြသော သူငယ်ချင်းများကို သူ စိတ်ပေါက်ပေါက်နှင့် အော်ပစ်လိုက်တော့သည်။

"တော်ကြပါတော့ကွာ၊ နားငြီးလာပြီ"

သူ့အသံကြောင့် တခြားဝိုင်းကလူတွေပါ စူးစမ်းလှည့်ကြည့်လာကြသည်။ ကျော်ကြီးက သူ့ကျောကုန်းကို ခပ်ဖွဖွပုတ်ကာ လေပြည်လေးနှင့်ဆိုသည်။

"ကဲပါ သူငယ်ချင်းရာ၊ မင်း ငါတို့ကို လိပ်ပတ်လည်အောင် ရှင်းပြစမ်းပါ"

"ငါပြောမလို့ဟာ၊ မင်းတို့က တစ်ယောက်တစ်ပေါက်နဲ့၊ ဒီလိုကွ ... ထနောင်းနဲ့ ငါ ဘာမှတော့ မဖြစ်သေးဘူး၊ ဒါပေမဲ့ ငါ ကျောင်းတက်ကတည်းက ထနောင်းအပေါ် မသိမသာ စိတ်ဝင်စားနေခဲ့တာ မင်းတို့လည်း အသိပဲနော်"

ဖိုးတေက လက်ကျန်လက်ဖက်ရည်ကို ကောက်ယူမော့ပြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်း ထောက်ခံသည်။





"အေးလေ ... မင်းကို သူ စိတ်ကွက်သွားမှာစိုးလို့ ဖွင့်မပြောရဲဘဲ မြိုနေရတဲ့ အကြောင်းတွေလည်း ငါတို့ သိတာပဲ၊ အဲဒါတွေက ဟိုးစိတ်ကစားတဲ့ အရွယ်တုန်းက ဖြစ်ခဲ့တာတွေလေ၊ အခု သူလည်း သူ့ဟာနဲ့သူ"

သူ ဖိုးတေ စကားကြောင့် ဆတ်ခနဲ ခေါင်းထောင်သွားသည်။ ချက်ချင်းပင် ခါးခါးသီးသီး ခေါင်းယမ်းပစ်လိုက်ကာ...

"ဟော့ကောင် ... မင်းပါးစပ်ပိတ်ထားတော့၊ ဘာ သူ့ဟာနဲ့သူလဲ၊ သူ့မှာ ဘယ်ဟာမှ မရှိဘူး"

"ငါပြောမယ် ဒီသွန်း ... မင်းမသိတာလည်း မဟုတ်ဘဲနဲ့ ရူးချင်ယောင်ဆောင်မနေပါနဲ့တော့ကွာ၊ ထနောင်းဆီ နေ့တိုင်း လာလာနေတဲ့ နောက်ဆုံးပေါ်ကားကြီးရဲ့ ပိုင်ရှင်အကြောင်း မင်းအသိဆုံး ဖြစ်မှာပေါ့၊ မင်းက တစ်လမ်းခြားမို့လို့ သိပ်မသိပေမယ့် ငါတို့က မျက်နှာချင်းဆိုင်နေကြတာ၊ တစ်နေ့ တစ်နေ့ ဒေါ်ရင်ကျော့ ကြွားလုံးမိလွန်းလို့ ငါ့အမေတောင် အငွေ့ပျံတော့မယ်"

ရဲညွန့်နှင့် ထနောင်းက တစ်လမ်းတည်းမှာ မျက်နှာချင်းဆိုင်နေကြသောသူများ ဖြစ်သည့်အတွက် ထနောင်းတို့အိမ်အကြောင်းကို သူ့ထက်ပိုပြီး ကောင်းကောင်းသိပါသည်။ သူ့စိတ်ထဲ ဒေါသနှင့် အလိုမကျမှုများ စုပေါင်းကာ တလိပ်လိပ် ထိုး



www.burmeseclassic.com

www.burmeseclassic.com



တက်လာသည်။ မနက်တုန်းက အဖြစ်အပျက်နှင့် ပတ်သက်ပြီး သူ ခုထိ အစာမကြေနိုင်သေးပါ။

သူ့မျက်နှာ မှုန်တေတေကြောင့် သူငယ်ချင်းတွေ အသီးသီး ငြိမ်သက်သွားကြသည်။

"ကဲပါ ... ဒီသွန်းရာ၊ မင်းနဲ့ ထနောင်း အကြောင်း ဆက်ပြောပါဦး၊ မင်း ခံစားချက်ကိုလည်း ငါတို့နားလည်ပါတယ်၊ ငါတို့ကတော့ ဖြစ်ချင်းဖြစ်ရင် ကိုယ့်သူငယ်ချင်းနဲ့ပဲ ဖြစ်စေချင်တာပေါ့၊ ဘာပဲပြောပြော ထနောင်းကလည်း ငါတို့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးပဲဟာ"

ဖိုးတေက သူ့ပခုံးတစ်ဖက်ကို ခပ်ဆတ်ဆတ်ပုတ်ရင်း ပြောလာသည်။

သူ သက်ပြင်းတစ်ချက်ကျိတ်ချရင်း အဝေးတစ်နေရာသို့ ငေးစိုက်လှမ်းကြည့်ကာ ...

"ငါကောင်မလေးလို့သာ မင်းတို့ကို သက်သက်စနေတာပါကွာ၊ တကယ်တော့ ထနောင်းနဲ့ ငါက နီးနီးလေးနဲ့ဝေးနေကြတဲ့သူတွေပါ၊ ဒါပေမဲ့ ဦးမင်းဝီရရဲ့လက်ထဲ မပါအောင်တော့ ငါ မရမက တားဆီးရမှာပဲ၊ ခုမှ ငါ့ကိုယ်ငါ ရှင်းရှင်းလင်းလင်း သိလာတာ တစ်ခုက ထနောင်းကို လုံးဝအဆုံးရှုံးမခံနိုင်တာပဲကွာ"





တိုးဖျော့ လေးတွဲ့စွာပြောလာသော သူ့စကားထဲမှ ခံစားချက်တချို့က သူငယ်ချင်းများ၏ ရင်ထဲသို့ပင် ထုတ်ချင်းပေါက် စီးဝင်သွားသလား မပြောတတ်။ အားလုံး ပြိုင်တူငြိမ်သက်တိတ်ဆိတ်သွားကြလေသည်။

သူ ဆက်ပြောရန် အားယူလိုက်သည်။

"အရင်ကတော့ အဖြူရောင် သူငယ်ချင်းဆိုတဲ့ သံယောဇဉ်နဲ့ မလှမ်းမကမ်းကနေ အလှကြည့်ကြည့်နေခဲ့ရတာ၊ ဒါပေမဲ့ ဦးမင်းဝီရ ဆိုတဲ့လူ ပေါ်လာတဲ့အချိန်မှာ ငါ့နှလုံးသားက လက်ပိုက်ကြည့်နေဖို့ ခွင့်မပြုတော့ဘူးကွ၊ သေချာတာတစ်ခုကတော့ ငါ ထနောင်းကို သိပ်ချစ်သွားမိတာပဲ ...

ဒါပေမဲ့ ငါ ဖွင့်ပြောဖို့လည်း သတ္တိမရှိဘူး၊ ထနောင်း ရှေ့ရောက်ရင် ငါ့နှုတ်တွေ အလိုလိုနေရင်း ဆွံ့အသွားရတယ်"

သူ့စကားအဆုံးမှာ ဖိုးတေက သက်ပြင်းကျယ်ကျယ်တစ်ချက် ဦးဆုံးချရင်း တုံ့ပြန်သည်။

"ဘာမှ စိတ်ဓာတ်မကျပါနဲ့ သူငယ်ချင်းရာ။ မင်းကို ငါတို့လည်း တတ်နိုင်သလောက် ကူညီပေးမှာပါ၊ မင်းက ကမ္ဘာပေါ်မှာ ထနောင်း တစ်ယောက်တည်းပဲ မိန်းကလေး ရှိတယ်လို့ သတ်မှတ်ထားတဲ့ကောင်ဆိုတော့ ထနောင်း



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထားတဲ့ ခံစားချက် ဘယ်လောက် လေးနက်တယ်ဆိုတာ ငါတို့ ကိုယ်ချင်းစာပေးလို့ ရပါတယ်"

ဖိုးတေ စကားကို ပညာရှိကျော်ကြီးက မျက်မှောင်ကုတ်၍ စဉ်းစားဟန်ပြုကာ တွေးတွေးဆဆ ဆိုလာပြန်သည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဒီသွန်း၊ မင်း ဦးမင်းဝီရကိုတော့ လျှော့တွက်လို့ မရဘူးနော်၊ သူက ဒေါ်ရင်ကျော့ကို သိပ်ပိုင်တာ၊ ထနောင်းကို ဇာတ်လမ်းဆင်ဖို့ ဘယ်ကတည်းက ကျိတ်ပြီးဖရိန်ချထားလဲ မသိဘူး၊ သူ အမိကကိုင်သုံးမယ့်လက်နက်က ငွေပဲ"

ကျော်ကြီး အပြောကြောင့် သူ့ရင်ထဲ စူးရှနာကျင်သွားခဲ့သည်။ သူ အမုန်းဆုံး အရာတွေထဲမှာ အဲဒီ"ငွေ"ဆိုတာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ လူတစ်ယောက်ရဲ့ဘဝကို မြင့်မား အဆင့်မီအောင် တွန်းပို့ပေးနိုင်သလို၊ နိမ့်ကျချွတ်ခြုံကျအောင် ထိုးနှိမ်ပေးနိုင်သော အရာတွေထဲမှာ ငွေက ထိပ်ဆုံးကစိုးမိုးနေရာယူထားသည်။ လောကကြီးမှာ ငွေစကားပြောတတ်သော လူတော်တော်များများရဲ့ ပါးစပ်ပေါက်ကိုလည်း သူ အလွန်အမင်း စက်ဆုပ်ရွံရှာမိလေသည်။

သူတင်မက သူ့သူငယ်ချင်းအားလုံးမှာ သည်လိုခံယူချက်မျိုး ရှိကြသည်။





"မင်းနဲ့ ထနောင်းကို အမိက ခွဲခွာပစ်မှာ အဲဒီငွေဆိုတဲ့အရာပဲ ဒီသွန်း၊ ဒေါ်ရင်ကျော့ အကြောင်းလည်း မင်းကောင်းကောင်းသိမှာပေါ့၊ ဒီမိန်းမကြီးက ဆန့်မရှိ အစားကြီးနေတာ၊ သာမန်ညောင်ညရပ်ကွက်မှာနေပြီး သူဌေးလောက်ပဲ လူထင်နေတာ၊ မင်းတို့ ငါတို့ကိုတောင် မတူမတန်သလို ဆက်ဆံတာ သိပ်ခံပြင်းဖို့ ကောင်းတယ်၊ လူနေချုံကြား၊ စိတ်နေဘုံဖျားဆိုတာ သူမှအစစ်"

"ကဲပါကွာ၊ ဒီသွန်း စိတ်ညစ်အောင် မပြောကြပါနဲ့တော့၊ ဟိုက သွားကြို့မလို့ မောင်းတင်ပြီး ရှိုးထုတ်လာတာ ...

မင်း သွားတော့လေ ဒီသွန်း၊ တော်ကြာ နောက်ကျနေဦးမယ်"

"သွားမှာပါကွာ၊ တစ်ခုတော့ မင်းတို့ကို ပြောခဲ့ဦးမယ်၊ ရဲဒီသွန်း ဆိုတဲ့ကောင်က ဘယ်ခရီးမဆို လမ်းဆုံးထိရောက်အောင် လျှောက်တတ်တယ် ဆိုတာ မင်းတို့ မေ့မထားနဲ့ဦး၊ မင်းဝီရ အပါအဝင် တစ်လောကလုံးကို ဂရုစိုက်ဖို့ ဗီလင် ငါ့မှာပါမလာဘူး ...

ထနောင်းဟာ ငါ့အနားမှာပဲ ထာဝရရှိနေရမယ်၊ ကဲ ... သွားပြီ ဘော်ဒါတို့ရေ၊ နောက်မှ ဆုံကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ လွတ်လပ်ပေါ့ပါးစွာ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့သည်။ သူ့ခြေလှမ်းတွေ တစ်စုံတစ်ရာ၏ တွန်းအားပေးမှုကြောင့် အလိုလိုနေရင်း မြောက်ကြွ မြောက်ကြွ ဖြစ်နေခဲ့ပါသည်။

ထနောင်းတို့အလုပ်က မြို့ထဲမှာ ဆင်းရတာမို့ ဆူးလေသွားမည့်ကားပေါ် သူ အခန့်သင့် လိုက်ပါလာခဲ့သည်။ မကြာခင် တွေ့ရတော့မည့် မျက်နှာလေးကို ကြိုတွေးမြင်ယောင်ရင်း သူ ရင်တွင်းမှာ တိတ်တိတ်လေး ကျိတ်ပြုံးမိပါသည်။

သူ့ကို အတ္တသမားဟုပဲဆိုဆို ထနောင်းနားမှာ သူ စိမ်းယောက်ျားအဖြစ် သူတစ်ယောက်တည်းသာ မူပိုင်ရှိချင်မိသည်။ ထနောင်းကို သူ ပိုင်ဆိုင်ခွင့်မရနိုင်လျှင်တောင် တစ်ပါးသူအတွက် ပိုင်ဆိုင်ခွင့်ကို ရက်ရက်ရောရော မပေးလိုက်နိုင်ပါ။

ထို့ကြောင့် ဦးမင်းဝီရဟာ သူ့ရဲ့အကြီးမားဆုံးရန်သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့ရခြင်းပင်။

သူ ဘတ်စ်ကားကြီး၏ ခေါ်ဆောင်ရာနောက် အိပဲ့အိပဲ့ လိုက်ပါလာရင်း ထနောင်းတို့ရုံးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။ ရုံးရှေ့မှာ သူ မနက်က ခဲနဲ့ကောက်ထုချင်စိတ်ပေါ်မိသော ဦးမင်းဝီရရဲ့ကားကြီးကို တွေ့လိုက်ရချိန်မှာ သင်းရှိနေမှာ အသေအချာပဲဟု ခန့်မှန်းသိရှိလိုက်ရသည်။ သူ့ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲ ဆူညံလာပါသည်။





အချိန်က လေးနာရီလေးဆယ့်ငါး ဆိုတော့ ရုံးဆင်းဖို့ ဆယ့်ငါးမိနစ်သာ လိုတော့သည့်အတွက် ရှေ့ကအုတ်ခုံလေးမှာပဲ ထိုင်စောင့်ဖို့ သူ ဆုံးဖြတ်လိုက်သည်။

ထနောင်း သူ့ကို မမျှော်လင့်ပဲ တွေ့လိုက်ရလျှင် ဝမ်းသာသွားမည်လား။ သေချာတာ တစ်ခုကတော့ အနည်းနဲ့အများ အံ့သြတကြီး ဖြစ်သွားမည်ဟု သူ ထင်သည်။

သူက ကုန်နိုင်ခဲသော နာရီလက်တံများကို အံသံတိတ် ကြိတ်ဆဲရင်း ထနောင်း ရုံးဆင်းချိန်ကို ရင်တခုန်ခုန်နှင့် စောင့်မျှော်နေမိပါသည်။

ငါးနာရီအတိမှာ ရုံးခန်းမှန်တံခါး ပွင့်လာကာ သူ အမုန်းဆုံးသော ထိုပုဂ္ဂိုလ်ကို ဦးဦးဖျားဖျား တွေ့လိုက်ရသည်။ ဦးမင်းဝီရက သူ့ကို မြင်ပုံမရဘဲ ဟန်းဒ်ဖုန်းပြောရင်း ကားရှိရာ လျှောက်သွားနေပါသည်။ ထနောင်းကိုတော့ သင်းနောက်ကနေ ဖိုင်(လ်)တစ်ထပ်ကြီး ပွေ့ပိုက်လျက် ခပ်ကုပ်ကုပ် လိုက်ပါသွားသည်ကို တွေ့ရသည်။ သူ အခွင့်အရေးကို လက်လွှတ်မခံဘဲ ချက်ချင်းပင် သူတို့နှစ်ယောက်နောက် အမီပြေးလိုက်ကာ ခေါ်လိုက်သည်။

"ထနောင်း"

သူ့ခေါ်သံကြောင့် ထနောင်း ဆတ်ခနဲလှည့်ကြည့်လာကာ သူ့ကိုမြင်တော့ မျက်လုံးအဝိုင်းသားလေး ဖြစ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂကြောင်ငေးနေခဲ့ပါသည်။ ထနောင်း မျက်နှာပေါ်မှာ အံ့သြကြီးခြင်းနှင့်အတူ စိုးထိတ်ကြောက်ရွံ့မှု အရိပ်အယောင်များပါ ရောထွေးပြည့်နှက်နေခဲ့သည်။

ဦးမင်းဝီရက ဟန်းဒ်ဖုန်းပြောအပြီး ကားတံခါးဖွင့်ရန် ဟန်ပြင်ဆဲမှာ သူ့ဘက်သို့ စူးခနဲ လှည့်ကြည့်လာပြီး ထနောင်းဘက်ကိုပါ မသိမသာ မျက်လုံးဝေ့ကြည့်ကာ ...

"ကိုယ် ကားထဲက စောင့်နေမယ်၊ မင်းပစ္စည်းနဲ့ ထမင်းချိုင့်တွေယူပြီး မြန်မြန်ထွက်လာခဲ့ပါ၊ မကြာစေနဲ့နော်"

လိုအပ်တာထက် ပိုမိုတင်းမာ ပြတ်သားနေပုံက သူ့အပေါ် မနှစ်မြို့ခြင်းကိုပါ ထင်ထင်ရှားရှား ဖော်ညွှန်းနေသယောင်။ ဦးမင်းဝီရဟာ အမိန့်ဆိုသည့် စကားလုံးကို သူတစ်ဦးတည်း မောင်ပိုင်စီးထားပုံရလေသည်။

သူက မူရင်းပုံစံအတိုင်း မထီတရီ အပြုံးဖြင့် ထနောင်းကိုသာ စေ့စေ့ကြည့်ရင်း ဆိုလိုက်သည်။

"ထနောင်း ... ငါ နင့်ကိုလာကြိုတာ၊ နင် ပြန်တော့မယ် မဟုတ်လား"

ထနောင်းက ခေါင်းမခါ၊ ခေါင်းမညိတ်ဘဲ မျက်မှောင်လေးသာ တွန့်ချိုးထားပါသည်။ ထနောင်း မျက်နှာရိပ်၊ မျက်နှာကဲကို ကောင်းကောင်း အကဲခတ်တတ်ပေမယ့် သူ မတတ်နိုင်။





အမိက,က ဦးမင်းဝီရကို သူ စိတ်အနှောင့်အယှက်ဖြစ်အောင် တစ်ခုပြီးတစ်ခု အရွဲ့တိုက်ချင်နေမိသည်။ ငါ့ကိုခွင့်လွှတ်ပါ ထနောင်းရယ်။

ဦးမင်းဝီရက သူ့မျက်လုံးများတည့်တည့်ကို ထွင်းဖောက်စူးဝင်မတတ် ခပ်ရဲရဲ စိုက်ကြည့်ကာ ...

"မင်း မနက်ကလာတဲ့ ချာတိတ်မဟုတ်လား၊ မနက်တုန်းက ကိုယ့်ဆီမှာ အချိန်ဆယ့်ငါးမိနစ်လာတောင်းတာ မင်းပဲထင်တယ် ဟုတ်လား"

သူ့ကိုကြည့်သောအကြည့်၊ ပြောသောစကားတွေထဲမှာ အထင်သေး ရှုတ်ချလိုခြင်းကလွဲလို့ ဘာမှမပါဝင်ခဲ့။ သူက ဂရုမစိုက်သလို ပခုံးတစ်ချက်တွန့်ပြီး ခေါင်းလှန်မော့ ရယ်မောချလိုက်ရင်း ...

"သူဌေးက ဘယ်ဆိုးလို့လဲ၊ မှတ်ဉာဏ်ကောင်းသားပဲ"

သူ့အပြောကြောင့် ကားကိုနောက်မှီရင်း လက်ပိုက်ကြည့်နေသော ဦးမင်းဝီရက ခေါင်းတစ်ချက် ညိတ်လိုက်ကာ ...

"ကောင်းပြီ၊ မင်းနဲ့ကိုယ် စကားနည်းနည်းပြောဖို့တော့ လိုလာပြီထင်တယ်၊ ဘာကြောင့်လဲဆိုတော့ မင်းပုံစံက ကိုယ့်မှာ အလုပ်မရှိတိုင်း အလုပ်လုပ်ပြီး ဘဝတိုးတက်ဖို့ ကြိုးစားနေကြသူတွေကို လိုက်ဖျက်ဆီးနေတာနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားက သူ့အရိုက်ကို ပြင်းပြင်းထိစေသော စကားပင်။ သူ ဦးမင်းဝီရကို စူးစူးရဲရဲ စိုက်ကြည့်ပြီး အံတစ်ချက် တင်းတင်းကြိတ်လိုက်သည်။

"ခင်ဗျားနဲ့ ကျုပ် ဘာမှမဆိုင်ဘူး၊ အချိန်ပေးပြီး စကားပြောစရာ အကြောင်းလည်း ဘာမှမရှိဘူး၊ ကျုပ်သူငယ်ချင်းကို အိမ်ပြန်ဖို့ လာခေါ်တာ ...

ထနောင်း ... နင့်ပစ္စည်းတွေ သွားယူ၊ ငါ ဒီကနေ စောင့်နေမယ်"

သူ့ကိုယ်သူ မှားလား၊ မှန်လား အချိန်ယူပြီး စဉ်းစားချင့်ချိန်နိုင်စွမ်း မရှိဘဲ အရွဲ့တိုက်ချင်စိတ်ကသာ ကြီးစိုးနေရာယူခဲ့လေသည်။ အခြေအနေတွေက တင်းမာသထက် ပိုမိုတင်းမာလာခဲ့သည်။

ထနောင်းက သူ့ကို မရဲတရဲ မော့ကြည့်လာကာ...

"ဒီသွန်း ... ငါ ... ငါ ..."

"ကဲပါ ... ပြောမနေနဲ့၊ သွား ... ထမင်းချိုင့်သွားယူ၊ ငါ စောင့်နေမယ်၊ ငါ ဒီနေ့ နင့်ကို မုန့်လိုက်ကျွေးမလို့ဟ"

"မဟုတ်ဘူး ဒီသွန်း ... ငါ"

သူနှင့် ထနောင်း တစ်ယောက်ကိုတစ်ယောက် စကားနိုင်လုနေကြစဉ်မှာပဲ ဦးမင်းဝီရက ကျွတ်ခနဲ စုတ်သပ်ကာ မျက်မှောင်ကုတ် ကြည့်လာပြီး ...





"ထနောင်းရိပ် ... ကိုယ့်မှာ အားလပ်ချိန် မရှိဘူးဆိုတာ မင်း သိတယ်နော်၊ အရည်မရ အဖတ်မရတွေအတွက် တန်ဖိုးရှိတဲ့အချိန်တွေ ဖဲ့မပေးနိုင်ဘူး"

ထနောင်း အမူအရာက အမိန့်ချခံရတော့မည့် ရာဇဝတ်သား တစ်ယောက်နှယ် ဦးမင်းဝီရကို အထိတ်တလန့် မော့ကြည့်နေခဲ့သည်။ သူ့ရင်ထဲ ထောင်းခနဲ ဖြစ်သွားရပါသည်။

သူ ခပ်ရိုင်းရိုင်းပင် တံတွေးတစ်ချက် ပက်ခနဲထွေးလိုက်ပြီး ...

"ထနောင်း ... နင် ငါ့အကြောင်း သိတယ်နော်"

"ဒီမှာ ရဲဒီသွန်း၊ မင်း ဘာဖြစ်ချင်တာလဲ၊ ဘာလိုချင်တာလဲ၊ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြောပါ၊ ဘလိုင်းကြီးသက်သက် လုမိုက်လုပ်ချင်တဲ့ အဓိကအကြောင်းရင်းက ဘာလဲ"

သူ မျက်မှောင်နှစ်ခုကို ထိစပ်နီးကပ်လုမတတ် တွန့်ချိုးကာ သိန်းငှက်တစ်ကောင်လို စူးစူးရဲရဲ မျက်ဝန်းများဖြင့် ဦးမင်းဝီရကို စူးစိုက်ကြည့်လိုက်သည်။

"အဓိက အကြောင်းရင်းကို ခင်ဗျား တကယ်သိချင်လား"

"ပြောကြည့်လေ၊ ကိုယ့်အတွက် သိပ်အရေးမပါလောက်ပေမယ့် ကိုယ့်ဝန်ထမ်းဖြစ်တဲ့ ထနောင်းရိပ်နဲ့ တိုက်ရိုက်ပတ်သက်တယ်ထင်လို့ နားထောင်ပေးရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဓိက အကြောင်းရင်းက ခင်ဗျားနဲ့ တိုက်ရိုက်ပတ်သက်တယ် သူဌေး၊ ရှင်းရှင်းပဲ ပြောမယ်ဗျာ၊ ခင်ဗျား ထနောင်းဆီက လက်ထပ်ခွင့်တောင်းထားတာကို ပြန်ရုပ်သိမ်းပေးဖို့ပါပဲ"

သူ့စကားအဆုံးမှာ ဦးမင်းဝီရ မျက်ခုံးတွေ ရုတ်တရက် ပင့်တက်သွားကာ တည်ရာမှ မဲ့လာ၊ မဲ့ရာမှ လှောင်ပြောင်သရော်ရိပ် စွန်းထင်လာပြီး အသံထွက်အောင်ပင် ရယ်မောချလိုက်ပါတော့သည်။ သူ့ကို သနားစရာသတ္တဝါတစ်ကောင်လို နှိမ်ချလိုသည့် အသွင်ဖြင့် ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လာပုံက သူ့ရင်ထဲမှ ဒေါသတရားကို အရှိန်အဟုန် မြင့်သွားစေသည်။

ထနောင်းက သူ့လက်ကို မဝံ့မရဲ လှမ်းဆွဲရင်းသတိပေးသလို ဆိုလာသည်။

"ဒီသွန်း ... ငါ တောင်းပန်ပါတယ်ဟာ၊ ဆက်မပြောပါနဲ့တော့၊ ငါ့ကို တကယ်ခင်ရင် ဆက်ပြီးတော့ မပြောပါနဲ့တော့ ဒီသွန်းရယ်"

ဦးမင်းဝီရက ထနောင်းကို ခပ်တည်တည်စိုက်ကြည့်ပြီး လက်ကာပြကာ ...

"ထနောင်းရိပ် ... သိပ်စိတ်မလှုပ်ရှားနဲ့၊ မင်း ပိုက်ဆံအိတ်နဲ့ ထမင်းချိုင့်တွေ ခုချက်ချင်း သွားယူလိုက်၊ တစ်ချိန်မှာ





မင်းခင်ပွန်း မုချဖြစ်လာမယ့် ယောက်ျားတစ်ယောက်ရဲ့ စကားကို ထုံးစံအတိုင်း မင်း နားထောင်လိုက်ပါ ...

ကိုယ် ဒီညီနဲ့ အပျင်းပြေစကားပြောရင်း စောင့်နေမယ်"

သူ့ရင်တစ်ခုလုံး ပေါက်ကွဲလွင့်စဉ်မတတ် ဗလောင်ဆူလှုပ်ရှားလာရပါသည်။ လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း ရှေ့မှာ မြင်နေရသော ခဲလုံးတစ်လုံးကို ဒေါသတကြီးဆောင့်ကန်ပစ်လိုက်သည်။ ထနောင်းက ထူးဆန်းအံ့သြဖွယ် ကောင်းလှစွာပင် သူ့ရှေ့မှ ချာခနဲ လှည့်ထွက်သွားလေသည်။ အမိန့်ကိုတစ်သဝေမတိမ်း လိုက်နာတတ်ပုံမျိုးနှင့် ထနောင်းကိုကြည့်ရင်း သူ့ရင်ထဲ နာကျင်ပြင်းရှလာရသည်။ ဦးမင်းဝီရက သူ့မျက်နှာကို အေးအေးသက်သာပင် ပြုံးစိုက်ကြည့်ကာ ...

"ထနောင်းက မင်းအကြောင်း ကိုယ့်ကို တော်တော်များများ ပြောပြဖူးတယ်ကွ၊ လက်စသတ်တော့ ငါ့ညီက ထနောင်းနဲ့ပတ်သက်ပြီး ကိုယ့်အပေါ် ဂျဝင်နေတာကိုး၊ သိပ်ရယ်ရတယ်ကွာ၊ ဒါပေမဲ့ မင်းရဲ့ထနောင်းအပေါ်ထားတဲ့ သံယောဇဉ်ကို ကိုယ် အသိအမှတ်တော့ ပြုပါတယ်၊ ထနောင်းရဲ့အလုပ်ရှင်ကိုတောင် သတ္တိရှိရှိ လာတားမြစ်ရဲတဲ့ သတ္တိက နည်းတဲ့သတ္တိမဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတိုင်းက သူ့နှလုံးသားကို တရိရိနဲ့ တိုက်စားဖြိုဖျက်နေသလို အခံရခက်လှပါသည်။ သူက ထိုပုဂ္ဂိုလ်ရဲ့မျက်နှာကို မိုက်တိမိုက်ကန်းပင် ပြန်စိုက်ကြည့်ကာ ...

“ထနောင်းက သိပ်ရိုးသားအေးဆေးတဲ့ မိန်းကလေးပါ သူဌေး၊ ခင်ဗျား ပတ်ဝန်းကျင်မှာ ခင်ဗျားနဲ့ အဆင့်တူ အတန်းတူ မိန်းမတွေ ထောင်နဲ့ချီပြီး ရှိနေတာ ဘာမဟုတ်တဲ့ ထနောင်းကိုမှ လက်ထပ်ခွင့်တောင်းတာ သိပ်ရိုးသားရာ မကျပါဘူး ...

ပွင့်ပွင့်လင်းလင်း ပြောရရင် ကျုပ် ခင်ဗျားကိုမယုံဘူး၊ အထူးသဖြင့် ခင်ဗျားတို့သူဌေးတွေရဲ့ ကာရိုက်တာကို ကျုပ် အထင်မကြီးဘူး၊ ငွေနဲ့ပေါက်ပြီး ကိုယ်လိုရာကို စိတ်ကြိုက်ဖန်တီးခွင့် ရှိနေတဲ့ ခင်ဗျားတို့လို မျက်နှာကြီးအတန်းအစားတွေအတွက် ငွေရဖို့ ခဲရာခဲဆစ် ရှာဖွေနေရတဲ့ ကျုပ်တို့လို ဆင်းရဲသားတွေ နေရင်းထိုင်ရင်း ကြားထဲက မြေစာပင် အဖြစ်မခံနိုင်ဘူး ...

ကျုပ်သူငယ်ချင်းအတွက် အရာရာကို ရင်ဆိုင်တားမြစ်ဖို့ ကျုပ်မှာ တာဝန်ရှိတယ်၊ ကျေးဇူးပြုပြီး နောက်ဆုတ်ပေးပါ”





ဦးမင်းဝီရရဲ့မျက်နှာက တစ်ခါမှ မကြားဖူးသော ပုံပြင်တစ်ပုဒ်ကို နားထောင်လိုက်ရသလို အထူးအဆန်း ဖြစ်သွားဟန်တူသည်။ သူ့ကို မဲ့ပြုံးတစ်ခုဖြင့် ပြုံးကြည့်ကာ လက်ထဲက ဟန်းဒ်ဖုန်းကို ခပ်ဆဆလှုပ်ရင်း ...

“မင်းက သူရဲကောင်းကြီးအဖြစ် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူချင်တယ်ပေါ့”

“ဒါက ကျုပ်သမိုင်းပါ၊ ခင်ဗျား ဝင်စွက်ဖက်ခွင့် မရှိဘူး”

“အိုကေ ... ကိုယ် ဝင်မစွက်ဖက်တော့ဘူး၊ မင်းသမိုင်းကို ဝင်စွက်ဖက်ခွင့် မရှိသလို ကိုယ့်သမိုင်းကိုလည်း ဘာကြောင့်လာစွက်ဖက်နေလဲဆိုတာ မင်းကိုယ်မင်း ပြန်မေးဖို့တော့ လိုလိမ့်မယ်၊ ကိုယ်မှန်းကြည့်ရသလောက် မင်းဟာ ကိုယ့်ကိုယ်တိုင် မစွမ်းဆောင်နိုင်တဲ့ ကိစ္စတစ်ခုကို တစ်ခြားတစ်ယောက်က ပြောင်ပြောင်မြောက်မြောက် စွမ်းဆောင်မှုအပေါ် တော်တော်လေး မလိုတမာရှိတတ်မယ့်ပုံပဲ ...

မင်း ထနောင်းဘက်က ရပ်တည်ပေးဖို့ မဆုံးဖြတ်ခင် ကိုယ့်ကိုယ်ကိုယ် အရင်ရပ်တည်နိုင်အောင် ကြိုးစားသင့်တယ်လို့ ကိုယ် အကြံပေးချင်တယ်၊ ဒါက မင်းအတွက် လမ်းကြိုရင်း ပို့ချတဲ့ သင်ခန်းစာတစ်ခုလို့ သဘောထားလိုက်ပေါ့ကွာ”



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးချင်း ဆိုလာသော စကားတချို့က သူ့တစ်ကိုယ်လုံးကို အရှိန်ပြင်းပြင်းနှင့် မွှေနှောက်ရစ်ပတ်သွားခဲ့သည်။ သူ့ဒေါသ ပေါက်ကွဲလုနီးနီး ဖြစ်လာစဉ်မှာပင် ရုတ်တရက် အနားရောက်လာသော ထနောင်းက အခြေအနေကို ရိပ်မိသိရှိသွားပုံဖြင့် သူ့အနား တိုးတိုးကပ်ပြောလာသည်။

"ဒီသွန်း ... နင် ပြန်လိုက်တော့နော်၊ ညကျရင် ငါ နင့်ဆီလာခဲ့မယ်၊ အခု ကိုကြီးနဲ့ အလုပ်ကိစ္စတစ်ခုအတွက် သွားရဦးမယ်၊ ငါ့စကား နားထောင်နော်"

သူ ထနောင်း မျက်နှာကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ နီရဲစူးရှသော သူ့အကြည့်ဒဏ်ကို ရင်မဆိုင်နိုင်စွာ ထနောင်း ခေါင်းငုံ့မျက်လွှာချသွားလေသည်။

ဦးမင်းဝီရက ကားစက်နှိုးနေရင်း သူ့ကို လှောင်ထေ့ထေ့ဖြင့် လှမ်းကြည့်ကာ ...

"ကဲ ... ထနောင်းရိပ် ကားပေါ်တက်၊ ဒီမှာ ရဲဒီသွန်း၊ ခုခေတ်လူငယ်တွေရဲ့ သဘောသဘာဝကို ကိုယ်နားလည်ပါတယ်၊ ဒါပေမဲ့ ကိုယ်တို့က မင်းတို့လို အချိန်သုံးဖြုန်းတွေ မဟုတ်တော့ ရသမျှအချိန်လေးမှာ ဘဝအတွက် ခက်ခက်ခဲခဲ ခြစ်ကုပ်ကြိုးပမ်းနေကြရတာ၊ မင်းနဲ့အေးအေးဆေးဆေး စကားမပြောနိုင်တဲ့အတွက် ဆောရီးကွာ"





သူ ရိုင်းပျစွာပင် တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်မိသည်။ ထနောင်းက ကားပေါ်အရောက်မှာ သူ့မျက်နှာကို ညှိုးနွမ်းဖျော့တော့စွာ လ ကြည့်ပြီး ...

"ဒီသွန်း ... နင် အိမ်တန်းပြန်နော်၊ ငါ ညကျရင် နင်တို့အိမ် လာခဲ့မယ်"

သူ မခို့တရို့ပြုံးရင်း ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

"စိတ်ချပါ ထနောင်း၊ နင့်စကားတွေကို ငါ ဘယ်တုန်းက ဖယ်ရှားဖူးလို့လဲ၊ ငါက ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တဲ့ လူစားမျိုးဆိုတာတော့ နင်သိအောင် ပြောပြလိုက်မယ်၊ အခုကိစ္စမှာ နင် စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်တာတစ်ခုတည်းအတွက် ငါ့စိတ်ကို လျှော့ချပစ်လိုက်တယ် မှတ်ပါ၊ နင်ကလွဲပြီး ငါ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ သဘောပေါက်ထား"

သူ ယတိပြတ် အနိုင်ပိုင်းပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။ တစ်လှမ်းချင်း ဆောင့်နင်းချလာသော ခြေလှမ်းတွေထဲမှာ နာကျင်ခံပြင်းမှုတချို့ စီးဝင်ကိန်းအောင်းလျက်။ သူနဲ့ ဦးမင်းဝီရတို့ အခြေအနေတွေက ဆွဲဆေ့လို့မရနိုင်အောင် တင်းမာပြတ်သားလွန်းခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဖြစ်လာသမျှ ပြဿနာများကို ရဲရဲရင်ဆိုင်ပြီး ရှေ့ဆက်တိုးဖို့သာ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချလိုက်မိသည်။

ထနောင်းရေ .... ငါဟာ နင့်အတွက်ဆို အတော်ဆုံး ဟီးရိုးတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် အမြဲဂုဏ်ယူနေချင်မိသူပါ။





ထုံးစံအတိုင်း သူ့ရဲ့စိတ်ပေါက်ကွဲ လွင့်ထွက်မှုများကို "ရွှေလင်းယုန်"မှ သူငယ်ချင်းများဆီသို့သာ ဦးတည်ရင်ဖွင့်လိုက်မိသည်။ သူ့ရင်ထဲက မခံချိမခံသာ ဖြစ်ရပ်ကြီးအကြောင်းအားလုံး သိသွားကြပြီးချိန်မှာတော့ သူ့အနည်းငယ် ပေါ့ပါးလွတ်လပ်သွားခဲ့လေသည်။

ဖိုးတေက သူ့ပခုံးကို ခပ်ဖွဖွ တစ်ချက်ပုတ်ကာ...

"မင်းလို မြွေပောက်ကိုမှ ဒီလူ လာစမ်းချင်တာ မင်းကောင်းကောင်းကြီး ပညာပြန်ပြဖို့တော့ လိုပြီထင်တယ် ဒီသွန်း"

သူ ခပ်ရင့်ရင့် တစ်ချက်ပြုံးလိုက်မိသည်။ ဘယ်ဘက်လက်ဖဝါးထဲကို ညာဘက်လက်သီးဖြင့် သုံးလေးချက်ဆင့်ထိုးထည့်ကာ အံကြိတ်သံဖြင့် ဆိုလိုက်သည်။

"စိတ်ချစမ်းပါ ဖိုးတေရာ၊ ခုတလော ပွဲကောင်းကောင်းမတွေ့တာကြာလို့ ငါ လက်ရည်နည်းနည်းကျနေတာ၊ ဦးမင်းဝီရနဲ့ တစ်ပွဲတစ်လမ်း စမ်းကြည့်ရဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများက သူ့စကားကို အပြည့်အဝထောက်ခံဟန်ဖြင့်ပြိုင်တူ ခေါင်းညိတ်ကြသည်။ အရင်ကဆို တစ်ပတ်တစ်ခါ ပုံမှန်ဖြစ်နေကျ ရန်ပွဲတွေမှာ သူတို့အုပ်စုက ခေါင်းဆောင်ပင်။ ကိုယ့်ရပ်ကွက်မှာသာမက သူများရပ်ကွက်ထိအောင် နာမည်ကြီးကျော်ကြားသော သူတို့အုပ်စုက လက်ဖျားခါလောက်အောင် မိုက်သွေးကြွသူများဖြစ်သည်။

ဘယ်လောက်ထိတောင် ဆိုးသလဲဆိုလျှင် သူတို့ဝင်ချည်ထွက်ချည် ကူးသန်းသွားလာနေသော ရဲစခန်းအသီးသီးမှတာဝန်ရှိ ရဲသားကြီးများနှင့်ပင် သူတို့က ပြောင်ပြောင်တင်းတင်းမိတ်ဆွေဖွဲ့ထားခဲ့ကြသည်။

ဒီပတ်ဝန်းကျင်မှာ သူတို့ကိုမီသော လူမိုက်အုပ်စုမရှိခဲ့ပါ။ သူတို့က အကြောင်းမဲ့သက်သက် ရမ်းကားဆိုးသွမ်းခြင်းမဟုတ်ဘဲ ကိုယ့်ကိုလာထိပါး စော်ကားသူများကိုသာ မှတ်လောက်သားလောက်အောင် ပညာပေးကြခြင်းဖြစ်သည်။ တစ်ခါတစ်ရံအနိုင်ကျင့် ခံနေရသူများကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးသော အလေ့အထပင် ရှိခဲ့ဖူးသည်။

"မင်း ... ထနောင်းကို ဖွင့်ပြောဖို့ရော စဉ်းစားပြီးသွားပြီလား ဒီသွန်း"





သူ ကျော်ကြီး အမေးကြောင့် သက်ပြင်းတစ်ချက်ခပ်လေးလေး ချလိုက်မိသည်။ နေရာတော်တော်များများမှာ သတ္တိရှိ ရဲရင့်သည်ဟု အလွန်သတင်းမွှေးသော သူ့မှာ ထနောင်းကိုဖွင့်ပြောဖို့ ဘာကြောင့် အားအင်တွေ ဆုတ်ယုတ်ကုန်ခန်းနေရသလဲအမှန်ပင် မစဉ်းစားတတ်တော့ပါ။

"ကျော်ကြီး ပြောတာမှန်တယ် ဒီသွန်း၊ မင်း ဘလိုင်းကြီးသက်သက် ဦးမင်းဝီရကို ပြဿနာသွားရှာတာထက်စာရင် ထနောင်းကို အရင်ဖွင့်ပြောသင့်တယ်လို့ ငါတို့ ထင်တယ်၊ မင်းရဲ့ ခုလုပ်ပုံတွေကို ထနောင်းကလည်း တော်တော်နားမလည်နိုင် ဖြစ်နေမှာပဲ"

သူ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်သည်။ ထနောင်း မျက်နှာကို တစိမ့်စိမ့် ပြန်မြင်ယောင်မိရင်း ခပ်တိုးတိုး ဆိုလိုက်မိပါသည်။

"ငါက ချစ်တယ်ဆိုတဲ့ လူတိုင်းသုံးနေတဲ့စကားကို လက်လွတ်စပယ် မပြောချင်ဘူးကွ၊ ထနောင်းကို ဒီ့ထက်ကျယ်ပြန့်နက်ရှိုင်းတဲ့ စကားလုံးမျိုးနဲ့ သုံးပြီးပြောချင်တာ၊ ငါ့ခံစားချက်က ထနောင်းကို ရယူပိုင်ဆိုင်ဖို့ ချစ်တာထက် မတို့ရက် မထိရက် ပန်းကလေးတစ်ပွင့်ကို အလှကြည့်ချစ်နေချင်တဲ့ ခံစားချက်မျိုးကွ၊ သိပ်ထူးဆန်းတယ် ...



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက ငါ့အပေါ် ထနောင်း စိတ်ဆိုးသွား မှာလည်း ငါ သေမလောက် ကြောက်တယ်၊ ဦးမင်းဝီရ သာ ပေါ်မလာခဲ့ရင် ငါတို့နှစ်ယောက်က လက်ရှိအခြေ အနေအတိုင်းပဲ အေးအေးချမ်းချမ်း ဆက်သွားမှာပဲ၊ ခုတော့ ကွာ ...”

သူ မချိတင်ကဲ ရေရွတ်ရင်း အံကြိတ်လိုက်မိသည်။ တကယ်လည်း ထနောင်းကို သူ ချစ်တယ်ဟူသော ခပ်လွယ်လွယ် အသုံးအနှုန်းမျိုးဖြင့် ပေါ့ပေါ့တန်တန် ဖွင့်မပြောချင်ပါ။ သူက စိတ်ထဲက တိတ်တိတ်လေး ချစ်နေရလျှင်ပင် ကျေနပ်နေသော ဖြစ်သည်။ သူ့အချစ်က နှိုင်းစာမရအောင် ထုထည်ကြီးမားလွန်း ပါသည်။

ခိုင်မာမြဲမြံသော အဖြူရောင် နှောင်ကြိုးများကို အရောင်ဆိုးပစ်ဖို့ သူ အတော်ကို မဝံ့မရဲ ဖြစ်ရသည်။ အဓိက ကတော့ သူငယ်ချင်းလေး စိတ်ဆိုးသွားမှာ စိုးရိမ်မိခြင်းပင်။

သူ့ရင်တွင်းပဋိပက္ခများအတွက် သူငယ်ချင်းများ လည်း ဆက်ပြီး အကြံဉာဏ် မပေးနိုင်တော့ပါ။ ကျော်ကြီးက တော့ သူ့အဖြစ်ကို စိတ်မသက်မသာနှင့် လှမ်းကြည့်ရင်း ပညာ လေသံဖြင့် ဆိုလာသည်။





“ဒီသွန်း ... မင်းကို ငါ တစ်ခုတိုက်တွန်းမယ်၊ မင်း ထနောင်းကို အရဲစွန့်ပြီး ဖွင့်ပြောကြည့်လိုက်ပါလား၊ အဲဒါမှ သူ့သဘောထားအမှန်ကို မင်း သိခွင့်ရမှာ၊ ဒီတိုင်း ကြီး ရှေ့ဆက်သွားရင် မင်းက ဦးမင်းဝီရကို အကြောင်းမဲ့ သက်သက် ပြဿနာလိုက်ရှာနေတဲ့ကောင်အဖြစ် နာမည် ပိုကြီးသွားလိမ့်မယ်၊ ဒေါ်ရင်ကျော့က နဂိုတည်းကမှ အမြင် မကြည်ဖြစ်နေတဲ့ဟာ ...

ငါပြောသလို လုပ်ကြည့်လိုက်ရင် ထနောင်းက မင်း ဘာကြောင့် သဝန်တိုနေတာလဲ ဆိုတာ သိသွားလိမ့် မယ်၊ သူ ပြန်ချစ်၊မချစ် ဆိုတာတော့ သူ့အပိုင်းပေါ့ကွာ”

ဖိုးတေကလည်း လက်ဖျစ်တစ်ချက်တီးကာ အား ပေးလာသည်။

“ဟုတ်တယ် ဒီသွန်း၊ ငါလည်း ထောက်ခံတယ်၊ သူစိတ် ဆိုးရင်တောင်ကွာ ငယ်သူငယ်ချင်း သံယောဇဉ်နဲ့ ကြာကြာ ဆိုးရှိမှာ မဟုတ်ပါဘူး၊ ဒီပုံစံအတိုင်းဆို မင်း နောက်ကောက် ကျပြီး အသည်းကွဲ ကျန်ခဲ့မယ်နော်၊ စေတနာနဲ့ သတိပေး တာ”

သူငယ်ချင်းများ၏စကားကို တစိမ့်စိမ့် နားထောင် ရင်း သူ စဉ်းစားခန်းဝင်နေမိသည်။ သူတို့ပြောတာလည်း ဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပင်။ သူ ပြောင်ဖွင့်ပြောချလိုက်လျှင် ထနောင်း ဘယ်လိုပုံစံမျိုးနှင့် သူ့ကို တုံ့ပြန်လာမှာလဲ။ နံပါတ်တစ်အချက်။ အံ့သြသွားမှာတော့ ကျိန်းသေပါသည်။

"ဟော့ကောင် ... မင်း အီလေးဆွဲမနေနဲ့နော်၊ ခုချိန်မှာ ဦးမင်းဝီရက သူ့ဘက်က ပြည့်စုံကြွယ်ဝမှုတွေနဲ့ ထနောင်းတို့တူဝရီးကို တစ်စတစ်စ သိမ်းသွင်းလာတော့မှာ ...

ဒေါ်ရင်ကျော့ကလည်း ငွေမြင်ရင် နန့်နန့်တက်ဖြစ်နေတာ၊ ထနောင်းကလည်း နဂိုတည်းက ပျော့စိစိအိညက်ညက်နဲ့ အဒေါ်စကား မျက်စိစုံမှိတ်ပြီး နားသောင်လိုက်မှ ဟုတ်ပေ့ဖြစ်နေမယ်"

"မင်းတို့ပြောတာ ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ ခုချိန်ကြီးကျမှ ကောက်ကာငင်ကာ ထပြောလို့ကောင်းပါ့မလားကွ"

"ဟ ... ခုချိန်မပြောလို့ သူ ယောကျ်ားရပြီးမှ ပြောမလို့များ မင်းက ကြိုတင်ကြံစွယ်ထားလို့လား၊ မင်းကွာ ရန်ဖြစ်ဖို့ စိန်ခေါ်တဲ့နေရာမှာ ကျွမ်းသလောက် ရည်းစားစကားပြောဖို့ကျတော့ ညံ့လိုက်တာ ချာရော"

"ငါက ဒါမျိုးကိစ္စတွေနဲ့ အတွေ့အကြုံကင်းတာ မင်းတို့လည်း သိပါတယ်ကွာ"





"အေး ... ကင်းလို့ သင်ပေးနေတာပေါ့ကွ၊ မင်း သူ့ကို အရင်ဖွင့်ပြော၊ သူက ခုမှ ဘာလို့ဒါတွေလာပြောနေတာလဲလို့ မေးရင် ဦးမင်းဝီရ လက်ထဲ အပါမခံနိုင်လို့၊ နင့်ကို ငါ ကျိတ်ချစ်နေတာ ကြာပါပြီပေါ့၊ ဘာညာကွိကွကြည့်ပြောပေါ့ကွာ"

သူ့ခေါင်းထဲ သူငယ်ချင်းများပြောသော တိုက်တွန်းချက်တွေက အစီအရီ ဝင်ရောက်လာခဲ့လေသည်။ ဟုတ်ပြီ။ ဒါ သူ့ရဲ့နောက်ဆုံးလက်နက်အဖြစ် အသုံးချရမည်။ သူ့ရဲ့စစ်မှန်သန့်ရှင်းသော အချစ်ကို ထနောင်း အသိအမှတ် ပြုတန်ကောင်းပါရဲ့။

သူ့မျက်နှာ တဖြည်းဖြည်း ပြုံးယောင်သမ်းလာတာကို သူငယ်ချင်းများက အသီးသီး ရိပ်မိသိရှိကာ အချင်းချင်း လက်တို့အချက်ပေးကြသည်။

ဖိုးတေက ချောင်းတစ်ချက်ဟန့်ပြီး ...

"အဟမ်း ... ကဲ ... ဒီသွန်း၊ ရည်ရွယ်ချက်ကို လက်တွေ့အကောင်အထည်ဖော်ဖို့ ကြိုးစားတော့၊ ထနောင်းကို ရည်းစားစကားပြောမိလို့ ရဲစခန်းရောက်ရဖို့လည်း လမ်းမမြင်ပါဘူးကွာ၊ ဒါပေမဲ့ သီချင်းတစ်ပုဒ်ကိုတော့ မင်းခေါင်းထဲမှာ လိုရမယ်ရ မှတ်သွား"



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်မှောင်ကုတ် စဉ်းစားဟန်ပြုလိုက်ကာ ...

"ဘာသီချင်းလဲ ဖိုးတေ"

"သူငယ်ချင်းလေးပါတဲ့ ... သူငယ်ချင်းလေးပဲတဲ့ကွယ် ... ဒီလိုအကြိမ်ကြိမ် အခါခါ ပြောပါတယ်"

အသံသေး အသံကြောင်ဖြင့် စည်းဝါးကျကျဆိုလာသော သီချင်းကြောင့် သူ လုစ်ခနဲနေအောင် ပြုံးလိုက်မိပါသည်။ ကျော်ကြီးက တဟားဟား အော်ရယ်ပြီး ...

"ဖိုးတေ ပြောတာ မှန်တယ် ဒီသွန်းရ၊ နောက်ဆုံး မင်းရထားက သူငယ်ချင်းဆိုတဲ့ ဘူတာကြီးပဲ ပြန်ဆိုက်လာရင်တော့ ငါတို့လည်း မတတ်နိုင်ဘူးနော်"

သူငယ်ချင်းများ၏ ဝိုင်းဝန်းစနောက်မှုကို သူ ခပ်ပြုံးပြုံးဖြင့်သာ မျက်နှာလွှဲထားလိုက်သည်။ ထနောင်း ငါ့ကိုဝန်ခံခွင့်ပေးပါ။ အချစ်တွေက နှလုံးသားထဲမှာ နှစ်ရှည်လများ လှောင်ပိတ်ခံထားရတာ အရမ်းငြီးငွေ့နေပြီတဲ့။ နင့်ဆီလာဖို့ ခွင့်တောင်းနေကြပြီ၊ ကျေးဇူးပြုပြီး သူတို့ဆန္ဒကို ငါ ဖြည့်ဆည်းပေးပါရစေ။





သူ လက်ဖက်ရည်ဆိုင်မှ အိမ်ပြန်လာချိန်မှာ ညရှစ်နာရီကျော်ခဲ့ပြီ။ ထနောင်းက သူ့အိမ်ကို လာခဲ့မည်ဟု ပြောသွားသည့်အတွက် သူ အိမ်ကပင် စောင့်နေဖို့ ဆုံးဖြတ်လိုက်ပါသည်။

ညနေက ဦးမင်းဝီရနှင့် ပတ်သက်ပြီး အခဲမကျေဖြစ်နေသေးသည့် ကိုယ့်စိတ်ကို ပြန်ဖြေသိမ့်ရင်း အိမ်ထဲလှမ်းဝင်လာခိုက် ဆိုင်သိမ်းစပြုနေပြီဖြစ်သော အမေက သူ့ကို တစ်ချက်လှမ်းကြည့်ကာ ...

"ဟော ... သား ပြန်လာပြီ၊ အတော်ပဲ သားကို အမေတို့ ထမင်းစားဖို့ စောင့်နေတာ၊ သမီးရေ ထမင်းခူးတော့ဟေ့၊ မောင်လေး ပြန်လာပြီ"

သူ့ကို နေရာတကာ ဦးစားပေး လိုက်လျောတတ်သော အမေ့ကို သူ ချစ်မြတ်နိုးစွာ ဖက်ပွေ့နမ်းရှုံ့လိုက်ပါသည်။ အမေက သူ့ကို ထူးထူးဆန်းဆန်း စိုက်ကြည့်လာကာ သူ့ပါးတစ်ဖက်ကို ချစ်စနိုး လိမ်ဆွဲရင်း ဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... မအေကို ပတ်ချွဲနပ်ချွဲ လာလုပ်နေတယ်၊ ဘာအခွင့်အရေးတွေ တောင်းဆိုဦးမလို့လဲ၊ ဆိုစမ်းပါဦး"

သူက အမေ့ပါးကို မျက်နှာအပ်ထားရင်း ...

"သားက အမေ့ကို ချစ်လွန်းလို့ပါဗျာ"

"တော်ပါကွယ်၊ ခုမှ အမေ့ကို ချစ်တယ်ဆိုပြီး နောက်ကျတော့ ရည်းစားလည်းရရော ကောက်ကောက်ပါသွားမှာ မသိတာကျနေတာပဲ ... ဟင်း"

အမေ့စကားကြောင့် သူ ထနောင်းကို ဖျတ်ခနဲ သတိရလိုက်မိကာ မသိမသာ ကျိတ်ပြုံးလိုက်မိသည်။ အမေက မီးချောင်းရောင် မှိန်မှိန်အောက်မှ သူ့မျက်နှာ ပြုံးစစကို မြင်ဖြစ်အောင် မြင်သွားကာ သူ့ဗိုက်ခေါက်ကို မနာအောင် လိမ်ဆွဲလာတော့သည်။

"ကြည့်စမ်း ... မျက်နှာပိုးက မသေဘူး၊ ဘာလဲ ... အမေပြောတာ မှန်နေပြီလို့ ပြောမလို့လား၊ ဟုတ်လား"

သူက အမေ့အပြောကြောင့် အားရပါးရ ရယ်မောချလိုက်သည်။ ကျွန်တော် ရည်ရွယ်ထားသူက ထနောင်းပါဆိုတာ သာသိလျှင် အမေ ဘာပြောမှာပါလိမ့်။ သို့သော် အမေလည်း သူနှင့်ထနောင်း အကြောင်း (အထူးသဖြင့် ထနောင်းအပေါ် သူ မရိုးမသားစိတ်ဝင်မိတာ)ကို တစွန်းတစ်စ အကဲခတ် ရိပ်မိသိရှိနေလောက်ပြီထင်သည်။





"အမေ"

"ဘာတုန်း

"သားလေ ထနောင်းကို ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပြီ သိလား"

သူ့စကားအဆုံးမှာ အမေ ဝ နဲ ငြိမ်ကျသွားလေသည်။ တစ်နေရာတည်းကို မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေပြီး ဘာစကားမှ ပြောမလာတော့။ သူ အမေ့ကို စေ့စေ့ကြည့်ကာ ...

"အမေ ... ဘာလို့ ငြိမ်သွားတာလဲဟင်၊ သားစကားထဲမှာ အမှားပါသွားလို့လား"

အမေက သူ့ကို သက်ပြင်းတစ်ချက်နှင့်အတူ ခပ်ဖြည်းဖြည်း လှည့်ကြည့်လာသည်။ အမေ့မျက်ဝန်းတွေ သိသိသာသာ မှိန်ဖျော့ ညှိုးနွမ်းနေပါသည်။

"သားစကားထဲမှာ အမှားမပါပါဘူးကွယ်၊ ဒါပေမဲ့ သားရည်ရွယ်ချက်ကြီးက မှားနေတယ်၊ အမေ ထနောင်းနဲ့ပတ်သက်ပြီး သားကို ခဏ ခဏ ပြောဖူးပါတယ်"

သူက အမေဆိုလိုသည့် အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း သဘောပေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေက ဦးမင်းဝီရနဲ့ ပတ်သက်ပြီး သားကို တားချင်တာ မဟုတ်လား၊ ဒေါ်ရင်ကျော့ကလည်း သားကို သူ့တူမနဲ့ လုံးဝသဘောမတူနိုင်ဘူးဆိုတာ သား သိပြီးသားပါ၊ သား ဒီအချက်တွေအကုန်လုံးကို ကြိုပြီးစဉ်းစားထားပါတယ်"

"ကြိုစဉ်းစားထားတယ်ဆိုလည်း ဘာလို့ ရှေ့ဆက်တိုးချင်ရတာလဲ သားရယ်၊ မဖြစ်နိုင်တဲ့ ကိစ္စကြီးကို"

အမေ့စကားက သူ့ရင်ဝကို တည့်တည့်ဆောင့်ကန်လိုက်သလိုပင်။ သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားရသည်။ သူ့မှာ ထနောင်းကို ဖွင့်ပြောဖို့တောင် အခွင့်အရေး မရှိရတော့ဘူးလား။

"အမေက ပြဿနာတွေ အကျယ် အကျယ် ဖြစ်လာမှာ စိုးလို့ပါကွယ်၊ လူငယ်သဘာဝ လွတ်လွတ်လပ်လပ် ကိုယ်ချစ်ချင်တဲ့သူကို ချစ်ခွင့်ရှိတာ အမေ လက်ခံပါတယ်၊ ဒါပေမဲ့ ထနောင်းတို့ကိစ္စက ထင်သလောက် မလွယ်ဘူးနော်"

သူ အမေ့ကို ဘာမှဆက်မပြောတော့ဘဲ နှုတ်ခမ်းကိုက်ရင်း အသာငြိမ်နေမိသည်။ သူ့ရင်ထဲမှာတော့ အခိုင်အမာ ချထားပြီးဖြစ်သော ဆုံးဖြတ်ချက်တစ်ခုက အရာမယွင်း တည်တံ့ခိုင်မြဲလျက်။ ဘာပဲဖြစ်ဖြစ် သူ ရှေ့ဆက်တိုးဖို့ သေချာနေပြီဖြစ်လေသည်။





"အမေ ... ထမင်းရှူးပြီးပြီနော်"

နောက်ဖေးခန်းထဲမှ အစ်မ လှမ်းခေါ်သံကြောင့် အမေက သူ့ခေါင်းကို ချစ်စနိုး လှမ်းပုတ်ကာ ပြုံးကြည့်ဆိုလာသည်။

"ကဲ ... ဘာမှ ငိုင်မနေနဲ့တော့၊ ထမင်းစားကြမယ်၊ လာ"

"အမေတို့ စားနှင့်ပါ၊ သား ထနောင်းကို စောင့်လိုက်ဦးမယ်၊ သူ သားဆီလာမယ်လို့ ပြောသွားတယ်"

အမေက တစ်ချက်တော့ တွေသွားပြီးမှ ဘယ်တုန်းကမှ သူ့ဆန္ဒကို မဆန့်ကျင်ခဲ့သူပီပီ ခေါင်းတဆတ်ဆတ် ညိတ်ရင်း တုံ့ပြန်ပါသည်။

"ကောင်းပြီ၊ ဒါဆိုလည်း သား ဆာတဲ့အချိန်ကျ စားပေါ့၊ ဟုတ်ပြီလား"

သူ နေရာမှာတင် ငုတ်တုတ်ကျန်ခဲ့သည်။ ထနောင်း ဘာကြောင့် နောက်ကျနေပါလိမ့်။

မျက်စိထဲမှာ ဦးမင်းဝီရ ကားပေါ် ပါသွားသော မြင်ကွင်းကို ပြန်မြင်ယောင်လိုက်ရင်း သူ မခံချင်ဒေါသဖြင့် တောက်တစ်ချက် ခေါက်လိုက်မိသေးသည်။

ဒီလူ အလုပ်ကိစ္စ အကြောင်းပြပြီး ဘယ်ခေါ်သွားတာလဲ။ သူဌေးတွေ တော်တော်များများရဲ့ အကျင့်တန်ပုံကို သူ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာ အမြဲလိုလို တွေ့မြင်ခဲ့ရသည့်အတွက် နုံနုံ့ရိုးသားသော သူငယ်ချင်းမလေးအတွက် စိတ်ပူမိတာ အမှန်ပင်။

အထူးသဖြင့် လူကြီးလူကောင်းပုံ ဖမ်းထားတတ်သည့် ဂုဏ်သရေရှိ ယောကျ်ားတချို့ကို သူ ပိုလို့ပင် မယုံသင်္ကာ ဖြစ်မိပါသည်။

သူ မည်မျှ အချိန်ကြာအောင် အတွေးနယ်ထဲ ကျွံနေမိသည်မသိ။ ရုတ်တရက် သူ့ရှေ့လာရပ်သော ခြေဖမိုးဖြူဖြူ တစ်စုံကြောင့် ဖျတ်ခနဲ လန့်သွားပြီး သတိဝင်လာကာ မော့ကြည့်လိုက်လေသည်။

"ဟင် ... ထနောင်း"

ထနောင်းက သူ့ကို တွေတွေကြီး စိုက်ကြည့်ရင်း သက်ပြင်းတစ်ချက် မသိမသာ ကျိတ်ချလိုက်ကာ သူ့ဘေးမှာ အသာဝင်ထိုင်သည်။

ထနောင်း မျက်နှာက တစ်ခုခုအတွက် စိတ်အနှောင့်အယှက် ဖြစ်နေသလိုလို ညှိုးနွမ်းဖျော့တော့နေခဲ့လေသည်။ သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။ ဦးမင်းဝီရ ဆိုတဲ့ ငတိ ထနောင်းကို ဘာတွေများ ကြံစည်လိုက်ပြီလဲ။ သူ့ခေါင်းထဲ မတွေးကောင်း တွေးကောင်း အတွေးတွေ ရုတ်ခြည်းဝင်ရောက်လာပါသည်။





"ဒီသွန်း"

"ပြောလေ ထနောင်း၊ ငါ နားထောင်နေပါတယ်"

လေသံတိုးဖျော့ဖျော့က သူ့အတွက်တော့ အားမရဖွယ်ရာ။ ညင်းသော့သော့ လေပြည်တစ်ချက်အဝေ့မှာ လှုပ်ရှားဝဲလွင့်သွားသော ဆံနွယ်စတချို့၏ ကဗျာဆန်ပုံကို သူ အငေးသား စိုက်ကြည့်နေမိသည်။ ကောင်းကင်ပြင်ထက်က ကြယ်စင်တစ်ပွင့်လို တောက်ပလင်းလက်စွာ လှပနေသော ထနောင်းကိုကြည့်နေရင်း သူ့နှလုံးသားတွေ တဆတ်ဆတ် တုန်လာရပါသည်။

ဖြစ်နိုင်လျှင် ထိုကြယ်စင်တစ်ပွင့်ကို သူ တစ်ယောက်တည်းသာ ဆွတ်ခူးခြွေယူခွင့် ရချင်မိသည်။ ခုချိန်မှာ သူဟာ အတ္တကြီးသူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေခဲ့သော်လည်း ထိုအတ္တကို ကျေကျေနပ်နပ်ကြီးပင် ဖက်တွယ် ပွေ့ပိုက်ထားချင်မိတာ အမှန်ပင်။

ထနောင်းက မျက်လွှာနှင့် သက်ပြင်းကို အတူတူ ရောချရင်း ခပ်တိုးတိုး ဆိုလာပြန်သည်။

"ဒီသွန်း ... ဒီနေ့ ကိုကြီးက ငါ့ကိုပြောတယ်"

သူ မျက်မှောင်တွန့်ရင်း ထနောင်း မျက်နှာကို စူးစိုက်ကြည့်ကာ ...

"ဘာလဲ ... ငါနဲ့ပတ်သက်ပြီး နင့်ကို ဆူလိုက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... နင့်အကြောင်း တစ်ခုမှ မပြောပါဘူး"

"ဒါဖြင့် ဘာပြောလို့လဲ"

"သူ ... သူက ... လက်ထပ်ပွဲကို အမြန်ဆုံး စီစဉ်ချင်တယ်တဲ့"

သူ့နားထဲ ဗုံးတစ်လုံး ပေါက်ကွဲမြည်ဟည်းသွားသလို အရှိန်ပြင်းပြင်း ရိုက်ခတ်လာပါသည်။ သူ့သွေးတွေ တစ်မုဟုတ်ချင်း ပူလောင်ဆူပွက်လာရသည်။ ထနောင်းက သူ့မျက်နှာကို တမေ့တမော ငေးရီစိုက်ကြည့်လာလေသည်။ ထနောင်း သူ့ကို အချိန်တော်တော်ကြာ စိုက်ကြည့်နေသည်ကို သူ မျက်ဝန်းထောင့်စွန်းမှ အတိုင်းသားမြင်ရသည်။

"ဒီသွန်း ... ငါလေ"

"ထောက်ထားငဲ့ညှာမှုဆိုတာ နေရာတိုင်းမှာ ရှေ့တန်းတင်လို့ မကောင်းဘူးနော် ထနောင်း၊ တစ်ခါတလေ အဲဒီ ထောက်ထားငဲ့ညှာမှုဆိုတဲ့ နွံထဲက ရုန်းမထွက်နိုင်ဘဲ တစ်သက်လုံး စုံးစုံးမြုပ်သွားတာမျိုး ရှိတတ်တယ်"

သူ့အသံက တင်းရှုပြတ်သားစွာ ခပ်မာမာ ဟိန်းထွက်လာလေသည်။ တကယ်လည်း သူ့ရင်တစ်ခုလုံး နိမ့်ချည်မြင့်ချည်ဖြင့် အကြီးအကျယ် ဘောင်ဘင်ခတ်နေခဲ့ရသည်။

သူ ထနောင်းဘက်သို့ ဆတ်ခနဲ လှည့်ကြည့်ပြီး ...





"နင့်ကို ငါ တစ်ခုမေးမယ် ထနောင်း၊ နင် သူ့ကိုလက်ထပ်ဖို့ သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီးပြီလား၊ ငါပြောတာ ရှုထောင့်မျိုးစုံကနေ လေ့လာဆန်းစစ်ဖို့ ပြောတာနော်"

ထနောင်းက တံတွေးတစ်ချက် မျိုချပြီး သူ့မျက်လုံးတွေကို ရင်မဆိုင်ရဲစွာ ခေါင်းငုံ့ချသွားသည်။

"ငါသိထားတာက သူ့မှာ မိဘနှစ်ပါးလုံး မရှိတော့ဘူး၊ သူ့ညီမလေးတစ်ယောက်က အမေရိကားမှာ အိမ်ထောင်နဲ့၊ သူက ဒီမှာ တစ်ယောက်တည်း စီးပွားရေးလုပ်ငန်းတွေနဲ့ ကိုယ့်ဘဝကိုယ် ရပ်တည်နေတယ်၊ ပညာရေးနဲ့ပတ်သက်လို့တော့ အင်ဂျင်နီယာဘွဲ့ ရထားတယ်၊ ကျန်တဲ့ကိစ္စတွေ တော့ ငါ မသိတော့ဘူး ဒီသွန်း"

သူက ထနောင်း စကား အဆုံးမှာ ကျွတ်ခနဲ စုတ်သပ်လိုက်မိသည်။ ဒီအခြေခံ အကြမ်းဖျဉ်းအချက်အလက်လောက် သိထားရုံနှင့် လူတစ်ယောက်ကို ယုံကြည်ရင် ရပြီလို့ ထနောင်းက ခပ်အအ တွေးထားဟန်တူသည်။ သူ့ရဲ့သူငယ်ချင်းမလေးဟာ အားမလို အားမရ ဖြစ်ရလောက်အောင် ရိုးသားနုံချာသူပင်တည်း။

"ဒီမှာ ထနောင်း ငါ ပြောမယ်၊ နင်အခုပြောတဲ့ အကြောင်းအရာတွေ ငါ ဘာတစ်ခုမှ စိတ်မဝင်စားဘူး၊ အဓိက ငါ



www.burmeseclassic.com

www.burmeseclassic.com



သိချင်တာက အဲဒီလူရဲ့နောက်ကြောင်း ရှင်း,မရှင်းကိစ္စပဲ၊ နင်နဲ့ ရှစ်နှစ်ကျော်ကွဲတဲ့ သူ့ရဲ့အရင်အတိတ်တုန်းက ရာဇဝင်တွေ ဘယ်လိုရှိခဲ့လဲဆိုတာ နင် သေချာမသိဘူးလား”

“နင်ပြောတဲ့ အဓိပ္ပာယ်ကို ငါ သဘောပေါက်ပါတယ် ဒီသွန်းရယ်၊ သူက မိန်းမကိစ္စနဲ့ပတ်သက်ပြီး အရှုပ်အရှင်း မရှိလောက်ဘူးလို့ ဒေါ်လေးကတော့ တီးမိခေါက်မိပါတယ်တဲ့၊ ငါလည်း သေ ... သေချာတော့ မသိဘူး”

သူ့မျက်လုံးထဲ ဒေါ်ရင်ကျော့ရဲ့ငွေတစ်ခုတည်းကြည့်တတ်သော လောဘမျက်နှာကြီးကို အထင်းသား မြင်ယောင်လိုက်မိသည်။ ခုချိန်မှာ တူမဖြစ်သူရဲ့ဆန္ဒထက် သူ့ဆန္ဒကိုသာ ပိုဦးစားပေးမှာဖြစ်ကြောင်း စိတ်ထဲက အချဉ်ပေါက်စွာ တွေးလိုက်မိစဉ်မှာ ထနောင်းအပေါ် သနားကရုဏာစိတ် ပိုမိုကြီးမားသွားရပါသည်။

မဖြစ်နိုင်။ သူ ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့်မနေနိုင်။ နဂိုတည်းက နောက်ဆုတ်ဖို့ ယောင်လို့မျှပင် မတွေးခဲ့မိသော သူ့ရဲ့ဆုံးဖြတ်ချက်ကို ဘယ်လိုအကြောင်းကြောင်းနဲ့မှ လမ်းကြောင်း မပြောင်းနိုင်ပါ။

“ထနောင်း ... နင် အချစ်ဆိုတဲ့အရာကို မပြည်းစမ်းကြည့်ချင်ဘူးလားဟင်”





သူ့ရဲ့မထင်မှတ်သော အမေးကြောင့် ထနောင်းမျက်နှာပေါ် အရိပ်တစ်မျိုး ဖြတ်သန်းထင်ဟပ်သွားပါသည်။ သူ့ကို ထူးဆန်းအံ့သြစွာ ငေးကြည့်လာသော မျက်ဝန်းလေးတွေထဲမှာ တစ်စုံတစ်ရာကို အပူတပြင်း ရှာဖွေနေသလိုလို။

သေချာပါပြီ ထနောင်းရယ်။ နင်လည်း အချစ်နဲ့ တစ်ကွေ့မဟုတ် တစ်ကွေ့တော့ ပက်ပင်းရင်ဆိုင် ဆုံတွေ့ချင်မှာပဲ။ အချစ်မပါတဲ့ အိမ်ထောင်တစ်ခုကို အနည်းနဲ့အများတော့ နင် တားဆီးပြီဖျက်ပစ်ချင်နေမှာ သေချာပါတယ်။

သူ ထနောင်းကိုကြည့်ရင်း လှစ်ခနဲပင် တစ်ချက်ပြုံးလိုက်မိသည်။ ထနောင်းက သူ့ကို နားမလည်သလို ငေးကြောင်ကြည့်နေဆဲ။

“ထနောင်း ... နင့်အသက်က ခုမှ ငယ်ငယ်လေးပဲရှိပါသေးတယ်ဟာ၊ အဒေါ်ရဲ့တွန်းအားပေးမှုကြောင့် ဘုမသိ ဘမသိ အိမ်ထောင်တစ်ခုကို ထူထောင်လိုက်ရင် တစ်နေ့ နင်စိတ်ဆင်းရဲမှာစိုးလို့ ငါ သတိပေးတာပါ ...

အထူးသဖြင့် နင့်လို အချစ်ရေး အချစ်ရာနဲ့ပတ်သက်ပြီး အတွေ့အကြုံ လုံးဝမရှိတဲ့ ဖြူဖြူစင်စင် မိန်းကလေးမျိုးနဲ့ ဦးမင်းဝီရနဲ့ လုံးဝမတန်ဘူးလို့ ငါထင်တယ်၊ နောက်ပြီးတော့ အဲဒီမိန်းကလေးဟာ ငါ့သူငယ်ချင်းမလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့အတွက် ငါ ပိုပြီးဂရုတစိုက်နဲ့ စောင့်ရှောက်ဖို့ လိုမယ် ထနောင်း၊ နင့်ကို ငါ တစ်ပါးသူလက်ထဲအရောက် မခံနိုင်ဘူး”

သူ့စကားတွေ ဘယ်အတိုင်းအတာထိ ကျော်လွန်သွားပြီလဲ၊ သူကိုယ်တိုင်ပင် မသိတော့ပါ။ သူ့ခေါင်းထဲမှာရှိသော တစ်ခုတည်းသော ဆန္ဒက ထနောင်း ဦးမင်းဇီရကို ပြတ်ပြတ်သားသား ငြင်းဆန်ကန့်ကွက်လိုက်ဖို့သာဖြစ်သည်။

“နင်က ထူးထူးဆန်းဆန်း အချစ်အကြောင်းတွေ ဘာတွေ ပြောလို့ပါလား ဒီသွန်း”

သူ ထနောင်း စကားကြောင့် ရင်ထဲ ဒိန်းခနဲခုန်ဆောင့်သွားရသည်။ လက်ဝါးနှစ်ဖက်ကိုပွတ်ကာ ထနောင်းမျက်နှာကို မဝံ့မရဲ လှမ်းကြည့်လိုက်မိသည်။ သူ့နားထဲမှာ သူငယ်ချင်းများ၏ တိုက်တွန်းနှိုးဆော်သံများက နေရာအနှံ့မှ ပဲ့တင်ထပ်လျက်။

“ထနောင်း … နင် အချစ်တဖယ်ရှိတယ်ဆိုတာကို ယုံသလားဟင်”

“အင်း … ယုံသင့်သလောက်တော့ ယုံပါတယ်၊ နေပါဦး၊ ငါ မေးတာ ဖြေပါဦး၊ နင်က အချစ်အကြောင်းတွေ အရေးတယူ ပြောလာရအောင် ချစ်ရမယ့်သူ တွေ့နေပြီလား”





သူတို့ တစ်ယောက်ကို တစ်ယောက် ပြိုင်တူစိုက်ကြည့်မိကြသည်။ ထနောင်း မျက်ဝန်းထဲက ပကတိ ရိုးသားဖြူစင်ရိပ်များကို ရှာဖွေတွေ့ရှိလိုက်ရသည့် ခဏမှာ ရှေ့ဆက်ရန် အားယူနေသော သူ့ရင်ထဲမှ စကားတချို့ တုံ့ရပ်သွားကြသည်။

ရိုးသားမှုကို အခွင့်အရေးယူသူဟု ထနောင်း ထင်များသွားမလား။ သူ စိုးရိမ်ပူပန်ကြီးစွာ ခေါင်းထဲ ထူပူလာမိပါသည်။

ထနောင်းက သူ့ပခုံးကို တစ်ချက်ပုတ်လိုက်ရင်း …

“ဟဲ့ … ဘာကြောင့်ကြည့်နေတာလဲ၊ ငါမေးတာ ဖြေလေ၊ နှင့် ချစ်ရမယ့်သူ တွေ့နေပြီလားလို့၊ ဘာလဲ … နင်က ငါ့ကို ဒီတစ်ကွက်တော့ အသိမပေးဘဲ ချန်ထားတယ်ပေါ့၊ ဟုတ်လား … ဒီသွန်း”

သူ လေးလံသော သက်ပြင်းတစ်ချက် ခိုးရှိုက်လိုက်မိသည်။ နင့်ကို ဖွင့်မပြောဘဲ အလိုလို သိစေချင်လိုက်တာ ထနောင်းရယ်။

“ဒါကြောင့်ကိုး၊ ငါ့သူငယ်ချင်း ခုတလော ရန်တွေဘာတွေ သိပ်မဖြစ်တော့ဘဲ ငြိမ်ချက်သား ကောင်းလှပြီမှတ်တာ၊ လက်စသတ်တော့ အချစ်ရဲ့စွမ်းအင်တွေကြောင့် အလိုလို လိမ္မာလာတာပေါ့လေ၊ ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ် ... မဟုတ်ဘူး ထနောင်း"

"အောင်မယ်လေး ... နင်နဲ့ ငါ သူငယ်ချင်းအရင်းကြီးတွေပါဟယ်၊ ဒိုင်လျှိုမနေစမ်းပါနဲ့၊ ငါ့ကို ထူးထူးဆန်းဆန်း အချစ်အကြောင်းတွေ လာပြောနေတာ၊ ကိုယ်တိုင်က ချစ်တတ်နေပြီမို့လို့ကိုး"

"ဟာ ... ကျွတ် ... ပြဿနာပဲ"

သူ နားထင်ကို ဖိကုတ်ရင်း စိတ်ပျက်လက်ပျက် ညည်းတွားလိုက်မိသည်။ ဘယ်လိုလုပ်ရပါ့။ ဟိုကောင်တွေသာ သိလျှင် သူ့ရဲ့သတ္တိပြောင်မြောက်ပုံကို ကောင်းကောင်းကြီး ချီးမွမ်းထောပနာ ပြုကြဦးမည်။ ထနောင်း သူ့အပေါ် သူ့မတူအောင် ရိုးသားမှန်း သိလေလေ၊ သူ့ရည်ရွယ်ချက်တွေ တစ်စတစ်စ အရောင်မှေးမှိန် အားပျော့လာလေဖြစ်သည်။

ထနောင်းက သူမကိစ္စကိုပင် မေ့လျော့သွားသလိုလိုနှင့် သူ့ကိစ္စကိုသာ စိတ်ဝင်တစား မေးမြန်းဖို့ ကြံရွယ်လာသည်။ ချစ်လျက်နဲ့ ဟန်ဆောင်ရသောဒုက္ခ ဤမျှကြီးမားကြောင်း သူ ဘွင်းဘွင်းကြီး သဘောပေါက်သွားခဲ့ရပြီ။

"နင်က နင့်ကိစ္စကို ဘာလို့ ဒီလောက် တွန့်တိုနေရတာလဲ ဒီသွန်းရဲ့၊ ဒါမှမဟုတ်ရင် နင့်ဘက်က တစ်ဖက်သတ် ကျိတ်ပိုးတုန်းမို့လို့ ပြောရခက်နေတာလား"





သူ့ရင်ဝကို တည့်တည့်ထိမှန်လာသော စကားလုံး တချို့ကြောင့် တစ်ချက် ငိုင်သွားရကာ သူ နှုတ်ဆိတ်ငြိမ်သက် သွားမိသည်။ ထနောင်းရယ် ... နင် ငါ့မျက်ဝန်းတွေကို ရှင်းရှင်း လင်းလင်း ဘာသာပြန်တတ်ရင် သိပ်ကောင်းမှာပဲ။

"ကဲပါ ... တောမိလုပ်မနေပါနဲ့တော့၊ နင် ဖြေရခက်နေရင်လည်း ငါ ဆက်မမေးတော့ပါဘူး၊ ငါ ပြန်တော့မယ် ဒီသွန်း"

ပြောရင်း ထရပ်လိုက်သော ထနောင်းကို သူ အားမလိုအားမရဖြစ်စွာ မော့ကြည့်လိုက်မိသည်။

"ထနောင်း ... နင် ဦးမင်းဝီရကို ပြန်လက်ခံမှာလားဟင်"

ထနောင်းက ခွန်းတုံ့မပြန်ဘဲ မြေပြင်ကိုသာ စိုက်ကြည့်ရင်း နှုတ်ခွဲဆိတ်နေပါသည်။ သူ့ရင်ထဲ ပူလောင်တင်းကျပ်မှုများ ကြီးစိုးလာခဲ့သည်။ ထနောင်း ဆုံးဖြတ်ချက်ကို သူ အလွန် ပြင်းပြစွာ သိချင်နေမိလေသည်။

"ငါ လောလောဆယ် ဒီအကြောင်းတွေ ခဏမေ့ထားချင်တယ် ဒီသွန်းရယ်"

ထနောင်းက ပြောပြောဆိုဆို ကြယ်ရောင်စုံသော ညကောင်းကင်ပြင်ကို ခေါင်းလှန်မော့ကြည့်လိုက်ရာ သူလည်း ထနောင်းနည်းတူ လိုက်မော့ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ထနောင်း ဒီအချိန် ကြယ်ကြွေရင် နင် ဘာဆုတောင်းချင်လဲဟင်"

"ဟင့်အင်း ... ဖြစ်နိုင်ရင် ငါက ကြယ်ကို မကြွေစေချင်ဘူး။ သူတို့ ကြွေမှ ကိုယ့်လိုအင်ဆန္ဒတွေ ပြည့်ရမယ်ဆိုရင် ကိုယ့်ဆန္ဒတွေကို ချိုးနှိမ်ငြိမ်းသတ်ပြီး သူတို့တွေကို ဒီအတိုင်းလေးပဲ တည်မြဲနေစေချင်တယ်"

ထနောင်း စကားတွေက သူ့နှလုံးသားထဲ နူးညံ့သိမ်မွေ့စွာ ဖြတ်သန်းစီးဆင်းလာသည်။ သူ့အတွေးထဲမှ ရည်ရွယ်ချက် အစိုင်အခဲကြီးလည်း တစ်စစီ လွင့်စဉ်ပြိုကွဲသွားခဲ့ပြီ ဖြစ်လေသည်။ နောက်ဆုံး သူ့ဆန္ဒတွေကို အဆုံးတိုင် မျိုသိပ်မြုပ်နှံပစ်လိုက်ကာ ဖြူစင်မှုကို အရောင်မဆိုးတော့ဖို့ ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်မိပါသည်။

သူငယ်ချင်းလေးရေ ... တစ်ဆိတ်တော့ အဝေးကနေ တိတ်တိတ်လေး ဆက်ချစ်နေခွင့်ပြုပါ။ ဒါဟာ ငါ့ရဲ့ ရှားတောင့်ရှားပါး တောင်းဆိုမှုပါ။

❀❤❀





သူ ထနောင်းကို ဖွင့်ပြောဖို့ကိစ္စ အပြီးတိုင် ပြည်ဖုံးကားချလိုက်ပြီးချိန်မှာ နောက်ထပ်ပေါ်လာသော အကြံတစ်ခုက ဦးမင်းဝီရကို ပြင်းပြင်းထန်ထန် ကန့်ကွက်ဖို့ ကြိုးစားမည်ဟူသော အကြံသစ်ပင်ဖြစ်ပါသည်။

သူ့သူငယ်ချင်းတွေ အကူအညီဖြင့် ထိုပုဂ္ဂိုလ်ရဲ့ နောက်ကြောင်းဇာစ်မြစ်တွေကို နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းလေ့လာချက်များအရ သတင်းအချက်အလက်တွေက သူ့အတွက် သိပ်မထူးဆန်းလှပါ။ ထနောင်း ပြောသလောက်ပင် သိခွင့်ရခဲ့သည်။

သို့သော် သူ နောက်ဆုတ်ဖို့ စိတ်မကူးမိပါ။ အတန်ကြာ ကင်းကွာခွင့်ပေးခဲ့သော ကံကြမ္မာက တစ်နေ့မှာတော့ သူနှင့် ဦးမင်းဝီရကို ထိပ်တိုက်ဆုံတွေ့ဖို့အကြောင်း ဖန်ပေးလာခဲ့ပြန်လေသည်။

ထိုနေ့က ထနောင်းရဲ့ နှစ်ဆယ့်သုံးနှစ်မြောက်မွေးနေ့ဖြစ်သည်။ ထနောင်း မွေးနေ့တိုင်းမှာ သူက နှစ်ပေါင်းများစွာ လုပ်ရိုးလုပ်စဉ်အတိုင်း မနက်စောစောထ၊ တစ်ပတ်အလိုကတည်း



www.burmeseclassic.com

www.burmeseclassic.com



က အသင့်ပြင်ဆင်ထုပ်ပိုးပြီးသော ပါကင်ထုပ်လေးကို တယုတယ ယူဆောင်ကာ မွေးနေ့အတွက် Wish လုပ်ဖို့ ထနောင်းအိမ်သို့ တက်သုတ်ရိုက်ကာ ချီတက်သွားမြီ။

ဒီနှစ်မှာလည်း သူ့ရဲ့ ရသမျှ စုထားသော မုန့်ဖိုးလေးဖြင့် တစ်သောင်းကျော်တန် ပန်ဒါဝက်ဝံရုပ် လှလှလေးကို မွေးနေ့လက်ဆောင်အဖြစ် ရည်ရွယ်ထုပ်ပိုးထားခဲ့လေသည်။ မနက်အစောကြီးထပြီး ဝက်ဝံရုပ်လေးကို တယုတယပိုက်ထွေးကာ သူ ထနောင်းတို့အိမ်ဘက်သို့ တစ်ကိုယ်တည်း အေးအေးလူလူ လျှောက်လှမ်းလာခဲ့သည်။

သူ့အပေါင်းအသင်းတွေတော့ ခုချိန် နိုးဦးမှာမဟုတ်ပေ။ သူတစ်ယောက်တည်းသာ ဖွဲနပဲကြီးစွာ ဝီရိယကောင်းနေခဲ့ပုံကို ဒီကောင်တွေသိလျှင် ဝိုင်းဟားကြမလားမပြောတတ်။

နံနက်ခင်းရဲ့ လေပြည်ချမ်းအောက်မှာ သူ့စိတ်ရောကိုယ်ပါ အရာအားလုံး လန်းဆတ်ပေါ့ပါးနေခဲ့သည်။ သူ့ခြေလှမ်းတွေက မြေကြီးနှင့်မထိသလို ခုန်ဆွခုန်ဆွ မြောက်ကြွကြွဖြင့်။ တဖြည်းဖြည်းနှင့် ထနောင်းတို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။

ထိုအချိန်မှာဝင် သူ့မျက်လုံးထဲ တန်းဝင်လာသော မြင်ကွင်းတစ်ခုကြောင့် သူ့ခန္ဓာကိုယ်ထဲမှ အကြောအချဉ်များအားလုံး တောင့်တင်းအေးခဲသွားရပါသည်။





သူ မြင်လိုက်ရတာက ထနောင်းတို့အိမ်ရှေ့တည့်တည့်မှာ ခန့်ထည်စွာ နေရာယူထိုးဆိုက်ထားသော ဟိုသကောင့်သားရဲ့ ကားဖြူဖြူကြီးပင်။ သူ့ရင်ထဲ ထောင်းခနဲဖြစ်သွားရသည်။ လက်ထဲက ပန်ဒါဝက်ဝံရုပ်လေးကို တစ်ချက်ကြည့်ပြီး တင်းတင်းကျပ်ကျပ် ပွေ့ပိုက်ထားမိသည်။ ဒီအချိန်ထိ ဖေ့ဖေ့စီးစီး ဝီရိယကောင်းစွာ ရောက်လာပုံထောက်ရင် ထနောင်းရဲ့မွေးနေ့အတွက် တစ်ခုခု အစီအစဉ် လုပ်ပေးရန်ကလွဲလို့ ဘာမှ မဖြစ်နိုင်။

သူ နှာကျင်ခံပြင်းစွာ အံတစ်ချက်ကြိတ်လိုက်မိသည်။ မနှစ်ကအထိ ထနောင်းရဲ့ မွေးနေ့အတွက် ဦးဦးဖျားဖျား Wish လုပ်ခွင့်ရသူဟာ သူတစ်ဦးတည်းသာ မူပိုင်ဖြစ်ခဲ့ဖူးသည်။ မိန်းကလေးသူငယ်ချင်းလည်း များများစားစားမရှိလှသော ထနောင်းအတွက် သူကလွဲရင် အရင်းနှီးဆုံးသူငယ်ချင်း ရှားပါးခဲ့တာ ဟိုးငယ်စဉ်ကလေးဘဝတည်းကဖြစ်သည်။

ခုတော့ သူ့ထက်အရင် တခြားတစ်ယောက်က ပိုင်စိုးပိုင်နင်း လွှမ်းမိုးကာ လက်ဦးမှုရယူသွားခဲ့ပြီ။ သူ ဒေါသထွက်လျှင် လုပ်နေကျပုံစံအတိုင်း တောက်တစ်ချက်ခေါက်၊ ခဲလုံးတစ်လုံးကို ဖိနပ်ဦးနှင့် ဆောင့်ကန်ကာ အိမ်နားသို့ တရွေ့ရွေ့ ချဉ်းကပ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင့်အကွယ်မှာ အသာရပ်ရင်း သူ အိမ်ထဲမှ အသံများကို နားစွင့်ကြည့်လိုက်သည်။ ပထမဆုံး ခပ်သဲ့သဲ့ကြားလိုက်ရတာက ဒေါ်ရင်ကျော့ရဲ့ ရေပက်မဝင်သော ရှင်မြူးကြည်နူးသံပင်။

"လက်ဆောင်တွေ အများကြီးဝယ်လာပြီး အပင်ပန်းမခံပါနဲ့ သားရယ်၊ ဒေါ်လေးတို့လည်း အားနာလှပါပြီ"

"အားနာရမယ့်လူတွေမှ မဟုတ်တာ ဒေါ်လေးရယ်၊ ဒီနေ့ ထနောင်းမွေးနေ့ဆိုတော့ သူ့အတွက် မွေးနေ့လက်ဆောင် ဝယ်ရင်းနဲ့ အိမ်အတွက်ပါ ရောဝယ်လာတာ"

"အင်း ... မောင်မင်းဝီရ ကျေးဇူးတွေလည်း ဒေါ်လေးတို့ အပေါ်မှာ ဆပ်မကုန်နိုင်အောင် ကြီးမားလွန်းနေပြီကွယ်၊ ဒါနဲ့ သားတို့ကိစ္စကရော ဘယ်တော့လောက် အကောင်အထည်ဖော်ဖြစ်မလဲ သား"

သူ ဒေါ်ရင်ကျော့စကားကြောင့် အော်ဂလီဆန်စွာ တစ်ချက်မဲ့လိုက်မိသည်။ သူမကိုယ်တိုင်က လူမသုံးသော အမူတုံးကြီးဘဝဖြင့် အပျိုကြီးဖြစ်လာခဲ့ရပြီး တူမဖြစ်သူအတွက် အားကြိုးမာန်တက် ရေလာမြောင်းပေးလုပ်နေပုံက အော့နှလုံးနာဖွယ်ရာ။

သူ့ရင်ထဲ ဒေါသအစိုင်အခဲများ တလိပ်လိပ် လှိုက်တက်လာခဲ့ရတော့သည်။ သို့သော် ခေါင်းပြူထွက်လာသော





ဒေါသများကို မျိုသိပ်ဖုံးကွယ်ပြီး ဘာဆက်ကြားရမလဲဟု ကိုယ့်နားကိုယ် ရှေ့ဆက် အလုပ်ပေးလိုက်မိပြန်သည်။ ထူးဆန်းတာတစ်ခုက ထနောင်းအသံကို ရိုးတိုးရိပ်ကိပ်ပင် မကြားရခြင်းဖြစ်သည်။ ထနောင်း ဘယ်ရောက်နေလဲ။ သူ ပြင်းပြစွာ သိချင်သွားရပါသည်။

"ကျွန်တော့်ဘက်ကတော့ ရည်ရွယ်ချက် မပြောင်းပါဘူး ဒေါ်လေး၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထင် ထနောင်းဘက်က နည်းနည်းအေးစက်နေသလားလို့၊ ကျွန်တော့်တောင်းဆိုချက်ကို လိုက်လျောဖို့ သူ တော်တော်အချိန်ယူစဉ်းစားနေပုံရတယ်"

"ဩော် ... ဒါကတော့ သမီးက ရည်းစားဆိုလည်း မူးလို့ ရှူစရာတောင်မရှိဘူးလေ၊ လူငယ်သဘာဝ ရှုပ်ရှုပ်ယှက်ယှက်ကိစ္စတွေလည်း ကင်းတယ်၊ ဒေါ်လေးတူမအကြောင်း ဒေါ်လေး အသိဆုံးပါ၊ အတွေ့အကြုံမရှိတော့ အရိုင်းသက်သက်ဖြစ်နေလို့ ချက်ချင်းကြီး ခေါင်းညိတ်ဖို့ မဝံ့မရဲ ဖြစ်နေတာပါ"

"ကျွန်တော်ကတော့ ဒီကိစ္စကို အမြန်ဆုံး စီစဉ်ချင်ပြီ ဒေါ်လေး၊ တစ်နေ့တခြား အသက်တွေကြီးကြီးလာပြီး အိမ်ထောင်ပြုရမယ့်အရွယ်တွေ လွန်လာရင် မကောင်းဘူး"

"သမီးကို နားဝင်အောင် ဖျောင်းဖျဖို့တာဝန်က ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထားပါကွယ်၊ ဒေါ်လေးလည်း သူ့ဘဝလေးကို ကောင်းစားစေချင်ပါတယ်၊ သူ့မှာ ငယ်ငယ်လေးကတည်းက မိဘနဲ့ ကွဲကွာနေခဲ့ပြီး ဒေါ်လေး အရိပ်အောက်မှာပဲ ခိုလှုံလာခဲ့ရတာ၊ ဒေါ်လေးရဲ့သမီးဆိုလည်းဟုတ်၊ တူမဆိုလည်းဟုတ်တယ်လေ၊ သူ့အတွက် နောင်ရေးစိတ်အေးချင်ပါတယ်"

ကြားနေရသော စကားတွေက သူ့နှလုံးသားကို တရိရိဖြင့် တိုက်စားဖြိုဖျက်သွားခဲ့သည်။ သူ ခုချိန်မှာ အိမ်ထဲဝင်ပြီး ဝုန်းဒိုင်းကြဲပေါက်ကွဲပစ်လိုက်ချင်စိတ်တွေ အလုံးအရင်းဖြင့် ကြီးထွားလာခဲ့ရသည်။

နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခု ယတိပြတ်ချပြီး အိမ်ထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာခဲ့မိသည်။ ဖြစ်ချင်ရာဖြစ် သူ ထနောင်းနဲ့တွေ့ဖို့ အရေးကြီးသည်။ နဂိုကတည်းက အရွဲ့တိုက်ခြင်းပညာကို တစ်ဖက်ကမ်းခတ် တတ်ကျွမ်းသော သူ့ဗီဇက ဦးမင်းဝီရအပေါ် မုန်းတီးစိတ်များဖြင့် ပိုလို့အင်အားပြင်းထန်လာခဲ့ပြီဖြစ်လေသည်။

သူ ခပ်တည်တည်ပင် အိမ်ပေါ်သို့ မိုက်တိမိုက်ကန်း တက်လာခဲ့သည်။ သူ့ကို ဘွားခနဲတွေ့လိုက်ရချိန်မှာ ဒေါ်ရင်ကျော့နှင့် ဦးမင်းဝီရတို့ မျက်နှာများက သိသိသာသာပင် ညိုမည်းပျက်





ယွင်းသွားခဲ့လေသည်။ သူ နှုတ်ခမ်းတစ်ဖက် ကွေးညွတ်မဲ့လိုက်ကာ ဦးမင်းဝီရကို စူးခနဲ တစ်ချက်ကြည့်ပြီး ...

"ထနောင်းရေ ... ထနောင်း"

ဟု အသံမြင့် ခေါ်လိုက်သည်။

သူ့အသံက မိုးကြိုးပစ်သံလို ထစ်ချုန်းမြည်ဟီးလာချိန်မှာ ဒေါ်ရင်ကျော့က ထိုင်နေရာမှ ဆတ်ခနဲထရပ်ကာ ရှူးရှူးရှားရှားဖြစ်ပုံဖြင့် လက်ညှိုးငေါက်ငေါက်ထိုးရင်း ...

"ဟဲ့ ... ဘယ်လိုဖြစ်လို့ သူများအိမ်ပေါ်တက်ပြီး အဆင့်အတန်းမရှိ အော်နေရတာလဲ၊ စောစောစီးစီး ကျက်သရေကို မရှိဘူး၊ ဒီမှာ ဧည့်သည်ရောက်နေတာ မမြင်ဘူးလား၊ တကတဲတော် ရိုင်းလိုက်တာလွန်ရော"

သူ့မျက်နှာတစ်ပြင်လုံး မီးခဲရဲရဲလို နီမြန်းတောက်ရှသွားခဲ့ရသည်။ သူ ဒေါ်ရင်ကျော့ကို စားမတတ်ဝါးမတတ် ဖောက်ထွင်းကြည့်ရှုပြီး တောက်ကျယ်ကျယ်တစ်ချက် ခေါက်လိုက်မိသည်။

သူ့ကို ရွံစရာသတ္တဝါတစ်ကောင်လို မျက်မှောင်ကုတ်ကြည့်နေသည့် ဟိုသူဌေး အစုတ်ပလုတ်ကိုတော့ သူက 'ရှိတယ်' လို့ပင် သဘောမထားဘဲ လျစ်လျူရှုထားလိုက်ပါသည်။

"ထနောင်းရေ ... ငါ ရောက်နေပြီဟေ့၊ နင် ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အရှိန်မြှင့်အော်သံအဆုံးမှာ နောက်ဖေးခန်းထဲမှ ထနောင်း အူယားဖားယား ထွက်လာပြီး သူ့ကိုမြင်သော် စိုးရွံ့ထိတ်လန့်သော အမူအရာဖြင့် နှုတ်ခမ်းကို လက်ညှိုးဖြင့် အသာထောက်ကာ ...

"ရှူး ... တိုးတိုး ဒီသွန်းရယ်၊ နင့်အသံကြီးကို နည်းနည်း လျှော့ပါဦး၊ လန့်လိုက်တာ"

"ဟား ဟား ... ရော့ ... သူငယ်ချင်း၊ နင့်အတွက် မွေးနေ့လက်ဆောင်၊ Happy birthday၊ ငါ့သူငယ်ချင်းလေး မွေးနေ့မှာ ပျော်ရွှင်ပါစေ"

ထနောင်းက သူ့ ကမ်းပေးလာသော ဖက်ဝံရုပ်ကို မရဲတရဲ လှမ်းယူပြီး ဦးမင်းဝီရတို့ဘက်ကိုလည်း စိုးရွံ့ပူပန်စွာ လှမ်းခိုးကြည့်နေပါသည်။ သူကတော့ ဘောင်းဘီအိတ်နှစ်ဖက်ထဲ ဟန်ပါပါလက်ထိုးထည့်ရင်း ထနောင်းကို မြတ်နိုးခြင်းကြီးစွာ တစိမ့်စိမ့် စိုက်ကြည့်နေမိသည်။ အရသာရှိလှပေစွ။

ထိုအချိန်မှာပင် ဦးမင်းဝီရက ...

"ထနောင်း အဝတ်အစား သွားလဲတော့လေ၊ ကိုယ်တို့ ဘုရားသွားရဦးမယ် မဟုတ်လား၊ ဒီမှာ ဒေါ်လေးတောင် အဆင်သင့်ဖြစ်နေပြီ"





ဒေါ်ရင်ကျော့ကလည်း ထိုင်ရာမှထလာပြီး ထနောင်းလက်ထဲက အရုပ်လေးကို ဆောင့်ခနဲ ဆွဲယူကာ နံရံထောင့်သို့ ပစ်ပေါက်လိုက်လေသည်။

"ကဲ ... မိထနောင်း ... အရည်မရ အဖတ်မရ အလုပ်တွေ လုပ်မနေနဲ့ သွား ... အဝတ်အစားသွားလဲ၊ မောင်မင်းဝီရ စောင့်နေရတာ ကြာလှပြီ၊ အားနာဖို့ကောင်းတယ် ...

ဒီမှာ ရဲဒီသွန်း ... နင်လည်း ပြန်သင့်ပြီလို့ ငါထင်တယ်၊ ငါတို့ ဒီမှာ ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေတာ၊ နင့်ကို တကူးတက ဧည့်ခံဖို့ အချိန်မရှိဘူး သွားတော့"

သူ့တစ်ကိုယ်လုံး ဒေါသအခိုးအလျှံများဖြင့် ဖုံးလွှမ်းပြည့်နှက်သွားရတော့သည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ဦးမင်းဝီရဘက်လှည့်ကာ အံကြိတ်ကြိမ်းဝါးလိုက်မိသည်။

"ခင်ဗျားနဲ့ ကျုပ် တစ်ပွဲတစ်လမ်း စမ်းကြည့်ဖို့တော့ လိုမယ်ထင်တယ်"

သူ့အသံက ခြောက်ကပ်ကပ်၊ အေးစက်စက်။ ဦးမင်းဝီရက ပခုံးတစ်ချက်တွန့်ကာ လက်ထဲက ဟန်းဖုန်းကို မြှောက်ပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လူမိုက်နဲ့အပြိုင် မိုက်တတ်တဲ့အကျင့်ကို ကိုယ့်အမေက မွေးတုန်းက မထည့်ပေးလိုက်ဘူးကွ၊ စောစောစီးစီး သူများ အိမ်ပေါ်တက်ပြီး အကြောင်းမဲ့သက်သက် မိုက်သွေး နေတဲ့ မင်းကို ကိုယ် ပို့ပေးလို့ရတဲ့ နေရာတစ်ခုတော့ရှိတယ်၊ မင်း သွားချင်တယ် ဆိုရင်ပေါ့"

သူ ဦးမင်းဝီရရှိရာ တစ်လှမ်းချင်း လျှောက်လှမ်း လာခဲ့ပြီး အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲလိုက်လေသည်။ သူ့အမူ အမူကြောင့် ဒေါ်ရင်ကျော့ရော၊ ထနောင်းပါ အထိတ်ထိတ် အပျာပျာ ဖြစ်သွားကြသည်။

"ခင်ဗျား ဘာပြောတာလဲ ဦးမင်းဝီရ"

"ဟဲ့ ... အရိုင်းအစိုင်းကောင်၊ နင် မမိုက်ရိုင်းနဲ့နော် ငါ ခုချက်ချင်း ရပ်ကွက်လူကြီးခေါ်လိုက်မှာ၊ လွှတ်ပို စမ်း"

"ဒီသွန်း ... ငါ တောင်းပန်ပါတယ်ဟာ၊ ငါ့ကို အရှက် အောင်မလုပ်ပါနဲ့"

သူ ထနောင်း တားမြစ်သံ တိုးတိုးလေးကြော အတတ်နိုင်ဆုံး စိတ်ကို ဖြေလျှော့ချလိုက်ပြီး ကိုင်ထားသော အင်္ကျီစကို ဆောင့်လွှတ်လိုက်လေသည်။ ဦးမင်းဝီရက သူ့ အစွမ်းကုန် အထင်သေးမုန်းတီးသော အပြုံးနက်နက်ဖြင့် ပြုံးကြ





ကာ ပုံပျက်တွန့်ကြေသွားသော အင်္ကျီကော်လာစကို စနစ်တကျ ပြုပြင်ဆွဲဆန့်လိုက်သည်။

"မင်းကို ငါ တစ်ခုပြောခဲ့ဖူးပါတယ်၊ မင်း ဘာကြောင့် ငါ့ကို ဘလိုင်းကြီးသက်သက် ရန်စချင်နေလဲဆိုတာ၊ ငါ ခုမှပဲ ရှင်းရှင်းလင်းလင်း သဘောပေါက်သွားပြီ ...

သေချာတယ် ရဲဒီသွန်း၊ ဒီနေ့ကစပြီး မင်းအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုရလဒ်တွေကိုပဲ တောက်လျှောက်ခံစား စေရမယ်၊ မင်းက မင်းရဲ့အားနည်းချက်ကို သိုသိုသိပ်သိပ် မဖုံးကွယ်ထားနိုင်တာ ငါ့ကို တစ်ပန်းရှုံးသွားတာပဲ"

သူ ဦးမင်းဝီရရဲ့ မျက်ဝန်းထဲမှ ပညာသားပါသော ကောက်ကျစ်စဉ်းလဲမှု အရိပ်အယောင်တချို့ကို အမှတ်မထင် ရှာဖွေတွေ့ရှိလိုက်ရပါသည်။ သူ့ခေါင်းထဲ အချက်ပေးခေါင်း လောင်းသံတွေ တစ်စတစ်စ ပေါက်ကွဲမြည်ဟီးလာခဲ့သည်။ သူ့ရဲ့ စိတ်လိုက်မာန်ပါလုပ်ရပ်ကြောင့် ဦးမင်းဝီရရဲ့ ရည်ရွယ်ချက်ကို ပိုမိုခိုင်မာ ပြင်းထန်အောင် အင်အားဖြည့်ပေးသလိုများ ဖြစ်သွား ပြီလား။ သူ့ရင်ထဲ မေးခွန်းပေါင်းစုံ တဖွားဖွားပေါ်လာခဲ့တော့သည်။

သို့သော် သူ့ရဲ့ နဂိုပုံစံ ဆောင့်ကြွားကြွား မိုက်ကန်း ကန်းဗီဇက ရုတ်ခြည်း ခေါင်းပြူထွက်လာပြီး မခိုးမခန့် ပြုံးလိုက် မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သတ္တိရှိရင် စမ်းကြည့်လိုက်လေ၊ ခင်ဗျားပဲနိုင်မလား၊ ကျုပ်ပဲ နိုင်မလား အချိန်ကာလက အဆုံးအဖြတ်ပေးပါ လိမ့်မယ်"

"ဒီသွန်း ... နင် ပြန် ... ပြန်ပါတော့ဟယ်၊ ငါ ဘုရားက ပြန်လာရင် နင့်ဆီလာခဲ့မယ်နော်၊ နင်က လိမ္မာပါတယ်၊ ငါ့စကားနားထောင်နော်"

မထင်မှတ်သော ထနောင်း စကားကြောင့် သူ့ရင် တစ်ခုလုံး ဟာခနဲဖြစ်သွားရသည်။ ထနောင်းက လတ်တလော အခြေအနေအတွက် ပြေရာပြေကြောင်း ဖြေရှင်းသည့်သဘောဖြင့် သူ့ကို နှင်နေခြင်းဖြစ်ကြောင်း သိသော်လည်း သူ့စိတ်ထဲ ပြင်း ပြင်းထန်ထန် ထိခိုက်ဝမ်းနည်းသွားမိသည်။

သူ ထနောင်းကို စေ့စေ့ကြည့်ပြီး ချာခနဲ လှည့်ထွက် လာခဲ့သည်။ အခန်းထောင့်မှာ ပုံလျက်သားလဲကျနေသော ပန်ဒါ ဝက်ဝံရုပ်လေးက သူ့ကို စိတ်ပျက်အားငယ်စွာ လှမ်းငေးကြည့်နေ လေသည်။ သူ အံတင်းတင်းကြိတ်လျက် နာကျင်ပြင်းပြစွာ တစ် လှမ်းချင်း လျှောက်လှမ်းလာခဲ့သည်။ သူ့ရင်ထဲက ဒဏ်ရာထုထည် က စက္ကန့်ပိုင်းလေးအတွင်းမှာပင် အဆမတန်ကြီးထွားလာခဲ့ရပြီ

သူ့ဘဝမှာ မုန်းတီးနာကြည်းဆုံး လူသားတစ် ယောက်ဟာ ဦးမင်းဝီရကလွဲလို့ နောက်တစ်ယောက် ထပ်မရှိနိုင်





တော့။ သူ့ကိုယ်သူလည်း နာနာကြည်းကြည်းမုန်းမိသည်။ ဖွင့် ဟဝန်ခံဖို့ ဝန်လေးနေသော သူ့နှလုံးသားရဲ့သတ္တိကြောင်ပုံကိုလည်း သူ ခံပြင်းခြင်းများစွာဖြင့် ပြင်းပြင်းထန်ထန် ဒဏ်ခတ်လိုက်ချင် ပါတော့သည်။

ထနောင်းရေ ... နင့်အတွက်နဲ့ ကြိုးစင်တက်ရမယ် ဆိုရင်တောင် ငါ ကျေကျေနပ်နပ်ကြီး လက်ခံမိမှာပါ။ ဘာပဲဖြစ် ဖြစ် နင့်ကိုချစ်တဲ့ အုံ့ပုန်းချစ်တွေနဲ့ လူမိုက်တစ်ယောက် ဖြစ်မှန်း မသိဖြစ်တော့မယ်။

ဒါပေမဲ့ ဒီဘဝလေးကိုပဲ ခံမင်မြတ်နိုးစွာ ဖက်တွယ် ထားပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းဆီမှ ပြန်လာခဲ့သည့် လမ်းတစ်လျှောက်လုံး သူ့အာရုံထဲမှာ ဒေါသဖြစ်ဖွယ်ရာ ပုံရိပ်များသာ ကပ်ငြိတွယ်လာခဲ့ရောသည်။

ဒီနေ့ ထနောင်း မွေးနေ့အတွက် အစီအစဉ်များကို ညကတည်းက သူ ကြိုတင်အကွက်ချ စီမံထားခဲ့ရသည်။ နှစ်စဉ်လုပ်နေကျအတိုင်း ထနောင်းကို မွေးနေ့လက်ဆောင်ပေးပြီး နှစ်ယောက်သား ဘုရားတက်မည်။ ပြီးလျှင် ကစားကွင်းတွေသွားပြီး အချိန်ဖြုန်းမည်။ မုန့်တွေ အလုအယက် ဝယ်စားကြမည်။ ဒီလုပ်ရိုးလုပ်စဉ်တွေက ထနောင်းမွေးနေ့၊ သူ့မွေးနေ့တိုင်းမှာ တစ်ယောက်အတွက် တစ်ယောက် မပျက်မကွက် ဖြည့်ဆည်းပေးနေကျ တာဝန်ဝတ္တရားများပင်ဖြစ်သည်။

ခုတော့ ထနောင်းမပါဘဲ ဒီနေ့တစ်နေ့ကို သူ ဘယ်လို အချိန်ဖြုန်း ကုန်ဆုံးရမည်လဲ။ ဒေါသထွက်ထွက်နှင့်





မျက်စိရှေ့မြင်သမျှကို သူ ကန်ကြောက်ဆောင့်နင်းပြီး နောက်ဆုံး သူတို့ စတည်းချနားခိုရာ ‘ရွှေလင်းယုန်’သို့ ဦးတည်ချီတက်လာခဲ့သည်။

ဆိုင်ပိုင်ရှင် ကိုမြင့်မော်က ဆိုင်စဖွင့်ချိန်မို့ စားပွဲထိုးကောင်လေးများနှင့်အတူ အလုပ်ရှုပ်နေရာမှ သူ့ကိုမြင်သော် ပြုံးရွှင်စွာ ကြိုဆိုနှုတ်ဆက်လာပါသည်။

“ဟာ ... ရဲဘော်လေး ... ထူးထူးဆန်းဆန်း တစ်ပွေတည်းပါလား၊ မင်းဘော်ဒါတွေရော”

သူ ထောင့်အကျဆုံး စားပွဲဝိုင်းမှာ နေရာယူပြီး ဆိုင်နံရံကိုမှီကာ ခပ်လျှောလျှောထိုင်ချလိုက်သည်။ ကိုမြင့်မော်က အားရကျေနပ်ဖွယ်ရာမရှိသော သူ့အမူအရာကြောင့် ရှေ့တည့်တည့်မှ စူးစမ်းလေ့လာသလို စိုက်ကြည့်ကာ ...

“ကောင်လေး ... မင်းကြည့်ရတာ သိပ်မလန်းပါလား၊ ဘာတွေညစ်လာတာလဲ”

သူ ကိုမြင့်မော်ကို အသာခေါင်းယမ်းပြလိုက်ပြီး စားပွဲထိုးတစ်ယောက်ခေါ်ကာ ပလိန်းတစ်ခွက်မှာလိုက်သည်။ ခုချိန်မှာ သူ ဟန်ဆောင်ပန်ဆောင်ပင် စကားပြောချင်စိတ် မရှိပါ။ ကိုမြင့်မော်က တစ်ခုခုကို နားလည်သဘောပေါက်သွားသလို ခေါင်းတဆက်ဆက်ညိတ်ပြီး ထိုင်ရာမှ ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အချိန်တော်တော်ကြာ ငြိမ်ချက်သားကောင်းနေခဲ့ရာမှ ရုတ်တရက် ဆိုင်ရှေ့မှ ဖြတ်သွားသော ကားတစ်စီးကြောင့် မျက်ခုံးနှစ်ဖက် ပင့်တက်သွားရလေသည်။ ဒါ ဟိုဘဲနာကြီးရဲ့ကားပင်။ ထနောင်းတို့ ကားပေါ်မှာ ပါသွားသည်ကိုတော့ သူ ဆိုင်ထဲမှ ပြက်ပြက်ထင်ထင် လှမ်းမြင်လိုက်ရသည်။ သူ့သွေးတွေ တစ်မုဟုတ်ချင်း ပွက်ပွက်ဆူလာခဲ့လေသည်။

သူ ထနောင်းကိုလည်း စိတ်မဆိုးစဖူး ဆိုးသွားမိသည်။ တကယ်ဆို မျှော်လင့်ချက်များစွာဖြင့် အိမ်ထိအောင် တကူးတကလိုက်လာသော သူ့ကို ကျေနပ်နှစ်သိမ့်ဖွယ်ရာ တစ်ခုခုတော့ ပေးစွမ်းသင့်ပါသည်။ အနည်းအကျဉ်းလောက်လေးပဲဖြစ်ဖြစ် သူ့ဘက်က ရပ်တည်ပေးခဲ့မည်ဆိုလျှင်တောင် အတိုင်းမသိဝမ်းမြောက်မိမှာပင်။

ခုတော့ ... သူ ခပ်ကြမ်းကြမ်းပင် ခေါင်းခါယမ်းလိုက်မိသည်။ သို့သော် သူ နားထဲသို့ ရုတ်တရက်စီးဝင်ပျံ့နှံ့လာသော စကားသံတချို့ကြောင့် သူ ခေါင်းတွေ ဆတ်ခနဲ ထောင်မတ်သွားရပြန်သည်။

အသံတွေက သူ့သောက်စားပွဲမှာရှိသော သူနဲ့ရွယ်တူကောင်လေးတစ်သိုက်ဆီမှ လွင့်ပျံ့ထွက်လာခြင်းဖြစ်သည်။





"အဲဒီဘဲကြီးက ထနောင်းရိပ်ကို လက်ထပ်ခွင့်တောင်းထားတယ်တဲ့ကွ၊ မင်းတို့ သိပြီးပြီလား"

"ဟုတ်လား၊ ငါတို့ မသိရသေးဘူးကွ၊ ဆက်စမ်းပါဦး"

"ထုံးစံအတိုင်းပေါ့ကွာ၊ သူက ထနောင်းရိပ်တို့ အလုပ်ရှင်သူဌေးလေ၊ သူဌေးက သူ့ဝန်ထမ်းကောင်မလေးကို ပြန်ငြိချင်တာပေါ့၊ ဒါ သိပ်မဆန်းပါဘူး"

သူ ထနောင်းအတင်း မစားရဝခမန်း ထိုင်တုတ်နေသော ငနဲကို မျက်လုံးခပ်စွေစွေဖြင့် လှမ်းရှိုးလိုက်မိသည်။ သူ့ခံပြင်းချက်တွေထဲမှာ အဲဒါတွေလည်းပေါ့သည်။ သူတို့အုပ်စုထဲမှ ကောင်တစ်ကောင်က ဖိုးတေနှင့် တစ်ချိန်တုန်းက ရန်စရှိခဲ့ဖူးသူဖြစ်လေသည်။

ကောင်မလေးတစ်ယောက်ကို ဖိုးတေ အသည်းအသန် လိုက်နေချိန် အဆင်ပြေလုဆဲဆဲ အနေအထားမှာ ထိုကောင်က ကြားထဲက ခပ်တည်တည် ဖြတ်ခုတ်သွားခဲ့ရာ သူတို့နှစ်အုပ်စုလည်း အလိုလိုနေရင်း စစ်သွေးစစ်မိန့် ကြေညာပြီးသားအဖြစ်သို့ ရောက်ရှိသွားခဲ့ရခြင်းပါ။ ယခုလည်း သူတစ်ယောက်တည်း ဘက်ပဲ့နေသည်ကိုတွေ့၍ မကြားတကြား ကလိနေကြမှန်း သိသာလှသည်။

သူ ပလိန်းတစ်ငုံမော့၍ ခွက်ကို အသံမြည်အောင်ပင် ဆောင့်ချပစ်လိုက်သည်။ ထိုကောင်က သူ့စကားသူ ဆက်ရှင်ပြင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထနောင်းရိပ်ကလည်း ဒီဘဲကြီးကို ပြန်အီချင်နေတဲ့ပုံပဲကွ၊ သူ့အဒေါ်ကြီးကလည်း ကြားထဲက မြှောက်ထိုးပင့်ကော်နဲ့ အကင်းပို့နေတာ ဆိုတော့ မြင်ယောင်မိပါသေးတယ်၊ ထနောင်းရိပ် ဘယ်လိုမှ ငြင်းနိုင်မှာ မဟုတ်ဘူး"

"ကောင်မလေးက ရိုးရိုးလေးနဲ့ အညာခံရမှာ စိုးရိမ်မိပါတယ်ကွာ၊ ခုခေတ်သူဌေးတွေကလည်း သိပ်ယုံလို့ရတာ မဟုတ်ဘူး၊ ငါးစာတပ် မျှားချင်ကြတာများတယ်"

"မင်းတို့ကလည်းကွာ သိပ်မပူကြပါနဲ့၊ ကြားထဲက ဟီးရိုးထလုပ်ချင်တဲ့ကောင်တွေက အသက်ပေးပြီး စောင့်ရှောက်ကာကွယ်ပေးမှာပေါ့၊ မစားရ အညှော်ခံတွေလေ"

သူ့စိတ်ထဲ ထောင်းခနဲဖြစ်သွားရကာ တစ်ဖက်ဝိုင်းသို့ ဝုန်းခနဲ ခုန်ကူးပြီး ဘာမပြောညာမပြောနှင့် ထိုကောင့်မျက်နှာကို ခွပ်ခနဲ ထိုးချလိုက်တော့သည်။ ရုတ်တရက်မို့ အားလုံးမှင်သက်ပြီး ကြောင်အ,နေကြချိန်မှာ ဆိုင်ရှင် ကိုမြင့်မော်က ကောင်တာထဲမှ ထိတ်ထိတ်ပျာပျာထွက်လာကာ သူ့ကို သဲကြီးမဲကြီး လှမ်းဆွဲလေသည်။

သူ့မျက်စိထဲမှာ ဘာဆို ဘာမှမမြင်တော့။ ဦးမင်းဝီရအပေါ် မျိုသိပ်ထိန်းချုပ်ခဲ့ရသမျှကို အလုံးစုံ ဖြေချပစ်လိုက်ချင်စိတ်တွေသာ တဖွားဖွားပေါ်လာခဲ့ရသည်။





"ဒီသွန်း ... စိတ်ကိုထိန်းစမ်းပါ ငါ့ညီရာ၊ အစ်ကို့စကားနားထောင်စမ်း"

ကိုမြင့်မော်က သူ့ကို မနိုင့်တနိုင် လှမ်းဆွဲရင်းနှုတ်မှလည်း တတွတ်တွတ် ဆုံးမဩဝါဒခြွေနေခဲ့သည်။ တစ်ဖက်အုပ်စုထဲမှ အထိုးခံရသောကောင်က ရုတ်တရက် ဖြုန်းဆိုထရပ်လာကာ သူ့ကို တန်ပြန်ထိုးရန်ပြင်သည်။

"ဟောကောင် ... မင်းက ဘာအိုးမလုံ အုံပွင့်နေရတာလဲ၊ ငါပြောတဲ့စကားထဲမှာ မင်းကို တစ်ခွန်းမှ ထိခိုက်နစ်နာတာ မပါဘူး"

သူ ကိုမြင့်မော်လက်ကို အတင်းဆွဲဖယ်ရန် ကြိုးစားသည်။

"ငါ့ကို ထိခိုက်နစ်နာအောင် မပြောလည်း မင်းတို့အကြောင်းထဲမှာ ထနောင်းရိပ် နာမည်ပါတာကို ငါ လုံးဝသည်းမခံနိုင်ဘူး၊ ဟောကောင် ... မင်းတို့ အရှက်မရှိကြဘူးလား၊ မိန်းကလေးတစ်ယောက်အကြောင်းကို သူ့ကွယ်ရာမှာ အားမနာ လျှာမကျိုး ထိုင်ပြောနေကြတာ အောက်တန်းကျတဲ့ကောင်တွေ"

ရန်ပွဲက တစ်စတစ်စ အရှိန်ပြင်းလာပါသည်။ တစ်ဖက်ကကောင်တွေက သစ်သားထိုင်ခုံတွေ ကိုယ်စီဆွဲရင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့သို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။ ကိုမြင့်မော်ကတော့ သူ့ဆိုင်ထဲမှာ ပြဿနာအကြီးအကျယ်တက်မည်စိုး၍ အဓိကဖြစ်သော သူ့ကိုသာ အသည်းအသန် နားချဖြောင်းဖျလာပါသည်။

“ဒီသွန်း ... အစ်ကို့စကား နားထောင်ပါကွာ၊ စောစောစီးစီး ရန်မဖြစ်ကြပါနဲ့၊ ဒီကညီလေးတို့လည်း အစ်ကို ကြားထဲက တောင်းပန်တယ်၊ ကိုယ့်အချင်းချင်းတွေပဲကွာ၊ စိတ်လိုက်မာန်ပါ မလုပ်ကြပါနဲ့၊ အားလုံး ပြေပြေလည်လည်ပေါ့ မဟုတ်ဘူးလား”

ကိုမြင့်မော်ပဲ အပြောကောင်းလွန်းလို့လားမသိ။ သူရော ဟိုကောင်တွေပါ အသီးသီးငြိမ်ကျသွားကြသည်။ သူ့စိတ်တွေကို အားတင်းလျှော့ချလိုက်ရင်း ကိုမြင့်မော် ဆွဲခေါ်ရာဆီ တစ္ဆတ်တိုက်ပါလာခဲ့မိသည်။ ကိုမြင့်မော်က သူ့ကို ထိုင်ခုံပုလေးတစ်ခု ထိုးပေးရင်း ထိုင်ခိုင်းကာ ...

“ဒေါသသိပ်မကြီးပါနဲ့ ဒီသွန်းရာ၊ အစ်ကိုက မင်းတို့ကို ပိုပြီး ချစ်ခင်လို့ ခုလို တားရတာပါ၊ အစ်ကို့ဆိုင်မှာ ပြဿနာအကြီးအကျယ်ဖြစ်မှာထက် မင်း စခန်းရောက်မှာကို ပိုစိုးရိမ်မိတာပါ၊ အစ်ကိုပြောတာကို နားလည်လား”

သူ ကိုမြင့်မော်ရဲ့စေတနာကို နားလည်သဘောပေါက်စွာဖြင့် ခေါင်းမညိတ်ချင်ညိတ်ချင် ညိတ်ပြလိုက်မိသည်။ တကယ်





လည်း ကိုမြင့်မော် သူတို့အပေါ် ညီရင်းအစ်ကိုတွေလို သံယောဇဉ်ကြီးကြောင်း သူတို့တစ်ဖွဲ့လုံး အသိပင်။

ဆိုင်မှာလာထိုင်သော ဖောက်သည်ချင်း အတူတူ တခြားကောင်တွေထက် သူတို့ ပိုရင်းနှီးသော ကိုမြင့်မော်က သူတို့အကြောင်းကိုလည်း နောကြေအောင်သိထားသူဖြစ်လေသည်။

“ကဲ ... ညီလေး ... မင်း မနက်ကတည်းက ညစ်လာတယ်ဆိုတာ အစ်ကိုခန့်မှန်းမိပါတယ်၊ အစ်ကို့ကို ရင်ဖွင့်တိုင်ပင်ချင်ရင်လည်း တိုင်ပင်လို့ရတယ်၊ တစ်ယောက်တည်း ကြိတ်မိတ်မျိုသိပ်ချင်တယ်ဆိုလည်း မင်းသဘောပဲ၊ မင်း ဘော်ဒါတွေလာမှ ရင်ဖွင့်ချင်ရင်လည်း ဒီမှာ ငြိမ်ငြိမ်လေးထိုင်ပြီး စောင့်နေ၊ ကြားလား ...

အစ်ကို လုပ်စရာရှိတာ သွားလုပ်လိုက်ဦးမယ်”

သူ ကိုမြင့်မော်ကို ခေါင်းဆတ်ပြလိုက်ရင်း နေရာမှာတင် မလှုပ်မယှက် ငြိမ်သက်စွာထိုင်မိသည်။

သူ ခုချိန်မှာ သူ့ကိုယ်သူလည်း မကျေနပ်။ လောကကြီးကိုလည်း မကျေနပ်။ လူတွေအားလုံးကိုလည်း မကျေနပ်နိုင်ပါ။ အထူးသဖြင့် သူ့ကို လေသံတိုးလျှလျှဖြင့် မညှာမတာနှင်လွှတ်လိုက်သူ ထနောင်းရိပ်ဆိုသည့် သူငယ်ချင်းမလေးကိုလည်း အလွန်အမင်း ကိုင်ပေါက်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ရွက်ပုန်းသီးဒုက္ခက အတော်လေးကို ဆိုးရွား လွန်းပါသည်။ ထနောင်း အကြောင်း ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ သူ ဘာတစ်ခွန်းမှ မကြားလိုပါ။ အရသာခံ ထိုင်ပြောနေကြသူများကိုလည်း သူက တစ်နည်းမဟုတ် တစ်နည်း ပြဿနာရှာရမှ ကျေနပ်မိသူဖြစ်သည်။ ထနောင်းနဲ့ ပတ်သက်လာ လျှင် အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိခဲ့တာ သူ့အား နည်းချက်ကြီးပင် ဖြစ်လေသည်။





"ဟဲ့ … သား၊ မနက်ကတည်းက ထမင်းမစား ဘာမစား နဲ့ ပျောက်သွားလိုက်တာ တစ်နေ့လုံး ဘယ်တွေလျှောက် သွားနေတာလဲ"

သူ အမေ့ကို ခွန်းတုံ့မပြန်မိဘဲ ကိုယ့်အခန်းထဲသို့ တန်းဝင်လာခဲ့သည်။ သူ့ပါးစပ်ထဲမှ အနံ့တချို့ကို အမေ ရိပ်မိ သိရှိသွားမှာ စိုးပါသည်။ အမေက သူ့ကို တခြားနေရာတွေမှာ သာ ခွင့်လွှတ်နားလည်နိုင်စွမ်း ကြီးမားပေမယ့် အရက်သောက် သည့်ကိစ္စကိုတော့ ပြင်းပြင်းထန်ထန်ပင် တားမြစ်ပိတ်ပင်ထားခဲ့ သည်။

အရက်နဲ့ပတ်သက်ပြီး အမေ့မှာ ဆိုက်ကိုတစ်ခုရှိပါ သည်။ သူတို့မောင်နှမ လူလားမမြောက်တမြောက် အရွယ်မှာ အသည်းကင်ဆာဖြင့် ဆုံးပါးသွားခဲ့သော အဖေဟာ အရက်ရဲ့ကျေး ကျွန်အဖြစ် နှစ်ရှည်လများ ခံစားခဲ့ရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် အမေ အရက်ဆိုသည့် စကားလုံးကို ကြားရုံမျှနှင့် ခါးခါးသီးသီး ဖြစ်သွားခဲ့ရသည်။ သူ့ပယောဂကြောင့် ရုံးရောက်၊ ဂါတ်ရောက်ပေါင်း များသည်ကို အမေ အမှုမထား။ သူ့ကို အရက်နှင့် ပူးပေါင်းမိသွားမှာကိုပဲ အမေ့ လွန်စွာစိုးရိမ်ပူပန်ခဲ့သည်။

သူကလည်း အမေ့ဆန္ဒကို မနေ့ကအချိန်အထိ လိုက်လျောဖြည့်ဆည်းပေးခဲ့ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့မှာ လူက နဂိုညစ်နေသော အခံနှင့်၊ သူငယ်ချင်းများဟောသော ဆွယ်တရားကို လိုက်နာသောအားဖြင့် ဘီယာဆိုင်လိုက်ထိုင်ခဲ့မိသည်။

အနံ့ပင်မခံခဲ့ဖူးသော ဝီစကီကို တဖြည်းဖြည်းစမ်းသောက်ကြည့်ရာမှ နောက်ဆုံး တစ်ပုလင်းလုံး အပြတ်မော့ချပြီးချိန်မှာ သူ့အမြင်အာရုံတွေ ထွေပြားဝေဝါးလာရသည်။ ကိုယ့်ကိုယ်ကိုယ် အားတင်းထိန်းချုပ်ရင်း မမှန်မကန် ခြေလှမ်းများနှင့် အပြန်ခရီးနှင်ခဲ့သော သူ့ကို ဘော်ဒါများက အိမ်ပေါက်ဝအထိ တကူးတက လိုက်ပို့ပေးခဲ့ကြသည်။

အမေ့နှုတ်ဆက်စကားကို မသိကျိုးကျွန်ပြုရင်း အခန်းထဲ တန်းဝင်သွားသော သူ့ကို အမေ အံ့ဩတကြီး စူးစမ်းနေမှာ သေချာပါသည်။





သူ အခန်းတံခါးကို အထဲမှ ချက်ချပြီး အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။ ဝီစကီကြောင့် မဟုတ်ဘဲ သူ့ရင်တစ်ခုလုံး အရှိန်အဝါတစ်မျိုးဖြင့် ပူလောင်ပြင်းပြနေခဲ့လေသည်။

နဖူးပေါ် လက်တင်ရင်း ရီဝေဝေ အတွေးများဖြင့် ငြိမ်သက်တိတ်ဆိတ်နေချိန်မှာပင် မမျှော်လင့်ဘဲ သူ့အခန်းတံခါး ခေါက်သံ ကြားလိုက်ရသည်။

"သားရေ ... ဒီမှာ ထနောင်းလေး ရောက်နေတယ် ထွက်ခဲ့ပါဦး"

သူ့မျက်လုံးတွေ ဖျတ်ခနဲ ပွင့်သွားရပါသည်။ သိစိတ်က ခံပြင်းနာကျင်နေပေမယ့် မသိစိတ်ထဲက တိတ်တိတ်လေး ဝမ်းသာသွားတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိလိုက်သည်။ သို့သော် ချက်ချင်း တံခါးထမဖွင့်သေးဘဲ ခဏတော့ အသံတိတ် ငြိမ်ကုပ်နေမိသည်။ သူ ထနောင်း အပေါ် စိတ်ဆိုးနေသေးကြောင်း သိသာအောင်ပင်။

"ဒီသွန်း ... နင် ထွက်လာခဲ့ပါဟာ၊ နင့်ကို ငါ ပြောစရာရှိလို့ပါ၊ မနက်က နင့်ကို နှင်ထုတ်သလို ဖြစ်သွားတာ ငါ တောင်းပန်ပါတယ်၊ ငါ့ကို အရင်လို ဆက်ခင်သေးတယ် ဆိုရင် တံခါးဖွင့်ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



သူ ထနောင်း အသံကို တစ်ဝနားထောင်ပြီးတော့မှ မဖွင့်ချင် ဖွင့်ချင် ဖွင့်ပြီး အခန်းပြင်သို့ စူပုပ်ပုပ် မျက်နှာပေးနှင့် ထွက်လာခဲ့ပါသည်။

ဗေဒါနုရောင် ယောဝမ်းဆက်နှင့် အလှကြီးလှနေသော ထနောင်းကို သူ မျက်မှောင်ကုတ်ပြီး မသိမသာ ဓွေကြည့်လိုက်သည်။ ဒါ ခုမှ အပြင်က ပြန်ရောက်ခါစ ဒီဇိုင်းပေါ့လေ။ သူ့ရင်ထဲ ငုပ်လျှိုးပုန်းကွယ်နေသော ဒေါသက ဆတ်ခနဲ ခေါင်းထောင်ထလာပြန်သည်။

"နင် ဘာလာလုပ်တာလဲ"

သူ့ရဲ့ပြတ်သားမာထန်သော မေးခွန်းအဆုံးမှာ ထနောင်း မျက်နှာ နေလောင်ပန်းလို ညှိုးနွမ်းဖျော့တော့သွားလေသည်။ သူက အိမ်ထဲမှာ အမေတို့ ရှိနေသဖြင့် ခြံထဲရှိ သစ်သားခုံတန်းလေးရှိရာဆီ ရှေ့မှဦးဆောင်လျှောက်လှမ်း သွားခဲ့သည်။

ထနောင်းက သူ့နောက်မှ ခပ်ကုပ်ကုပ်လေး လိုက်လျှောက်လာကာ ခုံပေါ် အသာထိုင်ချလိုက်ပါသည်။ သူက မတ်တတ်ရပ် အနေအထားနှင့်ပင် ထနောင်းကို ကျောခိုင်းကာ ခါးထောက်ရပ်နေရင်း ...

"နင် သစ္စာဖောက်ဖျက်တယ် ထနောင်း"





သူ့အသံက အစီအစဉ်မရှိဘဲ အေးစက်မာကျောစွာ အတောင့်လိုက် ထွက်လာသည်။ သူ ထနောင်းကို လှည့်မကြည့်မိအောင် ကိုယ့်ကိုယ်ကိုယ် တင်းတင်းကျပ်ကျပ် အမိန့်ပေးတားမြစ်လိုက်မိသည်။

ထိုစဉ်မှာပင် ထနောင်းရဲ့သက်ပြင်းရှိုက်သံလေး သူ့နောက်ကျောမှ လွင့်ဝဲပျံ့နှံ့လာလေသည်။ ဒီပုံစံအတိုင်းဆို ထနောင်းလည်း စိတ်အနှောင့်အယှက် ဖြစ်စရာ ကြုံလာခဲ့ပုံပင်။ သို့သော် သူ ပုံစံမပျက်ဘဲ ဆက်လက်ကျောခိုင်းထားမိဆဲ။

"နင် ငါ့ကို အရမ်းစိတ်ဆိုးသွားသလားဟင် ဒီသွန်း"

"သိပ်သေချာတာပေါ့ ထနောင်း၊ နင်ဟာ ငါ့အတွက် သူငယ်ချင်းကောင်း မပီသဘူး"

"မဟုတ် ... မဟုတ်ပါဘူးဟယ်၊ ငါက နင့်စိတ်အကြောင်း ကောင်းကောင်းသိလို့ မဖြစ်သင့်တာတွေ မဖြစ်ရအောင် အချိန်မီ တားဆီးလိုက်ရတာပါ။ နင်က ငါ့ရဲ့ထာဝရသူငယ်ချင်းကောင်းပါပဲ ဒီသွန်းရယ်"

ထနောင်း အသံက တုန်ယင်ကွဲရှစွာ တိုးဖျော့ဖျော့လေး ထွက်ပေါ်လာခဲ့သည်။ သူ့ရင်ထဲ တဆစ်ဆစ်နှင့် နာကျင်လာမိပါသည်။ နင့်ရဲ့ထာဝရသူငယ်ချင်းကောင်းတဲ့လား ထနောင်းရယ်။ နင် ဒီ သတ်မှတ်ချက်လေးနဲ့ပဲ ငါ့နှလုံးသားဆန္ဒကို တစ်ချိန်လုံး တားဆီးပိတ်ပင်ထားတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းက အတန်ကြာ စကားမဆိုဘဲ ငြိမ်သက် နေခဲ့လေသည်။ သူတို့နှစ်ယောက်လုံးရဲ့ ကျော်ဖြတ်လာခဲ့ပြီးသမျှ မွေးနေ့တိုင်းမှာ ဒီလို ထိခိုက်နာကျင်မှုမျိုး ဘယ်တုန်းကမှ မခံ စားခဲ့ရဖူးပါ။

"နင့်ကို ငါ ပြတ်ပြတ်သားသားပဲ မေးမယ် ထနောင်း၊ နင် သူ့ကို ကျိန်းသေပေါက် လက်ထပ်ဖို့ စဉ်းစားထားပြီ ပြီလား"

ထနောင်းထံမှ အသံထွက်မလာပါ။ သူ့ရင်ထဲ တလိပ်လိပ်တက်လာသော ဒေါသတရားများနှင့်အတူ ထနောင်း မျက်နှာကို ခပ်စူးစူး လှည့်ကြည့်လိုက်သည်။ ဆိတ်ဆိတ်နေခြင်း ဟာ ဝန်ခံခြင်းတစ်မျိုးပဲပေါ့။

"နင် ဘာလို့ သူ့ကို လက်လွှတ်စပယ် မငြင်းနိုင်ရတာ လဲ ထနောင်း၊ နင့်အကြောင်းတွေ ရပ်ကွက်ထဲမှာ မိုးမွှန် အောင် ပျံ့နှံ့နေတာ နင် မသိဘူးလားဟင်၊ နင့်ကို အဲဒီ ကောင်ရဲ့အမြှောင်မယား ဖြစ်တော့မယ့်နီးနီး ပိုးစိုးပက်စက် ပြောနေကြတာ၊ နင်ရော နင့်အဒေါ်ပါ တကယ်မသိကြ ဘူးလား ...

ဒါမှမဟုတ် သိသိရက်နဲ့ပဲ ငွေတစ်မျက်နှာတည်း ကြည့်ပြီး ပြောင်ပြောင်တင်းတင်း လျစ်လျူရှုထားတာလား ဟင် ... ပြောစမ်းပါဦး မယ်ပိန်းရဲ့"





သူ့လေသံက ညဥ့်ယံကို ထိုးဖောက်ထွင်းလျက် ခပ်စူးစူး ထွက်ပေါ်လာလေသည်။ ထနောင်းက သူ့ကို ပြူးကျယ် ဝိုင်းစက်သော မျက်ဝန်းများဖြင့် အလန့်တကြား မော့ကြည့်ကာ မသိမသာ နှာခေါင်းရှုံ့ရင်းဆိုသည်။

"ဒီသွန်း ... နင် ... နင် ... အရက်တွေ သောက်လာတယ်၊ ဟုတ်လား"

သူ့မျက်လုံးတွေ အဆမတန် နီရဲကြမ်းရှနေတာ ထနောင်း ရိပ်မိသိရှိသွားပြီထင်။ နောက်ပြီး အရက်တန်ခိုးကြောင့် တဖြည်းဖြည်း အရှိန်ရ ပြင်းထန်လာသော ခပ်ရိုင်းရိုင်း စကားလုံး တချို့က အစီအစဉ်မကျစွာ လွှတ်ခနဲ ထွက်ကျလာခဲ့ပြီ။

သူ့ခေါင်းထဲမှာ ဆင်ခြင်နိုင်စွမ်းအားတွေ လျော့ ပါးကုန်ခန်းခဲ့ပြီဖြစ်သည်။ ခုချိန်မှာ အမှား၊ အမှန် မဝေခွဲနိုင်ဘဲ စိတ်ရှိတိုင်း ကြမ်းချင်၊ ရမ်းချင်စိတ်တွေသာ တစ်ကိုယ်လုံးကို လွှမ်းမိုးအုပ်စိုးထားခဲ့လေသည်။

"ဟုတ်တယ်၊ အဲဒါ နင့်ကြောင့်၊ နင်က ငါ့ကို ပစ်ပစ်ခါခါ နှင်လွှတ်တော့ ငါက စိတ်ညစ်ညစ်နဲ့ အရက်ဆိုင်ထဲ လှည့် သွားတာပေါ့၊ နောက်ဆို နင်က သူဌေးကတော်ဖြစ်တော့ မှာ၊ သူဌေးမကြီး စိန်တသီးသီးနဲ့ သိန်းကျော်တန်လက် ပွေ့အိတ်ကြီးပိုက်ပြီး ခေါင်းတမော့မော့နဲ့ပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းက သူ့စကားကြောင့် စိတ်ရှုပ်ထွေးညစ်ညူးသွားဟန်ဖြင့် သူ့လက်မောင်းတစ်ဖက်ကို ခပ်တင်းတင်းဆွဲလှုပ်လာလေသည်။

"ဒီသွန်း ... နင် မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ ငါ့ကြောင့် အရက်သောက်တယ်ဆိုတာ လုံးဝအခံပွာယ်မရှိဘူး၊ ငါ အရက်သောက်တဲ့ ယောကျ်ားဆို သိပ်မုန်းတာ နင်၊ အသိဆုံးပဲနော်"

"တော်စမ်းပါဟာ၊ နင့်ကို ငါ အထင်ကြီးခဲ့မိတာ မှားတာပဲ၊ နောက်ဆုံး နင်လည်း နင့်အဒေါ်အချိုးအတိုင်း လာမှာပဲ၊ ငွေရရင် ကိုယ့်ဘဝကိုယ်တောင် စတေးခံမယ့်အစား၊ နင့်ကို ငါ သိပ်စိတ်ဆိုးတယ် ထနောင်း"

သူ့ရဲ့ပြင်းထန်သော ပေါက်ကွဲစကားသံများအဆုံးမှာ ထနောင်း ဖျတ်ခနဲ ငြိမ်ကျသွားခဲ့လေသည်။ သူ့ကို တစ်ခါမှ မမြင်ဖူးသူ တစ်ယောက်လို ခပ်စိမ်းစိမ်း စိုက်ကြည့်နေသောကြောင့် သူ့စိတ်ထဲ ထင့်ခနဲ ဖြစ်သွားမိသည်။

သူ လွန်များလွန်သွားပြီလား။ ဦးမင်းဝီရ အပေါ် မကျေနပ်သမျှ မဆီမဆိုင် ထနောင်း အပေါ် အလုံးစုံပုံချ စော်ကားသလို ဖြစ်သွားခဲ့ပြီ။ သူ ရုတ်တရက် မှင်သက်နေမိကာ ဘာစကားမှ မပြောနိုင်အောင် ဆွံ့အသွားခဲ့ရသည်။





ထနောင်းက သူ့ကို အချိန်တော်တော်ကြာအောင် ငေးစိုက်ကြည့်နေရာမှ တစ်လုံးချင်း ဖြည်းညင်းစွာ ဆိုလာလေသည်။

"နင်ကပါ ပတ်ဝန်းကျင်က စကားလုံးတွေနဲ့ ငါ့ကိုနှိပ်ကွပ်ချင်ပြီပေါ့၊ ဟုတ်လား ဒီသွန်း"

သူ ခွန်းတုံ့မပြန်မိ။ ကြီးမားသော အမှားအယွင်းကြီးတစ်ခုကို မမျှော်လင့်ဘဲ ကျူးလွန်လိုက်မိပြီဟု သူ့ကိုယ်သူ တပ်အပ်သိလိုက်ရသည်။

သူ ထနောင်း မျက်နှာကို ရင်မဆိုင်ရဲစွာ ခေါင်းငုံ့မျက်လွှာချလိုက်ရပါသည်။ ထနောင်းက ရှိုက်သံတိုးတိုးနှင့်အတူ စကားဆက်ရန်ပြင်သည်။

"ကောင်းပြီလေ ဒီသွန်း၊ နောက်ဆုံးတော့ ငါ အားအကိုးရဆုံး ငါ့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးက ဒီလိုသဘောထားလာပြီ ဆိုမှတော့ ငါ့အတွက် ဘာမှရစရာမရှိတော့ပါဘူး၊ နင်တို့ ထင်မြင်ချက် ပေးသလိုပဲ ကိုယ့်ကိုယ်ကိုယ် ငွေမက်တဲ့ မိန်းမတစ်ယောက်အဖြစ် ဖန်တီးပြောင်းလဲပစ်ဖို့ ငါ ဆုံးဖြတ်ချက် ချလိုက်ပြီ ...

ပထမတော့ ငါ ခေါင်းညိတ်ဖို့၊ မညိတ်ဖို့ ဇဝေဇဝါဖြစ်နေခဲ့ရတာ အမှန်ပဲ၊ ဒါပေမဲ့ ခုတော့ ငါ ဘာဆက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမလဲ ဆိုတာ ရှင်းရှင်းလင်းလင်း သဘောပေါက်သွားပြီ။ နင် တစ်ခါက ပြောခဲ့ဖူးတယ်လေ၊ အချစ်မပါတဲ့ အိမ်ထောင်ရေးမှာ ဘယ်တော့မှ သုခဆိုတာ မရှိဘူးဆိုပေမယ့် အဲဒီ သုခမရှိတဲ့ အိမ်ထောင်ရေးကိုပဲ ငွေလမ်းခင်းပြီး လျှောက်လှမ်းသွားတော့မယ်လို့ ငါ ဆုံးဖြတ်လိုက်ပြီ ...

နင့်ကို ငါ သိပ်စိတ်နာတယ် ဒီသွန်း၊ ဒီလိုပစ်ပစ်ခါခါ ပြောထွက်ရက်တဲ့ နင့်ပါးစပ်ပေါက်ကိုလည်း ငါသိပ်အံ့သြတယ်၊ ဒါပေမဲ့ သေချာတာ တစ်ခုကတော့ နင်နဲ့ငါဟာ ထာဝရသူငယ်ချင်းတွေအဖြစ် တစ်သက်လုံး ရပ်တည်သွားမှာပါ၊ နင်ဟာ ငါ့အတွက် အမြဲတမ်း သူငယ်ချင်းပါပဲ ...

ငါ သွားတော့မယ် ဒီသွန်း၊ နင့်ကို ငါ အပြီးအပိုင်နှုတ်ဆက်ခဲ့တယ်"

ချာခနဲ လှည့်ထွက်သွားသော ခြေလှမ်းတိုင်းမှာ သူ့အပေါ် နာကြည်းခါးသီးခြင်း ဝန်ထုပ်တချို့ ထုပ်ပိုးသွားမှာ သေချာပါသည်။ သူ့ရင်တစ်ခုလုံး အတားအဆီးမဲ့စွာ ဟင်းလင်းပွင့်ထွက်သွားခဲ့ရသည်။

သွားပြီ။ တကယ်ကို သူနှင့် ထနောင်း ကမ္ဘာခြားခဲ့ရပြီ။ ဒီပြဿနာကြီးရဲ့အဓိကတရားခံက ဘယ်သူလဲ။ ထနောင်း





ကို သူ့ရင်ထဲမှ ဆွဲထုတ်ယူငင်ဖို့ ကြိုးစားခဲ့သော ဦးမင်းဝီရလား၊ ပြင်းထန်ကြမ်းတမ်းသော စကားလုံးများ ပြောထွက်အောင် အခွင့်အား တိုက် အားတိုက် တွန်းပို့ပေးခဲ့သော အရက်ကြောင့်လား။

သူ့နှလုံးသားထဲမှာ မထွေးနိုင် မအန်နိုင်အောင် ပြည့်ပြည့်ဝဝ နေရာယူထားခဲ့သော တိတ်တခိုးချစ်ခြင်းများကြောင့်လား။ သူ ဘာတစ်ခုမှ မသိတော့ပါ။

သေချာတာ တစ်ခုကတော့ သူ့နှလုံးသားနဲ့အပြိုင် သူ့မျက်ဝန်းထဲက တိမ်စိုင်တွေပါ အရှိန်အဟုန်ပြင်းပြင်း ငိုချင်းချနေခဲ့ပြီဖြစ်သည်။

ငါ့ကို ခွင့်လွှတ်ပါ ထနောင်း ့ယ်။ ဒီလိုအဖြစ်မျိုး အိပ်မက်တောင် မမက်ရဲခဲ့ပါဘူး။ တစ်စစီ ကြေမွသွားတဲ့ ငါ့နှလုံးသားအတွက် ကြယ်တစ်ပွင့်ကြွေတိုင်း ဆန္ဒအမှန်နဲ့ ဆုတောင်းနေပါရစေ။ နင့်ရဲ့နာကြည်းမှုတွေ ပြေပျောက်ပါစေလို့။

ထိုနေ့မှစ၍ သူနှင့် ထနောင်း တစ်ယောက်ကိုတစ်ယောက် အတွေ့မခံနိုင်လောက်အောင် တစ်စတစ်စ ဝေးကွာသွားခဲ့ကြပါ ည်။ သူကတော့ သူ့ဘက်က တစ်ဖက်သတ် လွန်ကျူးထားမိသော ဖြစ်ရပ်ကြီးအတွက် ထနောင်း စိတ်ကျေနပ်အောင် နည်းအမျိုးမျိုးသုံးပြီး သွားရောက် ချော့မော့ခဲ့သေးသော်လည်း အချည်းနှီးပင်။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်း သူ့ကို အမှန်တကယ် စိတ်နာသွားခဲ့ကြောင်း တစ်နေ့တခြား ပိုမိုသိလာခဲ့သည့်အလျောက် သူ ဝမ်းနည်းနာကျင်စွာ တိတ်တဆိတ် မျက်ရည်ကျခဲ့ရသော နေ့ရက်ပေါင်းလည်း မနည်းတော့ပါ။

သို့သော် မမျှော်လင့်သော တစ်နေ့မှာ အနေအထားကြီးတစ်ခုနှင့် သူတို့နှစ်ယောက် ဆုံတွေ့ခဲ့ကြသည်။ အဲဒီနေ့ဟာ သူ့နှလုံးသားအတွက် ကမ္ဘာပျိုသောနေ့တစ်နေ့ဖြစ်ကြောင်း ကြိုတင်သိခွင့်ရခဲ့ပါလျှင် သူ အစောကြီးကတည်းက အဝေးဆုံးသို့ထွက်ပြေး လွတ်မြောက်အောင် ကြိုးပမ်းမိမှာ အမှန်ပင်။

ထုံးစံအတိုင်း ထိုနေ့ညနေပိုင်းမှာ သူငယ်ချင်းများနှင့် လမ်းခွဲပြီး ငိုက်စိုက် ငိုက်စိုက်နှင့် အိမ်ပြန်လာသောသူ၊ မမျှော်လင့်ဘဲ အိမ်ထဲဝင်လာခိုက် ထနောင်းနှင့် ပက်ပင်းတိုးခဲ့ရလေသည်။ ထနောင်းက သူ့ကိုမြင်သော် တစ်ချက်မျှသာ စိုက်ကြည့်ပြီး အမေတို့နှင့် ဆက်လက်စကားကောင်းနေခဲ့သည်။ သူလာမှ ထနောင်းမျက်နှာ ပိုတင်းမာသွားသည်ဟု ထင်မိပါသည်။

သူ သက်ပြင်းတစ်ချက် ခိုးရှိုက်ပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ အခန်းထဲ တန်းဝင်လာခိုက် ...

"သား ... ဒီမှာ သားသူငယ်ချင်း ရောက်နေတယ်လေ၊ ဒီကိုလာပါဦး"





အမေ ရုတ်တရက် လှမ်းခေါ်တာမို့ မတတ်သာသည့်အဆုံးမှာ သူ အမေတို့ရှိရာသို့ မလာချင် လာချင်ဖြင့် လာခဲ့လေသည်။ အမေ့ဘေးနား ကုပ်ကုပ်လေး ဝင်ထိုင်ပြီး ထနောင်းရှိရာယောင်လို့မှတောင် မျက်လုံးမရောက်မိဘဲ တစ်ဖက်လှည့်နေသောသူ့ကို အမေက နားလည်သလို ပြုံးကြည့်ကာ ...

"သားတို့က ခုထိ စိတ်ကောက်နေကြတာကိုး၊ ကြည့်စမ်း ကလေးတွေလည်း မဟုတ်ကြတော့ဘဲနဲ့ကွယ်"

"သားကတော့ ဖြစ်နိုင်ရင် ကလေး ပြန်ဖြစ်ချင်တယ် အမေ၊ ကလေးဘဝတုန်းက အရမ်းပျော်ဖို့ကောင်းတယ်၊ ဘာပူပင်သောကမှ မရှိဘူး၊ အသက်တစ်ရက်ကြီးလာလေ ပိုပြီးစိတ်ညစ်ရလေပဲ"

သူ့ရဲ့ဘောက်ဆတ်ဆတ် အပြောကြောင့် အမေ တစ်ခဏတော့ ကြောင်အ,သွားပါသည်။ သူ ထနောင်းမျက်နှာကို မသိမသာ ခိုးကြည့်မိတော့ နှုတ်ခမ်းအစုံ မချင့်မရဲ ပြုံးသွားတာကို တွေ့လိုက်သည်။

ကဲ ... ငါပြောတဲ့ အဓိပ္ပာယ်ကို နင် နားလည်မှာပါ ထနောင်း။ နင်နဲ့ ငါ တစ်ချိန်တုန်းက အတူပျော်ရွှင်ခဲ့တဲ့ အတိတ်နေ့ရက်တွေကို ပြန်လိုချင်မိတာ ငါ တစ်ယောက်တည်းတော့ ဖြစ်နိုင်မယ် မထင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းက မျက်လွှာပင့်ကြည့်ကာ ပဟေဠိဆန်သော အမူအရာဖြင့် ...

"အန်တီ ... မမကိုလည်း ပြောလိုက်ပါ၊ ဆက်ဆက်လာခဲ့ပါလို့၊ သမီးကို ခွင့်ပြုပါဦး"

သူ ထနောင်း ဘာတွေပြောနေမှန်း နားမလည်နိုင်စွာ နှုတ်ဆိတ်ငြိမ်သက်နေမိပါသည်။ ထနောင်းက သူ့မျက်နှာကို အဓိပ္ပာယ်တစ်မျိုးပါသော အကြည့်ဖြင့် တစ်ချက်စိုက်ကြည့်ပြီးနေရာမှ ထရပ်လိုက်သည်။ သူ နှုတ်ဆက်ရကောင်းနိုးနိုးနှင့် ချီတုံချတုံ ဖြစ်နေချိန်မှာပင် ထနောင်း သူ့ရှေ့မှ ဖြည်းဖြည်းချင်း ထွက်သွားလေတော့သည်။

သူ့စိတ်ထဲ တစ်မျိုးကြီး လေးလံသွားမိပါသည်။ အမေက သူ့ခေါင်းကို ခပ်ဖွဖွလေးတစ်ချက်ပုတ်ကာ ...

"ထနောင်းလေးကို လိုက်ပို့လိုက်ဦးလေ သား"

သူ့ခေါင်းထဲ အမေ့စကားနှင့်အတူ တစ်စုံတစ်ရာ၏ စေ့ဆော်မှုကြောင့် လင်းခနဲ တစ်ချက်ဖြစ်သွားရကာ မဆိုင်းမတွပင် ထနောင်းနောက်သို့ ပြေးလိုက်လာခဲ့မိသည်။ မီလုမီခင်ဖြစ်ခါနီးမှာပင် သူ မအောင့်အည်းနိုင်တော့ဘဲ အော်ခေါ်လိုက်လေသည်။

"ထနောင်း ... ထနောင်း"





ထနောင်းက သူ့ကို လှည့်မကြည့်ဘဲခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။ သူ့ထံမှ ထွက်ကျလာသည့် စကားကို အဆင်သင့်စောင့်ဆိုင်းနေပုံမျိုး။ သူ တံတွေးတစ်ချက် မျိုချကာ ထနောင်းဘက် မဝံ့မရဲ ခိုးကြည့်လိုက်လေသည်။

ဘေးတိုက်မြင်နေရသော မျက်နှာတည်တည်လေးက သူ့အပေါ် အစာမကြေသေးသော အရိပ်အယောင်များဖြင့် တင်းမာခက်ထန်နေခဲ့သည်။ သူ စိတ်မသက်မသာဖြင့် သက်ပြင်းတစ်ချက် ကျိတ်ချလိုက်ရင်း လေသံပျော့ဖြင့် မေးမိသည်။

"ထနောင်း ... နင် ငါ့ကို စိတ်ဆိုးနေတုန်းပဲလား"

ထနောင်းက သူ့မေးခွန်းကြောင့် လှစ်ခနဲ တစ်ချက် ပြုံးလိုက်လေသည်။ သူ့ကို ခပ်ဖြည်းဖြည်းချင်း စိုက်ကြည့်လာကာ ...

"ငါတို့အရွယ်တွေက စိတ်ဆိုးစိတ်ကောက်ရမယ့် အရွယ်တွေ မဟုတ်တော့ဘူးလေ၊ ငါက ဘာအတွက် နင့်ကိုစိတ်ဆိုးရမှာလဲ"

ဘာမှမဖြစ်သလို အမူအရာဖြင့် ရယ်ရွှင်စွာဆိုလာသော ထနောင်းကြောင့် သူ့စိတ်ထဲ မတင်မကျကြီး ခံစားလိုက်ရသည်။ သူတို့ ပြဿနာအကြီးအကျယ် တက်ထားတာကို ထနောင်း မေ့ပစ်ရလောက်အောင် အသိဉာဏ်မချို့ယွင်းသေးဟု သူ ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူ့အမြင်မှာ ထနောင်းက ထူးဆန်းအံ့ဩ ဖွယ်ကောင်းလောက်အောင် တည်ငြိမ်အေးဆေးနေသလိုပင်။

"နှင် မလိမ်ပါနဲ့ဟာ၊ နှင် ငါ့ကို စိတ်တော့နာနေပါတယ်၊ အဲဒါ ဟုတ်လား"

ထနောင်းက သူ့စကားကြောင့် အသံထွက်အောင်ပင် ရယ်မောချလိုက်ပါသည်။ သူ့စကားထဲမှာ ရယ်စရာတစ်ခုမှ မပါတာတော့ ကျိန်းသေဖြစ်သည်။ သူ့စိတ်ထဲ မရိုးမရွနှင့် မခံချိ မခံသာ ဖြစ်လာရပြီးနောက်မှာ ဘုတော တောချင်စိတ်က နေရာယူ စိုးမိုးလာသည်။

"နှင် ဘာရယ်တာလဲ ထနောင်း"

"ဟား ဟား ... မရယ်ရအောင် ငါက ငိုရမှာလား ဒီသွန်းရဲ့၊ နှင်ဟာလေ ထူးထူးဆန်းဆန်းတွေ လာမေးနေတယ်၊ ငါ့မှာ တစ်နေ့ တစ်နေ့ ကိုယ့်အချိန်နဲ့ကိုယ်တောင် မအားမလပ်နိုင် ဖြစ်နေတာ နှင့်ကို ထိုင်စိတ်နာနေလို့ ဘာရမှာလဲ"

"ဒါဆို နှင်နဲ့ငါ ဖြစ်ခဲ့တဲ့ကိစ္စကို မေ့လိုက်ပြီပေါ့"

ထနောင်းက ခေါင်းတစ်ချက်ဆတ်ပြရင်း ...

"အင်း ... စိတ်ညစ်စရာတွေ ဘာလုပ်ဖို့ ပြန်တွေးနေတော့မှာလဲ၊ မေ့ပစ်လိုက်တာ အကောင်းဆုံးပဲပေါ့၊ နှင်နဲ့ ငါက သူငယ်ချင်း အရင်းကြီးတွေလေ"





ထနောင်းရဲ့ နောက်ဆုံးအဆိုပြုချက်က သူ့နားထဲ ကန့်လန့်ဖြတ် တိုးဝင်သွားသည်။ တစ်သက်လုံး ထိုအသုံးအနှုန်းကြီးနှင့်ပင် ကိုင်ပေါက်သွားတော့မည်ထင်သည်။

"အခု နှင် ငါတို့အိမ်ကို ဘာလာလုပ်တာလဲ ထနောင်း"

"ဖိတ်စာလာပေးတာလေ"

သူ့ခြေလှမ်းတွေကို တစ်စုံတစ်ယောက် အလစ်ချောင်း ရိုက်ချိုးလိုက်သလို တုံ့ခနဲရပ်သွားရသည်။ သူ နားကြားများ လွဲသွားတာလား။ ထနောင်း ဘာပြောလိုက်တာလဲ။ မသေချာ မရေရာမှုများနှင့် သူ ထနောင်း မျက်နှာကို အံ့ဩတကြီး စိုက်ကြည့်လိုက်မိသည်။

ထနောင်းက သူ့ကို အေးအေးသက်သာပင် တန်ပြန်ပြုံးကြည့်နေခဲ့ပါသည်။ ပျော့ပျောင်းနူးညံ့မယောင်နှင့် အေးစက်ပြတ်သားသော အရိပ်အမြွက်တချို့ကို ထနောင်း မျက်ဝန်းထဲ ရှာဖွေတွေ့ရှိလိုက်ရသည့် ခဏမှာ သူ့အပေါ် ကမ္ဘာကြီးတစ်ခုလုံး ပြိုပိကျလာခဲ့တော့သည်။

"နှင် ... ငါ့ကို ဘာပြောလိုက်တာလဲ ထနောင်း"

သူ့ရဲ့ ကစဉ့်ကလျား မေးခွန်းအတွက် ထနောင်း ဖန်တီးလာသော မခိုးမခန့် အပြုံးတစ်ပွင့်က လေးတင်ထားသော မြားတစ်စင်းနှယ်။ သူ့နှလုံးသားကို ပစ်ခွင်းဖို့ အဆင်သင့်ဖြစ်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖိတ်စာလာပေးတာလေ ဒီသွန်းရဲ့၊ လာမယ့်အပတ် ဆန်းအေးမှာ ငါနဲ့ကိုကြီးတို့ရဲ့ မင်္ဂလာပွဲရှိတယ်၊ ပထမတော့ နင့်ကို ငါ့ရဲ့အရင်းနှီးဆုံး သူငယ်ချင်းအဖြစ် သတို့သားအရံ လုပ်ခိုင်းဦးမလို့ပဲ၊ ဒါပေမဲ့ နောက်တော့ ငါ စိတ်ကူးပြောင်းသွားတယ်၊ နင့်ကို ဧည့်သည်အဖြစ်ပဲ ပွဲတက်ခိုင်းတော့မယ်လို့၊ နင် ငါ့ပွဲကို ဆက်ဆက်လာခဲ့ရမယ်နော်၊ ပျက်ကွက်ရင်တော့ ငါ တကယ်စိတ်ဆိုးမိမှာ ကျိန်းသေတယ်"

BURMESE CLASSIC .com

သူ့ခြေလှမ်းတွေ တဒင်္ဂအတွင်းမှာပင် ယိမ်းယိုင်ပြိုလဲသွားရပါသည်။ ကြားလိုက်ရသော စကားလုံးတိုင်းက သူ့ခံနိုင်ရည်စွမ်းအားတွေကို တစ်စချင်းစီ ဖဲ့ဆုပ်ခြွေချပစ်ခဲ့သည်။ ခပ်ပြင်းပြင်း လှုပ်ရှားခုန်ပေါက်လာသော ရင်ခုန်သံစည်းချက်များက အတက်အကျမညီစွာ သူ့နှလုံးသားထဲ ဝုန်းဒိုင်းကြဲ ဆူညံနေခဲ့လေသည်။

သူ နေရာမှာတင် မလှုပ်မယှက် ကြက်သေ,သေနေမိသည်။ ကမ္ဘာလောကကြီးရဲ့ ဖြစ်တည်မှုက သူနဲ့တဒင်္ဂမျက်ခြည်ပြတ်သွားသလိုပင်။

ထနောင်းက သူ့ကို ခပ်စူးစူး စိုက်ကြည့်ကာ ဆက်ပြောသည်။





"သူငယ်ချင်း၊ ငါ တစ်ချိန်တုန်းက ပြောခဲ့သလိုပဲ၊ နင်ဟာ ငါ့ရဲ့ ထာဝရသူငယ်ချင်းပါ၊ ငါတို့နှစ်ယောက် တစ်သက်လုံး တွဲလက်မဖြုတ်ဘဲ ရပ်တည်သွားကြရအောင်၊ နင့်ရင်ထဲမှာ ငါအမြဲရှိသလို ငါ့ရင်ထဲမှာလည်း နင်ထာဝရ တည်မြဲနေမှာပါ၊ သူငယ်ချင်းတွေဆိုတာ အငြိုးတွေ၊ အာဃာတတွေ မထားရဘူးတဲ့၊ တစ်ယောက်အပေါ်တစ်ယောက် နားလည်သည်းခံနိုင်စိတ် ကြီးမားစွာ ဖေးမကူညီပေးတတ်ကြတယ်တဲ့ ...

နင် လိုအပ်ချိန်တိုင်းမှာ ငါ့ဘက်က အဆင်သင့်ဖြစ်နေမှာပါ၊ ဒီလိုပဲ ငါလိုအပ်ချိန်တိုင်းမှာလည်း နင် အမြဲအသင့်ရှိနေပေးရမယ်နော်၊ ကဲ ... ရယ်ဒီ"

ထနောင်းက ညာဘက်လက်ဝါးလေး တစ်ဖက်ကို ထောင်ကာ သူ့ကို အသင့်အနေအထားဖြင့် စောင့်နေလေသည်။ သူ နာကျင်ပြင်းရှစွာ အံတစ်ချက်ကြိတ်လိုက်ပြီး ထနောင်းနှင့် လက်ဝါးချင်း ခပ်ဖွဖွရိုက်လိုက်သည်။

လက်နှစ်ဖက်ရိုက်သံက တိုးတိုးလေး ဆိုပေမယ့် သူ့ရင်ထဲမှာတော့ နှလုံးသားတိမ်စိုင်တိမ်ချပ်တွေ အဆုပ်လိုက်ကွာကျလာသလို ပဲ့တင်ထပ် မြည်ဟီးသွားပါသည်။ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ဝေ့တက်လာသော မျက်ရည်စတချို့ကို ထနောင်း မမြင်အောင် ခပ်ကြမ်းကြမ်း ပွတ်သုတ်ရင်း သူ ဟက်ခနဲ တစ်ချက်ရယ်သွမ်း သွေးလိုက်သည်။

မချိတင်ကဲ နိုင်လှသော သူ့ရယ်သံကို ထနောင်း မရိပ်မိပါစေနှင့်ဟု တိတ်တဆိတ် ဆုတောင်းလိုက်မိသေးသည်။

"နင်ရွေးချယ်တဲ့လမ်း မှန်ကန်ပါစေလို့ ငါ ဆုတောင်းပေး လိုက်ပါတယ် ထနောင်း၊ ဘာပဲဖြစ်ဖြစ် နင် လိုအပ်ချိန် တိုင်းမှာ ရဲဒီသွန်း ဆိုတဲ့ သူငယ်ချင်းတစ်ယောက် အမြ တစေ ရှိနေမယ်ဆိုတာတော့ ကျေးဇူးပြုပြီး ယုံကြည်ပေးသွာ ပါ"

"စိတ်ချပါ သူငယ်ချင်း၊ ငါ နင့်စကားကို အကြွင်း ယုံကြည်ပါတယ်"

သူတို့နှစ်ယောက်လုံး စက္ကန့်ပိုင်းမျှ တိတ်ဆိတ်သွာ ကြလေသည်။ ဒါဟာ နောက်ဆုံးတွေ့ဆုံခြင်းပဲလို့ သူ့ရင် အလိုလို သိရှိလိုက်ရသည့် ခဏမှာ ရင်တစ်ခုလုံး ကွဲကြေလ ဟာသွားရသည်။ ဖြစ်နိုင်လျှင် ဒီအချိန်ပိုင်းလေးကို သူ့တစ်သ တာ မြတ်နိုးဖက်တွယ်ခွင့်ရလျှင် သူ့လောက် ပြီးပြည့်စုံနိုင်သေ သူ မရှိတော့ဟု တစ်ထစ်ချ ယူဆလိုက်မိသည်။





သို့သော် သူဟာ အိပ်မက်ထဲ စမ်းတဝါးဝါး လမ်း လျှောက်နေရသူသာ ဖြစ်မှန်းမသိ ဖြစ်နေခဲ့လေပြီ။ အချိန်တန်လျှင် အိပ်မက်တစ်ခုလုံး အစအန ရှာမရအောင် အငွေ့ပျံပျောက်ဆုံးသွား တော့မည်။ ထိုအချိန်ကာလဆီသို့ သူ မရောက်လို၊ မမျှော်မှန်းလိုပါ။

ထနောင်းက သူ့ကို ခပ်ငေးငေး စိုက်ကြည့်နေရာမှ ဖျတ်ခနဲ တစ်ဖက်လှည့်သွားကာ ...

"ဒီသွန်း ... နင် လိုက်မပို့နဲ့တော့နော်၊ ငါ့ဟာငါ ပြန် တော့မယ်"

သူ ထနောင်း တောင်းဆိုချက်ကို ပြတ်ပြတ်သားသား ပင် ခေါင်းခါယမ်းလိုက်မိသည်။ နောက်ဆုံးအနေနဲ့ ဒီအခွင့်အရေး လေးတော့ နင့်ဘက်က မတွန့်တိုစမ်းပါနဲ့ ထနောင်းရယ်။ နင်နဲ့ တူတူ နောက်ဆုံးလျှောက်ခဲ့ရတဲ့ ဒီအခိုက်အတန့်လေးကို တစ်သက် တာ အမှတ်တရအဖြစ် သိမ်းပိုက်ယူငင်သွားပါရစေ။

"ငါ နင့်ကို အိမ်အထိ လိုက်ပို့ပေးပါရစေ ထနောင်း"

ထနောင်းက သူ့ကို ငေးခနဲသာ တစ်ချက်စိုက်ကြည့် လျက် ဘာစကားမှ မဆိုဖြစ်ကြတော့ဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ဆက်လက် ခရီးနှင်ခဲ့ကြပါသည်။ ညတွေထဲမှာ ဒီညလောက် အကျည်းတန်ဖွယ်ကောင်းသောည သူ့ကမ္ဘာမှာ ထပ်ရှိနိုင်တော့ မည် မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေး ကောင်းကင်ပြင်ဆီမှ ကြယ်ဖြူတချို့၏ တိုးညင်းညင်း ငိုညည်းသံ ကြားလိုက်ရချိန်မှာ သူ့ရင်ထဲမှ ကြယ် တစ်ပွင့်၏ ငိုချင်းချသံကိုလည်း ပြက်ပြက်ထင်ထင် ကြားလိုက်မိပြ သည်။ သေချာတာကတော့ သူ့အတွက် ကြယ်ကြွေသံတွေ မ မြိန်နိုင်ခြင်းပဲ ဖြစ်ပါတော့သည်။





ဒီတွေ့ဆုံမှုကြီးက သူ့တစ်သက် အိပ်မက်ပင်မမက်ခဲ့ဖူးသော အံ့ဖွယ်ဖြစ်ရပ်ကြီးပင်ဖြစ်သည်။ သူ့ဘဝမှာ သေမလောက် မုန်းတီးသော လူသားတစ်ယောက်နှင့် စကားလက်ဆုံကျဖို့မပြောနှင့်။ မျက်နှာချင်းမဆိုင်၊ အသံပင် မကြားလိုခဲ့ပါ။

ခုတော့ သူ ထနောင်း အတွက် တစ်ခုတည်းသော ဆုံးဖြတ်ချက်နှင့်အတူ ထိုပုဂ္ဂိုလ်ကို မျက်နှာချင်းဆိုင် တွေ့ဆုံရန် စီစဉ်လိုက်ရခြင်းပင်။ ထိုအစီအစဉ်အတွက် သူ့ကိုယ်သူ မှားလား၊ မှန်လား တိတိကျကျ မဝေခွဲနိုင်ခဲ့ပါ။

သူငယ်ချင်းများ၏ ရှာဖွေစုံစမ်းပေးမှု အကူအညီဖြင့် ရရှိခဲ့သော ဖုန်းနံပါတ်တစ်ခုကိုကြည့်ရင်း သူ မဲပြုံးတစ်ချက်တော့ ပြုံးလိုက်မိသေးသည်။

ဖုန်းနံပါတ်များကို တစ်လုံးချင်းနှိပ်ရင်း တစ်ဖက်မှ အသံကို နားစွင့်နေမိချိန်မှာ သူ့အာရုံထဲ ထနောင်း မျက်နှာလေးကို ဖျတ်ခနဲ မြင်ယောင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းရယ်။ နင့်ကို စိတ်မချခြင်းများစွာနဲ့ ငါ့ရဲ့ နဂိုဗီဇ မျက်နှာဖုံးကိုခွာချပြီး သတ်ပစ်ချင်လောက်အောင် မုန်းတီးရတဲ့ လူတစ်ယောက်ဆီကို အောက်ကျနောက်ကျ စတင်ဆက်သွယ်နေရပြီ။ နင့်အတွက် ပူဆွေးရတာက်ပွေပေးရတဲ့ ငါ့အဖြစ်ကို နင် တစ်နေ့နေ့မှာ သိခွင့်ရမယ်ဆို ငါ ကျေနပ်ပါပြီ။

"ဟဲလို ... မင်းဝီရ ပြောနေပါတယ် ခင်ဗျာ"

အသံပိုင်ရှင်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိစွာ လောကကြီးကို အချိန်မရွေး စိန်ခေါ်နိုင်သူတစ်ယောက်၏ ပိုင်စိုးပိုင်နင်း လေသံမျိုး။ တစ်ဖက်သားကို ကိုယ့်လိုရာဆွဲဆောင်ဖြားယောင်းနိုင်စွမ်းရှိသော ဩဇာအာဏာတစ်မျိုး လွှမ်းမိုးသက်ရောက်နေခဲ့သည်။

သူ ဖုန်းခွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း တဒင်္ဂ မှင်သက်နေမိသည်။ ဘယ်ကဘယ်လို စပြောရမှန်းမသိ၍ ငြိမ်နေမိခြင်းပါ။

"ဟဲလို ... ဟဲလို ... ဟာကွာ၊ ဘယ်က ဖုန်းသရဲတွေလဲ"

စိတ်မရှည်သလို ခပ်ဆတ်ဆတ် အော်လိုက်သော ဦးမင်းဝီရကြောင့် သူ ချက်ချင်းသတိဝင်လာပြီး တံတွေးတစ်ချက် မျိုချကာ ...

"သူဌေး ကျုပ်ပါ"





သူ့အသံက မာကျောကျော၊ ပြတ်တောင်းတောင်း။ တစ်ဖက်မှ ခေတ္တအသံတိတ်သွားပြီး အသက်ရှူသံ ခပ်ပြင်းပြင်းကိုသာ ကြားရလေသည်။

တစ်အောင့်ကြာမှ လည်ချောင်းရှင်းသံ တစ်ချက်နှင့် အတူ ...

"မင်း ကိုယ့်ဖုန်းနံပါတ်ကို ဘယ်ကရတာလဲ"

"ဖုန်းနံပါတ်တစ်ခု စုံစမ်းရတာ ကျုပ်အတွက် သိပ်ခက်တဲ့ကိစ္စ မဟုတ်ပါဘူး သူဌေး"

"ဒါဆို ကိုယ့်ဆီ တကူးတက ဖုန်းဆက်ပြီး ပြောရလောက်အောင် မင်းအတွက် သိပ်အရေးကြီးနေတယ် ဆိုတော့ ထနောင်းရိပ် အကြောင်းမှ ဟုတ်ရဲ့လား"

"သိပ်သေချာတာပေါ့၊ ထနောင်းရိပ် ဆိုတဲ့ ကြားခံနယ်သာ မရှိရင် ခင်ဗျားနဲ့ကျုပ် နှစ်ယောက်အတွက် ဆက်နွယ်မှု ဆိုတာ ရှိလာမှာ မဟုတ်ဘူး"

"အင်း ... ထားပါတော့လေ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ် နော်၊ ကိုယ်က မင်းလို မချမ်းသာဘူးကွ"

သူ ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားရသည်။ ဦးမင်းဝီရ ဘာဆိုလိုပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတဲ့ အဓိပ္ပာယ်ကို ကျုပ် နားမလည်ဘူး၊ ကျုပ်က ဘာတွေချမ်းသာနေလို့လဲ၊ စကားကို ဝေ့လည်ကြောင်ပတ် မပြောပါနဲ့ သူဌေး"

ဦးမင်းဝီရက သူ့စကားကြောင့် အသံထွက်အောင် ရယ်လိုက်လေသည်။

"ဟား ဟား ... မင်းက ကိုယ့်ထက် အချိန်တွေအများကြီး ချမ်းသာတယ်လို့ ပြောတာပါကွာ၊ မင်းက အချိန်သူဌေး ဖြစ်နေတော့ မင်းနဲ့စကားပြောဖို့ အချိန်ကို ကိုယ့်အလုပ်ချိန်တွေထဲက ခဲရာခဲဆစ် ဖဲ့ပေးရမှာ ကိုယ့်အတွက် အချိန်က သိပ်ရှားတယ်လေ"

ဒါ သူ့ကို သက်သက်ဖဲ့လိုက်တာပင်။ ပညာသားပါသော စော်ကားမှုတစ်ခုကြောင့် သူ့စိတ်ထဲ ထောင်းခနဲဖြစ်သွားရသည်။ သို့သော် ကိုယ်က အရင်စထားခြင်းဖြစ်၍ အတတ်နိုင်ဆုံး စိတ်ကိုလျှော့ချပစ်လိုက်ကာ ပြေပြေလည်လည် ဆိုမိသည်။

"ကျေးဇူးပြုပြီး ခင်ဗျားရဲ့ ထေ့ငေါ့မှုတွေကို အဝေးတစ်နေရာ လွှင့်ပစ်ထားပေးပါ၊ ကျုပ် ခင်ဗျားနဲ့ ဆယ့်ငါးမိနစ်လောက် တွေ့ချင်တယ်၊ ထနောင်းနဲ့ ပတ်သက်ပြီး ကျုပ်ပြောစရာလေးတွေ ရှိလို့ပါ၊ အဲဒါ ခင်ဗျား ဘယ်ကိုလာပေးနိုင်မလဲ"





သူ ပြတ်ပြတ်သားသားပင် တောင်းဆိုလိုက်သည်။ ဦးမင်းဝီရ အချိန်အတော်ကြာအောင် စဉ်းစားခန်းဝင်နေပြီးမှ ...

"နေပါဦး၊ မင်း ပြောမယ့် အကြောင်းအရာက လူချင်းတွေ့ ပြောရလောက်အောင် ကိန်းကြီးခန်းကြီးနိုင်နေလို့လား၊ ဖုန်းထဲက ပြောလို့မရဘူးလား"

"ဟ ... ခင်ဗျားနဲ့ မနက်ဖြန် လက်ထပ်ရတော့မယ့် မိန်းကလေးတစ်ယောက်အကြောင်း ပြောမှာလေ၊ ဒီကိစ္စက ကိန်းကြီးခန်းကြီး မဟုတ်ဘူးလား"

သူ စိတ်ပေါက်ပေါက်နှင့် အော်ပစ်လိုက်သည်။ ဒီလူရဲ့ အထက်စီးဆန်ပုံက သူ့ကို အမှန်ပင် ဒေါသဖြစ်စေပါသည်။ ကိုယ့်ဘက်က မတတ်သာပဲ လျှော့ထားတာကို သူ့ကိုယ်သူ ဟုတ်လှပြီထင်ပြီး ဘုကန့်လန့် လာတိုက်ချင်နေသည်။

"မင်းအတွက်တော့ ဟုတ်ချင် ဟုတ်မှာပေါ့ကွာ၊ ကိုယ့်အတွက်ကတော့ အိမ်ထောင်ပြုခြင်းဆိုတဲ့ ကိစ္စကလည်း အစိတ်အပိုင်းတစ်ခုလောက်ပဲ အကျုံးဝင်တာပါ၊ သာမန်ဘုပ်ရိုးလုပ်စဉ် ကိစ္စလိုပဲ သဘောထားပါတယ် ...

ကဲပါလေ ... နောက်ဆုံးအနေနဲ့ မင်းဆန္ဒကို ကိုယ်ဖြည့်ဆည်းပေးပါမယ်၊ ကိုယ်တို့ ဘယ်မှာတွေ့ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အခု လှည်းတန်းမီးပွိုင့်နားက ဆက်သွယ်ရေးဖုန်းနဲ့ ဆက်နေတာ၊ ကျုပ်တို့ စိမ်းလမ်းစိုပြည်မှာပဲတွေ့ဖို့ ချိန်းလိုက်တာပေါ့၊ အဲဒီနေရာက အေးအေးဆေးဆေး စကားပြောလို့ ကောင်းတယ်"

"အိုကေ ... ကောင်းပြီ၊ ကိုယ်လာခဲ့မယ်"

သူ ဖုန်းကို ခွပ်ခနဲချပြီး ကျသင့်ငွေ ပေးရှင်းကာ ပြည်လမ်းမကြီးအတိုင်း တရွေ့ရွေ့ လျှောက်လှမ်းလာခဲ့သည်။ အရင်တုန်းက သူငယ်ချင်းတွေစုပြီး အင်းလျားမြေကို အခေါက်ပေါင်းများစွာ လာခဲ့ဖူးသည်။ သူရော ထနောင်းပါ အပါအဝင်ပေါ့။

နောက်ဆိုလျှင် ဒီလမ်းမများဟာ ကိုယ့်တစ်ယောက်တည်း အထီးကျန် အဖော်မဲ့စွာ မလွှဲမသွေ လျှောက်လှမ်းရတော့မည့်လမ်းများ ဖြစ်လာတော့မည်။ သူ့ရင်ထဲ လှိုက်ခနဲ ဆို့နင့်နာကျင်သွားပါသည်။ သူ ခုတလော သူငယ်ချင်း အပေါင်းအသင်းတွေနှင့်လည်း ပုံမှန်မတွေ့ဖြစ်။ ဘာကြောင့်မှန်းမသိ ခုရက်ပိုင်းအတွင်း တစ်ကိုယ်တည်း အေးအေးလူလူ နေချင်မိသည်မှာ အတော်ထူးဆန်းလှပေသည်။

သူ တောင်စဉ်ရေမရသော အတွေးပေါင်းများစွာဖြင့် တဖြည်းဖြည်း လျှောက်လှမ်းလာခဲ့ရာမှ စိမ်းလန်းစိုပြည် ပန်းဥယျာဉ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။ ဝင်ကြေး





ပိုက်ဆံပေးပြီး အထဲသို့ လျှောက်လှမ်းလာခိုက် မလှမ်းမကမ်းက သစ်တုံးခုံတန်းလေးမှာ ခြေထောက်ချိတ်ထိုင်ရင်း ဖုန်းပြောနေသော ယောကျ်ားတစ်ယောက်ကို အမှတ်မထင် တွေ့လိုက်ရသည်။

သိပ်သေချာတာပေါ့။ ဒီယောကျ်ားဟာ ကမ္ဘာပေါ်မှာ နှစ်ယောက်မရှိနိုင်သော သူ အမုန်းဆုံးယောကျ်ား။ သူ့ရင်ထဲ အနည်းငယ်တော့ အုံ့ဩဘနန်း ဖြစ်သွားမိပါသည်။ စတင်ချိန်းဆိုမိသော သူ့ထက်ပိုစောစီးစွာ ရောက်နေသော ဦးမင်းဇီရဲ့ ဖွံကြီးပုံက လက်ဖျားခါလောက်ဖွယ်ရာ။ သူ ပါးစပ်ထဲမှာ အပျင်းပြေ ထည့်ဝါးလာသော ပီကေကို တဖောက်ဖောက် အသံမြည်အောင်ဖောက်ရင်း ဦးမင်းဇီရထံ လျှောက်လှမ်းလာခဲ့သည်။

ဦးမင်းဇီရက သူ့ကို တစ်ချက်မျှသာ မော့ကြည့်ပြီး ...

"အေး ... ကောင်းခန့်၊ ဒါပဲကွာ၊ ငါပြောသလိုသာ ကြည့်လုပ်ထားလိုက်၊ ဟုတ်ပြီလား၊ ငါ ဒီမှာကိစ္စတစ်ခုရှိသေးလို့ ငါ စိတ်ချမယ်နော်"

သူ မသိမသာ နှာခေါင်းရှုံ့လိုက်မိသည်။ ကမ္ဘာပေါ်မှာ သူကလွဲရင် ကျန်တဲ့လူတွေ အကုန်လုံး အလုပ်လက်မဲ့ဖြစ်နေပုံမျိုး။ သူ တစ်ယောက်ပဲ အလုပ်ရှုပ်ပြီး ပျာယာခတ်နေပုံမျိုး။ ဦးမင်းဇီရရဲ့ အိုဗာအက်ရှင်တွေက သူ့အမြင်မှာတော့ မျက်စိစပါးမွေး စူးချင်စရာပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ ချောင်းသံတစ်ချက် ပေးလိုက်ရာ ဦးမင်းဝီရက ဖုန်းပိတ်ပြီး သူ့ကို မပြုံးမရယ်သော သာမန်မျက်နှာထားတည် တည်ဖြင့် မော့ကြည့်လာလေသည်။

"ကဲ ... ရဲဒီသွန်း၊ မင်းချိန်းလို့ ကိုယ်လာခဲ့ရတယ်ဆိုပေမယ့် ကိုယ်က မင်းထက်တော့ အလုပ်ကို ပိုတိကျသေချာအောင် လုပ်တယ်၊ မင်း ပြောစရာရှိတာ ဆယ့်ငါးမိနစ်အတွင်း ပြီးအောင်ပြောပါ၊ ကိုယ် အချိန်မရဘူး"

သူ မဲ့ပြုံး,ပြုံးရင်း ပခုံးတစ်ချက် တွန့်လိုက်မိသည်။

"မနက်ဖြန် မင်္ဂလာပွဲအတွက် အလုပ်တွေ သိပ်ရှုပ်နေလို့လား သူဌေး"

သူ့ရဲ့ခနိုးခနဲ့ စကားကြောင့် ဦးမင်းဝီရက စိတ်ပျက်လက်ပျက်ဖြင့် ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ သူ့ကို မတတ်သာ၍ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေရသော အမူအရာမျိုး သင်းမျက်နှာပေါ် အထင်းသား ပေါ်လွင်နေခဲ့သည်။

"ဒီမှာ ချာတိတ်၊ ကိုယ့်ဘဝမှာ လက်ထပ်ခြင်းထက် အရေးပါ အရာရောက်တဲ့ကိစ္စတွေ အများကြီးရှိတယ်၊ မင်း ဘာပြောချင်တာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါ"

သူ ခေါင်းတဆတ်ဆတ်ညိတ်ရင်း တစ်ချက် စဉ်းစားဟန် ပြုလိုက်သည်။ စူးရှတောက်ပသော မျက်ဝန်းတစ်စုံဖြင့် ဦးမင်းဝီရကို မျက်နှာချင်းဆိုင် စိုက်ကြည့်ပြီး ...





"ကျုပ် လိုရင်းပဲပြောမယ်၊ ထနောင်းရိပ် အပေါ်မှာ ခင်ဗျား သန္တာရှိရှိနဲ့ တစ်သက်လုံး ရိုးမြေကျပေါင်းသင်းပါ၊ အကြောင်းတစ်ခုခုကြောင့်ပဲဖြစ်ဖြစ်၊ မတော်တဆပဲဖြစ်ဖြစ် ခင်ဗျားတို့ အိမ်ထောင်ရေး အက်ကြောင်းထင်လာတဲ့အသံမျိုး ကြားရတဲ့တစ်နေ့ ခင်ဗျားအတွက် အလားအလာ လုံးဝမကောင်းနိုင်ဘူးဆိုတာ ခုကတည်းက ကြိုသတိပေးလိုက်မယ်၊ အဓိက,ကတော့ ထနောင်းကို တစ်သက်လုံး စိတ်ချမ်းချမ်းသာသာ ရှိနေ့ဘာပဲ ကျုပ်မြင်ချင်တယ် ... ကဲ ... ဘယ်လိုလဲ၊ ကျုပ်တောင်းဆိုတာကို လက်ခံနိုင်ရဲ့လား"

သူ့စကားအဆုံးသတ်မှာ ဦးမင်းဝီရက မျက်ခုံးနှစ်ဖက် ပင့်တက်သွားကာ နှုတ်ခမ်းတစ်ဖက် ကွေးညွတ်ပေ့ာလာသည်အထိ အမြင်ကတ်ဖွယ် ပြုံးလိုက်လေသည်။ ဒီလိုမျက်နှာ အမူအရာမျိုးကို သူ ကြည့်မရဆုံးပင်။ သူ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေလျက်က ...

"ခင်ဗျား ကျုပ်တောင်းတဲ့ကတိကို ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"

"နေပါဦး ရဲဒီသွန်း၊ သူများလင်မယားကြားမှာ အသားလွတ် ဝင်ပါချင်တဲ့ မင်းရဲ့အဓိကရည်ရွယ်ချက်ကိုလည်း ကိုယ် အနည်းအကျဉ်းလောက် သိချင်သေးတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဟန်ပါပါ ပခုံးတွန့်လိုက်သည်။ ဖြစ်နိုင်လျှင်တော့ ဒီမေးခွန်း မဖြေခင် ပင့်လက်သီးတစ်လုံးလောက် ပစ်ကျွေးလိုက်ချင်သည်။

"လင်မယား မဖြစ်သေးခင် အနေအထားမှာ ခင်ဗျားသိအောင် ကျုပ် သတိပေးတာပါ၊ ကျန်တာတွေ ကျုပ်ဘာမှ ဂရုမစိုက်ဘူး၊ အမိက,ကတော့ ထနောင်း ဆိုတဲ့ ကျွန်တော့် သူငယ်ချင်းမလေး စိတ်ဆင်းရဲရမှာ စိုးလို့ပဲ၊ သူ့ဆီက မကောင်းသတင်း တစ်ခုခု ပြန်ကြားရတဲ့အခါ ကျုပ်အတွက် လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမှာပဲ၊ အိမ်ထောင်ရှင်ယောကျ်ားကောင်းတစ်ယောက် ပီသအောင် ခင်ဗျားကျင့်ကြံပြုမူနိုင်လိမ့်မယ်လို့ ယုံကြည်ပါရစေ"

"ဩော် ... ဟော် ... လက်စသတ်တော့ မင်းက သူငယ်ချင်းမက ဘာမှကျတဲ့ ကိုယ့်ဇနီးလောင်းအပေါ် စိတ်မချလက်မချ နှောက်ဆံငင်နေတာကိုး၊ အံ့ပါရဲ့ကွာ"

သူ မုန်းတီးစက်ဆုပ်ခြင်းများစွာဖြင့် အံတင်းတင်းကြိတ်လိုက်မိပါသည်။ သူ့ရင်ထဲ အောင့်သီးအောင့်သက်၊ မခံချိမခံသာ ဒေါသတရားတွေက နေရာမလပ် ပြည့်နှက်လျက်။ ရိုင်းသည်ဟုပဲဆိုဆို အောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်ရင်း ဆိုမိသည်။





"ဒီမှာ ဦးမင်းဝီရ၊ အဓိပ္ပာယ်မရှိတဲ့ တောင်တောင်အီအီ အတွေးမျိုးတွေ လျှောက်တွေးနေရင် ခင်ဗျား မှားသွားလိမ့်မယ်၊ ထနောင်းက ကျုပ်ရဲ့ထာဝရသူငယ်ချင်း၊ သေအတူရှင်မကွာ တစ်သက်လုံး ခင်မင်သွားမယ့် အရင်းနှီးဆုံး သူငယ်ချင်းတွေ၊ ကျုပ်တို့နှစ်ယောက်ရဲ့ ဖြူစင်သန့်ရှင်းတဲ့ သံယောဇဉ်မျိုးကို ဘယ်သူမှ လိုက်မမှီနိုင်ဘူး ...

ကုန်ကုန်ပြောမယ်ဗျာ၊ ထနောင်း မျက်နှာတစ်ချက်အညိုမခံရအောင် ခင်ဗျား ဖြည့်ဆည်းပေးပါ၊ သူ ခင်ဗျားအတွက်နဲ့ မျက်ရည်တစ်စက် ကျရပြီဆိုရင် ကျုပ်က အလကားသက်သက် လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်ဘူးဆိုတာ ခင်ဗျားခေါင်းထဲ ရိုက်သွင်းထားလိုက်တော့၊ ကျုပ်ပြောချင်တာ ဒါပဲ"

သူ စိတ်ထဲရှိတာတွေ အိတ်သွန်ဖာမှောက် ဖွင့်ချပြီး ဦးမင်းဝီရ ဘာမှဆက်မပြောလာခင်မှာ နေရာမှ ချာခနဲလှည့်ထွက်ခဲ့လေသည်။ စိမ်းလန်းစိုပြည်ထဲမှ အထွက်မှာပင် သူ့ဘေးသို့ ကားတစ်စီး လျှာခနဲ ထိုးဆိုက်လာရာ သူ တစ်ချက်မျက်လုံးဝေ့ကြည့်ခိုက် ...

"ဒီမှာ ချာတိတ်၊ စိတ်ရှုပေါက်တိုင်း လျှောက်လုပ်တတ်တဲ့ မင်းလိုကောင်ရဲ့စကားကို ကိုယ် နားထောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် မမိုက်မဲသေးဘူး၊ မနူးမနပ် ပုစွန်ဆိတ် ဦးနှောက်နဲ့ သိပ်ပြီးဟီးရိုးလု[illegible]နနဲ့လို့ မင်းကို ကိုယ်ပြန်ပြီး သတိပေးလိုက်မယ်၊ မင်းက အရင်ကတည်းက ဘေးလူပဲ၊ ကိုယ့်နေရာကိုယ် သိစမ်းပါ”

သူ့ကို အနိုင်ပိုင်းပြောပြီး ခပ်ကြမ်းကြမ်း မောင်းထွက်သွားသော ကားကိုကြည့်ရင်း သူ့ရင်ထဲ ဒေါသအစိုင်အခဲတွေ တလိပ်လိပ် လှိုက်တက်လာရပါသည်။ နီးရာအုတ်နီခဲတစ်လုံးကို အပြေးအလွှားကောက်ရင်း ကားနောက်မှန်ကို လှမ်းထုချဖို့ စဉ်းစားလိုက်ပြီးမှ မကောင်းပါဘူးဟု ကိုယ့်ကိုယ်ကိုယ် ပြန်ဖြေသိမ့်လိုက်ရသည်။

ရုတ်တရက် အာရုံထဲ ပေါ်လွင်ထင်ဟပ်လာသော ပုံရိပ်လေးတစ်ခုက သူ့အပြုအမူကို အလိုလိုနေရင်း ရပ်တန့်သွားစေခဲ့ပါသည်။

ထနောင်းရယ် ... နင်ဟာ မပီဝိုးတဝါး အရိပ်လေးတစ်ခုအဖြစ်နဲ့တောင် ငါ့အပေါ် ရာနှုန်းပြည့် ထိန်းချုပ်လွှမ်းမိုးနိုင်သူပါ။

❁❤❁





သူ့တစ်သက်မှာ ဒီလောက် ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းသော မင်္ဂလာပွဲမျိုးကို တစ်ကြိမ်တစ်ခါမှ မကြုံတွေ့ခဲ့ရဖူးပါ။ ပန်းရောင်ဖျော့ဖျော့ သတို့သမီးဝတ်စုံနှင့် ထနောင်းကို သူ ရင်နာနာနှင့်ပင် မျက်တောင်မခတ်တမ်း ခိုးငေးကြည့်မိသည်။

ပထမတော့ သူ့နှလုံးသားကို အရှင်လတ်လတ် မီးမြှိုက်ပစ်မည့် ဒီပွဲကိုတက်ဖို့ အကြောက်အကန် ငြင်းဆန်ခဲ့မိသေးသည်။ သို့သော် အမေတို့ တိုက်တွန်းချက်ရော သူငယ်ချင်းများ၏ ဝိုင်းဝန်းနှိုးဆော်မှုများနှင့်ပါ သူ ကြေကွဲဝမ်းနည်းဖွယ်အတိဖြင့် တက်ရောက်ချီးမြှင့်ရခြင်း ဖြစ်လေသည်။

သူ့အဖြစ်က တော်တော်လေးကို ဆိုးရွားလွန်းပါသည်။ ထနောင်းက ဦးမင်းဝီရလက်ကို မသိမသာဖြုတ်ပြီး သူတို့ သူငယ်ချင်းများရှိရာဝိုင်းသို့ ခပ်သွက်သွက် လျှောက်လှမ်းလာကာ နှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသွန်း ... နင်တို့အားလုံး လာကြတဲ့အတွက် ငါ့ အရမ်းကျေးဇူးတင်ပါတယ်ဟာ"

ဖိုးတေတို့သုံးယောက်က သူ့ကို အဓိပ္ပာယ်တစ်မျိုးပါသော အကြည့်ဖြင့် လှမ်းကြည့်လာလေသည်။ သူ သက်ပြင်းတစ်ချက် ခပ်လေးလေးချပြီး ထနောင်းကို မချင့်မရဲ ပြုံးပြလိုက်မိသည်။

"လာရမှာပေါ့ဟာ၊ သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးရဲ့ မင်္ဂလာပွဲကို မပျက်မကွက် တက်ရောက်ဖို့တာဝန် ငါတို့မှာ ရှိတာပေါ့"

သူပြောရင်း ထနောင်းကို မျက်နှာလွှဲလိုက်မိသည်။ ဆက်ပြောချင်စိတ် မရှိတော့လောက်အောင် သူ့ရင်တစ်ခုလုံး မွမြကြေနေခဲ့ပါသည်။ ဖြစ်နိုင်လျှင် ဒီနေရာကနေ အဝေးကိုချက်ချင်းပြေးထွက်သွားချင်မိသည်။ ဘဝကို ဟန်ဆောင်မှုကင်းကင်း ရပ်တည်ရှင်သန်လာခဲ့သော သူ့အတွက် အောင့်အည်းထိန်းချုပ်နိုင်စွမ်းတွေ ဆုတ်ယုတ်ကုန်ခန်းနေခဲ့သည်။

ထနောင်းက သူ့မျက်နှာရိပ် မျက်နှာကဲကို သတိပြုမိ၍လား မပြောတတ်။ သူ့ကို ဘာမှမပြောတော့ဘဲ ဖိုးတေတို့နှင့်သာ စကားလက်ဆုံကျနေခဲ့လေသည်။ ထိုအချိန်မှာပင် အရိပ်တစ်ခုက သူတို့ဝိုင်းနားသို့ ဖျတ်ခနဲ ရောက်ရှိလာကာ ...





"ထနောင်း ... ဟာကွာ၊ ဟိုမှာ အရေးကြီးဧည့်သည်တွေကို ဧည့်မခံဘဲ ဘယ်လိုလုပ် ဒီရောက်နေတာလဲ၊ မင်းနဲ့တော့ ခက်တာပဲကွာ၊ လာ ... လာ ... အရည်မရ အဖတ်မရတွေနဲ့ အချိန်ကုန်ခံမနေနဲ့"

သူတို့တစ်အုပ်စုလုံးကို မနှစ်မြို့ဟန် အထင်းသားပေါ်နေသည့် အကြည့်ဖြင့် ဝေ့ဝဲကြည့်ရှုကာ ဆိုလာသော ဦးမင်းဝီရစကားကြောင့် သူ ဆတ်ခနဲ ခေါင်းထောင်သွားရသည်။ ဒါဘာလိုင်းကြီးသက်သက် လာစော်ကားတာ။ သူ သည်းမခံနိုင်သည့်အဆုံးမှာ စားပွဲခုံကို လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်ရင်း ဦးမင်းဝီရမျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်မိသည်။

"ထနောင်း ... ငါတို့ပြန်တော့မယ်၊ နင့်ဆီမှာ ဘယ်လိုအခက်အခဲတွေပဲရှိရှိ ငါ့ကို အချိန်မရွေး လာရင်ဖွင့်ပါ၊ နင့်အတွက်ဆို ငါဟာ အမြဲတမ်း နင့်ရှေ့က မားမားမတ်မတ် ရပ်တည်ပေးနေမယ့် ထာဝရသူငယ်ချင်းကောင်းဆိုတာ မေ့မထားနဲ့ ...

နင့်ကို မျက်ရည်တစ်စက်ကျအောင် လုပ်လာတဲ့သူမှန်သမျှ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်၊ ငါတို့သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက နာကျင်လှိုက်မောစွာ အရှိန်ပြင်းပြင်း တုန်ခါနေခဲ့ပါသည်။ သူ့ပေါက်ကွဲမှုကြောင့် တစ်ဖက်ဝိုင်းများမှ ဧည့်သည်များပါ မသိမသာ အကဲခတ်စောင့်ကြည့်နေကြောင်း သတိထားလိုက်မိသည်။ ဦးမင်းဝီရ မျက်နှာက ချက်ချင်းပင် စိတ်ပျက်ညစ်ညူးသလို ညိုပုပ်မည်းညစ်သွားသည်။ သူ့ကို မျက်မှောင်တွန့်ချိုးကြည့်ပြီး ကျွတ်ခနဲ စုတ်သပ်ကာ ...

"ကဲ ... ထနောင်း၊ မင်း သူငယ်ချင်းတွေ လုပ်ရပ်ကြောင့် ကိုယ်တို့ပွဲက လူစိတ်ဝင်စားစရာ ဖြစ်လာပြီ၊ ကိုယ်ကသိပ် စိတ်ရှည်တတ်တဲ့ လူစားမျိုးထဲမှာ မပါဘူးနော်"

"ထနောင်း ... တောင်း ... တောင်းပန်ပါတယ် ကိုကြီး ရယ်"

ထနောင်းက အသံတုန်တုန်လေးဖြင့် ခေါင်းငုံ့ဆို ရင်း သူတို့ဘက်ကိုလည်း အားနာသလို မသိမသာ ဝေ့ကြည့်လာ ပါသည်။ ဘေးကျပ်နံကျပ် အနေအထားမျိုး ရောက်နေသော ထနောင်းကို သနားစိတ်လေး တစ်ခုနဲ့တင် သူ အားလုံးရှေ့မှ ဝေးရာသို့ လျှောက်လှမ်းခဲ့တော့သည်။ သူ့ခြေလှမ်းများက နာကျင် မှုနှင့် ဆုံးရှုံးမှု အချိုးအဆတူညီစွာ ပါဝင်လျက် အရှိန်ပြင်းစွာ ခပ်သွက်သွက် ဖြစ်နေခဲ့ပါသည်။





မင်္ဂလာပွဲနှင့်ဝေးရာ ကတ္တရာလမ်းမကျယ်ကြီးပေါ် အရောက်မှာတော့ သူ စိတ်ပစ်လက်ပစ်ပင် ဝုန်းခနဲ ထိုင်ချလိုက်မိသည်။ သူ့ရင်ထဲက အဖိုးတန်ရတနာတစ်ပါးကို ရက်ရက်စက်စက် ဆွဲနုတ်ယူငင်ထားသလို လစ်ဟာနေခဲ့သည်။ အပြီးတိုင် ဆုံးရှုံးခြင်းဟူသော အသိတရားတစ်ခုက သူ့နှလုံးသားကို အရှိန်ပြင်းပြင်း ရိုက်ဖြတ်သွားခဲ့လေသည်။ ရင်တွင်းဆန္ဒတစ်ခုကို ထုတ်ဖော်ဝန်ခံဖို့ သတ္တိနည်းခဲ့သော ကိုယ့်ကိုယ်ကိုယ်သာ ခုချိန်မှာ ကောင်းကောင်းကြီး ပြစ်ဒဏ်ချချင်နေမိသည်။

တကယ်တော့ သူဟာ အချစ်ကို လှလှပပဟန်ဆောင် ဖုံးကွယ်ထားခဲ့သူ ဖြစ်သည်နှင့်အညီ အချစ်က တရိရိနဲ့ ပြန်ညှဉ်း သတ်မည့် နာကျင်ခြင်းတချို့ကိုလည်း သက်ဆုံးတိုင် ခံစားရတော့မှာ အသေအချာပင်။

ဖိုးတေတို့က ကားလမ်းမပေါ် ထိုင်ချနေသော သူ့ပခုံးကို ခပ်ကြမ်းကြမ်း လှုပ်ကိုင်ခါယမ်းကာ စိုးရိမ်တကြီး သတိပေးလာသည်။

ကားသိပ်မများလှပေမယ့် သူ့လုပ်ပုံက အန္တရာယ် အလွန်ကြီးစေပါသည်။

"ဒီသွန်း ... ထပါကွာ၊ မင်းကလည်း ဂမ်းမကြီးမှာ ကြည့်မကောင်းပါဘူး၊ မင်း ပေါက်ကွဲချင်ရင် တို့တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာရာ သွားကြမယ်လေ၊ လွတ်လွတ်လပ်လပ် ရှိမယ့်နေရာမျိုးပေါ့"

"ဟုတ်တယ် သူငယ်ချင်း၊ ငါတို့စကားကို နားထောင်ပါကွာ၊ မင်း ခံစားချက်ကို ငါတို့ ကိုယ်ချင်းစာပေးလို့ ရပါတယ်၊ မင်း ဒီလိုလုပ်တာ မကောင်းဘူးကွ၊ ဟိုမှာ ကားပေါ်ကလူတွေ ဝိုင်းဆဲသွားကြပြီ၊ ထပါကွာ"

သူ့ကို တွန်းထိုးလှုပ်ခါကာ ပြူးပြူးပျာပျာ ဆိုနေကြသော သူငယ်ချင်းများကိုကြည့်ပြီး သက်ပြင်းတစ်ချက် ခပ်လေးလေး ချလိုက်မိသည်။ သူ ပေါက်ကွဲချင်နေတာတော့ အမှန်ပင်။ အိမ်ကိုလည်း မပြန်ချင်။ သူ နောက်ဆုံး တစ်စုံတစ်ရာကို သတိရလိုက်မိကာ ယတိပြတ် ဆုံးဖြတ်ချက်နှင့်အတူ ...

"ငါတို့ သွားကြမယ်"

"ဘယ်ကိုလဲ ဒီသွန်း"

"ဒါ သွားချမယ်လေ"

သူက လက်မတစ်ချောင်းကို နှုတ်ခမ်းထဲ ထည့်သလိုထောင်ပြပြီး သူငယ်ချင်းများကို အထာလုပ်ပြလိုက်လေသည်။ သူတို့က ချက်ချင်းပင် သဘောပေါက်သွားကြကာ ...

"အိုကေ ... ကောင်းပြီ၊ မင်းသဘောအတိုင်း ဖြစ်စေရမှာပေါ့၊ လာ ... လစ်ကြမယ်"





သူတို့ တက်ညီလက်ညီပင် ချီတက်ခဲ့ကြလေသည်။ အမေသိရင်တော့ လုံးဝမလွယ်။ သူ့ရဲ့အဆိုးဆုံး၊ အပေဆုံးဒဏ်ကို အမေ မညည်းမညူ ခါးစည်းခံနိုင်ပေမယ့် အရက်ဆိုသည့် စကားလုံးနှစ်လုံးနှင့် မိတ်ဆွေဖြစ်သွားမှာကိုတော့ အမေ သေမလောက် ကြောက်လေသည်။ သို့သော် ခုချိန်မှာ သူ အမေ့စကားကို မိုက်မိုက်ကန်းကန်း ဖယ်ရှားချင်မိသည်။ လောကကြီးကို မမှတ်မိနိုင်လောက်အောင် သူ မူးယစ်ရီဝေချင်ပါသည်။

သူတို့အားလုံး ဘီယာဆိုင်အရောက်မှာ အများဆုံး စံချိန်ချိုးအောင် သောက်နိုင်သူက သူ တစ်ဦးတည်းမှုပိုင်ဖြစ်နေခဲ့သည်။ အတော်လေး ရေချိန်ကိုက်လာတော့ သူ့အာရုံတစ်ခုလုံး ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့စွာ ချာချာလည် နေခဲ့လေသည်။ သူငယ်ချင်းတွေက သူ့ကို အတတ်နိုင်ဆုံး ချော့မော့ဖျောင်းဖျကြပေမယ့် သူလက်မခံ။ ခုချိန်မှာ အားလုံးကို သူ စိတ်နာနာနှင့် မူးမေ့ထားချင်မိသည်။

ထိုအချိန်မှာပင် ...

"အသည်းကွဲသမားတွေကြောင့်တော့ ဘီယာဆိုင်တွေ သူဌေးဖြစ်တော့မယ်"

"သိပ်မဆန်းပါဘူးကွာ၊ ရွှေနဲ့ ကြေး ဘယ်ဟာပိုပြီးတန်ဖိုးရှိမလဲ၊ ရှိတဲ့ဘက်ပဲ လိုက်မှာပေါ့၊ ဟက်ကော့ကြီးဖြစ်ကျန်ခဲ့တာ စိတ်တော့မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေက သူ့ရင်ကို တိုက်ရိုက်လာထိမှ နေကြသည်။ အရှိန်ကလေး ရစပြုနေပြီဖြစ်သော သူ့သွေးတွေက တစ်မုဟုတ်ချင်း ပွက်ပွက်ဆူလာခဲ့လေသည်။ အသံကျယ်ကျယ်ကို တမင်ထပ်မြှင့်ရင်း မကြား,ကြားအောင် အော်ပြောရန်စနေသည့် တစ်ဖက်ဝိုင်းကကောင်တွေကို သူ ခပ်စိမ်းစိမ်း ဘုကြည့် ကြည့်ပစ် လိုက်သည်။

သူ့ခေါင်းထဲ တန်းခနဲ မှတ်မိသွားရသည်။ တစ်ခေါ က ထနောင်း မွေးနေ့မှာ စိတ်ညစ်ညစ်ဖြင့် တစ်ယောက်တည်း ကိုမြင့်မော်တို့ဆိုင် ထိုင်နေခိုက် သူ့ကို မထိတထိ စောင်းပြော သဖြင့် ရန်းရင်းဆန်ခတ် ဖြစ်ခဲ့သော ကောင်တွေပင်။ ခုလည်း သူ့အဖြစ်ကို တစ်နည်းနည်းဖြင့် ရိပ်မိသိရှိနေ၍ တမင်တကာ လာရန်စနေခြင်းဟု အလိုလို သဘောပေါက်သွားရသည်။

သူ့ရင်ထဲ အုံကြွပေါက်ကွဲလာသော ဒေါသတရား များနှင့်အတူ ထိုင်ရာမှ ဝုန်းခနဲ ထရပ်ကာ လက်သီးကျစ်ကျစ်ပါ အောင်ဆုပ်ရင်း တစ်ဖက်ဝိုင်းသို့ ခုန်ကူးလာခဲ့မိသည်။ သူ့လု ရပ်က မြန်ဆန်လွန်းတာမို့ ဖိုးတေတို့ပင် ပါးစပ်အဟောင်းသား ပွင့်လျက် ကြောင်အသွားကြလေသည်။

သူ့ကိုပြောသော ထိုကောင့်ရင်ဘတ်အင်္ကျီစကို ခ ပြင်းပြင်း ဆောင့်ဆွဲကာ ...





"မလှမ်းမကမ်းကနေ လူစွာလုပ်မနေနဲ့ ပေ့ကောင်၊ သတ္တိရှိရင် ဒီလိုချရဲရတယ်ကွ၊ ကဲကွာ"

သူ စိတ်ရှိလက်ရှိပင် သုံးလေးချက် ဆင့်ထိုးလိုက်မိသည်။ သူ့တစ်ကိုယ်လုံး ဒေါသတရားများဖြင့် ဆူပွက်လောင်မြိုက်နေခဲ့ကာ ဆင်ခြင်တုံတရား ကင်းမဲ့စွာ စိတ်ရှိတိုင်း ပေါက်ကွဲထွက်သွားခဲ့သည်။

သူ့အကြောင်းသိ၍ ဖြိုသွားကြခြင်းလား မပြောတတ်။ ဟိုကောင်တွေ သူ့ကို လက်တုံ့ပြန်ဖို့ မေ့လျော့နေကြလေသည်။ ဖိုးတေတို့က သတိဝင်ဝင်လာချင်း သူ့အနားသို့ စုပြုရောက်ရှိလာကြကာ သူ့ကို မရမက အတင်းဝိုင်းဆွဲလေတော့သည်။ သူ့လက်ထဲ အသင့်ကိုင်ထားသော မြန်မာဘီယာပုလင်းခွံကို ကျော်ကြီးက မမီမကမ်း လှမ်းဆွဲယူကာ ...

"ဟေ့ကောင် ... ဒီသွန်း၊ ဆိုင်မှာ ပြဿနာမရှာပါနဲ့ကွာ၊ စိတ်ကိုလျှော့စမ်းပါ၊ မင်း သိပ်များနေပြီ"

"ဟုတ်တယ်၊ လာပါကွာ၊ ငါတို့ပြန်ရအောင်၊ ဒီကဘော်ဒါတွေကိုလည်း ကြားထဲက တောင်းပန်ပါတယ်၊ စိတ်မရှိကြပါနဲ့"

ရဲညွန့်က တောင်းကောင်းပန်ပန်နှင့် ထိုင်ရှိခိုးမတတ် ဖြစ်နေပုံကြောင့် တစ်ဖက်ကောင်တွေ ခဏတော့ ငြိမ်သွားကြပါသည်။ သို့သော် သူ့လက်သီးဒဏ်ကြောင့် အဆမတန်



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ပြင်းရှသွားပုံရသော ကောင်ကတော့ နှာခေါင်းထဲမှ စီးကျလာသည့် သွေးစတွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ရင်း သူ့မျက်လုံးတည့်တည့်ကို ထွင်းဖောက်လုမတတ် စိုက်ကြည့်ကာ...

"ဒီနေ့ကစပြီး မင်း ငါ့အပေါ် အကြွေးတင်သွားပြီလို့ မှတ်လိုက်၊ ဟော့ကောင် ... အလှည့်ကျရင်တော့ မခွဲ့စတမ်းပေါ့"

"ဘာအကြွေးလဲ၊ မင်း သတ္တိရှိရင် ခုချမယ်၊ လာခဲ့လေ"

"ကဲပါ ဒီသွန်းရာ၊ လာပါတော့၊ မင်းကလည်းတစ်မျိုး၊ ပြဿနာမရှာချင်စမ်းပါနဲ့"

ဖိုးထေတို့က သူ့ကို ဒရွတ်တိုက် ဆွဲခေါ်ကာ ဆိုင်ပြင်ထုတ်လာခဲ့လေသည်။ သူကတော့ သူငယ်ချင်းများရဲ့ ထိန်းချုပ်မှုအောက်မှာ ခြေကားယား၊ လက်ကားယားဖြင့် မာန်မဲပါလာဆဲ။ ထိုအချိန်မှာပင် ရုန်းရင်းဆန်ခတ် ကိစ္စများကြောင့် ဆိုင်အပြင်ဘက်သို့ တာဝန်ကျရဲသားများ ရောက်လာကာ အဖြစ်အပျက်အလုံးစုံ စစ်ဆေးပြီး သူတို့ကို စခန်းခေါ်သွားဖို့ စီစဉ်ကြပါတော့သည်။

သူတို့နှစ်အုပ်စုလုံး ပေစောင်းစောင်း၊ ဂျစ်ကန်ကန်ဖြင့် ရဲတပ်ဖွဲ့စခန်းသို့ အသီးသီး ရောက်ရှိလာခဲ့ချိန်မှာ ညရှစ်နာရီခွဲပင် ကျော်နေခဲ့ပြီ။ ဘီယာဆိုင်ပိုင်ရှင်လည်း မနေရ။ သူတို့နှင့်အတူ စခန်းသို့ ချီတက်ခဲ့ရသည်။





သူ့အတွက်တော့ အချုပ်ခန်းဆိုတာ သူနဲ့ရင်းနှီးကျွမ်းဝင်ပြီးသားနေရာ ဖြစ်သည့်အတွက် အထူးတလည် စိတ်လှုပ်ရှားမှု မရှိတော့ဘဲ ခပ်အေးအေးပင် ဖြစ်နေခဲ့ပါသည်။ အမေလိုက်လာလျှင် သူ့အတွက် အစစအရာရာ အဆင်ပြေပြီ။

ဖိုးတေတို့ကတော့ သူတို့ကိုယ်တိုင် မပါဝင်ခဲ့ရပေမယ့် အလိုတူ အလိုပါလို ပုံစံဖြစ်နေခဲ့သည့်အတွက် မျက်စိသူငယ်နားသူငယ်နှင့် သူ့အနား ကပ်လာကာ ...

"ဒီသွန်းရာ ... မင်း ပေါက်ကွဲတာနဲ့တော့ ခက်တာပဲ။ ကိုယ့်ကို တိုက်ရိုက်ပြောတာလည်း မဟုတ်ဘဲနဲ့ကွာ၊ ဘာလို့ အရင်စထိုးရတာလဲ"

သူ စိတ်ပေါက်ပေါက်နှင့် သက်ပြင်းတစ်ချက် ဆောင့်ချလိုက်ရင်း ဖိုးတေကို ဘုရှိုး၊ရှိုးလိုက်မိသည်။

"ဟော့ကောင် ... မင်းတို့က ခုမှ ဘာလို့ ထူးထူးဆန်းဆန်း သွေးကြောင်နေရတာလဲ၊ အရင်ကလည်း ဒီလိုပဲ ကိုယ့်ကို လာခနဲ့တာနဲ့ ကိုယ့်ဘက်က အရင်စကျွေးခဲ့တာပဲဟာ"

"အရင်ကတော့ ဟုတ်တယ်လေကွာ၊ သူတို့ဘက်က ကိုယ်ထိလက်ရောက် စရန်ရှာမှ ကိုယ်တွေက ပြန်ချခဲ့ကြတာပဲများပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ၊ အာရုံနောက်လိုက်တာ၊ ထနောင်းနဲ့ ပတ်သက်ပြီး ငါ့ကို မကြားတကြား စောင်းမြောင်းစော် ကားနေကြတာကို လက်ပိုက်ကြည့်နေရမှာလား။ ဘာပဲ ပြောပြော ကိုယ့်ဘက်က အရင်ဦးအောင် ကျွေးလိုက်ရတဲ့ အတွက် ကျေနပ်တယ်"

သူ မဆီမဆိုင် ဖိုးတေတို့ကိုပါ ဘုတော,တောလိုက် မိသည်။ အရင်က ဘယ်ပွဲမဆို သူနှင့် တက်ညီလက်ညီ ဝိုင်းအား ပေးခဲ့ကြသော သူငယ်ချင်းတွေက ထူးထူးခြားခြား သူ့ရဲဘော ကြောင်နေခဲ့သည့်အတွက် သူ့စိတ်ထဲ အနည်းငယ် ခံပြင်းမိပါသည်။

သံတိုင်တွေနောက်က အခန်းကျဉ်းလေးထဲမှာ သူတို့ နှစ်အုပ်စုလုံး အသီးသီး ငြိမ်သက်နေမိကြသည်။ သူ မျက်လုံးများ ကို ခပ်တင်းတင်း မှိတ်ချပစ်လိုက်ကာ အုတ်နံရံကို မှီလျှောထိုင် ရင်း အချိန်တော်တော်ကြာအောင် နှုတ်ဆိမ်နေမိတော့သည်။

ထနောင်း သိရင် ဘာပြောမှာပါလိမ့်။ သူမ ပယောဂ မကင်းကြောင်းသာသိလျှင် စိတ်မကောင်းခြင်းကြီးစွာဖြင့် အားပေး နှစ်သိမ့်ပေးမည်လား။ သူ အတွေးပေါင်းများစွာကို ခေါင်းထဲက ခပ်ကြမ်းကြမ်း မောင်းထုတ်ပစ်လိုက်သည်။

နင့်ကို ချစ်သလောက် စိတ်နာတယ် ထနောင်းရယ်။





အချုပ်ထဲမှ အာမခံဖြင့် ရွေးထုတ်လာသော သူတို့ တစ်အုပ်စုလုံး အပြန်လမ်းမှာ အသီးသီး နှုတ်ဆိတ်ငြိမ်သက်နေ ခဲ့ကြသည်။ သူ အမေ့မျက်နှာကို မဝံ့မရဲ လှမ်းကြည့်လိုက်တော့ ထူးထူးခြားခြား နီရဲတင်းမာနေသည်ကို တွေ့ရလေသည်။ အောက် နှုတ်ခမ်းတစ်ဖက်ကို မသိမသာကိုက်ရင်း အံကြိတ်ထားတာကို လည်း တွေ့ရသည်။ သူ့စိတ်ထဲ ထင့်ခနဲ ဖြစ်သွားမိသည်။

အရင်တုန်းက အချုပ်ခန်းတွေမှာ အမေလိုက်ရွေး သည့်အခါ မသက်မသာ သက်ပြင်းချပြီး သူ့ကိုတစ်ဖက်တစ် လမ်းက အားပေးနှစ်သိမ့်ခဲ့သည်သာ များပါသည်။ သူ့အပေါ် တစ်စက်ကလေးမှ မငြိုငြင်ခဲ့ဖူးသော၊ သူ့မျက်နှာတစ်ချက် အညို မခံသော အမေ့ရဲ့ အမူအရာက တစ်စုံတစ်ခုသော လှို့ဆော်မှု ကြောင့် အဆမတန် ပျက်ယွင်းမှုန်ယိုနေခဲ့သည်။

သူ့ကိုတစ်လမ်းလုံး ဘာစကားမှ မဟဘဲ ထူးထူး ခြားခြား တိတ်ဆိတ်နေသော အမေ့ကိုကြည့်ရင်း သူ နားမလည် နိုင်အောင် ဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့ ဈေးဆိုင်ပေါ်တက်ပြီး အမေ့လက်ထဲက ပိုက်ဆံအိတ်ကို ဖတ်ခနဲ ပစ်ချလိုက်ကာ ထရံဂဝိုမှီလျက် သက်ပြင်းကျယ်ကျယ် တစ်ချက်ချရင်း ဆိုလာသည်။

"မင်းကို အရက်သောက်ဖို့ ဘယ်သူ တိုက်တွန်းခဲ့တာလဲ"

အမေ့အသံက သူ အံ့ဩတုန်တက်သွားရလောက်အောင် ကြောက်ခမန်းလိလိ တင်းမာစက်ထန်နေခဲ့ပါသည်။ သူ အမေ့ကို အလန့်တကြား လှည့်ကြည့်လိုက်မိသည်။ နီရဲစိုစွတ်နေသော အမေ့မျက်ဂန်းတွေထဲက နာကျင်ခြင်းတချို့ ရှာဖွေတွေ့ရှိလိုက်ရချိန်မှာ သူ့ရင်တစ်ခုလုံး ဖြောင်းဆန်လှုပ်ရှားသွားရသည်။ အမေ သူ့အပေါ် အကြီးအကျယ် စိတ်ဆိုးနေလေပြီ။ သူ့ကိုအကြည့်မာမာနှင့်ပင် မကြည့်ခဲ့ဘူးသော အမေ့စကားလုံးတွေက ခုချိန်မှာ သူ့နှလုံးသားကို အကောင်းဆုံး ထိုးစစ်ဆင်ဖို့ အသင့်အနေအထားမှာ ရှိနေခဲ့သည်။

"ငါမေးတာ ဖြေလေ ရဲဒီသွန်း"

သွားပြီ။ အမေ့ကို တော်ရုံနှင့် ဖျောင်းဖျလို့ မရနိုင်မှန်း သူ သိလိုက်ပြီ။ အမေဟာ သူ့အပေါ် သည်းခံခွင့်လွှတ်နိုင်စွမ်း ကြီးမားစွာ ချစ်သလောက် ပြတ်သားသည့် နေရာမှာလည်း နှစ်ယောက်မရှိနိုင်သော မိန်းမတစ်ယောက်ဖြစ်လေသည်။





သူ ခေါင်းငုံ့လျက်သားကပင် ဘာမှပြန်မပြောနိုင်လောက်အောင် ဆွံ့အနေမိသည်။

"မင်းကို ငါ မေးနေတယ်နော်၊ ငါ့စိတ်အကြောင်း မင်းသိတယ်မဟုတ်လား၊ ဒီဘီယာဆိုင်သွားဖို့ ဘယ်သူစပြီး အကြံပြုတာလဲ ပြောစမ်း"

"အမေ ... သား ... သား ..."

သူ့စကားတွေ လည်ချောင်းဝမှာတင် အငွေ့ပျံပျောက်ဆုံးသွားရသည်။ အမေက သူ့အနား တရွေ့ရွေ့ တိုးကပ်ရောက်လာကာ သူ ထင်မှတ်မထားသော အလုပ်တစ်ခုကို ဖြုန်းဆိုလုပ်ချလိုက်လေသည်။

"ဖြောင်း"

သူ့ပါးတစ်ဖက်လုံး ပူခနဲ ဖြစ်သွားရသည်။ အမေ့လုပ်ရပ်ကြောင့် သူ အကြောင်သား ငေးမောနေမိကာ ရုတ်တရက် အသက်ရှူသံတောင် မမှန်ချင်သလို ဖြစ်သွားမိသည်။ သူ့ရင်ထဲ တစ်ခါမှ မခံစားခဲ့ဖူးသော နာကျင်မှုဒဏ်ရာတစ်မျိုး ပြည့်နှက်ဝင်ရောက်လာလေသည်။ အမေ့ကို ငေးစိုက်ကြည့်လိုက်တော့ ခန္ဓာကိုယ်တစ်ခုလုံး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကြောင့် သူ့နှလုံးသား အစိတ်စိတ် အမြွှာမြွှာ ကွဲကြေသွားခဲ့တော့သည်။ အမေ ဟွက်နဲ့ မျက်ရည်ကျရတာ ဒါပထမဆုံးအကြိမ်ပင်။ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင်ဖြစ်သွားရကာ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ခေါင်းငုံ့အံကြိတ် နေခဲ့မိသည်။

အမေက သူ့ပခုံးတွေ၊ လက်မောင်းတွေကို တဖုန်းဖုန်းမြည်အောင် နေရာအနှံ့ ထုရိုက်ရင်း ဗလုံးဗထွေး ဆိုလာခဲ့ပါသည်။

"ဒီအရက်ဆိုတဲ့ အရာကို ငါ နာမည်တောင် မကြားနိုင်ဘူးဆိုတာ မင်း မေ့နေသလားဟင်၊ သားဆိုးသားမိုက်ကြီးရဲ့၊ နင့်အဖေကို လူ့လောကထဲက ဆွဲထုတ်သွားတဲ့ အဓိကတရားခံက အရက်ပဲ၊ မင်းအပေါ်မှာ ငါ မိခင်ဝတ္တရားတွေ ဘယ်နှခါများ ပျက်ကွက်ခဲ့ဖူးလဲ၊ ပြောပါဦး ...

ပတ်ဝန်းကျင်က အသုံးမကျတဲ့ ဆန်ကုန်မြေလေးသားတစ်ယောက်ရဲ့ မိခင်အဖြစ် ငါ့ကိုဝိုင်းပြီး လက်ညှိုးထိုးကြတာကိုတောင် မင်းကို ချစ်စိတ်တစ်ခုတည်းနဲ့ ငါ ခါးစည်းခံခဲ့တယ်၊ မင်း ငါ့စကားကို ဒီလိုနည်းနဲ့ ဖီဆန်လိုက်တာပေါ့ ဟုတ်လား၊ မင်း ငါ့ကျေးဇူးတွေကို ဒီလိုနည်းနဲ့ ဆပ်လိုက်တာပေါ့လေ"





အမေ့စကားလုံးတိုင်းက သူ့နှလုံးသားကို ကရိရိနှင့် လောင်မြိုက်ခြေဖျက်နေခဲ့လေသည်။ သူ့ရင်တစ်ခုလုံး ပြင်းပြင်းပြပြ နာကျင်နေရသည်။ သူ့တစ်ကိုယ်လုံးမှာ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ခြင်း၊ တစ်စုံတစ်ခု တုံ့ပြန်ဖျက်ဆီးလိုခြင်း ဆန္ဒတရားများသာ ကြီးစိုးလွှမ်းမိုးနေခဲ့လေသည်။

သူ့အမေကို စိတ်ဆင်းရဲ နာကျင်စေခဲ့ပြီ။ ကမ္ဘာပေါ်မှာ သူ့လောက် ကျေးဇူးတရား မသိတတ်သော သားသမီးမျိုး ထပ်ရှိနိုင်တော့မယ် မထင်ပါ။

သူ အံတင်းတင်းကြိတ်ရင်း အမေ့မျက်နှာကို ဆွေးမြည့် နာကျင်စွာ ငေးကြည့်လိုက်မိသည်။ အမေ့မျက်ရည်စက်တိုင်းက သူ့ခံနိုင်ရည်စွမ်းအားတွေကို တစ်စတစ်စ ဆုတ်ယုတ်ကုန်ခန်းစေပါသည်။ သားမိုက်ကို ခွင့်လွှတ်ပါ အမေ။

"မင်းကို မွေးရကျိုးမနပ်တဲ့ သားလို့ ငါ ယောင်လို့မှတောင် မတွေးမိခဲ့ဘူး၊ ငါ့သားလေး သူများတန်းတူ နေနိုင်အောင်၊ သူငယ်ချင်းတွေနဲ့ယှဉ်ရင် ဘယ်တော့မှ မျက်နှာမငယ်အောက်မကျို့ရအောင် ငါ့ဘက်က အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့တယ် ...

ဒါပေမဲ့ ခု မင်းလုပ်ရပ်ကြောင့် မင်းကို ငါ သိပ်ခံပြင်းတယ် ရဲဒီသွန်း၊ အရက်သမားတစ်ယောက်ကို သားခေါ်ဖို့ ငါ့နှလုံးသားကလည်း ခွင့်ပြုနိုင်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အမေ့ရဲ့နောက်ဆုံးပိတ်စကားကြောင့် သူ့ရင်တစ်ခုလုံး ဟာလာဟင်းလင်း ပွင့်ထွက်ကာ ကွဲကြေလွင့်စဉ်သွားခဲ့ပါတော့သည်။ အမေက ပိုးပိုးပေါက်ပေါက် ကျလာသော မျက်ရည်စများကို ခပ်ကြမ်းကြမ်း ပွတ်သုတ်ကာ သူ့အပါးမှ ထထွက်ရန်ပြင်သည်။

သူ အမေ့ခြေအစုံကို ဖျတ်ခနဲ သိုင်းဖက်နမ်းရှိုက်လိုက်မိသည်။ အမေရော သူပါ တဒင်္ဂငြိမ်သက်နေမိကြရာမှ သူ ကြေကွဲဆို့နင့်စွာ ခပ်တိုးတိုး ဆိုလိုက်ပါသည်။

"အမေ ... သားကို ခွင့်လွှတ်ပါဗျာ၊ သားကို အမေ့ရဲ့သားအဖြစ် တစ်သက်လုံး အသိအမှတ်ပြုပေးပါ၊ ကျွန်တော်ဟာအမေ့သားပါ၊ ရဲဒီသွန်း ဆိုတာ အမေ့ရဲ့ တစ်ဦးတည်းသောသားပါဗျာ၊ ကျွန်တော် ဒီနေ့ကစပြီး အမေ့ကို စိတ်ချမ်းသာအောင် ထားပါတော့မယ်၊ ကျွန်တော် ကတိပေးပါတယ်အမေရယ်"

အမေ ပထမတော့ အံ့ဩမှင်သက်စွာ ငြိမ်နေခဲ့ပါသည်။ သို့သော် ချက်ချင်း ရုန်းထွက်ရန် ပြင်လိုက်သော အမေ့ခြေထောက်တွေကို သူ ပိုလို့ တင်းတင်းဖက်ထားမိသည်။ သူ့မျက်ရည်တွေ အမေ့ခြေဖမိုးပေါ် တလိမ့်လိမ့် စီးဆင်းကျလာခဲ့လေသည်။ သူရော အမေပါ အားရပါးရ ငိုကြွေးနေမိကြသည်။





"အမေ ... သား ဒီနေ့ကစပြီး ကိုယ့်ကိုယ်ကိုယ် လူကောင်းတစ်ယောက်ဖြစ်အောင် ပြုပြင်ပြောင်းလဲပစ်ပါတော့မယ်၊ ကျေးဇူးပြုပြီး သားကို ချစ်မြဲအတိုင်း ဆက်ချစ်နေပေးပါဗျာ"

သူ အမေ့ကို ဖက်ထားရင်း တတွတ်တွတ် ရေရွတ်နေမိသည်။ သူ တကယ်ဆို ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုအပြီးတိုင် ချမှတ်လိုက်ခြင်းပါ။ အမေ့အတွက် တန်ဖိုးရှိသောသားကောင်းတစ်ယောက်ဖြစ်အောင် သူ ကြိုးစားမည်။ ပတ်ဝန်းကျင်ရဲ့ရိုက်ခတ်မှုဒဏ်ကို အံတု ရင်ဆိုင်ရင်း သူ့ဘဝကို အကောင်းဆုံးဖြစ်အောင် ဖန်တီးပစ်မည်။ အမေ့အတွက် အားကိုးရလောက်သော လက်ရုံးတစ်ဆူဖြစ်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းမည်။

သူ့စိတ်ဓာတ်တွေ တဒင်္ဂအတွင်းမှာပင် အကြီးမားဆုံး ပြောင်းလဲသွားခဲ့ရလေသည်။ အမေက သူမခြေထောက်တွေကို လွတ်ထွက်သွားမှာစိုးသလို တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားသော သူ့လက်ဖဝါးပေါ် အသာဖွဖွ အုပ်ကိုင်ကာ ခပ်တိုးတိုး ရေရွတ်လာပါသည်။

"သား ... သား ... အမေ့သား"

"အမေ"

သားအမိနှစ်ယောက် ရှေ့ဆက်စကား မဆိုနိုင်လောက်အောင် ရှိုက်ကြီးတငင် ငိုကြွေးနေမိခဲ့ကြသည်။ အမေက



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ရည်တွေကို နူးညံ့ညင်သာစွာ တို့သုတ်ပေးရင်း သူ့မျက်နှာကို ချစ်မြတ်နိုးစွာ ငေးစိုက်ကြည့်နေရာမှ ခပ်တိုးတိုးဆိုလာသည်။

"သားက အမေချစ်တဲ့ သားလေးပါ၊ သားကို ခုလိုတားမြစ်ရတာ သားလေးဘဝ ကောင်းစားဖို့အတွက်ပါကွယ်၊ အရက်သမားတစ်ယောက်ဆိုတဲ့ ဂုဏ်ပုဒ်ကြီးတစ်ခုကို ရင်မှာပိုက်ပြီး အရက်ကပေးတဲ့ ရောဂါလက်ဆောင်နဲ့ ဘဝကို အရှုံးပေးလိုက်ရတဲ့ သားအဖေလို အဖြစ်မျိုး မရောက်စေချင်လို့ပါ၊ သားလေးကို အမေရင်နာနာနဲ့ ဒီတိုင်းကြည့်မနေရက်လို့ပါကွယ်၊ သား အမေ့စေတနာကို နားလည်တယ်နော်"

သူ ပြုံးရင်း ခေါင်းညိတ်ပြလိုက်မိသည်။ အမေ့ရင်ခွင်ထဲ အားကိုးတကြီး ခေါင်းတိုးဝင်ကာ သူ အမေ့ရင်ငွေ့နွေးနွေးကို ခိုလှုံနေမိသည်။ သူ့ဘဝမှာ နာကျင်ကြေကွဲခဲ့သမျှ ဒဏ်ရာဒဏ်ချက်များအားလုံး စက္ကန့်ပိုင်းလေးမှာပင် ကြေပျက်လွင့်ပျောက်သွားသလို ခံစားလိုက်ရသည်။

"အမေ"

"ပြော ... သားလေး၊ ဘာလဲ"

အမေက နူးညံ့ချိုသာစွာ ပြုံးကြည့်ရင်း ဆိုလာသည်။ သူ့ကို ငုံ့မိုးကြည့်နေသော အမေ့မျက်ဝန်းတွေက ကမ္ဘာပေါ်မှာ အလှဆုံး တောက်ပနေသည်ဟု သူ ထင်မိသည်။





"သား အမေ့ကို ကတိပေးတယ် သိလား၊ ဒီနှစ် ဆယ်တန်းကို သား ကျိန်းသေပေါက်အောင်ရမယ်၊ ပြီးရင် ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားမယ်၊ ဘွဲ့ရပြီးရင် အလုပ်လုပ်ပြီး အမေ့ကို တစ်ဖက်တစ်လမ်းကနေ ကျေးဇူးပြန်ဆပ်မယ်၊ သား လုံးဝကြိုးစားမယ်၊ အမေ သားကို ယုံနော်"

သူ့ရဲ့ အားကြိုးမာန်တက်စကားကြောင့် အမေက အသံထွက်အောင်ပင် ရယ်မောလိုက်လေသည်။ သူ့ဆံပင်တွေကို အသာဖွဖွဆော့ကစားကာ သူ့နှာခေါင်းထိပ်ကို မနာအောင်ဆွဲရင်း အမေ သူ့ကို ကျီစယ်လာသည်။

"အမေက ဘာရယ်တာလဲ၊ သားကို မယုံလို့လား"

"မဟုတ်ရပါဘူးရှင်၊ အမေ့သားရဲ့အရည်အချင်းကို ရာနှုန်းပြည့်ယုံပါတယ်၊ သားက ငယ်ငယ်ကတည်းက ဉာဏ်ကောင်းတဲ့ကလေးပဲ၊ မကြိုးစားချင်လို့သာနေမယ်၊ ကြိုးစားရင် သူများထက်ပိုသာတယ်ဆိုတာ အမေက ရဲရဲကြီးအာမခံပါတယ်၊ အမေက သားလေး ဒီလို လိမ္မာလာတာကိုပဲ ဝမ်းမြောက်ဝမ်းသာဖြစ်နေတာ"

"စိတ်ချပါ အမေ၊ နောက်ကျရင် အမေ ဒီထက်ပိုဝမ်းသာစေရမယ်၊ သား ကတိပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ရဲရင့်တက်ကြွစွာဆိုတော့ အမေ့မျက်နှာက အစွမ်းကုန် လင်းလက်တောက်ပသွားကာ သူ့ရင်ထဲ ကြည်နူးပီတိ တချို့ စီးဆင်းလွှင့်မျှောလာသလို ခံစားလိုက်ရလေသည်။ ဘာပဲ ဖြစ်ဖြစ် ခုချိန်ကစပြီး သူဟာ အရင်က ရဲဒီသွန်း မဟုတ်တော့။ ဘဝကို ရည်မှန်းချက်မြင့်မြင့်ထားကာ အစွမ်းကုန် ကြိုးပမ်းတော့ မည့် အစွမ်းသတ္တိအပြည့်နှင့် အာဂလူငယ်တစ်ဦး ဖြစ်နေခဲ့လေ တော့သည်။

သူ မထင်မှတ်ဘဲ ထနောင်းမျက်နှာကို ရိပ်ခနဲ မြင်ယောင်လိုက်မိကာ ရင်ထဲ နင့်သီးတစ်ဆို့သွားရသည်။ သူ့ဘဝကို အကောင်းဆုံး ပြုပြင်ပြောင်းလဲပစ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိချိန်မှာ ထနောင်းကတော့ ...

သူ ခါးသီးနာကျင်စွာ ခေါင်းသွက်သွက်ခါယမ်းလိုက်မိသည်။ စည်သူလွင် သီချင်းလေးလိုပဲ။ "ဒီမှာသူငယ်ချင်း ... မင်းအတွက်အမြဲ ... မငြင်းရက်ပါဘူး ... လိုအပ်တိုင်းပေါ့ မင်းခေါ်လိုက် ... အသင့်ပါပဲ ဘယ်အခြေအနေပဲ နင်လေ သတိရလိုက်ပေါ့လေ ... မင်းအတွက်ငါ ... အမြဲပေါ့ သူငယ်ချင်း" ဆိုတဲ့အတိုင်း ထနောင်းဟာ သူ့အတွက် အမြဲတမ်း သူငယ်ချင်းတစ်ယောက်ပါပဲလေ။





သူ အမေ့ကို ကတိပေးထားခဲ့သလိုပင် ဆယ်တန်းစာမေးပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်ခဲ့ပြီး သချာၤမေဂျာဖြင့် အဝေးသင်တက္ကသိုလ်သို့ တက်ရောက်ခွင့်ရခဲ့ပါသည်။ အရင်က လို သူငယ်ချင်းအပေါင်းအသင်းတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်၊ အလေလိုက် အချိန်ဖြုန်းနေခဲ့မိသည့် အချိန်ကာလများကိုပင် ခုချိန်မှာ သူ နှမြောတသနေမိသလို ခံစားရသည်။

ဖိုးတေတို့ကတော့ ထူးထူးခြားခြား ပြောင်းလဲသွားသော သူ့ကို အစပိုင်းက နားမလည်နိုင်အောင် ဖြစ်ခဲ့ကြပေမယ့် နောက်ဆုံးတော့ သူ့ရည်ရွယ်ချက်ကောင်းများအတွက် ဝိုင်းဝန်းချီးမွမ်းထောပနာပြုခဲ့ကြသည်။

နောက်တစ်နှစ် ဆယ်တန်းစာမေးပွဲကို သူတို့သုံးယောက်လုံးလည်း ပါဝင်ဖြေဆိုဖို့ အသီးသီး ဆုံးဖြတ်ချက်ချကြကာ ကျူရှင်ပြေးတက်ကြ၊ စာကျက်ကြနှင့် အလုပ်နှင့်လက်မပျက်အောင် ကြိုးစားလုံးပမ်းခဲ့ကြသည်။ အရင်တုန်းကလို ရန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့အကြောင်းကိစ္စတွေလည်း သူတို့အုပ်စုနဲ့ အဝေးဆုံးမှာ တရွေ့ရွေ့ မှုန်ဝါးကျန်ရစ်ခဲ့လေသည်။

သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းမလေး ထနောင်းကတော့ ဦးမင်းဝီရနှင့် မင်္ဂလာဆောင်ပြီးသည့်နေ့မှာပင် သူမ၏အဒေါ်ကိုပါ ခေါ်ကာ ယောက်ျားနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်။ အိမ်ကိုတော့ ရောင်းလည်းမရောင်း၊ အိမ်ငှားလည်း မတင်ဘဲ ဒီအတိုင်း သော့ခတ်သွားခဲ့လေသည်။

သူ ထနောင်းကို တစ်ခါတစ်ရံ ပြင်းပြင်းပြပြ သတိရမိပေမယ့် ကိုယ့်စိတ်ကို အတတ်နိုင်ဆုံး ဖြေလျှော့ပစ်ကာ ဘဝအတွက် တိုးတက်ရာတိုးတက်ကြောင်းတွေကိုသာ ဦးစားပေး ရှာဖွေဖို့ ဆုံးဖြတ်ချက်ချမိသည်။

သို့သော် သူ ချစ်ရမှာကိုတော့ အသေအလဲ ကြောက်ရွံ့သွားမိတာ ကိုယ့်ကိုယ်ကိုယ် အရိုးသားဆုံးဝန်ခံချင်ပါသည်။ သူ့အတွက် ထပ်ချစ်စရာ မိန်းကလေးမျိုး မပေါ်ပေါက်နိုင်တော့ဟုလည်း ယတိပြတ် တွေးထားခဲ့မိသည်။

သင်္ချာအဓိကဖြင့် ဘွဲ့ရပြီးချိန်မှာ သူ စူပါမားကတ်ကြီးတစ်ခုမှာ အလုပ်ဝင်ခဲ့သည်။ ထိုစူပါမားကတ်ပိုင်ရှင်က မြန်မာပြည်မှာမရှိဘဲ စင်ကာပူမှာနေကာ မြန်မာလူမျိုးစစ်စစ်ဖြစ်ကြောင်း သူ သိခွင့်ရခဲ့သည်။ ဒီမှာ မန်နေဂျင်းဒါရိုက်တာနှင့် အလုပ်တာဝန်





အားလုံး လွှဲထားကာ စင်ကာပူထုတ်ပစ္စည်းအများအပြ း ကို တင်သွင်းရောင်းချသော လုပ်ငန်းဖြစ်သည်။

သူက ပစ္စည်း အဝင်အထွက်စာရင်း၊ ရုံးပိုင်းနှင့်ပတ်သက်သော တာဝန်များကို မန်နေဂျာနှင့်အတူ ပူးတွဲလုပ်ကိုင်ရခြင်းဖြစ်သည်။ ကျောင်းတက်နေစဉ်အတွင်း တစ်ဖက်က ကွန်ပျူတာသင်တန်း၊ စာရင်းကိုင်သင်တန်း အမြောက်အမြားကို Certificateလေးငါးခုရအောင် တက်ထားသော သူ့အရည်အချင်းကို မန်နေဂျာကလည်း သဘောကျ၍ ရာထူးကြီးကြီး ပေးထားခဲ့သည်။

သူ့ရဲ့ရိုးသားကြိုးစားမှုများကိုလည်း အမြဲလိုလို ထုတ်ဖော်ချီးမွမ်းတတ်လေသည်။ ငွေရေးကြေးရေး ကိစ္စများအတွက်လည်း သူ့ကိုသာ အမြဲတစေ တာဝန်ပေးတတ်သည်။ ဒီလိုနှင့် တရွေ့ရွေ့ လည်ပတ်လာသော အချိန်ယန္တရားကြီးရဲ့ စက်ဝိုင်းကြီးထဲမှာ သူ အလိုက်သင့် ကုန်ဆုံးစေရင်း ဘဝကို တန်ဖိုးရှိရှိ ဖြတ်သန်းခဲ့လေသည်။

အလုပ်ထဲမှာ စိတ်နှစ်ရင်း တစ်ခါတစ်ရံ ထနောင်းကို မေ့ဖျော် ထားနိုင်ခဲ့ပေမယ့် အချိန်တိုင်းလိုလိုမှာတော့ ပြင်းပြင်းထန်ထန် သတိရနေမြဲပင်။ ထနောင်းက နေနိုင်လှစွာပင် အိမ်ထောင်ကျသွားပြီးချိန်မှစ၍ သူတို့ရပ်ကွက်ဆီသို့ ခြေဦးပင် မလှည့်တော့ပါ။ သို့သော် သူ့မွေးနေ့တိုင်းမှာတော့ စာတိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင် တစ်မျိုးမဟုတ်တစ်မျိုး ပါဆယ်ထုပ်ကာ ပို့ပေးတတ်လေသည်။ သူကလည်း ထနောင်းမွေးနေ့တိုင်းမှာ အလားတူလက်ဆောင်လေးတွေ ပို့ပို့ပေးမြဲ။ သူတို့နှစ်ယောက်က လူချင်းမနီးကြပေမယ့် စိတ်ချင်းတော့ အမြဲလိုလို ဆက်သွယ်ခဲ့ကြသည်။

နောက်ဆုံးသတင်းကြားလိုက်တာကတော့ ထနောင်းအဒေါ် ဒေါ်ရင်ကျော့ ဆီးချိုရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်ဆိုခြင်းပါ။ သူ စိတ်တော့မကောင်းပါ။ ထနောင်းတစ်ယောက်တည်း စိတ်အားငယ်နေမလားဟု မဆီမဆိုင် ပူပန်မိသေးသည်။ သို့သော် ဦးမင်းဝီရတစ်ယောက်လုံး ရှိနေလျက် ကိုယ်ဝင်ပူပေးဖို့မလိုဟု စိတ်ဒုံးဒုံး ချခဲ့မိပါသည်။

ထနောင်း အနည်းနဲ့အများတော့ စိတ်ထိခိုက်ပင်ပန်းနေမှာပင်။ သူမအဖြစ်က လင်ယောကျ်ားကိုသာ တစ်သက်လုံး ဦးတိုက်ညွတ်တွားရတော့မည့် အနေအထားဖြစ်သည်။ သူ ထနောင်းအကြောင်း စဉ်းစားမိတိုင်း စိတ်မသက်မသာဖြင့် သက်ပြင်းအခါခါချရမြဲ။

အပြစ်ရှိသည်ဟုပဲဆိုဆို။ သူ ထနောင်းအပေါ် သံယောဇဉ် တွယ်နေမိဆဲဆိုတာတော့ ကိုယ်တိုင်သာ သိလေသည်။





"ဒီသွန်း ... ကိုယ် ပြောစရာရှိလို့ ခဏလာပါဦး"

ကွန်ပျူတာ Excelထဲ ပစ္စည်းသွင်းကုန်စာရင်း ရိုက်ထည့်ကာ တစ်ယောက်တည်း အလုပ်ရှုပ်နေသော သူ့စားပွဲနားရပ်ရင်း ပြောလာသော မန်နေဂျာ ကိုထူးအောင် စကားကြောင့် သူ တစ်ချက်မော့ကြည့်လိုက်သည်။

"ဩော် ... ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် လာပြီ"

ကိုထူးအောင် မျက်နှာက တစ်စုံတစ်ခုသော အရိပ်အယောင်များ ဖုံးလွှမ်းကာ ပဟေဠိဆန်နေပါသည်။ သူ ချက်ချင်းပင် အလုပ်ကို လက်စသတ်ပြီး မန်နေဂျာနှင့် မျက်နှာချင်းဆိုင်စားပွဲရှေ့ခုံမှာ ဝင်ထိုင်လိုက်သည်။

"ကိုယ်တို့ ဒီညနေ လေဆိပ်မှာ လူတစ်ယောက်ကို သွားကြိုရမယ် ဒီသွန်း"

သူ ကိုထူးအောင်ကို မျက်လုံးပင့်ကြည့်လိုက်မိသည်။ အရင်တုန်းကလည်း အလုပ်ကိစ္စနှင့်ပတ်သက်သော ဧည့်သည်တော်



www.burmeseclassic.com

www.burmeseclassic.com



တော်များ ဈားကို သွားကြိုပေးရတာ တာဝန်တစ်ခုလို ဖြစ်နေခဲ့သည်။ အခိက,ကတော့ ခန်နေဂျာနှင့်သူသာ သွားရတာများပါသည်။

ခုလည်း သိပ်မထူးဆန်းလှသော ကိစ္စကြီးကို ကိုထူးအောင်က အထူးအဆန်း ဖြစ်နေပုံဖြင့် တစ်စုံတစ်ရာကို အသည်းအသန် စဉ်းစားခန်း ဝင်နေခဲ့လေသည်။ သူ့ရင်ထဲ သိချင်စိတ် ပြင်းပြသွားရသည်။

"ဘယ်သူ့ကို သွားကြိုရမှာလဲ ကိုထူးအောင်"

"ဒေါ်မေဖူးကြယ်စင်ကို"

သူ ပါးစပ်အဟောင်းသား ပွင့်သွားရသည်။ ဒေါ်မေဖူး ကြယ်စင်ဆိုတာ စင်ကာပူမှာနေသော သူတို့ စူပါမားကတ်ရဲ့ ပိုင်ရှင်ဖြစ်သည်။ သူမက မြန်မာနိုင်ငံသို့ရောက်လာဖို့ ခဲယဉ်းသည်ဟု ကိုထူးအောင်ပြောပြ၍ သူ သိထားခဲ့ပါသည်။

"မင်း သိပ်အံ့ဩသွားလား ဒီသွန်း"

သူ ခေါင်းတစ်ချက်ဆတ်ပြကာ ...

"ဟုတ်တယ် အစ်ကို၊ ထူးဆန်းတာတော့ အမှန်ပဲ"

"အေး ... ကိုယ်လည်း ညကမှ ဖုန်းဆက်ရင်းသိတာ၊ ရုံး အကြောင်းပြောရင်းနဲ့ သူ မနက်ဖြန်ညနေ ရန်ကုန်ရောက် မယ်တဲ့၊ လေယာဉ်လက်မှတ်တွေဘာတွေ အားလုံး အဆင် သင့် ဖြစ်နေပြီတဲ့၊ ကိုယ်လည်း ကောက်ကာငင်ကာကြီး





ဘာဖြစ်လို့လဲလို့မေးတော့ အလုပ်ကိစ္စအတွက်မဟုတ်ပါဘူး၊ သူ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကြောင့်ပါလို့ ဆိုလာ တယ်၊ ကိုယ်လည်း မကောင်းတာနဲ့ ဆက်မမေးတော့ဘူး၊ အဲဒါ ကိုယ်တို့ ဒီညနေ သူ့ကို လေဆိပ်မှာ သွားကြိုရ မယ်"

"ဟုတ်ကဲ့ ... ကျွန်တော် အဆင်သင့် ပြင်ထားလိုက်ပါ့မယ် အစ်ကို"

သူ့စားပွဲရှိရာ ပြန်လျှောက်သွားပြီး မေ့ထောက်ထိုင် ချရင်း အတန်ကြာအောင် စဉ်းစားခန်းဝင်နေမိသည်။ သူ အလုပ် စဝင်ပြီး နှစ်လလောက်အကြာမှာ သူတို့အလုပ်ရှင်သူဌေးဟာ အသက်လေးဆယ်နီးပါး အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိခွင့်ရ ခဲ့သည်။

သူမကို ဓာတ်ပုံထဲမှာသာ အမှတ်မထင်တွေ့ရပြီး သူမနှင့်ပတ်သက်ပြီး အလုပ်ကိစ္စကလွဲလို့ ဘာမှ သူ မသိခဲ့ပါ။ စူပါမားကတ်ကြီးတစ်ခုလုံးကို မန်နေဂျာ၊ ဝန်ထမ်းများနှင့် စိတ်ချ လက်ချလွှဲထားပြီး တစ်ခါမှ လာမစစ်ဆေးဖူးသူ သူမက ခုတော့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကြောင့် စင်ကာပူကနေ မြန်မာနိုင်ငံ ကို ဆိုင်းမဆင့်ဗုံမဆင့် လာရောက်မည်တဲ့။ သူ့စိတ်ထဲ တစ်စ တစ်စ အံ့ဩလာမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သက်ပြင်းတစ်ချက်ချပြီး သူ့အာရုံတွေကို ကွန်ပျူတာဖန်သားပြင်ပေါ် ပြန်လည်စုစည်းလိုက်ကာ သူ့လက်ချောင်းတွေကို တချောက်ချောက် အသံမြည်အောင် လှုပ်ရှားစေလိုက်သည်။

သူ မည်မျှကြာအောင် အလုပ်ထဲ အာရုံဝင်စားနေမိသည်မသိ။ ရုတ်တရက် ရုံးဖုန်းမြည်သံကြားမှ ဆတ်ခနဲ ခေါင်းထောင်သွားရသည်။ ကိုထူးအောင်က ဖုန်းခွက်ကို ကောက်ကိုင်ကာ ...

"ဟဲလို ... ဩော် ... ဟုတ်ကဲ့ အစ်မ၊ ကျွန်တော်တို့ ခုပဲ ထွက်လာတော့မလို့၊ ဒီမှာ အလုပ်လေးနည်းနည်း လက်စသတ်နေလို့၊ ဟုတ်ကဲ့ပါ အစ်မ၊ အခု လာပါပြီ"

ပျာယီးပျာယာဖြင့် မမောတမ်း ရေရွတ်နေသော ကိုထူးအောင်ကြောင့် သူ့ခေါင်းထဲ လင်းခနဲတစ်ချက်ပွင့်သွားသည်။ ဒါ ... ဒေါ်မေဖူးကြယ်စင်ဆီကပဲ ဖြစ်ရမယ်။ အတွေးမဆုံးသေးခင်မှာပင် ကိုထူးအောင်က စားပွဲခုံမှ ဝုန်းခနဲထကာ သူ့ထံသို့ အလောတကြီး လှမ်းသတိပေးလာသည်။

"ကဲ ... ကိုယ့်လူရေ ဘွားတော်တော့ စောစောစီး လေဆိပ်ရောက်နေပြီတဲ့၊ လေယာဉ်ချိန်ကပဲ စောနေတာလ မသိ၊ ကိုယ်တို့ သုတ်ခြေတင်ရအောင်"





သူတို့ လိုအပ်သော ပစ္စည်းပစ္စယများ ယူဆောင်ကာ နှစ်ယောက်သား လေယာဉ်ကွင်းရှိရာသို့ ကိုထူးအောင် ပြောသလို သုတ်ခြေတင်လာခဲ့ကြသည်။ နာရီဝက်အတွင်းမှာပင် အရှိန်ပြင်းပြင်းမောင်းနှင်လာခဲ့သော သူတို့မာ့ခ်တူးကားလေးက မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့လေသည်။

"ဟား ... အရှေ့မှာကို ထွက်စောင့်နေတာပဲ ဒီသွန်းရေ၊ ဟိုးမှာ ရပ်နေတဲ့ အနက်ရောင်ဝမ်းဆက်နဲ့ အမျိုးသမီးဟာ ဒေါ်မေဖူးကြယ်စင်ပေါ့"

သူ ကိုထူးအောင် ညွှန်ပြရာသို့ အလျင်စလို လှမ်းကြည့်လိုက်မိသည်။ အဝေးက ကြည့်တာနဲ့တင် မြင့်မားသွယ်လျသောကိုယ်နေဟန်၊ အချိုးအစားကျနပြေပြစ်ပုံက သူမကို လူငေးချင်စရာဖြစ်စေခဲ့သည်။ အနက်ရောင် စပို့ရှပ်လက်ရှည်၊ အနက်ရောင် ဘောင်းဘီရှည်ပျော့ပျော့ ဝတ်ဆင်ထားကာ ကြော့မတ်နွဲ့နှောင်းသော ဟန်ပန်ဖြင့် လက်ပိုက်ရပ်စောင့်နေသော သူမအသွင်က သူ့မျက်ဝန်းထဲ တန်းခနဲ ဝင်လာခဲ့သည်။

ဒီအမျိုးသမီးဟာ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိဟန်ဖြင့် အဆင့်အတန်းမြင့်၊ ကျက်သရေရှိစွာ လှပလွန်းသည်ဆိုတာတော့ မငြင်းနိုင်ပါ။ အနီးကပ် မြင်လိုက်ရချိန်မှာတော့ သူ မသိမသာပင် ပါးစပ်အဟောင်းသား ပွင့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်ကျကျ မျက်နှာပုံစံက မိန်းမဆန်သည် ထက် ယောကျ်ားပိုဆန်သည်ဟု ဂ သည်။ အသင်ရှားဆုံး တောက်ပစူးရှစွာ လှပနေသည်ကပေ့ာ သူမရဲ့ ကြည်ပြာရောင် မျက်ကပ်မှန်တပ်ထားသော မျက်လုံးအစုံပင်။ ပိရိပါးလျားသော ခတော်ဘာယ်ရီရောင် နှုတ်ခမ်းစိုစိုရွဲရွဲကလည်း သူမအလှကို တစ်ဖက်တစ်လမ်းမှ အားဖြည့်ဖေးကူပေးထားခဲ့သည်။

ရွှေအိုရောင် ဆံနွယ်အဖျားတွန့်ခွေခွေလေးတွေက သူမ မျက်နှာ၊ သူမ စတိုင်လ်နှင့် လိုက်ဖက်လွန်းကြောင်း သူ တိတ်တဆိတ် ကောက်ချက်ချလိုက်မိသည်။ အတန်ကြာ သတိလက်လွတ် ငေးမောကြည့်မိပြီးမှ ကိုယ့်ကိုယ်ကိုယ် အချိန်မီဘရိတ် အုပ်လိုက်ရသည်။

သူမက သူတို့ကားကိုမြင်သော် ခေါင်းပေါ် ဘီးကုပ်သဖွယ် ပင့်တင်ထားသော ဆီးညိုရောင် နေကာမျက်မှန်လှလှလေးကို ဆွဲယူချွတ်လိုက်ပြီး စ,နှုတ်ဆက်ပါသည်။

"သြော် ... ကိုထူးအောင်တို့ ရောက်လာကြပြီ"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော်တို့က စောသေးတယ်ထင်လို့ အလုပ်ဆက်လုပ်နေကြတာ၊ အစ်မ ဖုန်းဆက်တော့ အပြေးအလွှား ရောက်လာကြတာ၊ ဆောရီးပါ"





"ရပါတယ် ကိစ္စမရှိပါဘူး၊ ဒါနဲ့ သူက ကိုထူးအောင် ပြောပြောနေတဲ့ ကိုထူးအောင်ရဲ့ လက်ထောက်ဆိုတာလား"

သူ့ဘက်ကို လက်ညှိုးထိုးမေးလာသော မေးခွန်းကြောင့် သူ ရင်းနှီးဖော်ရွေစွာ တစ်ချက်ပြုံးပြလိုက်မိသည်။ ဒေါ်မေဖူးကြယ်စင်ဟာ စိတ်သဘောထား နူးညံ့ကောင်းမွန်သူ ဖြစ်နိုင်မှန်း သူမ စကားပြောဟန်ဆိုဟန် မျက်နှာအမူအရာများက အကောင်းဆုံး သက်သေပြနေခဲ့ကြပါသည်။

"ဟုတ်တယ် အစ်မ၊ ကျွန်တော် အားကိုးရဆုံး တပည့်ရဲဒီသွန်း ဆိုတာ သူပါပဲ"

"တွေ့ရတာ ဝမ်းသာပါတယ် မမ"

သူ့နှုတ်က အလိုအလျောက် ထွက်ကျသွားသော နှုတ်ဆက်စကားတစ်ခွန်းကြောင့် ဒေါ်မေဖူးကြယ်စင် လှစ်ခနဲ တစ်ချက်ပြုံးလိုက်လေသည်။

"အိုကေ ... ခုလို အစစအရာရာ စိတ်ချရတဲ့ ဝန်ထမ်းကောင်းတစ်ယောက်နဲ့ တွေ့ကြုံခွင့်ရတဲ့အတွက် တို့ကလည်း ဝမ်းသာပါတယ်၊ ကဲ ... သွားကြရအောင်"

"အစ်မ ရုံးကိုလိုက်မလား၊ ကျွန်တော်တို့ ဘယ်ပို့ပေးရမလဲ"

သူမက ကိုထူးအောင် စကားကြောင့် တစ်ချက်စဉ်းစားဟန်ပြုကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ကိုထူးအောင်၊ အစ်မ ရုံးကို နောက်နေ့မှပဲ အခြေအနေ လာကြည့်တော့မယ်၊ အခုလောလောဆယ် ကမာရွတ်တိုက်ခန်းကိုပဲ အရင်မောင်းပေးတော့၊ နားချင်နေပြီ"

"ဟုတ်ကဲ့ပါ အစ်မ"

သူမက ပြောရင်းဆိုရင်း သွက်သွက်လက်လက်ပင် ကားနောက်ခန်းထဲ ဇွေ့ခနဲ ဝင်ထိုင်လိုက်ပါသည်။ သူ့စိတ်ထဲ အံ့ဩသွားရတာတော့ အမှန်ပင်။ သူမအဆင့်အတန်း၊ အရှိန်အဝါဖြင့် သာမန်တိုက်ခန်းတစ်ခန်းမှာ နေသည်ဆိုသော အချက်က သူ့အတွက် စဉ်းစားစရာဖြစ်နေခဲ့သည်။ ပို၍ ထူးဆန်းဖွယ်ကောင်းတာက သူမပုံစံဟာ မြန်မာပြည်ကို အလည်သဘောသက်သက် ရောက်ရှိလာပုံပေါက်ပြီး လာရင်းကိစ္စပြီးတာနဲ့ စင်ကာပူကို နေ့ချင်းညချင်း ပြန်မည့်ပုံပင်။

သူမကို ကြည့်ရင်း သူ အတော်လေးကို နားမလည်နိုင်ဖြစ်ရပါသည်။ အလွန်သစ္စာရှိသော ကိုထူးအောင်ကလည်း သူမနှင့်ပတ်သက်ပြီး သူ့ကို အလုပ်ကိစ္စအကြောင်းများသာ အသိပေးပြောကြားခဲ့ဖူးသည်။ သူမရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ကိုထူးအောင် အနည်းနဲ့အများတော့ သိမှာအမှန်ပင်။





ကားပေါ်လိုက်ပါလာရင်း သူမက လက်ထဲက ဟန်းဖုန်းကို အေးအေးဆေးဆေးနှိပ်ကာ ဖုန်းပြောရန် ပြင်လိုက်လေသည်။

"ဟဲလို ... အေး ထားစံလား၊ ငါ မေဖူးပါ၊ ခု ငါ အိမ်ရောက်တော့မယ် သိလား၊ ငါ့မန်နေဂျာကို ကြိုခိုင်းလိုက်တယ်၊ အဆင်ပြေပါတယ် စိတ်မပူနဲ့၊ အမယ်လေး ... နှစ်ရှည်လများ စဉ်းစားပြီးမှ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချပြီး လာတာ၊ ငါ သေချာကိုင်တွယ်မှာပါ၊ နင့်ကို အိမ်ရောက်မှပဲ စကားတွေတဝကြီး ပြောတော့မယ်၊ ခု ကားပေါ်မှာဆိုတော့ ဖုန်းလိုင်းက ပြတ်တောင်းတောင်းနဲ့ အသံသိပ်မကြည်ဘူး၊ ဒါပဲနော် သူငယ်ချင်း"

သူမက လိုရင်းတိုရှင်းပဲပြောပြီး ဖုန်းကို ဖျတ်ခနဲ ပိတ်ချလိုက်ကာ ကားထိုင်ခုံကို နောက်ကျောမှီလျက် မျက်လုံးမှေးမှိတ်ကာ လိုက်ပါလာလေသည်။ သူမ ပြောနေသော စကားတွေရဲ့ အဓိပ္ပာယ်ကို သူ နားမလည်နိုင်ရိုးအမှန်ပင်။ သူမရဲ့ ကာရိုက်တာက သူ့စိတ်ဝင်စားမှုကို တစ်စတစ်စ အရှိန်အဟုန်ကြီးမားလာစေသည်။

အတန်ကြာတော့ ကမာရွတ်မြို့နယ်ရှိ တိုက်ခန်းတစ်ခုရှေ့သို့ သူတို့ကားလေး ထိုးဆိုက်လာခဲ့သည်။ သူမက လက်ဆွဲအိတ်တစ်လုံးနှင့် ခရီးဆောင်သေတ္တာနှစ်မျိုးတည်းပါသော



www.burmeseclassic.com

www.burmeseclassic.com



အထုပ်အပိုးများကို ကားပေါ်မှယူချကာ ကိုထူးအောင်ဘက်လှည့်ပြီး ...

"ကဲ ... ကိုထူးအောင်၊ ရှင်တို့ ပြန်လို့ရပြီ၊ မနက်ဖြန်ကျမှ ကျွန်မ ရုံးကို အခြေအနေ လာကြည့်ဦးမယ်၊ ပြောသာ ပြောတာပါ၊ ကိုထူးအောင်လို မန်နေဂျာမျိုးနဲ့ လွှဲထားရတာ ကျွန်မအတွက် အစစအရာရာနောက်ကြောင်းရှင်းပါတယ်၊ ဒါပေမဲ့ ရောက်တုန်းရောက်ခိုက်လေးတော့ ဘာတွေလိုအပ်ချက်ရှိဦးမလဲ၊ ဝင် Check လိုက်ဦးမယ်၊ နှစ်ယောက်စလုံးကို ကျေးဇူးတင်ပါတယ်"

သူမက သွက်လက်စွာပြောရင်း သူတို့နှစ်ယောက်ကို ခေါင်းတစ်ချက်ဆတ်ပြပြီး နှုတ်ဆက်ဟန်ပြုကာ ပစ္စည်းများဆွဲ၍ တိုက်ခန်းပေါ်တက်သွားလေသည်။ သူတို့နှစ်ယောက်လည်း ကိုယ့်တာဝန်ပြီးဆုံးပြီမို့ ကားပေါ်တက် မောင်းထွက်ကာ ရုံးသို့ ပြန်လာခဲ့ကြပါသည်။

အပြန်ခရီးမှာ သူမနဲ့ပတ်သက်ပြီး သူတို့နှစ်ယောက်လုံး ဘာတစ်ခွန်းမှ မဖွင့်ဟမိကြ။ အသီးသီး နှုတ်ဆိတ်ငြိမ်သက်နေခဲ့ကြလေသည်။ သူ့ရင်ထဲမှာတော့ မေးချင်သော မေးခွန်းတွေက အများကြီး။





ထနောင်းသည် မှန်တင်ခုံရှေ့ထိုင်ရင်း မှန်ထဲမှာ အတိုင်းသားမြင်နေရသော အိမ်ရှင့်ရော်ဟန် အထင်းသားပေါ်လွင်နေသည့် ကြောက်စရာ့အသွင်အား မျက်နှာကိုကြည့်ရင်း ကြက်သီးမွေးညင်းဖြာလာရသည်အထိ စိုးရွံ့သွားမိပါသည်။

ကြည့်ပါဦး။ ငွေပုံပေါ်ထိုင်ရင်း ပျော်ရွှင်စရာ အဖြစ်အပျော်များကို ငွေနှင့် လဲလှယ်ဝယ်ယူနိုင်သည်ဟု ဖျောင်းဖျနားချခဲ့သော အဒေါ်လုပ်သူကို အပြစ်တင်ရမလား၊ ကိုယ့်အတွက်သာ [illegible]နီးမယားအတွက်၊ မိန်းမသားတစ်ယောက်အတွက် နည်းနည်းလေးမှ ထည့်သွင်းမစဉ်းစားတတ်သူ ထိုယောကျ်ားကိုပင် လက်ညှိုးထိုး အပြစ်တင်ရမလား မသိလောက်အောင် သူမ အာရုံတွေ ထွေပြားဝေဝါးကုန်ခဲ့ပြီဖြစ်သည်။

အစပိုင်းကတော့ ဟုတ်သလိုလိုနှင့် ဖူးဖူးမှုတ် အလိုလိုက်ထားခဲ့ကာ အဒေါ်ဆုံးပါးသွားခဲ့ချိန် တစ်ကောင်ကြွက် တစ်မျက်နှာကျန်ခဲ့သော သူမကို တစ်နေ့တခြား စိမ်းကားပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



လာသော ဆက်ဆံရေးများအတွက်လည်း သူမ သွေးပျက်ထိတ်လန့်စပြုနေခဲ့လေပြီ။ သူမရဲ့ ချွတ်ယွင်းချက်ကြောင့် ကလေးမရနိုင်သည်ကိုလည်း အမျိုးမျိုး လက်ညှိုးထိုးအပြစ်ရှာ ကြိမ်းမောင်းချိန်တိုင်းမှာ ဒူးနဲ့မျက်ရည် သုတ်ခဲ့ရပေါင်း မနည်းတော့ပြီ။ တဖြည်းဖြည်းနှင့် အကြောင်းသိလာသော သူ့အပေါ် သူမ စိတ်ပျက်လက်ပျက်ဖြစ်မိပြီး နောက်ဆုံး သူနှင့်အဝေးတကာ့ အဝေးဆုံးသို့ လွင့်ပါးသွားချင်မိသည်ဟုဆိုလျှင် သူမကို ဘယ်လိုဝေဖန်ချက်မျိုး ပေးကြမှာပါလိမ့်။

သေချာတာတစ်ခုကတော့ သူမ ခုချိန်မှာ အိမ်ထောင်ရေးကွန်ယက်ထဲမှ အမှန်ပင် ရုန်းထွက်လွတ်မြောက်ချင်ပါသည်။ တစ်ခါတစ်ရံ စိတ်မထင်ရင် မထင်သလို စော်ကားချိုးနှိမ်တတ်သော သူ့စကားလုံးတချို့ကလည်း သူမနှလုံးသားကို အစိတ်စိတ်အမြွာမြွာ ကွဲကြေလွင့်စဉ်စေပါသည်။

"မင်းလို သာမန်ညောင်ည ဝန်ထမ်းတစ်ယောက်ရဲ့ဘဝကို မျက်စိစုံမှိတ်ပြီး လက်ထပ်ယူ ပံ့ပိုးပေးခဲ့တဲ့ ကိုယ့်အတွက် မင်းဘက်က ဘာတွေများ ဝတ္တရားကျေခဲ့ဖူးလဲ ထနောင်းရိပ်၊ ကိုယ် အလိုချင်ဆုံး ရင်သွေးလေးတစ်ယောက်ကိုတောင် မမွေးထုတ်ပေးနိုင်တဲ့ မင်းရဲ့ ဇနီးတစ်ယောက် အရည်အချင်းတွေက ဘာတွေလဲ ..."





သူမ ဘာများ ပြန်ပြောနိုင်မည်နည်း။ တစ်ခါတစ်ရံ မဖြစ်မနေ တက်ရောက်ရသော သူ့ရဲ့ ပွဲတော်တော်များများမှာ သူမ ဂုဏ်ပုဒ်က အတော်လေး ညှိုးမှိန်ညစ်နွမ်းခဲ့ပါသည်။ သူနဲ့ လုပ်ငန်းစပ်တူလုပ်သော အပေါင်းအသင်းတချို့က မကြားတကြား ထေ့ငေါ့တာကိုလည်း အမြဲလိုလို ခံရတတ်သည်။

"ကိုမင်းဝီရတို့ကတော့ဗျာ ... တကယ့်သူဌေး သူရဲကောင်းကြီးပါပဲ၊ ကိုယ်စေခိုင်းရာ မလွဲမသွေ လိုက်နာခံမယ့် မိုင်းကောင်းကျောက်ဖိကလေးကို ရထားတာပဲ"

ထိုအဆိုပြုချက်က သူမရင်ကို အဆမတန် အောင့်မျက်နာကျင်စေခဲ့သည်။ တကယ်လည်း အိမ်ထောင်သက် ငါးနှစ်ကျော်၊ ခြောက်နှစ်နီးပါး ကာလအထိ ကိုယ့်အပေါ် ငွေဆိုသည့် အရှိန်အဝါဖြင့် လွှမ်းမိုးချုပ်ကိုင်ထားခဲ့သော ထိုယောကျ်ားအပေါ် အစစအရာရာ သည်းခံနိုင်စိတ် ကြီးမားစွာ သူမ လိုက်လျောဆက်ဆံခဲ့ပါသည်။

သို့သော် မြေနိမ့်ရာလှံစိုက်ဟူသော စကားအထိုင်း ကိုယ့်ဘက်က သည်းခံအောက်ကျို့လေလေ သူ့ဘက်က ပိုမိုအနိုင်ယူ နှိမ်ချလေ ဖြစ်နေခဲ့သည်။ အများအမြင်မှာ သူမက လူတကာ အားကျရလောက်အောင် ကုသိုလ်ကံထူးသူ မိန်းမတစ်ယောက်အဖြစ် ယေဘူယျအားဖြင့် သတ်မှတ်ခံရသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် ပျော်ရွှင်မှု၊ အေးချမ်းသာယာမှု၊ ဘဝရဲ့ အနှစ်သာရများကို ငွေနှင့်ပေးဝယ်၍ မရနိုင်ကြောင်း တစ်နေ့တခြား သိသာထင်ရှားလာခဲ့ရသည်။

အိမ်ထောင်ရေးကံ ဆိုးလှသော ကိုယ့်ကိုယ်ကိုယ် အပြစ်တွေ အထပ်ထပ်တင်နေမိခဲ့တာလည်း အကြိမ်ပေါင်း မရေမတွက်နိုင်အောင် များပြားလွန်းခဲ့ပြီ။ ဖဲမွေ့ရာထူထူကြီးထက် အထီးကျန် တိတ်ဆိတ်စွာထိုင်ရင်း တစ်ကိုယ်တည်း ကျိတ်ငိုခဲ့ရသည့် ညဆိုးများလည်း သူမဘဝမှာ ဒုနဲ့ဒေးပင်။

ဒီနေ့လည်း သူ့သူငယ်ချင်းတစ်ယောက် မွေးနေ့ပွဲသို့ မလိုက်ချင်လိုက်ချင် လိုက်ပါသွားရသော သူမအတွက် ဖန့်စ်မြို့ဖွယ်ရာ အဖြစ်အပျက်တချို့ ကြုံခဲ့ရလေသည်။ သူမကို စားပွဲတစ်ဝိုင်းမှာ အခြားဧည့်သည်များနှင့် ဖြစ်သလို ပစ်ထားခဲ့ကာ သူ့သူငယ်ချင်း အပေါင်းအသင်းတချို့နှင့် မူးရူးပျော်ရွှင်နေသော သူ့ကို ရင်နာနာနှင့် စောင့်ကြည့်ခဲ့ရသည်။

သူမ ခံရခက်ဆုံးက သည်လို အပြုအမူတွေပင်။ ပွဲကြီးပွဲကောင်းသို့ မတတ်သာ၍ ခေါ်သွားပြီး ဟင်းရွက်၊ ကန်စွန်းရွက်လို မညှာမတာ ချောင်ထိုးထားတတ်သော သူ့အမူအကျင့်များက သူမ ခံနိုင်ရည်စွမ်းအားတွေကို လျော့ပါးစေသည်မှာ အမှန်။





ဘူဖေးစနစ် ဖြစ်သည့်အတွက် ကိုယ့်အတွက် အစားအသောက်အချို့ ကိုယ့်ဟာကိုယ် သွားယူကာ ချောင်ကျကျစားပွဲမှာ တစ်ယောက်တည်းထိုင်ရင်း စိတ်မပါတပါ စားသောက်နေစဉ်မှာပင် ...

"ရုပ်လက်ရှည် အနက်ရောင်နဲ့ မင်းဝီရ မဟုတ်လား"

သူ့နာမည် ပါလာ၍ သူမ စားလက်စပန်းကန်ကို အသာတွန်းဖယ်ကာ နားစွင့်ထားလိုက်မိသည်။ သူမက ကျောပေးလျက် အနေအထားဖြစ်၍ နောက်ဝိုင်းကအမျိုးသမီးတစ်အုပ်စုရဲ့ အသံတွေကို အတိုင်းသားကြားရလေသည်။

"ဟုတ်ပါ့ဟယ် ... ကြည့်ပါဦး ... သူငယ်ချင်းတွေနဲ့တွေ့တုန်း ပျော်မြူးတက်ကြွနေလိုက်တာ၊ လူပျိုပေါက်စလေးကျနေတာပဲ"

"သူယူထားတဲ့ မိန်းမက အသက်ရှစ်နှစ် ကွာတယ်ဆိုပဲ၊ ဒါပေမဲ့ ငယ်တဲ့သူကိုသာ ယူထားတာ၊ သူ့ခမျာ အိမ်ထောင်ရေးသုခဆိုတာ ဘာမှန်းတောင် မသိရှာပါဘူးဟယ်"

"အေးပေါ့ ... သားသမီးမရနိုင်တဲ့ မိန်းမတစ်ယောက်ကို ဘယ်ယောကျ်ားက စိတ်ရှည်လက်ရှည် ပေါင်းချင်တော့မှာလဲ၊ နောက်ပြီး ကောင်မလေးက သူ့ထက်လည်း အများကြီးနိမ့်ပါးတယ်ပြောတယ်၊ သူ့ဆိုင်တစ်ဆိုင်က ဝန်ထမ်းဆိုလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဝီရကလည်း ခေသူတော့ မဟုတ်ဘူးနော်၊ ဓာတ်လမ်းတွေလည်း အများကြီးရှိခဲ့ဖူးတယ်၊ မိန်းမကျမ်း တော်တော်ကျေတဲ့ကောင်၊ လျှို့ဝှက်ဖုံးကွယ်ထားတဲ့ ကိစ္စတွေလည်း အများကြီးပဲတဲ့"

သူမ ဆက်ကြားနိုင်စွမ်းမရှိတော့လောက်အောင် ခံနိုင်ရည် အင်အားတွေ ဆုတ်ယုတ်ကုန်ခန်းခဲ့ပြီဖြစ်သည်။ ချက်ချင်းပင် ပိုက်ဆံအိတ်ကို ကောက်ဆွဲလျက် မွေးနေ့ပွဲနှင့်ဝေးရာသို့ ဒရောသောပါး ပြေးထွက်လာခဲ့မိသည်။

အကယ်၍ ထိုအမျိုးသမီးများ နောက်ဆက်တွဲပြောသည့် စကားများကိုသာ သူမ အချိန်ယူစောင့်ဆိုင်းပြီး နားထောင်ခဲ့ပါလျှင် ...။





"မင်း ဘယ်လိုလုပ်လိုက်တာလဲ ထနောင်း"

အခန်းတံခါးဖွင့်သံနှင့်အတူ ရုတ်တရက် ဝုန်းဒိုင်း ကြဲဝင်ရောက်လာသော သူ့ကိုအမြင်မှာ ထနောင်း တစ်ကိုယ်လုံး တုန်တက်သွားရသည်အထိ လန့်ဖျပ်သွားမိသည်။ သူ့မျက်နှာက မာန်ဖီနေသော ကျားရိုင်းတစ်ကောင်လို နီရဲခက်ထန်လျက်။ စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် ထနောင်းရှိရာသို့ တရွေ့ရွေ့တိုးကပ်လာကာ လက်ညှိုးငေါက်ငေါက်ထိုးရင်းဆိုသည်။

"မင်း ဘာအချိုးချိုးတာလဲ ထနောင်း၊ ငါ့ကို အသိမပေးဘဲ ဘာလို့ တစ်ယောက်တည်း အိမ်ပြန်လာရတာလဲ၊ မင်းကို ဒေါင်းတောက်အောင် လိုက်ရှာရတာ ဖတ်ဖတ်ကိုမောလို့၊ ငါ့ကို မစောင့်နိုင်ဘူးဆိုလည်း အကျိုးအကြောင်းပြောပြီးမှ ပြန်ပေါ့၊ မင်းကို တကူးတက ဆွဲထားမယ်များ ထင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာဖြတ်ရိုက်ခံလိုက်ရသလို ထူပူကြမ်းရှသွားရသည်။ ထွက်လာသမျှ စကားလုံးတိုင်းက နှလုံးသားကို တရိရိ လှီးဖြတ်နေသလို နာကျင်ပြင်းပြစေပါသည်။ အံတစ်ချက်တင်းတင်းကြိတ်ရင်း သူ့မျက်နှာကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

ဤမျှ မုန်းတီးစက်ဆုပ်ဖွယ်ကောင်းသော ယောကျ်ားတစ်ယောက်ကို ယူထားမိသည့် သူမကိုယ်သူမလည်း ပြင်းပြင်းထန်ထန် ဒေါသထွက်ချင်နေမိသည်။ လူဖြစ်ကျိုးရှုံးလှသော ကိုယ့်ဘဝကြီးရဲ့ ဖြစ်တည်မှုကိုလည်း သူမ တူးတူးခါးခါး မုန်းမိပါသည်။

သူက သူမရဲ့ ဆတ်ဆတ်ထိမခံ အမူအရာကြောင့် မျက်လုံးများကို မေးစင်းစိုက်ကြည့်လာကာ သွေးအေးစွာ ရေရွတ်သည်။

"မင်းအကြည့်က ဘာလဲ၊ မင်း ဘာဖြစ်ချင်တာလဲ၊ ငါ့ကို ပမာမခန့် အချိုးမျိုးတော့ လာချိုးမယ်မကြံနဲ့နော်၊ အရိပ်နေနေ အခက်ချိုးချိုး လာလုပ်လို့ကတော့ မင်း မလွယ်ဘူးမှတ်၊ မင်းဘဝက ငါ့လက်ခုပ်ထဲကရေဆိုတာ မေ့မထားနဲ့ဦး"





သူမရင်ထဲ ဒေါသအခိုးအငွေ့များ တရိပ်ရိပ်လျှံတက်လာခဲ့ကာ ဝုန်းခနဲ ထရပ်လိုက်ပြီး သူ့ကို မျက်နှာချင်းဆိုင်စိုက်ကြည့်ပစ်လိုက်သည်။ မျက်ဝန်းကိုယ်စီထဲမှ အခိုးအငွေ့များကြောင့် နှစ်ယောက်စလုံး ချက်ချင်းလက်ငင်း ပြာကျသွားစေနိုင်ပါသည်။

"ဒီမှာ ကိုမင်းဝီရ ... ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးမနေနဲ့၊ လူတစ်ယောက်ရဲ့ သည်းခံနိုင်စွမ်းအားဆိုတာ အတိုင်းအတာတစ်ခုထိပဲရှိတယ်၊ ရှင့်ကို ဒေါ်လေး သဘောတူပေးစားလို့သာ မျက်စိစုံမှိတ်ပြီး ယူခဲ့တာ၊ သိပ်ချစ်လွန်းလို့တော့ မဟုတ်ဘူး"

သူမရဲ့ အသံကုန်ကျိုးအော်မှုကြောင့် သူ ပထမတော့ ကြောင်အ,ငေးမောနေခဲ့လေသည်။ ထို့နောက် တဖြည်းဖြည်း သတိဝင်လာသလို သူ့မျက်နှာအမူအရာ ပြောင်းလဲသွားပြီး သူမကို ပခုံးတစ်ချက်တွန့်ရင်း မထီမဲ့မြင်ပြုံးကြည့်ကာ ...

"ဩော် ... သိပ်ကို နူတ်သီးကောင်းတတ်နေပါလား၊ မင်းအဒေါ်က မင်းရှေ့ရေးအတွက် ကြိုတင်တွေးပူလို့ ငါ့လက်ထဲ အားကိုးတကြီးအပ်ဖို့ ရည်ရွယ်ခဲ့တာဖြစ်မှာပေါ့၊ နို့မို့ဆို မင်းလိုအဆင့်တူအတန်းတူ လမ်းဘေးကလေကဝတစ်ယောက်နဲ့ပဲ ဖူးစာပါချင်ပါနေမှာ၊ မင်းနဲ့ အိုးချင်းထားအိုးချင်းထိတွေလေ"



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်လုံးအစုံ ပြူးကျယ် ဝိုင်းစက်သွားရသည်။ ရင့်သီးရိုင်းစိုင်းသော စကားလုံးများရဲ့ ဒဏ်ပွာယ်ကို အစပိုင်းတော့ သိပ်နားမလည်။ သို့သော် ခေါင်းထဲ အဖွေးတစ်ချက်ဝင်လာကာ သူ့ ဘာကိုဆိုလိုမှန်း ချက်ချင်း သဘောပေါက်သွားရတော့သည်။

ဒါတော့ သူ တော်တော်တံရုံးလွန်နေပြီ။ ထနောင်းသည် တွေးရင်းနှင့် အသားတဆတ်ဆတ်တုန်ယင်ကာ သူ့ကို စားမတတ် ဝါးမတတ် စိုက်ကြည့်နေမိရင်း ...

"ကြားထဲက အပြစ်မရှိတဲ့ ကျွန်မသူငယ်ချင်းတွေကို မဆီမဆိုင် ဆွဲထည့်စရာမလိုဘူး ဦးမင်းဝီရ၊ သူတို့က ကျွန်မအတွက် တုန့်နှိုင်းမမီတဲ့ သူငယ်ချင်းကောင်းတွေ၊ သူတို့ တန်ဖိုးကို ဘယ်သူမှ လိုက်မီမှာ မဟုတ်ဘူး ...

လူငယ်သဘာဝ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေတယ်၊ ဒါပေမဲ့ သူများအပေါ် မကောင်းမကြံကြဘူး၊ မိုက်ပေမယ့် မယုတ်မာကြဘူး၊ အဲဒါ ကျွန်မ သူငယ်ချင်းတွေရဲ့ အရည်အချင်းကောင်းတွေပဲ"

စိတ်ထဲရှိတာတွေ အားပါးတရ ရင်ဖွင့်ပြီးချိန်မှာတော့ သူမ ရင်ထဲ အတော်လေး ပေါ့ပါးလန်းဆန်းသွားခဲ့လေသည်။ ခုချိန်မှာ သင့်တော်တာ၊ မသင့်တော်တာ၊ ပြောသင့်တာ၊ မပြောသင့်





တာ ဒါတွေကို သူမ စိတ်မဝင်စား။ နှစ်ရှည်လများ ထိန်းချုပ်မျိုသိပ်ထားခဲ့ရသော သည်းခံခြင်းတံတိုင်းက စက္ကန့်ပိုင်းမှာပင် ကျိုးပျက်ကြေမွသွားခဲ့ပြီဖြစ်သည်။

သူက သူမစကားအဆုံးမှာ ဟန်မဆောင်နိုင်လောက်အောင် ရှုံ့ရှုံ့ရှားရှား ဒေါသထွက်လာပုံဖြင့် လက်တစ်ဖက်ကို လေထဲ မြှောက်ယမ်းပြီး အားကုန်ရိုက်ချလိုက်လေသည်။ အမှတ်တမဲ့မို့ သူမ ရှောင်လွှဲချိန်မရလိုက်။ ညာဘက်ပါးပြင်တစ်ဖက်လုံး ထူပူကျိန်းစပ်သွားတာသာ သိလိုက်ရသည်။ ထိုအချိန်မှာပင် သူမ ရင်ထဲက အမုန်းတရားထုထည် ပမာဏ အဆမတန် ကြီးမားလာပြီကို သတိပြုမိလိုက်သည်။

နာကျင်အောင့်မျက်နေသော ပါးပြင်ကို ခပ်တင်းတင်း အုပ်ကိုင်ရင်း သူ့ကို မီးဝင်းဝင်းတောက်မျက်လုံးများဖြင့် စူးစိုက်ကြည့်နေမိသည်။ ခုချိန်မှာ ဒီယောကျ်ားကိုသတ်ပြီး ကြိုးစင်တက်လိုက်ရလျှင်ပင် မတွေးကောင်းတွေးကောင်း အတွေးများလည်း ရင်ထဲ အပြည့်အနက် နေရာယူလာခဲ့လေသည်။ သူက သူ ကျူးလွန်လိုက်သော လတ်တလောပြစ်မှုကြီးအတွက် တစ်စက်ကလေးမှ နောင်တမရပုံဖြင့် သူမ မျက်လုံးနှစ်လုံးကြား အလယ်တည့်တည့်နေရာကို လက်ညှိုးငေါက်ငေါက်ထိုးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လမ်းဘေးက အလေအလွင့်ကောင်တွေကို ငါ့ရှေ့လာပြီး စာဖွဲ့ပြမနေနဲ့၊ အဲဒါကြောင့် ရှေးစကားပုံထားခဲ့တာ၊ ရွှေကိုရွှေနဲ့ ဂဟေဆက်မှ မြတ်မယ်တဲ့၊ အဖိုးမတန်တဲ့ကြေးနဲ့ သွားစပ်မိလို့ကတော့ ရွှေရဲ့ရှိရင်းစွဲတန်ဖိုးတွေ အလိုလိုနေရင်း လျော့ကျသွားမှာပဲ၊ ငါ သိပ်မှားသွားတယ်၊ အရောင်တင်ပေးလို့တောင် အရောင်မထွက်တဲ့ မင်းကို အရေးတယူ ပ,စားပေးခဲ့မိတဲ့ ငါ့လောက်ညံ့တဲ့ယောကျ်ား ရှိမှာမဟုတ်တော့ဘူး"

ပိုးစိုးပက်စက်ပြောရင်း ချာခနဲ လှည့်ထွက်သွားသော ထိုယောကျ်ားရဲ့ နောက်ကျောပြင်ကိုကြည့်ရင်း သူမ လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ သူမ အချိန်တော်တော်ကြာအောင် နေရာမှာတင် ကြက်သေသေနေခဲ့ရာမှ ပါးပြင်ဆီက အပူစီးကြောင်းနှစ်ခုရဲ့ အထိအတွေ့ကြောင့် ချက်ချင်း သတိဝင်လာကာ ကပျာကယာ မှန်ထဲ ကြည့်လိုက်မိပါသည်။

အို ... သူမ သည်းသည်းသန်သန် ငိုကြွေးနေမိခဲ့ပြီ။ နှလုံးသွေးစက်များမှ အသွင်ပြောင်းသွားသော မျက်ရည်စတချို့ကို သူမ သုတ်ဖယ်ပစ်ဖို့ မေ့လျော့နေခဲ့လေသည်။ သူမဘဝမှာ ဒီနေ့လောက် နာကျင်ပြင်းပြစွာ ခံစားရသောနေ့ မရှိတော့ပါ။ မျက်လုံးနှစ်ဖက်ကို ဖွတ်မှိတ်ပစ်ရင်း ခေါင်းကို ခပ်ပြင်းပြင်းခါယမ်းလိုက်မိသည်။





ထိုအချိန်မှာပင် ထူးထူးဆန်းဆန်း သူမအာရုံထဲ အရိပ်လေးတစ်ခုက လှစ်ခနဲ နေရာယူ ဝင်ရောက်လာပါသည်။ သူမနှင့် နှစ်ရှည်လများ ကာလကြာမြင့်စွာ ခိုင်ခိုင်မာမာ သံယောဇဉ်ဖွဲ့တည်ခဲ့ရသော အချစ်ဆုံးသူငယ်ချင်း ဒီသွန်း။

သူမ ဒီသွန်းကို ပြင်းပြင်းပြပြ သတိရသွားမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ စူပါမားကက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသော တာဝန်ကို ကိုထူးအောင်က သူ့အား ပေးအပ်ခဲ့လေသည်။ သူ လက်စွဲတော် ဒိုင်ယာရီစာအုပ်နှင့် ဘောပင်နံတစ်ချောင်းကိုင်ကာ ဆိုင်တွေရှိရာသို့ လျှောက်လှမ်းလာရာမှ ရှေ့တည့်တည့်မှာ မြင်လိုက်ရသော သူမကြောင့် ခြေလှမ်းတွေ ရုတ်တရက် တန့်သွားရသည်။

သူ့ရင်ထဲ ဒိန်းခနဲ ခုန်ဆောင့်သွားမိသည်။ ခရမ်းဖျော့ရောင် ပိုးသားဝတ်စုံအထက်အောက်ဆင်တူနှင့် သားရေအိတ်ကြီးကြီးလွယ်ကာ လျှောက်လှမ်းလာပုံက မြင်ရသူတိုင်းကို လည့်ပြန်ငေးမကြည့်ဘဲ မနေနိုင်အောင် ဆွဲဆောင်အား ကြီးလှသည်။ သူမက ရိုးမလိုနှင့် ဆန်းသော အလှပိုင်ရှင်ဖြစ်ကြောင်း သူ တိတ်တဆိတ် မှတ်ကျောက်တင်မိသည်။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိသောအခါ သူက အရင် ကိုယ်ကိုယို့၍ ပြုံးပြနှုတ်ဆက်လိုက်ပါသည်။





"မင်္ဂလာပါ မမ"

သူမက သွားဖြူဖြူလေးများပေါ်အောင် အားပါးတရရယ်မောရင်း ခေါင်းတစ်ချက်ဆတ်ပြကာ သူ့ရဲ့နှုတ်ဆက်မှုကို အသိအမှတ်ပြုလာသည်။

"မင်္ဂလာပါ ရဲဒီသွန်း၊ ကိုထူးအောင်ရှိလား"

"ဟုတ်ကဲ့ ... အစ်ကို ရုံးခန်းထဲမှာ ရှိပါတယ် မမ၊ ကျွန်တော်ကပစ္စည်းစာရင်းတွေ ကောက်စရာရှိလို့ ဆိုင်ခန်းတွေဘက်လာတာ"

"အိုကေ ... လုပ်စရာရှိတာ ဆက်လုပ်ပါ၊ တို့ ကိုထူးအောင်နဲ့ တွေ့လိုက်ဦးမယ်"

သူမက ပြုံးရွှင်သွက်လက်စွာပြောပြီး ရုံးခန်းထဲဝင်သွားပါသည်။ သူတို့ ရုံးခန်းမှန်တံခါးထဲမှ မြင်နေရသော သူမကို သူ တစ်ချက်တော့ ခိုးငေးနေမိသေးသည်။ လူတန်းစားမရွေး တန်းတူညီတူ ဆက်ဆံတတ်သော သူမ စိတ်ထားနူးညံ့ပုံက သူ့အတွက် စံတင်လောက်စရာပင်။

သူ အလုပ်ထဲ အာရုံပြန်နှစ်လိုက်ကာ လိုအပ်သည့် စီမံခန့်ခွဲမှုများကို စိတ်လိုလက်ရလုပ်ပြီး အချိန်တော်တော်ကြာမှ ရုံးခန်းတံခါးဖွင့် ထွက်လာသော ကိုထူးအောင်နှင့် သူမကို တွေ့လိုက်ရသည်။ ကိုထူးအောင်က သူမ ပြောသမျှကို ခေါင်းတဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ညိတ်နားထောင်နေရာမှ သူ့ဘက်ကိုလည်း မျက်လုံးဝေ့ကြည့်ပြီး လက်ယပ်ခေါ်လိုက်လေသည်။ သူ လုပ်လက်စအလုပ်ကိုရပ်ပြီး သူတို့နားသို့ အလျင်အမြန် လျှောက်သွားလိုက်သည်။ ကိုထူးအောင်က သူ့ပခုံးကို သိုင်းဖက်ကာ ...

"ဒီသွန်း ... ကိုယ် ဒီမှာ ကိစ္စတစ်ခု ပေါ်လာလို့ကွာ၊ မင်း အစ်မကို သူပြောတဲ့နေရာ လိုက်ပို့ပေးလိုက်စမ်းပါ"

"ဟုတ်ကဲ့ အစ်ကို"

သူက ဘာမှန်း သေချာမသိဘဲ ခေါင်းညိတ်အဖြေပေးလိုက်မိသည်။ ကိုထူးအောင်က သူမဘက်လှည့်လိုက်ပြီး ...

"အစ်မ ဒီသွန်းက ကျွန်တော်ယုံကြည်စိတ်ချရဆုံး တပည့်ပါ၊ လျှို့ဝှက်ကိစ္စတော်တော်များများ အတွက်လည်း စိတ်ချရတယ်၊ သူ့အရည်အချင်းကို ကျွန်တော် ကောင်း ကောင်းကြီး အာမခံပါတယ်၊ အစ်မ သူ့ကိုခေါ်သွားရင် အဆင်ပြေပါလိမ့်မယ်"

သူမက လက်ပိုက်ထားလျက်မှ ခေါင်းတဆတ်ဆတ်ညိတ်ရင်း သူ့ကို မသိမသာ အကဲခတ်လာလေသည်။ သူ ဘာမှကို နားမလည်နိုင်သေးပါ။ ကိုထူးအောင်နှင့် သူမတို့နှစ်ယောက်လုံးရဲ့ မျက်လုံးတွေပေါ်မှာ ဘာကြောင့်များ ပဟေဠိ အရိပ်အမြွက်တွေ စွန်းထင်းနေပါလိမ့်။





"အင်း ... ကိုထူးအောင် ပြောသလိုပဲ ကျွန်မ လက်ခံပါတယ်၊ ကိုထူးအောင် ခြေရာကို လိုက်မမှီနိုင်မယ့် တပည့်ဆိုတာလည်း ကျွန်မ စတွေ့ကတည်းက ကောက်ချက်ချပြီးသားပါ၊ ဒါဆို ကျွန်မတို့ကို ခွင့်ပြုပါဦး၊ တစ်ခုခုအကြောင်းထူးရင် ကျွန်မ ဖုန်းကိုလှမ်းဆက်လိုက်ပါ၊ ကဲ ... ဒီသွန်း၊ တို့တွေသွားကြစို့"

သူမက ရှေ့မှဦးဆောင်ကာ ခပ်သွက်သွက် လှမ်းထွက်သွားပါသည်။ သူ တွေ့ဖူးသမျှ မိန်းမတွေထဲမှာ သူမလောက် လမ်းလျှောက်မြန်သောမိန်းမမျိုး တစ်ယောက်မှ မရှိတာအမှန်ပင်။ ရှည်လျားသွယ်မတ်သော လမ်းလျှောက်ပုံက သူ့မျက်စိထဲ ထူးထူးခြားခြား ကြည့်ကောင်းနေခဲ့သည်။

"ဒီသွန်း ... မင်း ကားမောင်းတတ်တယ်လို့ ကိုထူးအောင် ပြောတယ် ... ဟုတ်လား"

"ဟုတ် ... အတော်လေး ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါတယ်၊ ဘာမှ မစိုးရိမ်ပါနဲ့ မမ"

"ကောင်းပြီ ... ဒီလိပ်စာရှိတဲ့ ခြံကို သွားကြည့်ချင်တယ်"

သူမက လွယ်ထားသော အိတ်ကြီးထဲမှ နက်ပြာရောင်ဖုံးဖြင့် ဒိုင်ယာရီစာအုပ်လေးတစ်အုပ်ကို တဖျပ်ဖျပ် လှန်ကာ လိပ်စာတစ်ခုရေးထားသော စာမျက်နှာကို သူ့ရှေ့ထိုးပြလာသည်။ အမှတ် (......)၊ အင်းလျားမြိုင်လမ်းတဲ့။ သူ ခေါင်းညိတ်ပြပြီး ကားလေးကို ညင်သာစွာ မောင်းထွက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သူမပြောသော လိပ်စာသို့ရောက်သောအခါ ထိုအိမ်ရှေ့တည့်တည့်မှာ သူတို့ကားလေးကို ထိုးဆိုက်ရင်း သူမက ကားပေါ်မှ ခပ်သုတ်သုတ်ဆင်းကာ ခြံကြီးကို အပြင်ဘက်ကနေ လှမ်းအကဲခတ်နေပါသည်။

ဒီခြံကြီးက သူ့အမြင်မှာတော့ အနည်းငယ်ဆန်းနေသလိုပင်။ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော အုတ်တံတိုင်းကြီးများ ကာရံထားကာ ခြံအလယ်က တိုက်ဟည်းဟည်းကြီးကတော့ အသစ်ပြန်ပြင်ဆောက်ထားတာ သိပ်မကြာသေးသည့် သစ်သစ်လွင်လွင်ပုံစံမျိုးဖြစ်သည်။

ခြံထဲတစ်နေရာမှာတော့ ဒရဝမ် ဦးလေးကြီးတစ်ယောက် ပန်းပင်ရေလောင်းနေသည်ကို တွေ့ရသည်။ သူမက ခြံပြင်မှနေ၍ ခြံစည်းရိုးသံတိုင်ကို ကိုင်ရင်း အထဲသို့ အားရကျေနပ်လောက်အောင် စစ်စစ်ပေါက်ပေါက် အကဲခတ်ကြည့်ရှုပြီး ...

“ဒီအချိန် မရှိဘူးထင်တယ်”

ဟု သူမဘာသာ တစ်ယောက်တည်း ရေရွတ်နေသလို ခပ်တိုးတိုးဆိုသည်။ သူမ ဒီခြံကြီးကို ဝယ်မလို့များ လာရောက်စုံစမ်းတာလား။ သူ မဆီမဆိုင် တွေးလိုက်မိသေးသည်။ သူမက တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောနေပုံမျိုးဖြင့် မျက်မှောင်တွန့်ချိုးထားရာမှ ရုတ်တရက် အိတ်ထဲမှ ဟန်းဖုန်းကို





ထုတ်ယူကာ နံပါတ်များကို တစ်လုံးချင်းနှိပ်ပြီး နားထောင်နေပါသည်။

“ဟဲလို ... အေး ... ထားစံ ငါပါ၊ နင်ပေးတဲ့လိပ်စာအတိုင်း တော့ရောက်ပြီ၊ ဒါပေမဲ့ ဘာမှ ထူးထူးခြားခြား မတွေ့ရဘူး၊ ဖြစ်နိုင်တယ်၊ ဒါဆို ညနေပိုင်းလောက်မှ တွေ့မယ်ထင်တယ်၊ ကောင်းပြီ ... ကောင်းပြီ ဒါပဲနော်”

သူမက ဖုန်းပိတ်ပြီး ခြံကြီးထဲကို တစ်ချက်မျှ လှည့်ကြည့်လိုက်ပြီးနောက် သူ့ကို ခေါင်းတစ်ချက်ဆတ်ပြကာ ...

“ကဲ ... ဒီသွန်း၊ မမတို့ သွားရအောင်”

ဟုဆိုသည်။

နှစ်ယောက်သား ကားပေါ်တက် စက်နှိုးရင်း မောင်းထွက်လာခဲ့ပါသည်။ သူမက အပြန်လမ်းတစ်လျှောက်လုံး ဘာစကားမှ မပြောဘဲ ငြိမ်သက်စွာ လိုက်ပါလာသည်။ သူလည်း အလိုက်တသိပင် ဘာမှ မမေးမြန်းတော့ဘဲ ရုံးရှိရာသို့ အရှိန်မြင့်မောင်းလာခဲ့သည်။

ရုံးရောက်တော့လည်း ထုံးစံအတိုင်း သူက လုပ်စရာရှိသည့်ကိစ္စများကို တစ်ယောက်တည်း ပြန်လုပ်ရင်း သူမကိုမေ့သွားခဲ့သည်။ ကိုထူးအောင်နှင့် သူမကတော့ တိုးတိုးကျိတ်ကျိတ်ဖြင့် ဘာတွေ ရေးကြီးခွင်ကျယ် ဆက်ပြောနေကြသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



ရုံးဆင်းချိန်ရောက်တော့ ကိုထူးအောင်က သူ့စားပွဲနား ရောက်လာကာ ...

"ဒီသွန်း ... အစ်ကို မင်းကို အေးအေးဆေးဆေး စကားပြောချင်တယ်"

"ဟုတ်ကဲ့ အစ်ကို"

"ကိုယ်တို့ ဒီနားက ကော်ဖီဆိုင် တစ်ဆိုင်ဆိုင်မှာပဲ ပြောတာပေါ့"

ကိုထူးအောင်က ထစ်ကိုယ်တည်း လူပျိုကြီးဖြစ်ကာ မိဘတွေက နယ်မှာနေတာမို့ ရန်ကုန်မှာ ဆွေမျိုးသားချင်းသိပ်မရှိသည့်အတွက် သူ့ကိုတော့ ညီငယ်တစ်ယောက်လို သံယောဇဉ်တွယ်ရှာပါသည်။ တစ်ခါတစ်ရံ အလုပ်ချိန်ပြီးလျှင် သူ့ကို ရောက်တတ်ရာရာ စကားများပြောရန် ဆိုင်ကောင်းကောင်းရှိရာ ခေါ်သွားတတ်သည်။ အထူးသဖြင့် ကိုယ်ရေးကိုယ်တာ ကိစ္စများ ဖွင့်ဟတိုင်ပင်လိုသည့်အခါ အေးအေးဆေးဆေး စကားပြောလို့ကောင်းသည့် ဆိုင်များကို ရွေးချယ်တတ်လေသည်။

ယခုလည်း ကိုထူးအောင် မျက်နှာအမူအရာကြည့်ရတာ လျှို့ဝှက်နက်နဲသည့် ကိစ္စတစ်ခုခု ဖွင့်ဟပြောပြချင်နေသည့်ပုံပင်။





သူ လုပ်လက်စ အလုပ်များကိုရပ်ပြီး ကွန်ပျူတာပိတ်ကာ ကျောပိုးအိတ်လေး ကောက်ဆွဲ၍ ကိုထူးအောင်နှင့်အတူတူ ထွက်လာခဲ့သည်။ သူတို့ရုံးမှ လမ်းလျှောက်သွားလျှင် ငါးမိနစ်ခန့်သာ လျှောက်ရမည့် ကော်ဖီဆိုင်လေးရှိရာသို့ နှစ်ယောက်သား အေးအေးလူလူ လျှောက်လှမ်းလာခဲ့သည်။ လမ်းလျှောက်လာရင်း ကိုထူးအောင် သက်ပြင်းတွေ ခဏခဏချတာလည်း သူ သတိထားမိလေသည်။

ဘာဖြစ်လို့ပါလိမ့်။ လူပျိုကြီးအတွက် ရင်ခုန်၊ ရင်ဖိုစရာ အဖြစ်အပျက်တွေများ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီလား။ သူ ဖျတ်ခနဲ သူမကို သတိရလိုက်မိကာ ရင်ထဲလေးလံတင်းကျပ်သွားမိပါသည်။ ဖြစ်သင့်သည်၊ မဖြစ်သင့်သည်ဆိုတာ သူ ခုချိန်မှာ မစဉ်းစားနိုင်။ ထိုမိန်းမကို သူလည်း အနည်းနဲ့အများ စိတ်ဝင်စားနေမိတာ ကိုယ့်ကိုယ်ကိုယ် ဝန်ခံချင်ပါသည်။

ကော်ဖီဆိုင်လေးသို့ရောက်တော့ သီးသန့်ခန်းတစ်ခန်းမှာ နေရာယူလိုက်ကြပြီး ကတ်ပချီနိုကော်ဖီနှစ်ခွက် မှာလိုက်ကြပါသည်။ ကိုထူးအောင်က တစ်စုံတစ်ရာကို ခဲရာခဲဆစ်စဉ်းစားနေပုံဖြင့် မေးထောက်ငြိမ်သက်နေရာမှ ...

"ပထမဆုံး ကိုယ် မင်းဆီမှာ ကတိတစ်ခုတော့ တောင်းချင်တယ် ဒီသွန်း"



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးဆန်းဆန်း စကားကြောင့် သူ အံ့ဩသွားမိသော်လည်း မဆိုင်းမတွပင် ခေါင်းညိတ်အဖြေပေးလိုက်သည်။

"ဟုတ်ကဲ့ ... ပြောပါ အစ်ကို"

"ဒီလိုကွ ... အစ်မနဲ့ ပတ်သက်တဲ့အကြောင်း ဖြစ်နေလို့ပါ"

သူ ထပ်ဆင့် ပိုပြီးစိတ်ဝင်စားသွားရပါသည်။ ထို့အတူ စိုးရိမ်ပူပန်စိတ်ကလေးလည်း လှစ်ခနဲ ရင်ထဲဝင်ရောက်နေရာယူလာသည်။ သူ ကြိုတွေးထားသလိုများ ဖြစ်တော့မှာလား။ မတင်မကျ အောင့်သီးအောင့်သက်ကလေးနှင့်ပင် သူ ကိုထူးအောင် စကားကို ဆက်နားစွင့်နေမိသည်။

"အခု ကိုယ်ပြောမယ့် အကြောင်းအရာတွေကို မင်းတစ်ယောက်တည်းကလွဲပြီး ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး ဆိုတဲ့ ကတိ ကိုယ့်ကို ပေးရမယ် ဒီသွန်း"

သူ တစ်ချက်တော့ တွေသွားသည်။ သို့သော် ချက်ချင်းပင် ခပ်သွက်သွက် ခေါင်းညိတ်ကာ အာမခံလိုက်ပါသည်။

"ဟုတ်ချပါ အစ်ကို၊ ကျွန်တော် ပေးပါတယ်"

"ကိုယ်ကလည်း ပြောသာ ပြောရတာပါကွာ၊ မင်းအကျင့်စာရိတ္တကို ယုံကြည်ပြီးသားပါ၊ မင်းကို ဟိုတလောတုန်းက ကိုယ်ပြောဖူးတယ်လေ၊ အစ်မဟာ သူ့ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုအတွက် မြန်မာပြည်ကို ခဏလာခဲ့တယ် ဆိုတာ"





"ဟုတ်ကဲ့ ... ကျွန်တော် မှတ်မိပါတယ်"

"အင်း ... မင်း နားလည်အောင် စပြောရမယ် ဆိုရင်တော့ အစ်မမေဖူးဟာ ကိုယ်နဲ့အစ်မနှစ်ဝမ်းကွဲ တော်စပ်တယ်၊ စင်ကာပူမှာရှိတဲ့ သူ့အဖေနဲ့ ကိုယ့်အဖေနဲ့က ညီအစ်ကို တစ်ဝမ်းကွဲတွေလေ၊ သူကလည်း တစ်ဦးတည်းသောသမီး၊ တစ်ခုပြောစရာရှိတာက ကိုယ်တို့မျိုးရိုးတွေ အကုန်လုံး သားသမီးအရ နည်းကြတာ ထုံးစံတစ်ခုလို ဖြစ်နေခဲ့တယ် ...

ဒီတော့ ဆွေမျိုးနည်းနည်းလေး တော်တာနဲ့အရင်းအချာတွေလို့ သံယောဇဉ်တွယ်သွားကြရော၊ ကိုယ်နဲ့ အစ်မကလည်း အဲဒီလိုပဲပေါ့၊ မောင်နှမသားချင်း မရှိတဲ့အတွက် တစ်ယောက်ကိုတစ်ယောက် ကိုယ်ရေးကိုယ်တာကိစ္စတွေကအစ ရင်းရင်းနှီးနှီး တိုင်ပင်ကြတယ်၊ ဒီစုပါမားကတ်ကလည်း သူ့နာမည်ပိုင် ဆိုပေမယ့် ကိုယ်က ရှယ်ယာအနည်းအကျဉ်းနဲ့ လုပ်အားစိုက်ထုတ်ခဲ့တာပေါ့၊ အကျိုးအမြတ်ကိုလည်း နားလည်မှုနဲ့ ခွဲဝေယူကြတယ်၊ ဒါပေမဲ့ တာပြဿနာမှ မရှိခဲ့ဘူး၊ အစ်မကလည်း ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီးတော့ သိပ်အမှုမထားတတ်တဲ့သူပါ ...

အဲဒါကြောင့်လည်း အခု သူ့ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုအတွက် ကိုယ် မင်းကို ပြောပြသင့်တဲ့ အရာတွေပေါ်လာလို့ ခုလိုပြောဖို့ စီစဉ်လိုက်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ ခုချိန်ထိ ကိုထူးအောင် ဘာကိုဆိုလိုသလဲဆိုတာ တိတိကျကျ သဘောမပေါက်သေး။ သို့သော် သူ စိတ်ဝင်စားသော မိန်းမတစ်ယောက် အကြောင်းကို ဖွင့်ဟပြောလာသည့်အတွက် တိတ်တဆိတ် ကျေနပ်နေမိတာတော့ အမှန်ပင်။

ကိုထူးအောင်က ကော်ဖီတစ်ငုံသောက်ပြီး ရှေ့ဆက်ပြောရန် ဟန်ပြင်သည်။

"အခု အစ်မလာတာ သူ့ရဲ့အိမ်ထောင်ရေးကိစ္စအတွက်ပဲ"

"ဗျာ"

သူ သတိလက်လွတ်ပင် အာမေဋိတ်သံ လွတ်ခနဲထွက်သွားရသည်။ တော်သေးသည်။ ကိုထူးအောင်က သူ့ကိုမကြည့်ဘဲ မျက်နှာလွှဲလျက် ပြောနေလို့သာ။ နို့မဟုတ်ရင် သူ့ရဲ့သိသိသာသာ ပျက်ယွင်းသွားသော မျက်နှာကို ပါးနပ်လည်ဝယ်စွာ အကဲခတ်နိုင်လိမ့်မည်ထင်။

သူ့ရင်ထဲ အောင့်သီးအောင့်သက် ဖြစ်သွားရသည်။ ကိုထူးအောင်က မျက်နှာကြက်ကို မျက်လုံးပင့် လှမ်းမော့ကြည့်ရင်း သက်ပြင်းတစ်ချက်ချကာ ...

"ဟုတ်တယ် ... ဒီသွန်း၊ ပြောရမယ်ဆိုရင် အစ်မမှာ အိမ်ထောင်ရှိတယ်၊ စင်ကာပူမှာပဲ လက်ထပ်ခဲ့တာပေါ့၊ သူ့ယောကျ်ားက မြန်မာလူမျိုးပါပဲ၊ စင်ကာပူမှာ သင်တန်း





တစ်ခု လာတက်ရင်း သူနဲ့တွေ့ပြီး ကြိုက်ခဲ့တာ၊ ဒါပေမဲ့ သူတို့နှစ်ယောက်ရဲ့အိမ်ထောင်ရေး အဆင်ပြေသလားလို့ မေးရင် ဘယ်လိုဖြေရမှန်း မသိခဲ့ဘူး ...

အစ်မက စင်ကာပူတစ်ပိုင်း ဖြစ်နေတော့ မြန်မာပြည်မှာ စူပါမားကတ်တစ်ခု ဖွင့်ထားတာကလွဲလို့ အားလုံးဟိုမှာအတည်တကျ ဖြစ်နေပြီလေ၊ သူကလည်း စင်ကာပူမှာပဲ နေချင်၊ သူ့ယောကျ်ားကလည်း မြန်မာပြည်ကို မခွာနိုင်ဆိုတော့ မမျှော်လင့်တဲ့ သဘောထားကွဲလွဲမှုတွေ ဖြစ်ကြပြီး နောက်ဆုံး သူ့ယောကျ်ားက သူ့ကိုထားခဲ့ပြီး မြန်မာပြည်ကို ပြန်လာခဲ့တယ် ...

ဒါပေမဲ့ တရားဝင် ကွာရှင်းပြတ်စဲထားတာတော့ မဟုတ်ဘူး၊ အစ်မက အဲဒီအချိန်တုန်းက အရွယ်လည်းငယ်တယ်၊ အောင်မြင်မှု အတိုင်းအတာတစ်ခု ရနေတဲ့သူဆိုတော့ မာနတရားလည်း တော်တော် မိုးထိမြင့်ခဲ့တယ်၊ သူ့ယောကျ်ားကို တစ်ပက်ကလေးမှ မတားမြစ်ပဲ လက်ပိုက်ကြည့်နေခဲ့တယ်၊ ဒီလိုနဲ့ သူတို့နှစ်ယောက် ဇာတ်လမ်းတစ်ခန်းရပ်သွားခဲ့တယ် ဆိုပါတော့"

ကိုထူးအောင်က မောသွားဟန်ဖြင့် စကားကို ခဏရပ်လိုက်သည်။ သူ့မှာတော့ မမရဲ့ ယိုင်တိုင်တိုင် အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ရေးကြီးအကြောင်းကို ဆက်လက် ငံ့လင့်နေမိဆဲ။ နမြောတသ စိတ်ကလေးလည်း တစ်စတစ်စ ဖြစ်ထွန်းလာရပါသည်။ ဖြစ်မှ ဖြစ်ရလေ မမရယ်။

"ဒါပေမဲ့ တစ်ခန်းရပ်လို့ထင်ခဲ့တဲ့ ဇာတ်လမ်းက တစ်စခန်း ထလာပြန်တယ်၊ မမျှော်လင့်ပဲ အစ်မမှာ ကိုယ်ဝန်ရှိလာတယ်၊ သူ သမီးလေးတစ်ယောက်ကို အောင်အောင်မြင်မြင်ပဲ မွေးဖွားနိုင်ခဲ့တယ်၊ ခုဆို သမီးလေးလည်း တော်တော် အရွယ်ရောက်လောက်ရောပေါ့ ...

ခုချိန်မှာ သူ ဘာကိုစဉ်းစားမိသလဲဆိုတော့ သူ့သမီးလေးအတွက် ဖခင်တစ်ယောက်ရဲ့မေတ္တာကို ပြည့်ပြည့်ဝဝ မပေးနိုင်ခဲ့တဲ့ သူ့ကိုယ်သူ နောင်တရစ ပြုလာတယ်၊

ဒါနဲ့ သူ့မာနတရားတွေကို လျှော့ချပြီး မြန်မာပြည်က သူ့ယောကျ်ားကို အတတ်နိုင်ဆုံး နားဝင်အောင် ဖျောင်းဖျမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခုလို ပြန်လာတာပဲ ...

သူတို့ လင်မယားက တရားဝင်ကွာရှင်းထားခဲ့တာ မဟုတ်ဘူးလေ၊ စိတ်သဘောထား မတိုက်ဆိုင်လို့ ခဏလမ်းခွဲထားခဲ့တဲ့ ပုံစံမျိုးပဲ ဆိုတော့ သူ့ရည်ရွယ်ချက် အောင်မြင်မယ်လို့ ယူဆရတယ်"





ကိုထူးအောင် စကားအဆုံးမှာ သူ့ရင်တစ်ခုလုံး တင်းကျပ်လေးလံသွားရသည်။ သူ့အဖြစ်ကလည်း တွေးကြည့်လျှင် တော်တော်တော့ ရယ်စရာကောင်းပါသည်။ မချိပြုံးကလေး ပြုံးရင်း သက်ပြင်းတစ်ချက်ချကာ ...

"အင်း ... အစ်မအကြောင်း ကြားရတာ ကျွန်တော့်အတွက်တော့ အထူးအဆန်းတွေချည်းပဲ အစ်ကို"

ကိုထူးအောင်က သူ့အပြောကို ထောက်ခံသလို ခေါင်းတဆတ်ဆတ်ညိတ်ရင်း တုံ့ပြန်သည်။

"ဟုတ်တယ် ... ဒီသွန်း၊ သူကတော့ အတတ်နိုင်ဆုံး သူ့ယောကျ်ားကို နားဝင်အောင် ဖျောင်းဖျမယ်လို့ ပြောတာပဲ၊ အသက်အရွယ်တွေလည်း မငယ်တော့ဘူးဆိုတော့ တစ်ယောက်ကိုတစ်ယောက် နားလည်ခွင့်လွှတ်ပေးသင့်ပြီလို့ ကိုယ် ထင်တယ်၊ သူလည်း အစစအရာရာ စဉ်းစားဆုံးဖြတ်ပြီးမှ လာခဲ့တာပါ၊ အခြေအနေတွေက ဘယ်လိုဖြစ်လာဦးမလဲတော့ အတိအကျ မသိနိုင်ဘူး"

"သူက သူ့အမျိုးသားကို စင်ကာပူ အပြီးလိုက်ဖို့ လာခေါ်တာလား အစ်ကို"

"ဟုတ်တယ် ... ဒီသဘောမျိုးပဲ၊ သူ အတတ်နိုင်ဆုံး ကြိုးစားမယ် ပြောတယ်၊ နောက်တစ်ချက်က ဒီစူပါမားကတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဆက်ဖွင့်၊ မဖွင့်ဆိုတဲ့ ကိစ္စပဲ၊ နောက်ပိုင်း ဟိုမှာပဲ သူ အခြေချတော့မယ်ဆိုရင် ဒီလုပ်ငန်းကို ဆက်လုပ်မလုပ်ဆိုတာ ကိုယ်တို့ပြောဖို့ ခက်တယ်၊ ဒီလိုအလုပ်ကိစ္စတွေနဲ့ နွယ်လာပြီဆိုတော့ ကိုယ် မင်းကို ခုလို နှစ်ကိုယ်တည်းပြောဖို့ စဉ်းစားလိုက်မိတာပါ”

သူ့စိတ်ထဲ လေးပင်သွားရတာတော့ အမှန်ပင်။ သူ့အတွက် အလုပ်တစ်ခုရဖို့ မခဲယဉ်းပေမယ့် ကိုယ်နဲ့နေသားကျ အဆင်ပြေနေပြီဖြစ်သော ဒီအလုပ်ကို လက်မလွှတ်ချင်။ သို့သော် မတတ်နိုင်။ ကံစီမံရာအတိုင်းပဲပေါ့ဟု စိတ်ဒုံးဒုံးချလိုက်မိသည်။

“ဒီနေ့ သူသွားကြည့်တဲ့အိမ်က သူ့အမျိုးသားအိမ်လေ၊ ရန်ကုန်မှာရှိတဲ့ သူ့ရဲ့ရှားရှားပါးပါး သူငယ်ချင်း ထားစံက လိပ်စာမရမက စုံစမ်းပြီး ပေးလိုက်တာ၊ ဒါပေမဲ့ မတွေ့ခဲ့ဘူး ပြောတယ်”

“ဩော်”

သူ ထိုတစ်လုံးတည်းသာ ရေရွတ်လိုက်မိသည်။ ဘာပဲဖြစ်ဖြစ် မမဆန္ဒကို သူ တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပေးချင်သည်။ စိတ်သဘောထား ပြည့်ဝကောင်းမွန်သော ထိုမိန်းမကို သူ့အမျိုးသားနှင့် ပျော်ရွှင်ကြည်နူးစွာ ပြန်လည်ပေါင်းဖက်စေချင်သည်။





ထို့ပြင် သမီးလေးတစ်ယောက်ပင် ရှိနေပြီဖြစ်သော သူမတို့မိသားစုဘဝလေးကို ပြန်လည်စိုပြည် နွေးထွေးစေချင်ပါသည်။

ဒါ သူ့ရဲ့စစ်မှန်သော စေတနာတရားပင်ဖြစ်သည်။

“တစ်ခုရှိတာက သူ့အမျိုးသားအကြောင်းကို သူ ခုထိဘာမှ မသိသေးဘူး၊ သူနဲ့လမ်းခွဲပြီးတဲ့ နောက်ပိုင်းမှာ ဘယ်လိုပြောင်းလဲခြင်းတရားတွေ ကြုံတွေ့နေတယ် ဆိုတာလည်း သူ သေချာမသိခဲ့ဘူး၊ ထားစံ ပေးထားတဲ့ လိပ်စာတစ်ခုပဲ သူသိတာ၊ ထားစံကတော့ အစ်မအမျိုးသားသတင်းတွေကို တစ်ဖက်တစ်လမ်းကနေ စုံစမ်းပေးပါတယ်၊ အစ်မက တစ်ခါတလေမှာတော့ တော်တော် နားလည်ရခက်တယ်ကွ ...

သူ့စိတ်ထဲ ပေါ်လာတဲ့အတိုင်း တစ်ဖက်သားကို အသိမပေး၊ မတိုင်ပင်ဘဲ လုပ်တတ်တာတွေရှိတယ်၊ အခု သူ့ယောကျာ်းကိစ္စမှာလည်း ဒီတိုင်းပဲ၊ ကိုယ့်ကိုတောင် တချို့ကိစ္စ တော်တော်များများတွေ ဖုံးကွယ်ထားတတ်တယ်”

သူ့ ကိုထူးအောင် စကားကို ဒီတစ်ချက်တော့ အားတက်သရော ထောက်ခံမိသည်။ မမဟာ သူ့ကိစ္စ၊ သူ့ပြဿနာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ့်ဟာကိုယ် တိတ်တဆိတ်ကျိတ်ပြီး ဖြေရှင်းတတ်သူဟု သူ အလိုလို နားလည်သွားရသည်။

"ဟုတ်လိမ့်မယ် အစ်ကို၊ ဒီနေ့ အဲဒီအိမ်ကို သွားတော့လည်း အမှန်ဆို အိမ်ထဲဝင်မေးကြည့်ပြီး ဟုတ်မဟုတ် စုံစမ်းသင့်တယ်လို့ ကျွန်တော် ထင်တယ်၊ ဒါပေမဲ့ သူ့ဟာသူ စဉ်းစားပြီး ချက်ချင်းပြန်လာခဲ့တာ"

သူတို့အတန်ကြာ ငြိမ်သက်နေမိကြပါသည်။ မမျှော်လင့်ဘဲ သူတို့စကားဝိုင်းလေးရဲ့ ခေါင်းစဉ်က အလိုလိုနေရင်း မမအကြောင်း ဖြစ်သွားသည်။

တစ်အောင့်ကြာတော့ ကိုထူးအောင်က နာရီတစ်ချက်ကြည့်ကာ ...

"ကဲ ... ဒီသွန်း၊ အချိန်လည်းမနည်းတော့ဘူး၊ ကိုယ်တို့ပြန်ရအောင်၊ အစိက ကိုယ်မှာချင်တာကတော့ မင်းကို ကိုယ့်ညီအရင်းလို သဘောထားလို့ အစ်မရဲ့နောက်ကြောင်းရာဇဝင်တွေကို ခုလို ဖွင့်ပြောပြရတာပါ၊ အလုပ်ကိစ္စနဲ့လည်း တနည်းနည်း ပတ်သက်နေလို့ မင်း သိထားသင့်တာလေးတွေ ပြောရတာပါ ...

မင်း ကတိတည်နိုင်လိမ့်မယ်လို့ ကိုယ် ယုံကြည်ပါတယ်"





"စိတ်ချပါ အစ်ကို"

သူတို့နှစ်ယောက် ကော်ဖီဆိုင်လေးမှ ထွက်လာပြီး ရုံးရှိရာသို့ လမ်းပြန်လျှောက်လာခဲ့ကြသည်။ သူ့ခေါင်းထဲမှာတော့ လတ်တလော ကြားလိုက်ရသော မမ အကြောင်းတွေက စီစီရီရီ ကပ်ငြိပါလာသည်။

အင်း ... သူ တွေ့ဖူးသမျှ(အစိက,ကတော့ ထနောင်းတစ်ယောက်တည်းသာ ရှိခဲ့ပါသည်) မိန်းမတွေနဲ့ မတူအောင် မမဟာ အလွန်ထူးခြားဆန်းကြယ်လွန်းသည်ဟု တွေးလိုက်မိသည်။ မမရဲ့ရှေ့အနာဂတ် ဘယ်လိုဖြစ်လာမယ် ဆိုတာကိုလည်း သူ အသည်းအသန် သိချင်စိတ် ပြင်းပြနေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ပေါ်တက်လိုက်စဉ်မှာ ရုတ်တရက် မမျှော်လင့်သော မြင်ကွင်းတစ်ရပ်ကြောင့် လက်ထဲက ထမင်းချိုင့်ပင် လွှတ်ကျသွားမတတ် အံ့ဩတကြီး ဖြစ်သွားရပါသည်။

"ဟော ... သားတောင် အလုပ်ကပြန်လာပြီ၊ ဒီမှာဘယ်သူ ရောက်နေလဲ၊ ကြည့်စမ်း"

သူ အမေ့မေးခွန်းကို ရုတ်တရက် ပြန်မဖြေနိုင်သေးပဲ ပါးစပ်အဟောင်းသားပွင့်ကာ ငေးကြောင်ကြည့်နေမိသည်။ သူ မျက်စိမှားတာလား။ မဟုတ်ပါ။ အိပ်မက် မက်နေခြင်းလည်း မဖြစ်နိုင်ပါ။

"ထ ... ထနှောင်း"

အမေ့ဘေးမှာ ကုပ်ကုပ်လေး ထိုင်နေသော မိန်းကလေးဟာ သူ့ရင်ထဲ တစ်ချိန်တုန်းက ဖြူစင်ခိုင်မာသော သံယောဇဉ်နှောင်ကြိုးများဖြင့် ရစ်ပတ်တွယ်ငြိခဲ့ရသော သူငယ်ချင်းမလေးပါလား။ သူ့မျက်လုံးများကိုပင် သူ မယုံနိုင်ပါ။ ခြောက်နှစ်နီးပါး





သူတို့နဲ့ အဝေးဆုံးမှာ ရောက်ရှိနေခဲ့သော ထနှောင်းရဲ့အမူအရာ၊ ပုံပန်းသဏ္ဌာန်ကို သူ မြင်မြင်ချင်းမှာပင် လုံးဝအားမရနိုင်ခဲ့။

အရင်တုန်းက ထနှောင်းရိပ် ဟုတ်ရဲ့လားလို့ ထင်မှတ်မှားရလောက်အောင်ပင် မျက်တွင်းဟောက်ပက်၊ ပါးချက်ချက်နှင့် ညိုးနွမ်းဆွေးမြည့်နေသည့် မျက်နှာသွင်ပြင်က သူ့အံ့ဩမှုများကို အထွတ်အထိပ် ရောက်သွားစေသည်။ ထနှောင်း ပုံစံက လောကဓံရဲ့ဖိစီးမှုဒဏ်ကို အလူးအလဲ ခံစားခဲ့ရသည့်ပုံစံ အထင်းသား ပေါ်လွင်နေပါသည်။

သူ့ကို အားတင်းပြုံးပြလာသော မျက်ဝန်းညိုညိုများထဲမှ အားငယ်ရိပ်တချို့ကို ရှာဖွေတွေ့ရှိလိုက်ရသည့်ခဏမှာ သူ သတိလက်လွှတ်ဖြင့် သူမပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိသည်။ သူ့အာရုံထဲမှာလည်း မင်းဝီရ ဆိုသည့်လူရဲ့မျက်နှာကို တန်းခနဲ မြင်ယောင်လိုက်ပြီးသား ဖြစ်သွားရသည်။

"ထနှောင်း ... နင် ဘာဖြစ်လာတာလဲ၊ ပြောစမ်း၊ နင့်မျက်နှာအမူအရာ ကြည့်ရတာ သာမန်မဟုတ်ဘူးနော်၊ ဟိုလူ နင့်ကို ဘာတွေ စိတ်ဆင်းရဲအောင် လုပ်လိုက်လဲ"

သူ စိတ်မထိန်းနိုင်စွာ မေးခွန်းတွေ တရစပ်မေးပစ်လိုက်သည်။ အမေက သူ့ကျောကုန်းကို အသာဖွဖွပုတ်ရင်း အားပေးဖျောင်းဖျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ... အလောသုံးဆယ် မမေးပါနဲ့ဦး၊ အေးအေးဆေးဆေးကျမှ သူငယ်ချင်းနှစ်ယောက် စကားပြောကြပေါ့၊ ထနောင်းလေးက သူ့အိမ်ပြန်လာတာပဲ၊ အချိန်မရွေးတွေ့လို့ရတယ်လေ"

သူ့အံ့ဩမှုတွေ ငယ်ထိပ်တက်ဆောင့်သွားရသည်။ ထနောင်းက အိမ်ပြန်လာတာတဲ့၊ ဒါဆို သူမတို့အိမ်ထောင်ရေး အဆင်မပြေလို့ပေါ့။ သူ့သွေးတွေ တစ်မုဟုတ်ချင်းမှာပင် ပွက်ပွက်ဆူလာခဲ့ရသည်။ သေချာတာတစ်ခုကတော့ သူ့ယောကျ်ားနဲ့ အဆင်မပြေလို့သာ နှစ်ရှည်လများ စွန့်ပစ်မေ့ဖျောက်ထားခဲ့တဲ့ ပတ်ဝန်းကျင်ဟောင်း တစ်ခုထဲကို ပြန်ဝင်လာခြင်း ဖြစ်နိုင်သည်။

"ကဲ ... ထနောင်း၊ ငါ ရေချိုးလိုက်ဦးမယ်၊ ပြီးမှ နင့်ကို မေးစရာရှိတာတွေ တစ်လုံးမကျန် မေးတော့မယ်၊ ခဏစောင့်"

သူ ဆိုးဆိုးဆတ်ဆတ်ပင် ရေမိုးချိုးရန် ပြင်ဆင်လိုက်သည်။ ထနောင်း တစ်ခုခု ဖြစ်လာတာ ကျိန်းသေပါသည်။ အဓိက,ကတော့ ဦးမင်းဝီရကြောင့်ပင် ဖြစ်လိမ့်မည်ဟု သူတစ်ထစ်ချ ယူဆလိုက်မိသည်။ သူ နှစ်အတော်ကြာ မေ့ဖျောက်ထားခဲ့သော အတိတ်ပုံရိပ်တချို့က အာရုံထဲ စီကာစဉ်ကာ ပြန်ပေါ်လာခဲ့သည်။





အမြန်ဆုံးနှုန်းဖြင့် ရေမိုးချိုး၊ ထမင်းစားသောက်ပြီးသည်နှင့် ခြံထဲရှိ သစ်သားခုံတန်းလေးပေါ် သူနှင့် ထနောင်း အတူတူ ထိုင်မိကြသည်။ ရုတ်တရက်မို့ ဘာစကားမှမဆိုမိကြ။ ခပ်ဖွဖွ ညင်သာစွာ ရှေ့ဆော့ကစားသွားသော လေပြည်တစ်စကြောင့် ထနောင်း ဆံနွယ်လေးတွေ ကပိုကရို လွင့်ဖြာသွားပုံကို သူ သတိလက်လွတ် ငေးမောကြည့်နေမိစဉ်မှာပင် ...

"ငါ အိမ်ပေါ်က ဆင်းလာခဲ့ပြီ ဒီသွန်း"

သူ့ခေါင်းတည့်တည့်ပေါ် ရုတ်တရက် မိုးကြိုးပစ်ချလိုက်သလိုပင်။ ထနောင်း လေသံက နာကြည်းခံပြင်းမှုများဖြင့် တင်းမာပြတ်ရှနေခဲ့သည်။ တစ်ခုခုကို စိမ်းကားပြတ်သားချင်သည့် အရိပ်အသွင်များ သူမမျက်ဝန်းထဲ အထင်းသား ပေါ်လွင်နေခဲ့ပါသည်။

သူ့ရင်ထဲ ပဟေဠိမေးခွန်းများ အဆက်မပြတ် ပေါက်ဖွားလာခဲ့သည်။ ထနောင်းက လက်ဖဝါးလေးနှစ်ဖက်ကို အချင်းချင်း ပွတ်လိမ်ဆုပ်နယ်ကာ မသိမသာ လက်သီးဆုပ်ထားတာ တွေ့ရသည်။ ဒါ သူမ ဘယ်လောက်ထိ ခံပြင်းနာကျင်နေကြောင်း သိသာစေသော သင်္ကေတပင်။ သူ ထနောင်းမျက်နှာကို စေ့စေ့ကြည့်ကာ ဆိုမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ နှင့်ကို ဘာတွေအနိုင်ကျင့်လို့လဲ ထနောင်း၊ နှင့်အပေါ်ငွေဆိုတဲ့ အရာတစ်ခုနဲ့ ကိုင်ပေါက်ပြီး အိမ်ထောင်သက်တစ်လျှောက်လုံး နိုင်စားလာခဲ့လို့လား"

သူ့ရဲ့ ပြတ်သားတိကျသော မေးခွန်းအဆုံးမှာ ထနောင်း မျက်လုံးလေးတွေ သူ့ဆီရွေ့လာပြီး တန့်ခနဲ စိုက်သွားသည်။ သူ သိလိုက်ပြီ။ ဒီအကြည့်တွေက သူ့စကားတွေကို မှန်ပါသည်ဟု အသံတိတ် ထောက်ခံနေသည့်သဘောဖြစ်မှန်း ခန့်မှန်းလိုက်မိသည်။

တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ သူ ကြိုတင်တွေးထားပြီးသားပင်။ ထနောင်းက သူ့ကို စိုက်ကြည့်နေရာမှ ဖျတ်ခနဲ ခေါင်းငုံ့မျက်လွှာချလိုက်ရင်း ခပ်တိုးတိုး ဆိုလာသည်။

"နှင် ... ငါ့ကို အပြစ်မတင်ပါနဲ့ ဒီသွန်းရယ်"

ဖျော့တော့တိုးညင်းသော လေသံကြောင့် သူ့ရင်ထဲ စစ်ခနဲ နာကျင်သွားရကာ ထနောင်း ပခုံးလေးကို အသာဖွဖွပုတ်လိုက်ရင်း အားပေးမိသည်။

"ဒီမှာ ထနောင်း၊ နှင့်အပေါ်မှာ တစ်သက်လုံး အပြစ်မမြင်နိုင်တဲ့လူဟာ ငါကလွဲပြီး နှစ်ယောက်မရှိနိုင်ဘူးဆိုတာတော့ နှင် သေချာမှတ်ထားပေးပါ၊ နှင် ဘာလုပ်လုပ်၊ ဘာပြောပြော ငါ့အမြင်မှာ နှင်ဟာ အမြဲတမ်း မှန်ကန်သူတစ်ယောက် ဖြစ်နေမှာပါ ...





ကဲ ... အခု နှင် ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ ငါ့ကို ပွင့်ပွင့်လင်းလင်းပြော။ ငါတစ်ခါက ကြုံးဝါးခဲ့ဖူးသလိုပဲ နှင့်ကို မျက်ရည်ကျအောင် လုပ်တဲ့သူမှန်သမျှ ငါ့ရန်သူချည်းပဲ ဆိုတာလေ၊ အခု ငါ့အတွက် အကြီးမားဆုံးရန်သူဟာ သူပဲ ထနောင်း၊ ဟိုးအရင်ကတည်းက သူဟာ ငါ့ရဲ့အမုန်းဆုံးယောကျ်ားတစ်ယောက် ဖြစ်ခဲ့ဖူးတယ်၊ အခု နှင်နဲ့ပတ်သက်ပြီး သူ့ကို တစ်ခုခု လက်တုံ့မပြန်ရမချင်း ငါ အစာကြေနိုင်မှာ မဟုတ်ဘူး"

အချိန်တော်တော်ကြာ တိမ်မြုပ်ပုန်းကွယ်နေခဲ့သည့် မိုက်သွေးများ အလိုလို ကြွတက်လာရသည်အထိ သူ့ရင်တစ်ခုလုံး ဖြောင်းဆန် လှုပ်ရှားနေခဲ့သည်။ သူ့မျက်နှာ တစ်ကမ္ဘာထင်ပြီး အားကိုးတကြီး လိုက်ပါသွားခဲ့ရသည့် မိန်းကလေးတစ်ယောက်ကို သူ ဘယ်နည်းနဲ့များ စိတ်ပျက် စိတ်ကုန်အောင် ချိုးနှိမ်စော်ကားလိုက်ပြီလဲ။

"သူက နှင့်ကို နှင်ချလိုက်လို့လား ထနောင်း"

ထနောင်းက မသိမသာ ဝဲတက်လာသော မျက်ရည်စများကို လက်ညှိုးဖြင့် အသာတို့သုတ်ရင်း မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာဖြေသည်။ အသံကတော့ တိုးတုန်တုန်လေးပင်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဟာငါ ဆင်းလာတာ ဒီသွန်း၊ ဒါပေမဲ့ သူ တစ်ခွန်းမှ မဟန့်တားခဲ့ဘူး၊ မကြားတကြားတောင် ပြော်လိုက်သေးတယ်၊ သူ့ဘဝကြီး ဒီနေ့ကစပြီး လွတ်လပ်သွားပြီတဲ့၊ ငါ သိပ်စိတ်နာတယ်ဟာ"

ထနောင်းက ဆက်လက်ပြီး သူမတို့အိမ်ထောင်ရေး ပဋိပက္ခများအကြောင်းကို စိတ်လိုလက်ရ ရင်ဖွင့်လာပြန်သည်။ သူ့ဆီ အားကိုးတကြီး ရင်ဖွင့်နေသော ထနောင်းကို သူ သနားကရုဏာသက်စွာ ငေးစိုက်ကြည့်နေမိရာမှ သတိဝင်လာသလို မျက်နှာလွှဲလိုက်ရသည်။ မဖြစ်နိုင်။ တစ်ချိန်တုန်းက ခံစားချက်များ မတော်တဆ ခေါင်းပြူထွက်လာမှာ စိုးရိမ်မိပါသည်။

"နင် အခု ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ ထနောင်း"

ထနောင်းက အဝေးတစ်နေရာသို့ ငေးစိုက်ကြည့်နေရာမှ ချက်ချင်းပင် မျက်နှာတင်းမာလာကာ ပြတ်သားစွာဆိုလာသည်။

"ငါ သူ့ကို ပြန်မပေါင်းနိုင်တော့ဘူး၊ စိတ်ဆင်းရဲစရာကောင်းတဲ့ အဲဒီအိမ်ကြီးကိုလည်း ပြန်မသွားချင်တော့ဘူး၊ ငါ ငယ်ငယ်က နေခဲ့တဲ့ အိမ်လေးမှာပဲ တစ်ယောက်တည်း ကိုယ့်ဘဝကိုယ်ကျောင်းပြီး ပြန်နေမယ်၊ ငါ့အနာဂတ်ကို တစ်ယောက်တည်းပဲ ဖြတ်သန်းတော့မယ် ဒီသွန်း"





ပျော့ညံ့တွေဝေတတ်သလောက် တိကျပြတ်သားသည့် စိတ်ဓာတ်ရှိသူ ထနောင်းကို အတွင်းကျကျ ပေါင်းသင်းလာခဲ့ဖူးသူဖြစ်သော သူ ကောင်းကောင်းနားလည်ပါသည်။ သူငယ်ချင်းမလေးရဲ့မျက်နှာက ချပြီးသား ဆုံးဖြတ်ချက်တစ်ခုအတွက် နောက်တွန့်ပြုပြင်မည့်စိတ်ကူး မရှိသည့်ပုံပင်။ သူ သက်ပြင်းတစ်ချက် နှိုးရှိုက်လိုက်ရင်း ဖျောင်းဖျဖို့ ကြိုးစားမိသည်။

"နင့်အတွက် ငါလည်း ခံပြင်းမိတာပဲ ထနောင်း၊ ဖြစ်နိုင်ရင် ခုချက်ချင်း သူ့ကို လက်သီးနဲ့ လေး,ငါးချက်လောက် ပိတ်ထိုးလိုက်ချင်စိတ်ကို မနည်းထိန်းထားရတာ ...

ဒါပေမဲ့ နင် စဉ်းစားပါဦးလို့တော့ ပြောပါရစေ၊ တစ်ခုလပ်မိန်းမတစ်ယောက်ဆိုပြီး ပတ်ဝန်းကျင်က လက်ညှိုးငိုင်းထိုးကြမယ့်ဒဏ်ကို ငါ့သူငယ်ချင်းလေး မရှုမလှ ခံစားရမှာစိုးလို့ ခုလို ဖျောင်းဖျရတာပါ၊ နင် ငါ့စေတနာကို နားလည်ပေးပါ ထနောင်း"

ထနောင်းက သူ့စကားကြောင့် တစ်ချက်တော့ ငိုင်ကျသွားပါသည်။ အင်မတန် အရှက်သိက္ခာကြီးသော သူမ သူ့စကားအတွက် အနည်းနဲ့အများ လှုပ်ခတ်သွားမည်ဟု သူ ထင်သည်။ တစ်ချိန်တုန်းက ဦးမင်းဝီရကို ပြင်းပြင်းထန်ထန် တားမြစ်ဖို့ သူ အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ဖူးသည်။ မတတ်သာ၍



www.burmeseclassic.com

www.burmeseclassic.com



လက်မြှောက်အရှုံးပေးရချိန်မှာ သူ ထနောင်းကို နှမြောတသစိတ်တွေနှင့် အားရပါးရ ငိုကြွေးခဲ့ရသည်။

သို့သော် ယခုအချိန်မှာတော့ လင်ယောကျ်ားနှင့်ကွဲကွာသူ၊ အိမ်ထောင်တစ်ခုကို ခိုင်မြဲအောင် မတည်ဆောက်နိုင်သူအဖြစ် ထနောင်းအား ဝိုင်းဝန်းလက်ညှိုးထိုးကြမည့် အရေးကိုတော့ သူလားလားမျှ မလိုအပ်ပါ။ သူ့အချစ်ဆုံးသူငယ်ချင်းမလေးဟာ အများအမြင်မှာ ဂုဏ်မြင့်တင့်တယ်သည့် မိန်းမတစ်ယောက်အဖြစ်သာ သူ တွေ့ချင်မိသည်။

"ငါက နင့်ရှေ့ရေးအတွက် ပြောတာပါ ထနောင်း၊ တစ်ခုခုဆို မိန်းကလေးဖြစ်တဲ့ ကိုယ့်ဘက်ကပဲ နစ်နာရမှာ၊ ငါ ပြောတာ နားလည်လား"

ထနောင်းက အသာအယာ ခေါင်းညိတ်ပြလာသည်။ သူ ပြောဆိုထောက်ပြသော အချက်ကို ထနောင်းလည်း စဉ်းစားမိမှာ အမှန်ပင်။

ထနောင်းက ဝေခွဲရခက်နေပုံဖြင့် မျက်မှောင်ကုတ်ကာ အသည်းအသန် စဉ်းစားဟန်ပြုပြီးမှ ချက်ချင်းဆိုသလို ခေါင်းယမ်းလိုက်သည်။

"ဟင့်အင်း ... ဒီသွန်း၊ ငါ့ဆုံးဖြတ်ချက်ကို ပြန်မပြင်နိုင်ဘူး၊ ငါ့ကို မယားဝတ္တရား မကျေပွန်ဘူးလို့ ပစ်ပစ်ခါခါ





ကြွေးကြော်ထားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အရိပ်အောက်ကို ငါ ပြန်မခိုလှုံချင်တော့ဘူး၊ ငါ သူ့ကို သိပ်မုန်းတယ်"

ထနောင်းရဲ့ ခါးခါးသီးသီး ငြင်းပယ်ချက်ကြောင့် သူ ဘာဆက်ပြောရမှန်း မသိအောင် နှုတ်ဆိတ်သွားရသည်။ ကာယကံရှင် စိတ်အားမထက်သန်သော ကိစ္စအတွက် သူ့ဘက်က ဘယ်လောက် ကြိုးစား ကြိုးစား အချည်းနှီးဖြစ်မှာပင်။ သူသက်ပြင်းတစ်ချက်နှင့်အတူ စိတ်ပင်ပန်းမှုများကိုပါ လျှော့ချလိုက်ရသည်။

"နင့်ကို ငါ မတိုက်တွန်းတော့ပါဘူး ထနောင်း၊ ဒါပေမဲ့ တစ်ခုတော့ ပြောချင်တယ်၊ ငါဟာ နင့်ရဲ့ဘေးမှာ အချိန်တိုင်း အသင့်ရှိနေမယ့် သူငယ်ချင်းကောင်းတစ်ယောက်ဆိုတာတော့ နင်မမေ့ပါနဲ့၊ နင် လိုအပ်ချိန်တိုင်းမှာ ခေါ်လိုက်ပါ၊ နင် ဖြစ်ချင်တာ၊ လုပ်ချင်တာ အကုန်လုံးကို မဖြစ်,ဖြစ်အောင် စွမ်းဆောင်ဖြည့်ဆည်းပေးမယ့်သူပါ"

သူမက သူ့စကားကြောင့် မချိပြုံးကလေးတစ်ပွင့်နှင့် တုံ့ပြန်ကာ ...

"နင့်စိတ်ဓာတ်ကို ငါ နားလည်ပါတယ် ဒီသွန်းရယ်၊ နင်ရော ခုချိန်ထိ ဘာမှအခြေအနေ မထူးသေးဘူးလား"

သူက ထနောင်းစကားထဲမှ အထာတချို့ကို ရိပ်မိသိရှိလိုက်ပုံဖြင့် သူငယ်ချင်းမရဲ့ခေါင်းလေးကို တစ်ချက်ပုတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ အော်ရယ်လိုက်ပါသည်။ ချက်ချင်းပင် သူတို့နှစ်ယောက်လုံး ငယ်ဘဝတွေကို ပြန်ရောက်သွားကြသလို ပေါ့ပါးမြူးကြွသွားရသည်။

"ဟား ဟား … ထနောင်းရယ်၊ နင့်သူငယ်ချင်းကို သိပ်လည်း အထင်မကြီးပါနဲ့ဟာ၊ ဒီတစ်သက် ဖွံ့တော့မှာ မဟုတ်ပါဘူး"

"အံမယ် … နင်က ဘာဖြစ်နေလို့လဲ၊ ကြည့်ရတာ နင်ကိုယ်တိုင်က မကြိုက်လို့ မရှိတာ ဖြစ်မှာပါ၊ ငါပြောတာ ငြင်းမလား"

သူ ထနောင်း စကားကြောင့် ရယ်နေရာမှ အရှိန်သတ်သွားရကာ ဖျတ်ခနဲ ငြိမ်ကျသွားမိသည်။ ထနောင်းကို မလုံမလဲ နိုးကြည့်လိုက်ရင်း သက်ပြင်းလေးလေးကို စိတ်မသက်သာစွာ ချပြီးမှ ခပ်တိုးတိုးလေသံဖြင့် ဆိုလိုက်ပါသည်။

"ငါက ချစ်တဲ့အချိန်ကို ကျော်လွန်ခဲ့ပြီးပြီ ထနောင်းရဲ့"

ထနောင်းက မျက်လုံးဝိုင်းကလေးဖြင့် သူ့ကိုနားမလည်သလို လှည့်ကြည့်လာသည်။

"နင်က ချစ်တဲ့အချိန်ကို ကျော်လွန်ခဲ့ပြီးပြီ ဟုတ်လား၊ ချစ်တတ်ခဲ့တယ်လို့ ဆိုလိုချင်တာလား၊ နင်ပြောတဲ့ အဓိပ္ပာယ်က"





သူ အသာအယာ ခေါင်းညိတ်ပြလိုက်ရင်း …

"ဟုတ်တယ် ထနောင်း၊ ငါ ဟိုးအရင်တုန်းက ချစ်ခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်၊ ဒါပေမဲ့ သူက အခု ငါနဲ့ ဟိုးအဝေးကြီးမှာ"

ထနောင်း မျက်နှာပေါ် တစ်စုံတစ်ရာသော အရိပ်အယောင်တွေ ထင်ဟပ်ပေါ်လွင်လာခဲ့သည်။ သူ့ကို အထူးအဆန်းဖြစ်သလို စေ့စေ့ကြည့်ကာ ဆိုပြန်သည်။

"ဩော် … အဲဒါကြောင့် တစ်ချိန်တုန်းက နင် ငါ့ကိုအချစ်နဲ့ ပတ်သက်ပြီး ထူးထူးဆန်းဆန်းတွေ မေးခဲ့တာ ခုမှပြန်သတိရတယ်"

သူ ထနောင်း စကားကြောင့် ညလေးတစ်ညကို သွားအမှတ်ရမိသည်။ အဲဒီညက သူ ထနောင်းကို ဖွင့်ပြောတော့မည့်ဆဲဆဲ တစ်စုံတစ်ရာ၏ လွှမ်းမိုးထိန်းချုပ်မှုကြောင့် ဆန္ဒတွေကို ကြိတ်မှိတ်မျိုသိပ်ခဲ့ရသည်။ သို့သော် ထနောင်းကို မေးခွန်းလေးတစ်ခုတော့ မေးခဲ့ဖူးပါသည်။

"အချစ်ကို မမြည်းစမ်းကြည့်ချင်ဘူးလား" ဟူသည့် မေးခွန်းပင် ဖြစ်သည်။ သူ့ဘက်က ထောက်ထားငဲ့ညှာမှုများကို အဓိကတွန်းအားပေးခဲ့သည့်အရာမှာ ထနောင်း သူ့ဖွင့်ပြောမှုအတွက် အထင်အမြင် လွဲမှားသွားမှာစိုးသည့် စိုးရိမ်မှုလေးပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစိုးရိမ်မှုများကြောင့်ပင် သူ့နှုတ်တွေကို တစ်စုံတစ်ခုက ပိတ်ပင်တားဆီးခဲ့ခြင်းဖြစ်ကြောင်း ခုချိန်မှာ သူ ပြင်းပြင်းပြပြ ဝန်ခံချင်ပါသည်။

ထနောင်းကို ဖွင့်ပြောဖို့ ကြိုးစားခြင်းဟာ သူ့စိတ်ကူးယဉ်မှု သက်သက်သာဖြစ်သည်။ လက်တွေ့အကောင်အထည်ဖော်ဖို့ ခဲယဉ်းလွန်းလှပါသည်။

"နင် အဲဒီကောင်မလေးကို တွေ့အောင်ပြန်ရှာပြီး ချစ်ခွင့်ပန်ပေါ့ ဒီသွန်းရဲ့"

ထနောင်းက တကယ့်ဆရာမကြီးလေသံဖြင့် သူ့ကို လက်ညှိုးတထိုးထိုးပြောရင်း နည်းလမ်းညွှန်ကြားလာသည်။ သူ မချိတင်ကဲ အပြုံးလေးနှင့်ပင် သူငယ်ချင်းမလေးကို ခပ်ယဲ့ယဲ့ပြုံးပြလိုက်သည်။

"မဖြစ်နိုင်တော့ပါဘူးဟာ၊ သူ့ကို ဒီတစ်သက် ဘယ်တော့မှ ရှာတွေ့တော့မှာ မဟုတ်ပါဘူး၊ အလိုလိုနေရင်းနဲ့ကို ဝေးကွာလွန်းခဲ့ပါပြီ"

ထနောင်းက သူ့မျက်နှာကို ခပ်ငေးငေးလေး စိုက်ကြည့်နေရင်း ငြိမ်သက်သွားသည်။ သူတို့နှစ်ယောက်လုံး မတိုင်ပင်ထားဘဲ ပြိုင်တူလိုလို သက်ပြင်းချလိုက်မိကြတော့သည်။





သူသည် ရုတ်တရက် ကိုယ့်မြင်ကွင်းထဲ တန်းခနဲဝင်ရောက်လာသည့် စုံတွဲတစ်တွဲကြောင့် ကားလမ်းကူးရန် ကားအရှင်းကို စောင့်နေရာမှ ရုးရူးစိုက်စိုက် လှမ်းအကဲခတ်လိုက်မိသည်။ တဝီးဝီး ဖြတ်သန်းနေသော ကားမျိုးစုံကြား၊ လမ်းမကြီး တစ်ခုသာ ခြားထားသည့်အတွက် သူတို့ကို ဘယ်သူဘယ်ဝါဆိုတာ သေချာကြည့်လျှင် သိသာနိုင်ပါသည်။

အမျိုးသမီးကိုတော့ သူ ကောင်းကောင်းသိသည်။ တခြားသူ မဟုတ်။ သူတို့အလုပ်ရှင် မမပင်ဖြစ်သည်။ သူ့ဘေးက အမျိုးသားကိုတော့ မျက်နှာကောင်းကောင်း မမြင်ရခင် တစ်ဖက်လှည့်သွားတာမို့ နောက်ကျောပဲ မြင်လိုက်ရလေသည်။ သို့သော် ဒီလူဟာ ကိုထူးအောင် ပြောသော မမရဲ့အမျိုးသားပင် ဖြစ်နိုင်ကြောင်း သူ တပ်အပ်သိလိုက်သည်။ သူတို့နှစ်ယောက်မှာ မမက YKKO ကြေးအိုးဆိုင်ထဲသို့ ရှေ့မှဦးဆောင်ဝင်ရောက်သွားကာ ယောကျ်ားဖြစ်သူကတော့ နောက်မှ လိုက်ဝင်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသည့်ပုံစံကတော့ သူတို့လင်မယားနှစ်ယောက် တနည်းနည်းဖြင့် အဆင်ပြေသွားသည့်ပုံပင်။ သူလည်း အမေတို့အတွက် ကြေးအိုးဝင်ဝယ်ရန် စိတ်ကူးရလိုက်ပြီး လမ်းဖြတ်ကူးကာ ထိုဆိုင်ထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာခဲ့သည်။

ထို့ပြင် သူ့စိတ်ထဲ တစ်စုံတစ်ရာကို သိချင်စိတ်ပြင်းပြလာသဖြင့် မမတို့ဝိုင်းနှင့် နောက်ကျောကပ်ရပ်ဝိုင်းမှာ နေရာယူ ဝင်ထိုင်လိုက်ပါသည်။ သူတို့ ဘာပြောကြမှာလဲ၊ သူတို့နှစ်ယောက်ရဲ့ အနာဂတ်အတွက် ဘယ်လိုဆွေးနွေးတိုင်ပင်ကြမှာလဲ။ သူ ထူးထူးခြားခြား သိချင်မိသည်။ မမက သူဝင်လာတာကိုလည်း သတိပြုမိပုံမပေါ်ပါ။ မျက်နှာချင်းဆိုင်မှာရှိသော သူ့ယောက်ျား မျက်နှာကိုသာ တစိမ့်စိမ့် စိုက်ကြည့်နေခဲ့သည်။

သူက မမမျက်နှာကို တစ်ချက် လှမ်းခိုးကြည့်လိုက်ပြီး သူမယောက်ျားကိုတော့ နောက်ကျောပေးထားတာမို့ မျက်နှာမမြင်ရသေးပါ။ သို့သော် သူ နေရာယူသော စားပွဲဝိုင်းက သူတို့နှစ်ယောက် ပြောလာမည့် စကားတွေကို ကောင်းကောင်းကြားနိုင်အောင် လုံလောက်သောနေရာဖြစ်သည်။

"ကြယ်စင် ... ကိုယ့်ဖုန်းနံပါတ်ကို ဘယ်လိုစုံစမ်းရခဲ့တာလဲ"





"သြော် ... ကိုရယ်၊ မေ့ဖူးကြယ်စင်ပါ၊ တခြားသူမှမဟုတ်တာ၊ ကိုယ့်ယောက်ျား ဖုန်းနံပါတ်တစ်ခု စုံစမ်းရတဲ့အလုပ်က ကြယ်စင့် အတွက် ငှက်ပျောသီး အခွံနွှာတာထက်တောင် ပိုလွယ်ပါသေးတယ်"

"ကိုယ့်ကို မင်းရဲ့ယောက်ျားအဖြစ် အသိအမှတ် ပြုသေးတယ်ပေါ့"

"ဒါပေါ့ ကိုရဲ့၊ တစ်ချိန်တုန်းက မာနတွေအချင်းချင်း လွန်ဆွဲပြီး သဘောထားကွဲလွဲခဲ့ကြတာတွေကို ကြယ်စင် ခုချိန်မှာ ဘာတစ်ခုမှ အစပြန်မကောက်ချင်တော့ဘူး၊ အရေးကြီးဆုံးက မိသားစုသုံးယောက်ဘဝကို ပြန်လည်စိုပြည်အောင် ဖန်တီးတည်ဆောက်ဖို့ပဲ၊ ပထမတော့ သမီးလေးကိုခေါ်လာမလို့ပဲ၊ ဟိုမှာ စာမေးပွဲရှိတာနဲ့ ထားခဲ့ရတာ"

စကားစက ရုတ်တရက် ပြတ်သွားသည်။ မမအသံက ကြည်လင်ပြတ်သားစွာ ခပ်ကျယ်ကျယ် ထွက်လာပေမယ့် မမ မျိုးသားကတော့ ယောက်ျားတန်မဲ့ အသံအိုညက်ညက် တိုးဖျော့ဖျော့ဖြင့် အားမရချင်စရာ ကောင်းလှလေသည်။ သူ ဆက်ပြီး အားစိုက်နားထောင်လိုက်သည်။

"ကို လုပ်ခဲ့တဲ့ အပြစ်တွေအတွက် ဘေးကျပ်နံကျပ် ဖြစ်နေပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ် ကြယ်စင်၊ လုပ်ပြီးတာတွေလည်း ပြီးခဲ့ပြီဆိုတော့ ဘာမှမတတ်နိုင်တော့ဘူး၊ ကြယ်စင် ဒီကိစ္စတွေကို သိနေလို့လား"

"အဟင်း ဟင်း ... ကိုရယ်၊ ရန်ကုန်မှာ ထားစံတစ်ယောက်လုံး ကြယ်စင့်စပိုင် ဖြစ်နေတဲ့ဟာ၊ ဒါ သိပ်ခက်တဲ့ကိစ္စ မဟုတ်ပါဘူး"

"ကြယ်စင်က ကိုယ့်ကို နှစ်ပေါင်းများစွာ အဆက်အသွယ် မလုပ်ဘဲ"

"ကြည့် ... ပြောပြန်ပြီ၊ အဲဒီကိစ္စ အဲဒီအမှားတွေအတွက် သင်ပုန်းခြေဖို့ ခုလို ရောက်လာခဲ့တာပေါ့။ ရန်ကုန်မှာရှိတဲ့ ရှုပါမားကတ်လုပ်ငန်းကိုတောင် အာရုံမစိုက်နိုင်ပဲ ကို့ကို နားဝင်အောင် ဖျောင်းဖျဖို့အတွက် တကူးတက ရောက်လာခဲ့ရတာ"

"ခက်တာက ဒီမှာလည်း ကိုယ့်ရဲ့စီးပွားရေးလုပ်ငန်းတွေကို ဘယ်လိုထားခဲ့ရမလဲ၊ ကိုယ် နောက်ထပ် ဆိုင်ခွဲနှစ်ဆိုင်လောက် ထပ်ဖွင့်ဖို့ စီစဉ်နေတယ် ကြယ်စင်"

"အမယ်လေး ... ဦးမင်းဝီရရဲ့ စီးပွားရေးလောဘကြီးတာကို ကျွန်မ ချီးကျူးပါတယ်ရှင်၊ အလုပ်တွေထဲမှာပဲ ကိုယ့်ဘဝကြီးကို နှစ်မြုပ်ပြီး မိသားစုအတွက် အချိန်မပေးတော့





ဘူးလား၊ ကြယ်စင်တို့ အသက်အရွယ်တွေလည်း မငယ်ကြတော့ဘူးနော်၊ လောဘတွေ အတော်သတ်သင့်ပြီလို့ ထင်တယ်၊ ကြယ်စင့်စကားကို နားထောင်ပါ ကိုရယ်"

သူသည် ရုတ်တရက် စကားထဲ မထင်မှတ်ဘဲ ညှပ်ပါလာသည့် နာမည်တစ်ခုကြောင့် လက်ထဲက ကိုင်ထားသော တူနှစ်ချောင်းပင် အောက်ပြုတ်ကျသွားလောက်အောင် အံ့သြထိတ်လန့်သွားရပါသည်။ ဒီနာမည် ... ဒီနာမည်ဟာ ...။

သူ ထိုယောကျ်ားမျက်နှာအား ဆွဲလှည့်ကြည့်ချင်စိတ်ကို အတတ်နိုင်ဆုံးထိန်းရင်း ဗလောင်ဆူနေသော စည်းချက်မညီ ရင်ခုန်သံများဖြင့် အသက်ရှူသံတွေ တစ်မုဟုတ်ချင်း မြန်လာခဲ့ရသည်။ ဒါဟာ နာမည်တူ ဖြစ်နိုင်မလား။ ဒီလို ခပ်ဆန်းဆန်းနာမည်မျိုးက တစ်ရာမှာ တစ်ယောက်တောင် မရှိနိုင်မှာ သေချာပါသည်။

တိုက်ပဲတိုက်ဆိုင်လွန်းလေစွ။ သူ ငံကြမ်းကို အမှန်ပင် လက်ဖျားခါသွားရသည်။ စိတ်ဝင်စားမှု အရှိန်အဟုန်ကြီးမားစွာဖြင့် သူ ရှေ့ဆက်ကြားရမည့် စကားတွေကို ဆက်လက် နားစွင့်နေမိပါသည်။

"ကိုက စီးပွားရေးလုပ်ငန်းတွေအပြင် တခြားနောက်ဆံငင် စရာကိစ္စတွေ ရှိနေသေးတယ်နဲ့တူတယ်၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စင် ပြောတာ မှန်သင့်သလောက်တော့ မှန်ပါတယ်၊ ဒါပေမဲ့ ကိုယ်တို့ အဆင်မပြေကြဘူး ကြယ်စင်"

"အင်း ... ကြယ်စင် ကြားရတဲ့ သတင်းတစ်ခုကတော့ ကောင်မလေးက ကို့အိမ်ပေါ်က ဆင်းသွားပြီဆို ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ်တို့ စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ ခဏ ခဏ ရန်ဖြစ်ကြရတယ်၊ ခုလည်း ကိုယ်နှင်ချတာ မဟုတ်ဘဲ သူ့သဘောနဲ့သူ ဆင်းသွားတာ"

"ကိုက လိုက်မခေါ်ဘူးလား"

"ဒါက သူ့ပေါ်မှာ မူတည်တယ် ကြယ်စင်ရဲ့၊ သူက မိဘမရှိ တစ်ကောင်ကြွက်ဘ၀နဲ့ အားကိုးစရာ မရှိတာတောင် မာနကို ရှေ့တန်းတင်ပြီး ထွက်သွားတာ၊ တကယ်ဆို သူ့ဘ၀ကို သူ နားလည်သင့်တာပေါ့"

"ကို သူ့ကို ကွာရှင်းပေးလိုက်ရင်ရော သူ့ဘက်က လက်ခံနိုင်မလား"

"ဒါတော့ ကိုယ် အတိအကျ မပြောနိုင်ဘူး"

"ကို သူ့ကို ချစ်လို့လက်ထပ်ခဲ့တာလား ဆိုတာ ကြယ်စင်သိချင်တယ်၊ ခုချိန်မှာ ကို့ကို အပြစ်တင်နေလို့လည်း ထူးမှာမဟုတ်တော့ပါဘူး၊ ကြယ်စင်ကလည်း ယောကျ်ားကို နှစ်ရှည်လများ စွန့်ပစ်ထားခဲ့တာကိုး၊ ကြယ်စင် ညွှန်ပြမှန်းခုမှပဲ ကိုယ့်ကိုယ်ကိုယ် သိတော့တယ်"





"ချစ်လို့ ဆိုတာထက် သနားပြီး လက်ထပ်ခဲ့တာလို့ ပြောရင် ပိုမှန်လိမ့်မယ် ကြယ်စင်၊ သူ့ဘ၀လေးကို ကာယ်တင်ပေးချင်စိတ်နဲ့ မြှင့်တင်ပေးခဲ့တာလို့ပဲ ပြောရမယ်၊ ခုလို ကိုယ့်ကို ကန်ပြီးထွက်သွားတဲ့အခါကျတော့ သူ့ကို အကြီးအကျယ် စိတ်ကုန်မိတယ်၊ ဒါပေမဲ့ သူ့ဘက်က ကွာရှင်းခွင့် တောင်းလာရင်လည်း ကိုယ့်ဘက်က အချိန်မရွေး လိုက်လျောပေးဖို့ အသင့်ပါပဲ"

သူသည် ကြားနေရသော စကားများစွာအတွက် ဦးမင်းဝီရ ဆိုသည့် ယောကျ်ားတစ်ယောက်ကို နေရာမှာပင် ပွဲချင်းပြီးအောင် ရိုက်သတ်ပစ်ချင်စိတ်တွေ အလုံးအရင်းနှင့် ရင်ထဲ ဝင်ရောက်လာခဲ့ပါသည်။ သို့သော် မဖြစ်နိုင်သေးပါ။ ကိုယ့်စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်မှ ဖြစ်မည်။

သူ အံတင်းတင်းကြိတ်ကာ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ သူ့တစ်ကိုယ်လုံး ဒေါသအခိုးအငွေ့များ ပြည့်နှက်စီးဆင်းလျက် တဝတ်ဝတ်တုန်ယင်နေတော့သည်။ မျက်လုံးထဲမှာ ဆွေးမြည့်အားငယ်ရိပ်များအပြည့်နှင့် သူငယ်ချင်းမလေး မျက်နှာကိုသာ တရိပ်ရိပ် မြင်ယောင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချပါ ထနောင်း။ နင် နာကျင်ကြေကွဲသမျှတွေအတွက် ဘယ်လိုလက်စားချေမှုမျိုးပဲဖြစ်ဖြစ် ဖန်တီးဖို့ ငါဝန်မလေးပါဘူး။

"ကဲ ... ကို၊ အချိန်ယူပြီး စဉ်းစားလိုက်ပါဦး၊ တိုင်းတစ်ပါးကနေ တကူးတကလာပြီး ဒူးထောက်တောင်းပန်နေတဲ့ ကို့မယားကြီးရဲ့ဆန္ဒကို လိုက်လျောဖြည့်ဆည်းပေးနိုင်လိမ့်မယ်လို့ ယုံကြည်နေပါရစေ၊ ကို့ကို သမီးလေးကလည်း အရမ်းကို တွေ့ချင်နေတယ်၊ ကြယ်စင်က ကို့ဓာတ်ပုံပဲ ပြထားခဲ့တာလေ၊ သမီးကို ကတိပေးခဲ့တယ်၊ သမီးဖေကြီးကို အပါခေါ်ခဲ့မယ်လို့"

"ကိုယ်လည်း သမီးကို တွေ့ချင်ပါတယ် ကြယ်စင်"

"ဒါပေါ့ ကိုရဲ့၊ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ကြယ်စင်တို့မိသားစု သုံးယောက် တကွဲတပြားစီ နေနေရတဲ့အဖြစ်ကို လုံးဝမနှစ်မြို့နိုင်တော့ဘူး ကို၊ အဲဒါ ကို့အပေါ်မှာပဲ အားလုံးမူတည်တယ်"

သူ ဆက်ပြီး နားစွင့်နေမိသော်လည်း စကားသံများက ထပ်ထွက်မလာတော့။ သို့သော် သူတို့စကားဝိုင်းကို ဒီလောက်နှင့် လက်စသတ်လိုက်ပြီဟု ယူဆရသည်။ ပိုက်ဆံရှင်းပြီး သူ့ဘေးကနေ ဖြတ်ထွက်သွားသော သူတို့နှစ်ယောက်ကို မျက်တောင်





မခတ်တမ်း စိုက်ကြည့်နေမိစဉ်မှာပင် ပိုမိုသေချာစွာ သိလိုက်ရတာက ရုတ်တရက် နောက်လှည့်ပြီး မမကို စကားလှမ်းပြောလိုက်သော ယောကျ်ားဟာ အမှန်ပင် ဦးမင်းဇီရ ဖြစ်နေခဲ့ခြင်းကိုပင်။ သူ တောက်တစ်ချက် ခပ်တိုးတိုး ခေါက်လိုက်မိသည်။

မရှေးမနှောင်းမှာပင် သူလည်း ပိုက်ဆံရှင်းပြီး ထွက်လာခဲ့တော့သည်။ သူ့ခေါင်းထဲမှာ လုပ်ဆောင်ရမည့် အစီအစဉ်တွေ တန်းစီပြီး ပါလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒီသွန်း ပြန်လာပြီ"

သူ့ကိုအမြင်မှာ အမေနှင့် ကြက်သွန်ဖြူ ဗိုင်းမွှားနေသော ထနောင်းက ဝမ်းသာအားရ အော်လိုက်ပါသည်။ ထနောင်း ဒီရပ်ကွက်ကို ပြန်ရောက်ကတည်းက နေ့ရှိသရွေ့ သူတို့အိမ်မှာ သာ အချိန်ကုန်ခဲ့မြဲပင်။ ခုချိန်မှာ သူတို့နှစ်ယောက် အနေအထား က ဟိုးငယ်စဉ်ကာလ ကလေးဘဝတုန်းကလို သူငယ်ချင်းအရင်း ခေါက်ခေါက်ကြီးတွေအသွင် ပြန်ပေါက်သွားခဲ့လေသည်။

ထနောင်းမှာ အိမ်ထောင်ကျဖူးတာကလွဲလို့ ကျန်တာ အားလုံး ဘာမှပြောင်းလဲမှုမရှိ။ ပကတိ တည်ငြိမ်အေးဆေးလျက် သာ။

"ဒီသွန်း ... နင့်မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ် လာတာလဲဟင်"

ထနောင်းက သူ့မျက်နှာရိပ် မျက်နှာကဲကို သေချာ အကဲခတ်ကြည့်ရင်း ဆိုလာသည်။ အမေကပါ သူ့ကို မျက်မှောင် ကုတ်ကြည့်ရင်း စူးစမ်းသလိုဖြင့်မေးသည်။





"အင်း ... ထနောင်းပြောတာ မှန်တယ်၊ သား ဘာဖြစ် လာတာလဲ၊ နေမကောင်းဘူးလား"

သူ သက်ပြင်းတစ်ချက် ကျိတ်ချရင်း အသာခေါင်း ယမ်းပြလိုက်သည်။ အမေ့ရှေ့မှာတော့ ထနောင်းတို့အကြောင်း သူ မပြောချင်ပါ။

"ဘာမှမဖြစ်ပါဘူး အမေ၊ ဒီမှာ အမေတို့အတွက် ကြေးအိုး ဝယ်လာတယ်၊ ပူတုန်းစားလိုက်ဦး၊ ထနောင်းပါ စားလိုက် နော်၊ ငါ ရေသွားချိုးလိုက်ဦးမယ်"

သူ ထနောင်းကို အမေမမြင်အောင် မျက်နှာရိပ် မျက်နှာကဲဖြင့် အချက်ပြပြီး အိမ်ပေါ်မှ ဆင်းလာခဲ့ပါသည်။ ထနောင်းက ခေါင်းတစ်ချက် မသိမသာ ဆတ်ပြပြီး အမေ့အတွက် ကြေးအိုးထည့်၍ ပြင်ဆင်ပေးခဲ့ကာ သူ ထိုင်နေရာ ခြံထဲသို့ လိုက်ဆင်းလာပါသည်။

ထို့နောက် သူ့ဘေးနား အသာဝင်ထိုင်ရင်းမေးသည်။

"ဒီသွန်း ... နင် ငါ့ကို ပြောစရာရှိလို့လားဟင်"

သူ ထနောင်း မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက် သည်။

"ဟုတ်တယ် သူငယ်ချင်း၊ နင့်ကို ငါ မေးစရာလည်းရှိ တယ်၊ ပြောပြစရာတွေလည်းရှိတယ်၊ တခြားမဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဝီရဆိုတဲ့ နင့်ယောက်ျားနဲ့ပတ်သက်ပြီး ငါကိစ္စတချို့ သိလာခဲ့လို့”

ထနောင်း မျက်နှာက ရုတ်ခြည်း တင်းမာသွားကာ မျက်ဝန်းတောက်တောက်များဖြင့် သူ့ကို စိုက်ကြည့်လာလေသည်။

“ဘာလဲ ... ပြောလေ ဒီသွန်း”

“ပထမဆုံး ငါ နင့်ကိုမေးမယ်၊ နင် သူနဲ့ပြန်ပေါင်းဖို့ အစီအစဉ် ရှိသေးလား”

ထနောင်းဆာ မထင်မှတ်ထားသော သူ့မေးခွန်းကြောင့် မျက်လုံးဝိုင်းလေးဖြင့် သူ့ကို ဖျတ်ခနဲ လှမ်းကြည့်ရင်း ...

“နင်က ဘာလို့ ဒီမေးခွန်းမျိုး ငါ့ကိုမေးတာလဲ ဒီသွန်း”

“ငါမေးတာသာ ဖြေစမ်းပါဟာ၊ နင့်ကို နောက်မှ ငါ အကြောင်းစုံ ရှင်းပြမယ်၊ ဘယ်လိုလဲ၊ နင် သူ့ကိုပြန်ပေါင်းမှာလား”

ထနောင်း မျက်နှာလေးက တစ်စုံတစ်ရာသော စိတ်ခံစားမှုမျိုး ထင်ဟပ်လာကာ ချက်ချင်း ငိုတော့ ပြုံတော့မလို ညှိုမှိုင်းပျက်ယွင်းသွားပါသည်။ မျက်ရည်လွယ်သူပီပီ မသိမသာ ဝဲတက်လာသော မျက်ရည်စများကို မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ဖယ်ရှားကာ ခပ်တိုးတိုး ဆိုလာသည်။





“သူကတောင် ငါ့ကို လက်လွှတ်စပယ် ပစ်ထားနိုင်သေးတာပဲ၊ ငါ့ဘက်က ဘာမှပြန်ပြီး အောက်ကျခံစရာအကြောင်း မရှိတော့ဘူး၊ ငါ သူ့ကို ပြန်မပေါင်းနိုင်တော့ဘူး၊ အရမ်း စိတ်နာတယ် ဒီသွန်း”

“အေး ... ဟုတ်ပြီ၊ အခု ငါဆက်ပြောမယ့် အကြောင်းအရာတွေကိုကြားရင် နင် သူ့ကို စိတ်နာရုံမကဘူး၊ သတ်တောင် သတ်ပစ်ချင်ဦးမှာ၊ ငါ ပြောပြမယ်၊ နားထောင်”

သူသည် စိတ်လိုလက်ရပင် ကြေးအိုးဆိုင်မှာ တွေ့ခဲ့ရသော မမတို့စုံတွဲအကြောင်း၊ မမဟာ သူ့ရဲ့လက်ရှိ အလုပ်ရှင်ဖြစ်ကြောင်း စသည်တို့ကို ဖြစ်ကြောင်းကုန်စင် ဇာတ်စုံခင်းပြလိုက်ပါတော့သည်။ ထနောင်းက သူ ပြောပြသမျှတို့ကို မယုံကြည်နိုင်ခြင်း၊ အံ့ဩတုန်လှုပ်ခြင်းဖြင့် မျက်လုံးဝိုင်းကလေးဖွင့်၊ ပါးစပ်အဟောင်းသားပွင့်ကာ နားထောင်နေခဲ့လေသည်။

သူ့စကားအဆုံးမှာတော့ အစွမ်းကုန် နာကြည်းမျက်ရှသွားပုံဖြင့် အောက်နှုတ်ခမ်းတစ်ဖက်ကို ခပ်နာနာဖိကိုက်ပစ်ရင်း တုန်ယင်အက်ကွဲစွာ ရေရွတ်လာသည်။

“သူ ... သူ လုပ်ရက်လိုက်တာ ဒီသွန်းရယ်၊ မရှင်းမလင်း နောက်ကြောင်းကြီးကို ဖုံးကွယ်ပြီး ငါ့ကို လက်ထပ်ခွင့်ရအောင် ကြိုးဖမ်းခဲ့တယ်၊ ငါ လှလှပပကြီးကို အလိမ်ခံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာပဲ၊ ငါ သူ့ကို ကွာရှင်းခွင့်တောင်းမယ် ဒီသွန်း၊ ကွာရှင်းပြီးရင် သူနဲ့ငါ ဘယ်တုန်းကမှ ပတ်သက်ခဲ့ဖူးခြင်း မရှိသလို ငါ့အတိတ်ကို ပြည်ဖုံးကား ချလိုက်မယ်"

"ငါကတော့ နင့်မျက်ရည်အတွက် သူ့ကို တစ်ခုခုတော့ လက်တုံ့ပြန်ရမှ ကျေနပ်မယ် ထနောင်း၊ သူ့ကို ဒီတိုင်း ကြီးတော့ လွတ်မြောက်ခွင့် မပေးနိုင်ဘူး"

သူ့လေသံက ကြောက်စရာကောင်းလောက်အောင် တင်းမာပြတ်သားနေခဲ့လေသည်။ တကယ်လည်း သူ့စိတ်ဓာတ်တွေ ခုချိန်မှာ သူ့မတူအောင် ရိုင်းစိုင်းကြမ်းတမ်းနေခဲ့ပြီ။ သူဟာ ဟိုးအရင်တစ်ချိန်က ရဲဒီသွန်းအဖြစ် ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဖန်တီးပြောင်းလဲပစ်ဖို့ ခိုင်မာစွာ ဆုံးဖြတ်ချက် ချလိုက်ပြီဖြစ်လေသည်။

ထနောင်းက ရှိုက်ကြီးတငင် ငိုကြွေးနေရာမှ သူ့လက်မောင်းတစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင်ဖျစ်ညှစ်ကာ...

"ဒီသွန်း ... ငါ ... ငါ အရမ်းရှက်တယ်ဟာ၊ မိန်းမရှိခဲ့ဖူးတဲ့ ယောက်ျားတစ်ယောက်နဲ့ အိမ်ထောင်ပြုရလိမ့်မယ်လို့ အိမ်မက်တောင် မမက်ခဲ့ဖူးဘူး၊ သူ့အကြောင်း ကြိုသိခဲ့ရင် ငါ ဒေါ်လေးဆန္ဒကို ပစ်ပစ်ခါခါ ငြင်းပယ်မိမှာပဲ၊ ခုတော့ ငါ့ဘဝမှာ အမည်းစက်ကြီးစွန်းထင်ခဲ့ပြီ ဒီသွန်းရယ်"





ထနောင်းက သူ့လက်မောင်းပေါ် ပါးအပ်ရင်း တတွတ်တွတ် ရေရွတ်နေပါသည်။ သူ့ရင်တစ်ခုလုံး အစိတ်စိတ် အမြွာမြွာ ကွဲကြေသွားသလိုပင်။ ခံနိုင်ရည်စွမ်းအားတွေ တဒင်္ဂ အတွင်းမှာပင် ပျက်လွင့်ဆိတ်သုဉ်းသွားခဲ့ရသည်။

လှိုက်တက် ဆို့နင့်လာသော ရင်အစုံဖြင့် ထနောင်း ဆံပင်လေးတွေကို သူ တယုတယ ပွတ်သပ်ပေးနေမိသည်။ ခုချိန်မှာ သူ့အတွက် ဘာမှမလိုအပ်တော့။ တိတိပပ သိလိုက်ရသော အရာတစ်ခုက သူ့အနားမှာ ထနောင်း ရှိလျှင် ကျန်တာအားလုံး စတေးပစ်လိုက်နိုင်ခြင်းကိုပင်။

ထနောင်းနှင့်သူ အတန်ကြာအောင် ဘာစကားမှမဆိုမိကြ။ သူ့ရင်ထဲမှာတော့ ပြောချင်သော စကားတွေ ရင်နဲ့မဆံ့အောင် ရှိပါသည်။ သို့သော် သူ ပြောမထွက်။ သူ့နှုတ်တွေ အလိုလိုနေရင်း ဆွံ့အနေမိသည်။

ထနောင်းက သည်းသည်းထန်ထန် ငိုကြွေးနေရာမှ သတိဝင်လာသလို ချက်ချင်း သူ့အနားမှခွာကာ မျက်ရည်စများကို ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ပြီး ပျာပျာသလဲဆိုသည်။

"ဆောရီး ... ဒီသွန်း၊ နင့်ကို စိတ်ညစ်အောင် လုပ်မိပြီ၊ တကယ်တော့ ငါ့မိုက်ပြစ်အတွက် ငါပြန်ခံရတာပဲ၊ တခြားသူကို စိတ်ဒုက္ခ လိုက်မပေးသင့်ပါဘူး၊ ငါ မှားသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှင် မမှားဘူး သူငယ်ချင်း၊ ငါတို့နှစ်ယောက်က ဟိုးငယ်ငယ်လေးကတည်းက တစ်ယောက်ခံစားရသမျှကို ကျန်တစ်ယောက်က မျှဝေခံစားပေးနေကျလေ၊ ခံစားချက်တွေထဲမှာလည်း အမျိုးမျိုးပါတယ်၊ ပျော်ရွှင်ကြည်နူးခြင်းရှိသလို ဝမ်းနည်းပူဆွေးခြင်းလည်း ပါတာပဲ။ ငါကတော့ အကောင်း၊ အဆိုး မှန်သမျှ နှင်နဲ့အတူ အချိုးညီညီမျှမျှ ခံစားချင်တယ် ထနောင်း"

သူ ထနောင်းကို စိတ်ရှိလက်ရှိ ရင်ဖွင့်ပြီးနောက်မှာ စိတ်ထဲ အမှန်ပင် ပေါ့ပါးလန်းဆန်းသွားပါသည်။ ထနောင်းက သူ့ကို နားမလည်နိုင်သလို မဝံ့မရဲ မော့ကြည့်လာသည်။ သူ ခပ်ယဲ့ယဲ့ပြုံးလိုက်ရင်း ...

"နှင် ... ငါပြောတာကို ခုချိန်မှာ နားလည်ချင်မှ နားလည်လိမ့်မယ်၊ ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ကျိန်းသေပေါက် နားလည်မှာပါ"

ဒီလောက်ပဲ သိထားပါတော့ ထနောင်းရယ်။ နင့်အတွက် ဘယ်တော့မဆို အမြဲအဆင်သင့်ရှိနေချင်တဲ့ ငါ့ရဲ့ သူရဲကောင်းစိတ်ဓာတ်ကို ငါ့ကိုယ်ငါပဲ တိတ်တိတ်လေး ဆက်ပြီး ကျေနပ်ဂုဏ်ယူနေပါရစေ။





မမနှင့် ဦးမင်းဝီရ အကြောင်း မမျှော်လင့်ဘဲ သူ သိခွင့်ရခဲ့သည့်နောက်ပိုင်းမှာ ကိုထူးအောင် ပြောပြချက်အရ အခြေအနေ သိပ်မဆိုးလှဟု ထင်မြင်ချက်ပေးခဲ့လေသည်။ ဦးမင်းဝီရက နောက်ထပ် ထပ်ဖွင့်ဖို့ စီစဉ်ထားသော ဆိုင်ခွဲနှစ်ဆိုင်ကိစ္စကို ပယ်ဖျက်လိုက်ပြီး ဇနီးနှင့်သမီးရှိရာ လိုက်သွားဖို့ စီစဉ်နေကြောင်း သူ တစ်စွန်းတစ်စ သိခဲ့ရသည်။ ထနောင်းဆိုသည့် မိန်းကလေးတစ်ယောက်ကို အရေးမပါ၊ အဖက်မတန်သလို ယတိပြတ် စွန့်ပစ်ထားခဲ့သော ထိုယောကျ်ားကို သူ တစ်နေ့တခြား ပိုမိုမုန်းတီးလာရပါသည်။

ထို့ကြောင့်ပင် သူ အလုပ်ပိတ်ရက် တစ်ရက်မှာ ဦးမင်းဝီရအိမ်သို့ ဒုတိယအကြိမ်မြောက် တစ်ကိုယ်တည်း ရောက်ရှိလာခဲ့သည်။ သူ့လက်ထဲမှာ ကွာရှင်းစာချုပ်နှစ်စောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက်။ ထနောင်းကိုတော့ အကျိုးအကြောင်းရှင်းပြကာ အိမ်မှာပဲ ထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်မထိန်းနိုင်၍ တစ်စုံတစ်ခု လက်တုံ့ပြန်မိလျှင် ကြားထဲက ထနောင်း နေရခက်မှာစိုးသောကြောင့် ထားခဲ့ရခြင်း ဖြစ်သည်။ ထိုလူကို မှတ်လောက်သားလောက်အောင် ပညာပေးဖို့လည်း သူ ကြိုတင်စိတ်ကူးမိခဲ့ပြီးပြီ။

ခုချိန်မှာ သူဟာ ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းများစွာက ပေတေတေ မိုက်ကန်းကန်း ချာတိတ် ရဲဒိသွန်းဘဝကို အလိုလိုနေရင်း ပြန်ရောက်ရှိသွားခဲ့ပြီဖြစ်သည်။ သူ့ရင်ထဲက တိတ်တခိုးချစ်မြတ်နိုးရသော သူငယ်ချင်းမလေးအတွက် အစစအရာရာ လက်တုံ့ပြန်ဖို့ အဆင်သင့် ဖြစ်နေခဲ့လေပြီ။

မျက်နှာမဲ့ မိန်းကလေးတစ်ယောက်ကို ဖြစ်သလို လက်ထပ်ယူပြီး အိမ်ထောင်သက်တစ်လျှောက်လုံး နာလန်မထူနိုင်အောင် ပညာရှိနည်းဖြင့် ချိုးနှိမ်ဆက်ဆံခဲ့သည့် ယောကျ်ား၊ မယားကြီးနှင့် သမီးဖြစ်သူရှိရာ ကောက်ကောက်ပါအောင် လိုက်ပါသွားပြီး ပျော်ရွှင်ငြိမ်းချမ်းသည့် အရိပ်အမြုလေးကို ဖန်တီးတည်ဆောက်ဘော့မည့် ယောကျ်ား၊ ထိုယောကျ်ားကို မသွားမီ သူက လက်ဆောင်တစ်ခုတော့ ပေးဖြစ်အောင် ပေးလိုက်ချင်ပါသေးသည်။

သူ ခြံတံခါးဘဲလ်ကို ခပ်နာနာ ဖိနှိပ်ပစ်လိုက်ရာ အထဲမှ ခြံစောင့် ဦးလေးကြီးတစ်ယောက် ထွက်လာပြီးမေးသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ လူလေး"





"ကျွန်တော် ဦးမင်းဝီရ ဆိုင်က ဝန်ထမ်းပါ၊ ဆရာ့ကို အလုပ်ကိစ္စလေးတစ်ခု ပြောစရာရှိလို့ပါ ဦးလေး"

ခြံစောင့်က သူ့ရဲ့ ဂျစ်ပစီပုံစံကို မသိမသာအကဲခတ်ကြည့်ရင်း ဘာမှ မပြောတော့ဘဲ တံခါးဖွင့်ပေးသည်။ သူ့လက်ထဲက စာချုပ်ကို မြင်သောကြောင့် အလုပ်ကိစ္စအကြောင်း ဖြစ်မည်ဟု သဘောပေါက်သွားပုံရသည်။

သူ လျှို့ဝှက်နက်နဲစွာ တစ်ချက်ပြုံးလိုက်ရင်း ခြံစောင့်ကြီးခေါ်သွားရာ အိမ်ထဲသို့ ခပ်တည်တည် ဝင်ရောက်လာခဲ့လေသည်။ အစေအပါး များများစားစားရှိပုံမရဘဲ အိမ်ကြီးက အတော်လေး ခြောက်ကပ်တိတ်ဆိတ်နေသည်။

ကြီးမားကျယ်ဝန်းသော ဧည့်ခန်းထဲဝင်လိုက်သည်နှင့် ဖုန်သုတ်နေသော အသက်ငါးဆယ်ကျော်အရွယ်ခန့် အမျိုးသမီးကြီးတစ်ဦးက သူ့ကို လှမ်းကြည့်ကာ ...

"ဆရာ့ဧည့်သည်လား ... ဘယ်သူလို့ ပြောလိုက်ရမလဲသား"

"ဆရာ့ဆိုင်က ဝန်ထမ်းလို့ပဲ ပြောလိုက်ပါ ဒေါ်ကြီး"

"ဪ ... အေး ခဏလေးစောင့်နော်၊ ဆရာ အပေါ်ထပ်က စာကြည့်ခန်းထဲမှာထင်တယ်၊ ဒေါ်ကြီး သွားပြောပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တည်း ဟိုကြည့် ဒီကြည့်ဖြင့် စောင့်ကျန်ရစ်ခဲ့ပါသည်။ ကျွန်းသားဆက်တီတွေ ပတ်လည်ခင်းကျင်းထားသော အခန်းကြီးက သန့်ရှင်းသပ်ရပ်နေကာ အရှိန်အဝါတစ်မျိုး လွှမ်းမိုးထားသလို ခံစားရသည်။ ဒီလိုခမ်းနားကြွယ်ဝမှုတွေက သူ့အတွက်တော့ အနိဋ္ဌာရုံမြင်ကွင်းတွေပင်ဖြစ်ကြောင်း သူ့ရင်ထဲ ပျစ်ပျစ်နှစ်နှစ် သတိမှတ်လိုက်မိသည်။

အထူးသဖြင့် သူ့အချစ်ဆုံး သူငယ်ချင်းမလေးကို အဝေးဆုံးသို့ လွှင့်စဉ်ပြေးထွက်ချင်စိတ်ပေါ်လာအောင် တစ်နည်းမဟုတ်တစ်နည်း ပညာပြခဲ့သည့်အရာတွေထဲမှာ ဒီစည်းစိမ်ဥစ္စာတွေလည်း တစ်ဖက်တစ်လမ်းက ပါဝင်နေမှာအမှန်ပင်။ ဦးမင်းဝီရနှင့် သူပိုင်သော ကြွယ်ဝချမ်းသာမှု၊ ဂုဏ်ဒြပ်တွေက အမြဲလိုလို ဒွန်တွဲနေသည်ဟု သူ တစ်ထစ်ချ ယူဆလိုက်မိသည်။

တစ်အောင့်လောက်အကြာမှာ အိမ်ပေါ်ထပ်လှေကားမှဆင်းလာသော ဦးမင်းဝီရကို သူ မတ်တတ်ရပ် ခါးထောက်ရင်း ခပ်ရဲရဲပင် ရင်ဆိုင်ကြည့်လိုက်ပါသည်။

ဦးမင်းဝီရက ပထမတော့ မျက်မှောင်ကုတ် စဉ်းစားဟန်ပြုကာ ဘယ်သူဘယ်ဝါမှန်း သဲသဲကွဲကွဲသိပုံမရသေး။ သို့သော် တဖြည်းဖြည်းပြောင်းလဲလာသော ထိုပုဂ္ဂိုလ်ရဲ့ မျက်နှာအမူအရာက နောက်ဆုံး ထူးဆန်းအံ့သြခြင်းပန်းတိုင်မှာ အဆုံးသတ်သွားသည်။





သူ မခိုးမခန့်ပြုံးရင်း ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်လိုက်ကာ ...

"ဘယ်လိုလဲ သူဌေး၊ ကျုပ်ကို မှတ်မိသေးရဲ့လား"

ဦးမင်းဝီရက မျက်နှာပျက်သွားသော်လည်း ဟန်ဆောင်ကောင်းလှသူပီပီ ချက်ချင်းပင် ပျက်ယွင်းသွားသော မျက်နှာကို အချိန်မီ ထိန်းသိမ်းပြုပြင်ရင်း သူ့ကို စူးစူးရဲရဲ စိုက်ကြည့်လာသည်။

"ဪ ... ဘယ်သူများလဲလို့၊ ထနောင်းရိပ်ရဲ့ ဘော်ဒီဂတ်ကြီးပါလား၊ မတွေ့ရတာတောင် ကြာပြီနော်၊ နေကောင်းရဲ့လား"

သွေးအေးအေးဖြင့် ဘာမှ မဖြစ်သလိုပုံဖမ်းကာ စိမ်ပြေနပြေ ပြောလာသည့် ထိုပုဂ္ဂိုလ်ကို သူ စားမတတ် ဝါးမတတ် စူးစိုက်ကြည့်လိုက်ကာ ...

"ခင်ဗျားပြောမယ့် အပိုစကားတွေ နားထောင်ဖို့ ကျုပ်လာတာ မဟုတ်ဘူး၊ ခင်ဗျားလို စိတ်ဓာတ်ယုတ်ညံ့ပြီး အောက်တန်းကျတဲ့ ယောကျာ်းတစ်ယောက်ကိုမှ ဘုမသိ ဘမသိ လက်ထပ်ခဲ့ရတဲ့ ကျုပ်သူငယ်ချင်းအတွက် မခံမရပ်နိုင်ဖြစ်လွန်းလို့လာခဲ့တာ၊ ဒီမှာ ကွာရှင်းစာချုပ်၊ လက်မှတ်ထိုးပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ စာချုပ်နှစ်စောင်ကို စားပွဲပေါ် ဖျတ်ခနဲပစ်ချလိုက်သည်။ ဦးမင်းဝီရက အထိနာသွားသော ကျားရိုင်းတစ်ကောင်လို သူ့ကို စဉ်းလဲစွာ မျက်လုံးမှေးစင်းကြည့်လာပြီး ကြောက်စရာကောင်းသော အပြုံးတစ်ချက်ဖြင့် တုံ့ပြန်သည်။

"ဟာဟ ... မင်းက သူများအိမ်ထဲ ကျူးကျူးကျော်ကျော်ဝင်ပြီး အိမ်ရှင်ကိုလည်း ဘလိုင်းကြီး လာစော်ကားနေပါလားကွ ဟေ၊ သိပ်ပြီး လူတွင်ကျယ်လုပ်မနေနဲ့ ကိုယ့်လူ၊ ကိုယ် ဖုန်းတစ်ချက် ကောက်ဆက်လိုက်တာနဲ့ မင်းဘဝပြောင်းသွားမယ်ဆိုတာ သဘောပေါက်ထား"

"ဘာလဲ ... ခင်ဗျားက ကျုပ်ကို ထောင်ချချင်လို့လား၊ သတ္တိရှိရင် စမ်းကြည့်လေ၊ ကျုပ်ထောင်ထဲမဝင်ခင် ခင်ဗျားကိုအရင် သေတွင်းပို့ခဲ့ဦးမှာ၊ မှတ်ထားလိုက်ဦး"

သူ့စကားကြောင့် ဦးမင်းဝီရမျက်နှာက ပေါက်ကွဲထွက်တော့မည့် မီးဖုံးတစ်လုံးလို နီမြန်းတင်းမာသွားခဲ့လေသည်။ သို့သော် ချက်ချင်းပင် စားပွဲပေါ်မှ စာချုပ်ကိုယူကာ အေးအေးဆေးဆေး လက်မှတ်ထိုးပေးရင်း မခိုးမခန့် ဆိုလာပြန်သည်။

"မင်းက ကိုယ့်ကို သေတွင်းပို့ဦးမှာဆိုတော့ ကိုယ် တော်တော်လေး ကြောက်သွားပါပြီကွာ၊ ရော့ ... ဒီမှာ ကိုယ် လက်မှတ်ထိုးပြီးပြီ၊ မင်းလည်း ဟိုးအရင်က တစ်ခန်းရပ်





သွားတဲ့ဇာတ်လမ်းကို ပြန်ဆက်ချင်လည်း ဆက်ပေါ့ကွာ၊ ကိုယ် မင်းကို စွန့်ကျဲလိုက်ပြီ သိလား ရဲဒီသွန်း"

သူသည် မထင်မှတ်သော ထိုးနှက်ချက်ကို ကြားလိုက်ရချိန်မှာ ဆတ်ဆတ်ခါနာသွားမိရင်း ရင်ထဲထောင်းခနဲဖြစ်သွားရပါသည်။

ဒါဟာ သူနှင့်ထားနှောင်း နှစ်ယောက်လုံးကို လှလှပပစော်ကားလိုက်တာပင်။ အမှောင်ဖုံးလွှမ်းသွားပြီဖြစ်သော ဒေါသတရားများနှင့်အတူ သူ ဝုန်းခနဲ ပြေးချသွားကာ ဦးမင်းဝီရကို အချက်ပေါင်းများစွာ ဆင့်ထိုးလိုက်မိသည်။ သူ့အသိအာရုံထဲ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းတွေ တစ်စတစ်စ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ပြီ။

သူ စိတ်ရှိလက်ရှိ ထိုးပြီးတော့မှ ဝရန်းသုန်းကားပြေးဝင်လာသော ခြံစောင့်လူကြီးအပါအဝင် အစေခံသုံးလေးယောက်ကြောင့် အတတ်နိုင်ဆုံး စိတ်ကို ဖြေလျှော့ပစ်ချလိုက်မိသည်။

ဦးလေးကြီးနှစ်ယောက်က သူ့ကို တစ်ဖက်ဟာစ်ချက်မှ သိုင်းချုပ်ကာ ဦးမင်းဝီရဘက်လှည့်ပြီး ...

"ကြည့်စမ်း ... ဆရာ ဒီကောင် လူလိမ်ပဲ၊ ကျွန်တော်တို့ရဲ့စခန်းကို အမြန်ဆုံးပို့မှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ အသက်ပြင်းပြင်းရှူကာ ခွန်းတုံ့မပြန်ဘဲ သွေးအလိမ်းလိမ်း နီရဲပေကျံနေသော ဦးမင်းဝီရကိုသာ ဒေါသအရှိန်မပြယ်သေးသည့် မျက်ဝန်းအစုံဖြင့် ဘုကြည့်ကြည့်နေမိသည်။ ဦးမင်းဝီရက ကမ္ဘာပေါ်မှာ ကောက်ကျစ်စဉ်းလဲဆုံးဟု ယူဆရသည့် အပြုံးနက်နက်ဖြင့် သူ့မျက်ဝန်းများထဲ ထိုးဖောက်စိုက်ကြည့်ကာ မျက်နှာပေါ်က သွေးစသွေးနများကို တစ်ရှူးစဖြင့် ခပ်ဖြည်းဖြည်း သုတ်နေရာမှ ...

"ဦးမော် ... သူ့ကို လွှတ်ပေးလိုက်ပါ၊ ဘယ်စခန်းကိုမှ မတိုင်နဲ့၊ ဒီကိစ္စကို ကျွန်တော့်ဘာသာ ဖြေရှင်းမယ်"

ခြံစောင့်ဦးလေးကြီး နှစ်ယောက်က သူ့ကို မလွှတ်ချင် လွှတ်ချင်ဖြင့် ဆောင့်လွှတ်ပေးလိုက်ကြသည်။ ပုံပျက်သွားသော သူ့ဂျာကင်အင်္ကျီကို ဆွဲဆန့်ဖြန့်ကျက်ပြီး စာချုပ်နှစ်စောင်ကို ဖျတ်ခနဲ ဆွဲယူကာ အားလုံးရှေ့မှ ခပ်ကြမ်းကြမ်း လှည့်ထွက်လာခဲ့သည်။ အိမ်ပေါက်ဝနား မရောက်ခင်မှာပင် ရုတ်တရက် ဟိန်းထွက်လာသော စကားသံကြောင့် သူ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားရသည်။

"အသာတကြည် လွှတ်ပေးလိုက်လို့ သိပ်မာန်တက်ပြီး ပျော်မသွားနဲ့ဦး ရဲဒီသွန်း၊ ထမင်းဝအောင် စားထားလို့ ကြိုပြီး သတိပေးလိုက်မယ်"





သူ ဒေါသထွက်ထွက်နှင့်ပင် တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်ပြီး တရကြမ်း လှမ်းထွက်လာခဲ့တော့သည်။ ဘာပဲပြောပြော လတ်တလော ဖြစ်ရပ်အတွက် သူ့ရဲ့လက်တုံ့ပြန်နိုင်မှုအပေါ် သူ ကျေနပ်သည်။ စိတ်ရှိတိုင်း ကြဲခဲ့ရသည့်အတွက် သူ့ကိုယ်သူလည်း ဂုဏ်ယူမဆုံး ဖြစ်ရသည်။

သူ့ခြေလှမ်းတွေက မြေကြီးနှင့်မထိသလိုပင် တစ်ခါတစ်ရံ ပေါ့ပါးသွက်လက်စွာ မြောက်ကြွကြွဖြစ်လျက်။ အောင်နိုင်သူ တစ်ယောက်၏ ခြေလှမ်းမျိုးပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက်ပိုင်းမှာ သူ ပုံမှန်အတိုင်း အလုပ်ပြန်ဆင်းခဲ့သည်။ ဦးမင်းဝီရဘက်က သူ့အပေါ် ဘယ်လိုများ လက်စားခြေ တုံ့ပြန်လာမလဲ ဆိုတာကိုလည်း တစ်ဖက်တစ်လမ်းက တိုးတိုးကျိတ်ကျိတ် စုံစမ်းရသေးသည်။ သို့သော် ထိုပြဿနာဖြစ်ပြီး နှစ်ပတ်ကျော်လောက်အထိ ဘာလှုပ်ရှားမှုမျိုးမှ မကြုံခဲ့ရပါ။

ထို့ပြင် ကိုထူးအောင် ပြောပြချက်အရ မမနှင့် သူ့အမျိုးသားတို့ သုံး,လေးရက်အတွင်း စင်ကာပူ အပြီးပြန်ကြဖို့ စီစဉ်ပြီးစီးနေပြီဖြစ်ကြောင်း မမျှော်လင့်ဘဲ သိခွင့်ရခဲ့လေသည်။ သူ့စိတ်ထဲ ဘယ်လိုမှ ထူးထူးခြားခြား မခံစားခဲ့ရပါ။ နောက်ဆုံးတော့ သူ ကြိုတင်တွေးတောခဲ့သလို ဖြစ်လာတာချည်းပင်။

အခြေအနေတွေက ဒီတိုင်းပဲ အေးအေးဆေးဆေး ဖြတ်သန်းလွန်မြောက်သွားမည်ဟု သူ့စိတ်ထဲ တစ်ထစ်ချယူဆထားခဲ့ရာမှ မမတို့ စင်ကာပူသွားရမည့်နေ့သို့ ဆိုက်ဆိုက်မြိုက်





မြိုက် ရောက်ရှိလာခဲ့သည်။ ထိုနေ့မှာ သူ တိတ်တိတ်လေး ဆုတောင်းခဲ့သည့်အတိုင်းပင် မမတို့ကို လေဆိပ်ပို့ပေးဖို့ တာဝန်အား ကိုထူးအောင် တစ်ယောက်တည်း လွှဲပြောင်းယူခဲ့ပြီး သူ့ကိုတော့ ရုံးမှာပင် ထားခဲ့ပါသည်။ နို့မဟုတ်လျှင် ဦးမင်းဝီရနှင့် သူ ထိပ်တိုက်မျက်နှာချင်းဆိုင်ရဦးမည်။

ဦးမင်းဝီရ၏ အခြေအနေ ငြိမ်သက်အေးဆေးနေမှုအပေါ် သူ အနည်းနဲ့အများတော့ သံသယဝင်မိသေးသည်။ စင်ကာပူ မသွားခင် သူ့ကို ခုချိန်ထိ ဘယ်လိုလက်တုံ့ပြန်မှုမှ ပြန်မပေးသေး။

သို့သော် သူကတော့ ကိုယ့်ကိုယ်ကိုယ် သတိအနေအထားနှင့်ပင် ကာကွယ်စောင့်ရှောက်ဖို့ အသင့်ဖြစ်နေခဲ့လေသည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့က ထနောင်းရဲ့ နှစ်ဆယ့်ကိုးနှစ်မြောက်မွေးနေ့ ဖြစ်နေခဲ့ပြန်သည်။ လုပ်စရာရှိသည့် အလုပ်များကို ခပ်မြန်မြန် လက်စသတ်ရင်း အရုပ်နှင့်ဖန်စီပစ္စည်းမျိုးစုံရောင်းသောဆိုင် ဝင်ကာ ဇရာမဝက်ဝံရုပ်ကြီးတစ်ရုပ် ဝယ်ယူထုပ်ပိုးပြီး သူ့အိမ်အပြန်ခရီးကို စတင်ခဲ့လေသည်။

ထို့ပြင် စိတ်ကူးတစ်ခု ရလိုက်မိကာ ပလက်တီနမ်လက်ဝတ်လက်စားမျိုးစုံရောင်းချသော ဆိုင်တစ်ဆိုင်သို့ဝင်ပြီး ဒီဇိုင်းခပ်ဆန်းဆန်း ဆွဲကြိုးမျှင်မျှင်လေးတစ်ကုံးလည်း စိတ်လိုလက်ရ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လိုက်မိသေးသည်။ အင်း ... ဒီလောက်ဆို ထနောင်းကို မွေးနေ့လက်ဆောင်ပေးဖို့ အဆင်ပြေပြီ။

သူ့အပြန်ခရီးက စိတ်လှုပ်ရှား ရင်ခုန်ခြင်းများစွာ ပျော်ဝင်စီးဆင်းလျက် နွေးထွေးရှိန်းမြနေခဲ့လေသည်။

သူ အိမ်ရောက်တော့ အဆင်သင့်ပင် ထနောင်းကို တွေ့လိုက်ရသည်။ အမေက သူ့ကိုမြင်သော် ဝမ်းသာအားရ ကြိုဆိုပြီး ...

"သား ရောက်တာနဲ့ အတော်ပဲ၊ ဒီမှာ ထနောင်းလေးမွေးနေ့အတွက် အမေတို့ ခေါက်ဆွဲကြော်နေကြတယ်၊ သားသူငယ်ချင်းတွေကိုလည်း သွားဖိတ်ထားပြီးပြီ၊ ခဏကြာ သူတို့ရောက်လာကြတော့မယ်"

ထနောင်းက အမေ့ကို ဝိုင်းကူလုပ်နေရာမှ ...

"ဟုတ်တယ် ... ဒီသွန်း၊ ဖိုးတေတို့ကို ငါ သွားဖိတ်ထားတယ်၊ နင် ခဏနားပြီး ရေမိုးချိုး၊ အဆင်သင့်ပြင်တော့နော်၊ ငါတို့ ဘုရားသွားဖို့လည်း စီစဉ်ထားတယ်"

သူက သွက်သွက်လက်လက်ပင် လက်ထဲ တစ်မွေ့တစ်ပိုက် သယ်လာသော ပလတ်စတစ် ကြည်ကြည်ဖြင့် ထုပ်ပိုးထားသည့် အရုပ်ပါကင်ထုပ်ကြီးကို ထနောင်းရှေ့ ထိုးပေးလိုက်သည်။





"ရော့ ... ထနောင်း၊ နင့်အတွက် မွေးနေ့လက်ဆောင်"

ထနောင်းက မြတ်နိုးစုံမက်သော မျက်ဝန်းလေးများဖြင့် အရုပ်ကို တစိမ့်စိမ့် ကြည့်ကာ ရင်ထဲပွေ့ဖက်ထားလေသည်။ သူ့ရင်ထဲ နွေးခနဲ လှိုက်ဖြာသွားရသည်။ သူ့ဘဝမှာ ဒီနေ့လေးလောက် ပီတိဖြစ်ဖွယ်ရာ၊ ကျေနပ်ဖွယ်ရာ မရှိတော့။

"ကျေးဇူးတင်ပါတယ် ဒီသွန်းရယ်"

"မလိုပါဘူးဟာ၊ နင် ကြိုက်ရင်ပြီးတာပဲ၊ ဪ ... နေဦး၊ တစ်ခုကျန်သေးတယ်၊ ဒီမှာကြည့်စမ်း ... ထနောင်း"

သူက ဘောင်းဘီအိတ်ထဲမှ ကတ္တီပါဘူးလေးကိုဖွင့်ပြီး အထဲမှ အရောင်တဖျပ်ဖျပ် တောက်ပလက်ဖြာနေသော ဆွဲကြိုးလေးကို ထုတ်ယူကာ ထနောင်းကို ဆွဲပေးလိုက်သည်။ ထနောင်းက အံ့သြဘနန်းကြီးစွာ စိုက်ကြည့်နေရင်း ...

"ဒီ ... ဒီသွန်း၊ နင် ဘာလို့ တန်ဖိုးကြီးတာတွေ ဝယ်လာရတာလဲဟာ၊ နင့်လခတွေ ကုန်မှာပေါ့၊ ငါက ဘာလက်ဆောင်မှ မပေးလဲ ကျေနပ်ပါတယ်ဟယ်"

"နင် ငါ့ကို တကယ်ခင်ရင် မငြင်းရဘူးနော် ထနောင်း၊ ကြည့်စမ်း ... ငါ့သူငယ်ချင်းနဲ့ လိုက်တယ်၊ ခုမှ နင့်လည်တိုင်လေးက ပိုလှသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းက မချိတင်ကဲ အပြုံးလေးနှင့်ပင် ဆွဲကြိုးလေးကို တုန်တုန်ယင်ယင် ငုံ့ကိုင်ကြည့်ပြီး ငြိမ်သက်နေပါသည်။ ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းများစွာက ထနောင်းရဲ့မွေးနေ့ တစ်နေ့မှာ သူ ပြင်းပြင်းပြပြ နာကျင်ခါးသီးဖွယ် အဖြစ်အပျက်တချို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရဖူးသည်။

သို့သော် ခုချိန်မှာတော့ သူ့ရင်ထဲ ပြောမပြတတ်အောင် ကြည်နူးပီတိဖြာနေမိမှန်း ကိုယ့်ကိုယ်ကိုယ် သတိပြုလိုက်မိပါသည်။ သူ့အတွက် အဓိပ္ပာယ်ပြီးပြည့်စုံသော နေ့လေးတစ်နေ့ပင်။ ခပ်လှမ်းလှမ်းမှ အမေကတော့ သူတို့နှစ်ယောက်ကို ပြုံးစစနှင့် အကဲခတ်စိုက်ကြည့်နေရင်း ...

“ကဲ ... သူငယ်ချင်းနှစ်ယောက် စကားပြောတာ ခဏရပ်ကြဦး၊ ဘုရားရောက်မှ အေးအေးဆေးဆေး ဆက်ပြောကြပေတော့၊ အခု သားက ရေချိုးစရာရှိတာ မြန်မြန်သွားချိုးတော့၊ တော်ကြာ ဖိုးတေတို့လာရင် အဆင်သင့်မဖြစ်ဘဲ နေမယ်”

သူ ချက်ချင်းပင် အမေ့စကား နားထောင်ပြီး ရေချိုးရန် အသင့်ပြင်လိုက်ပါသည်။

သူ့ကိစ္စဝိစ္စတွေ အားလုံးပြီးစီးချိန်မှာတော့ သူ့ရဲ့ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတစ်သိုက် ပြိုင်တူလိုလို ညာသံပေး၍ ချီတက်လာကြတော့သည်။





“ဟက်ပီး ဘတ်(သ်)ဒေးပါ ထနောင်း”

“ဟေး ... ငါတို့ သူငယ်ချင်းမလေးရဲ့ နှစ်ဆယ့်ကိုးနှစ်မြောက် မွေးနေ့ပွဲမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဒီသူငယ်ချင်း အပေါင်းအသင်းများနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားရပါစေသတည်း”

ကျော်ကြီးရဲ့ဆုတောင်းသံ အဆုံးမှာ သူတို့အားလုံး ဟေးခနဲအော်ကာ လက်ခုပ်ဝိုင်းတီးလိုက်ကြသည်။ သူတို့ရင်ထဲမှာလည်း ကိုယ်စီ ကိုယ်စီ ပျော်ရွှင်ချမ်းမြေ့နေခဲ့ကြသည်။ အားလုံးထဲမှာ အပျော်ဆုံးကတော့ သူပဲဖြစ်မည်ထင်သည်။

ပီတိများစွာ ဖုံးလွှမ်းလျက် ရယ်ရွှင်နေသော ထနောင်းရဲ့ဘေးတိုက်မျက်နှာလေးကို တစ်ချက် တစ်ချက် ခိုးကြည့်ရင်း သူ့ ရင်ခုန်သံတွေ အတက်အကျ မညီစွာ ခုန်ပေါက်လှုပ်ရှားလာရသည်။ တကယ်တော့ ဒီရင်ခုန်သံတွေဟာ သူ့ရဲ့တစ်ချိန်တုန်းက ရင်ခုန်သံဟောင်းများပင် ဖြစ်ပါသည်။ ထို့ပြင် မသက်မသာ သက်ပြင်းချရတာလဲ အကြိမ်ပေါင်းများစွာပင်။

အမေ့လက်ရာ ခေါက်ဆွဲကြော်ကို သူငယ်ချင်းတစ်သိုက် အားရပါးရ ဝါးတီးဖွဲ့ပြီးကြချိန်မှာတော့ ကျော်ကြီးက စတင်ကာ လောဆော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီသွန်း၊ ခုချိန်ကစပြီး ငါတို့အားလုံး ငယ်ဘဝကို ပြန်ရောက်သွားကြပြီ၊ စိတ်ညစ် စိတ်ရှုပ်စရာတွေ အကုန်လုံးကို ခပ်ဝေးဝေးပဲ ဝဲပစ်လိုက်ကြမယ်၊ ထနောင်းရဲ့မွေးနေ့အတွက် ဘုရားသွားမယ်၊ ဝိုင်းပြီးတောင်းဆုပြုကြမယ်၊ သဘောတူလား"

သူ အသာအယာ ခေါင်းညိတ်ပြလိုက်ရင်း ...

"သဘောမတူစရာ ဘာရှိလဲကွာ၊ ကောင်းသော အစီအစဉ်ပဲပေါ့၊ ရတောင့်ရခဲ အခွင့်အရေးလေးကို လက်လွှတ်ခံလို့ ဘယ်ရပါ့မလဲ"

သူ့စကားအဓိပ္ပာယ်က တစ်မျိုးတစ်မည် ပြောင်းလဲနေတာကြောင့် ဖိုးတေက သူ့မျက်နှာကို ဈာတ်ခနဲ လှမ်းကြည့်သည်။ ကျော်ကြီး မချိုမချဉ်ပြုံးကာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ရဲညွန့်ကတော့ မလှမ်းမကမ်းမှာ ပန်းကန်ဆေးနေသော ထနောင်းရှိရာ မျက်လုံးဝေ့ကြည့်ပြီး ချောင်းတစ်ချက်ဟန့်ကာ ...

"အဟမ်း ... ကဲ ... တဖြည်းဖြည်းနဲ့ ပစ်မှတ်နားနီးလာပြီ၊ အရှိန်လျှော့ထားပါ မောင်ရင်"

ရဲညွန့်ရဲ့ပြက်လုံးကြောင့် သူတို့အားလုံးပြိုင်တူ ရယ်လိုက်မိကြသည်။ ခဏကြာတော့ သူတို့သူငယ်ချင်းအုပ်စု ဘုရားသွားရန် ထွက်လာခဲ့ကြပါသည်။





သူတို့အိမ်နဲ့ကားမှတ်တိုင် နှစ်မှတ်တိုင်စာ ဝေးသောနေရာမှာ ရပ်ကွက်ဆုတောင်းပြည့် စေတီရှိသည့်အတွက် သူတို့အားလုံး ထိုစေတီရှိရာသို့ ဦးတည်လာခဲ့ကြသည်။ ထိုစေတီက သူတို့ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက အားလပ်ချိန်တိုင်း တပြုံတမကြီး လာရောက်ဦးခိုက်ကြရာစေတီ ဖြစ်လေသည်။ ငယ်ငယ်ကဆို သူတို့တက်သော အလယ်တန်းကျောင်းကြီးနှင့် မျက်နှာချင်းဆိုင်မှာရှိသော ထိုစေတီကြီးဆီသို့ ကျောင်းဆင်းချိန်တိုင်း ပျော်ပျော်ပါးပါး ချီတက်သွားကြမြဲပင်။ ကျောင်းကြီးကို မြင်တိုင်း သူတို့အားလုံး ငယ်မူငယ်သွေးတွေ အလိုလို ပြန်ကြွလာရသည်။

ညင်းသော့သော့ တိုက်ခတ်နေသော လေပြည်နုနုတချို့ကြောင့် လူရှင်း၊ ကားရှင်းနေသည့် ကတ္တရာလမ်းမကြီးထက် အေးအေးလူလူ လျှောက်လှမ်းလာသော သူတို့စိတ်ထဲမှာလည်း ပကတိ အေးချမ်းကြည်လင်နေပါသည်။ အရေးထဲ ကျော်ကြီးက အရွှန်းဖောက်စကား ဆိုလာပြန်သည်။

"ငါ ခုချိန်မှာ တွံတေးမြို့က ကိုသိန်းတန်ကြီးကို မဆိမဆိုင် သွားသတိရမိတယ်၊ သူ့ကိုထက် သူဆိုခဲ့တဲ့သီချင်းတစ်ပုဒ်ကိုပါ"

"ဟင် ... လုပ်ပြီ၊ ဘာတွေကြံကြံဖန်ဖန် တွေးမိပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ ... တို့ကျောင်းကို ... ပြေးမြင်မိရင် ... သတိရနေတယ် သူငယ်ချင်းရေ ... တို့များငယ်ငယ်တုန်းက ... ဒီလမ်းဆီကနေ ... လက်ချင်းယှက်ကာ ... ပြေးကာလွှားကာ ... ကျောင်းတက်လာကြတာတွေ ... မေ့နိုင်ပါ့မလား မင်းတို့ ငါတို့ ငယ်ငယ်တုန်းကလေ ... တူ့နှယ်တဲ့နှယ် ဗြောင်"

ကျော်ကြီးရဲ့ အသံဝါဝါ သီချင်းသံအဆုံးမှာ သူတို့တစ်အုပ်စုလုံး ဝါးခနဲ ရယ်ချမိကြသည်။ ထို့ပြင် ရဲညွန့်ကလည်း "ယို့ ... ယို့"ဟု ရက်ပါစတိုင်လ်ဖြင့် ဆိုလာပြန်သဖြင့် ရယ်ပွဲက အတောကိုမသတ်နိုင်တော့ပေ။ အတော်လည်း ဗရုတ်ကျသောကောင်တွေပင်။

ထို့နောက် ဖိုးတေတို့ သုံးယောက်က အလိုက်သိစွာ ရှေ့မှ ဦးဆောင်ချီတက်သွားကြကာ သူတို့နှစ်ယောက်ကို တမင်တကာ နောက်ချန်ထားခဲ့လေသည်။ တစ်ချက် တစ်ချက် ဖျတ်ခနဲ လဲ့ဖြာလာသော ပလက်တီနမ်ဆွဲကြိုးလေး၏ တောက်ပမှုက ထနောင်း မျက်နှာပေါ် တိုက်ရိုက်ထင်ဟပ်နေပုံကိုလည်း သူ မဝံ့မရဲ ခိုးကြည့်ရင်း ကြည်နူးပီတိဖြာရသေးသည်။

ဘာကြောင့်မှန်းမသိ သူ တဒင်္ဂအတွင်းမှာပင် ခြေဖျားလက်ဖျားတွေ အေးစက်လာရပါသည်။ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားရလောက်အောင် စိတ်လှုပ်ရှားခြင်းကြီးစွာဖြစ်လျက်။





ထနောင်းက လမ်းလျှောက်နေရာမှ ခပ်ဝေးဝေးသို့ လှမ်းမျှော်ငေးကာ ရေရွတ်သည်။

"ငါတို့တွေ ဟိုးငယ်ငယ်တုန်းက ဘဝကို ပြန်ရောက်သွားကြသလိုပဲနော် ဒီသွန်း"

"အင်း ... ဟုတ်တယ်၊ နင် မပျော်ဘူးလားဟင် ထနောင်း"

ထနောင်းက ယဲ့ယဲ့လေးပြုံးရင်း သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"အတိုင်းအဆမရှိအောင်ပဲပေါ့ ဒီသွန်းရယ်၊ ငါ့ဘဝကဏ္ဍကြီးထဲက အကျည်းတန်ဆုံး အစိတ်အပိုင်းကြီးကိုသာ ဖယ်ထုတ်ရှင်းလင်းလိုက်ရင် ဒီထက်ပိုပြီး ပျော်မိမှာ"

သူက ထနောင်း ဘာဆိုလိုသလဲ ဆိုတာကို တိတိပပ သဘောပေါက်သွားရသည်။ စိတ်ပျက်အားငယ်နေပုံရသော သူငယ်ချင်းမလေး၏ခေါင်းကို တစ်ချက်အုပ်ကိုင်ပြီး အားပေးနှစ်သိမ့်လိုက်မိသည်။

"အဲဒီအပိုင်းကြီးကို နင့် ခေါင်းထဲက ထုတ်ဖယ်ရှင်းလင်းလိုက်လို့ ရပါတယ်ဟာ၊ နင်ဟာ ငါတို့ရဲ့အမြဲတမ်းသူငယ်ချင်း၊ ဖြူစင်ရိုးသားပြီး ဟန်ဆောင်မှုကင်းတဲ့ ငါတို့ရဲ့ အရင်တုန်းက သူငယ်ချင်းပါပဲ ထနောင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်လုံး ပြောစရာစကား မရှိတော့သလို အသီးသီး တိတ်ဆိတ်ငြိမ်သက်နေမိကြသည်။ မကြာမီ သူတို့ဦးတည်ရာ ဆုတောင်းပြည့်စေတီတော်ကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။

ထနောင်းက စနေထောင့်မှာ ဘုရားဝတ်ပြု၊ ရေချမ်းကပ်လှူပြီး သူတို့လေးယောက်လည်း ဆိုင်ရာဆိုင်ရာနေ့နံထောင့်တွေမှာ အသီးသီး ဘုရားရှိခိုးကြပြီးချိန်မှာ ညရှစ်နာရီအတိဖြစ်သွားခဲ့သည်။

ရင်ပြင်တော်မှာ အေးအေးလူလူထိုင်ရင်း သူတို့ငယ်ဘဝတုန်းက အဖြစ်သနစ်ဟောင်းများကို မမောနိုင် မပန်းနိုင် အလုအယက် ဖောက်သည်ချကြရင်း တရွေ့ရွေ့နှင့် အချိန်ကုန်မှန်းမသိ ကုန်လာခဲ့ပါသည်။

"ဟော့ကောင်တွေ ကိုးနာရီတောင် ကျော်နေပြီနော်၊ ငါတို့ပြန်ကြရင်ကောင်းမယ်၊ လမ်းလျှောက်ဦးမှာဆိုတော့ ကြာဦးမှာ"

ဖိုးတေက နာရီကြည့်ပြီး လောဆော်လာတော့မှ သူတို့အုပ်စု ပြန်ဖို့သတိရကြကာ စေတီရင်ပြင်တော်ပေါ်မှ ဆင်းလာခဲ့ကြသည်။ လမ်းမပေါ်မှာ လူတစ်ယောက်၊ နှစ်ယောက်စကလွဲလို့ ဘယ်သူမှ မရှိ။ ရှင်းလင်းခြောက်ကပ်နေသည်။





အပြန်လမ်းမှာလည်း အလာတုန်းကလိုပင် ကျော်ကြီးတို့ကရှေ့မှ၊ သူနှင့် ထနောင်းက နောက်မှ အေးအေးလူလူလျှောက်လှမ်းလာခဲ့သည်။

ထနောင်းက အမှတ်တမဲ့ ကောင်းကင်ပြင်ကြီးကို မော့ကြည့်ကာ ထိန်ထိန်သာနေသော လမင်းကြီးကို လက်ညှိုးထိုးပြရင်း ...

"ကြည့်စမ်း ... ဒီသွန်း၊ လ,သာနေတာ ကြယ်လေးတွေကလည်းစုံလို့"

သူက ထနောင်းနည်းတူ မော့ကြည့်လိုက်ကာ ...

"အေး ... ဟုတ်တယ်နော်၊ ပျော်စရာကြီး"

သူတို့နှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြပြီး အသံထွက်အောင်ပင် ပြိုင်တူရယ်မောလိုက်ကြသည်။ ထိုအချိန်မှာပင် သူတို့နောက်နားမှ ကားတစ်စီး၏ ဟွန်းတီးသံကြောင့် နှစ်ယောက်သား လန့်ဖျပ်သွားကြကာ. လမ်းဘေးသို့ ကပျာကယာ ပြေးကပ်လိုက်ကြပါသည်။

သို့သော် ထူးဆန်းသည်မှာ ထိုကားက သူတို့ဘေးကပ်ဖယ်ပေးတာကိုပင် ကိုယ့်လမ်းကိုယ်မမောင်းပဲ အရှိန်ခပ်ပြင်းပြင်းနှင့် သူတို့နားမှ ပွတ်ဆွဲကာ ရှေ့မှကန့်လန့်ဖြတ် ပိတ်ရပ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ ထင့်ခနဲ ဖြစ်သွားရသည်။ ထနောင်းလည်း သူ့နည်းတူ ခံစားရမှာပင်။ သူတို့နှစ်ယောက်လုံး ကြက်သေ,သေနေမိကြစဉ်မှာပင် ကားပေါ်မှ သူ့အရွယ်ချာတိတ်ငါးယောက် ခုန်ဆင်းလာကြသည်ကို တွေ့လိုက်ရသည်။

သူ တစ်စုံတစ်ရာကို ရှင်းရှင်းလင်းလင်း သဘောပေါက်သွားမိသည်။ အန္တရာယ်၏ အငွေ့အသက်တချို့ကိုလည်း ခံစားသိရှိလိုက်ရသလိုပင်။ ဒီကောင်တွေဟာ ရိုးရိုးသာမန်တွေတော့ မဖြစ်နိုင်။ သူတို့ကို ရန်ပြုတိုက်ခိုက်ဖို့ ချဉ်းကပ်လာကြခြင်းဖြစ်ကြောင်း တပ်အပ်သိလိုက်ရသည်။

သူ ချက်ချင်းပင် ထနောင်းရှေ့မှ ပိတ်ရပ်ကာ ...

"ဟေ့ကောင်တွေ ... မင်းတို့ ဘာကောင်တွေလဲ"

သူ ခပ်ပြတ်ပြတ် မေးရင်း သူတို့တစ်ယောက်ချင်းစီ၏ မျက်နှာကို စစ်စစ်ပေါက်ပေါက် အကဲခတ်ကြည့်ရှုလိုက်သည်။ သေချာတာတစ်ခုကတော့ ဒီကောင်တွေ ဘယ်သူဆိုတာ သူ ကောင်းကောင်း မသိနိုင်ခြင်းပင်။ သူတို့နားက လမ်းမီးအလင်းရောင်ကလည်း အားရစရာ မကောင်းလောက်အောင် မှေးမှိန်ဖျော့တော့နေခဲ့သည်။

သူ့အသံကြောင့် မလှမ်းမကမ်းမှာ ရောက်ရှိနေကြသော ကျော်ကြီးတို့သုံးယောက်လည်း ကြားသွားကြကာ အခြေ





အနေမှန်ကို ရိပ်စားမိလိုက်ပြီး သူတို့ရှိရာ ဒရောသောပါး ပြေးလာကြပါသည်။

ထိုကောင်တွေထဲက ဗလအတောင့်ဆုံး ကောင်တစ်ကောင်က သူ့လူတွေကို မျက်စပစ်ကာ အချက်ပေးလိုက်ပြီး ဆိုသည်။

"သေချာတယ် သူပဲ၊ ဟေ့ကောင်တွေ စတော့"

သူ့မျက်နှာကို တစ်စုံတစ်ယောက်က ခွပ်ခနဲထိုးချလိုက်လေသည်။ သူ့မျက်လုံးထဲ မိုက်ခနဲ ပြာဝေသွားရပေမယ့် ချက်ချင်းပင် ထနောင်းကို ဘေးတွန်းဖယ်ပစ်လိုက်ပြီး ထိုကောင်တွေနှင့် ပြန်ရင်ဆိုင်လိုက်သည်။ ကျော်ကြီးတို့ကလည်း တက်ညီလက်ညီပင် တစ်ယောက်တစ်လက်စီ ဝိုင်းအားပေးကြသည်။

သူ့စိတ်ထဲမှာ သေချာသိလိုက်တာတစ်ခုက ဒီကောင်တွေရဲ့ အဓိကပစ်မှတ်ဟာ သူတစ်ယောက်တည်းကိုသာ ရည်ရွယ်ခြင်းဖြစ်ကြောင်း ဆိုသည်ကိုပင်။ ထို့ပြင် ဒါဟာ ဘယ်သူ့လက်ချက်လဲ ဆိုတာကိုပါ သူ စက္ကန့်ပိုင်းအတွင်း ဘွင်းဘွင်းကြီး သဘောပေါက်လိုက်ရသည်။

ထိုအချိန်မှာပင် မထင်မှတ်ဘဲ စူးခနဲ ထွက်လာသော အသံတစ်သံကြောင့် သူ သတိတစ်ချက် လွတ်သွားကာ ကြောင်အသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသွန်း ... သူ့ ... သူ့လက်ထဲမှာဓား"

သူ့ထံ ပြေးဝင်လာသော ကောင်တစ်ကောင်ရဲ့လက်ထဲမှ လက်ခနဲ တောက်ပသွားသော အရာတစ်ခု။ သူ ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ ငေးကြောင်နေမိစဉ်မှာပင် သူ့ရှေ့မှ ဖျတ်ခနဲ ဝင်ကာလိုက်သော အရာတစ်ခုကြောင့် သူရော ထိုအရာပါ လုံးထွေးလဲကျသွားလေတော့သည်။

ရုတ်တရက် သူ မူးမိုက်မေ့မတတ် ဖြစ်သွားရသည်။ စိုးရိမ် ကြီးခြင်းက ငယ်ထိပ်တက်ဆောင့်လာကာ သူ့ရင်တစ်ခုလုံး ပူလောင် ကျွမ်းရှသွားရပါတော့သည်။ ချက်ချင်းပင် ထိုကောင့်မေးစေ့ကို လက်သီးတစ်ချက် ပစ်ကျွေးပြီး အင်္ကျီစကို ဆောင့်ဆွဲကာ ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဟေ့ကောင် ... မင်းတို့ကို ဘယ်သူလုပ်ခိုင်းတာလဲ၊ မှန်မှန်ပြောစမ်း၊ မပြောရင် မင်းကို ငါ သေအောင်ထိုးမှာနော်"

ထိုကောင်က အခြေအနေ မဟန်မှန်းသိ၍ထင်သည်။ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် သူ့ကို ထိတ်လန့်တကြား မော့ကြည့်ကာ အထစ်ထစ် အငေါ့ငေါ့ ရေရွတ်သည်။

"ဦး ... ဦးမင်းဝီရ ပိုက်ဆံပေးပြီး ခိုင်းတာ"

သူ့ခေါင်းတစ်ခုလုံး ချာချာလည်သွားသည်။ ထိုကောင့် မျက်နှာကို စိတ်ရှိလက်ရှိပင် အချက်ပေါင်းများစွာ





ဆောင့်ထိုးပစ်နေမိလေသည်။ သူ့အာရုံထဲမှာ အသိတရားတွေ စုန်းစုန်းမြုပ်ကာ ဦးမင်းဝီရ ဆိုသော သူ အမုန်းဆုံး ယောကျ်ားတစ်ယောက်၏ မျက်နှာကိုသာ ကွက်ကွက်ကွင်းကွင်း မြင်ယောင်နေမိတော့သည်။ သူ့ကို လူသုံးလေးယောက်လောက် ခပ်ကြမ်းကြမ်း ဝိုင်းဆွဲလာတော့မှ သူ သတိဝင်လာသည်။

"ဒီသွန်း ... စိတ် ... စိတ်လျှော့ပါဦးကွာ၊ ငါတို့ ထနောင်းကို အခြေအနေ သွားကြည့်ရအောင် ... လာ"

ကျော်ကြီးက အက်ကွဲတုန်ယင်စွာ ဆိုလာတော့မှ သူ အခြေအနေမှန်ကို ချက်ချင်းသဘောပေါက်သွားပြီး မလှမ်းမကမ်းမှာ ပုံလျက်သား လဲကျနေသော ထနောင်းရှိရာ သွေးရူးသွေးတန်း ကွက်ပြေးလာခဲ့မိသည်။ သူ့ရင်တစ်ခုလုံး ဟာလာဟင်းလင်း ကွဲကြေနေခဲ့လေပြီ။

"ထနောင်း ... ထနောင်း ... နင် ... နင် သတိရရဲ့လားဟင်"

ထနောင်းက အဆမတန် နာကျင်ခံစားနေရပုံဖြင့် တအင်းအင်း ညည်းညူနေသည့်ကြားမှပင် သူ့ကို ခပ်ယဲ့ယဲ့လေး ပြုံးပြလာသည်။

ဟင့်အင်း ... ငါ့ကို ခွဲခွာသွားဖို့ ကြိုတင်အပြုံးတွေ မပေးပါနဲ့ သူငယ်ချင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသွန်း ... နင် ကောင်းကောင်းမွန်မွန် နေနော်၊ နင်ဟာ ငါ့ရဲ့ထာဝရသူငယ်ချင်းကောင်းပါ ဒီသွန်းရယ်"

တိုးတိမ်ဖျော့တော့သွားသော လေသံတုန်တုန်လေးက သူ့နှလုံးသား တစ်ခုလုံးကို ရစရာမရှိအောင် ခြေမွဖျက်ဆီးပစ်လိုက်သလိုပင်။ သူ လှိုက်ဖိုတုန်လှုပ်နေသော ရင်အစုံဖြင့် ထနောင်းကို ခပ်တင်းတင်း ဖက်ထားမိသည်။

"ထနောင်း ... နင် ဘာမှမဖြစ်စေရဘူး၊ ငါ တစ်ယောက်လုံးရှိတယ်၊ နင် ငါ့ကို ဘယ်တော့မှ ခွဲမသွားရဘူး"

ဖိုးတေက သက်ပြင်းတစ်ချက်ရှိုက်ရင်း သူ့ပခုံးကို အသာဖျစ်ညှစ်ဆုပ်ကိုင်ကာ အားပေးသလို ပြောလာသည်။

"ဒီသွန်း ... စိတ်လျှော့လိုက်ပါကွာ၊ ထနောင်း ငါတို့ကို ခွဲသွားပြီကွ"

သူ့အသိအာရုံတွေ အားလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားခဲ့သည်။ တဒင်္ဂအတွင်းမှာပင် သူ့ခေါင်းပေါ်သို့ ကမ္ဘာကြီးတစ်ခုလုံး ပြိုပိကျလာသလို လေးလံဖိစီးသွားရလေသည်။

သူ အောက်နှုတ်ခမ်းတစ်ခုလုံး ပြတ်ထွက်လုမတတ် အံကြိတ်ကိုက်ခဲကာ ကောင်းကင်ပြင်ကြီးကို မော့ကြည့်လိုက်ရင်း ရှိသမျှအားနှင့် အော်မိသည်။





"ဦးမင်းဇီရ ... ခင်ဗျားကို ကမ္ဘာကျေတာတောင် ဥဒါန်းမကျေဘူး"

သူ့ရဲ့ အသံကုန် ကျူးအော်လိုက်သံက ထက်ကောင်းကင်တစ်ခွင်လုံးသို့ လွင့်ပျံ့ပဲ့တင်ထပ်ကာ တုန်ဟည်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်မဆုံနိုင်မှန်း သိပေမယ့်
အဖြူရောင်အလွမ်းတွေနဲ့
နင့်နင့်သီးသီး လွမ်းနေပါရစေ
သူငယ်ချင်း ...
ထာဝရရှိုးသားမှု သက်သက်နဲ့ပေါ့

သူ အုတ်ဂူဖြူဖြူလေးကို မျက်တောင်မခတ်တမ်းငေးစိုက်ကြည့်နေခဲ့တာ အချိန်တော်တော်ကြာပြီ။ သူ့အသိအာရုံတွေအားလုံး ခပ်ဝေးဝေးသို့ လွင့်ပျံ့ရောက်ရှိသွားခဲ့တာကိုလည်း အကောင်းပကတိအတိုင်းဖြစ်အောင် ပြန်လည်မစုစည်းနိုင်ခဲ့။

သူ့စိတ်ထဲမှာ သိတာတစ်ခုပဲရှိသည်။ ထနောင်း သူ့နားသို့ တစ်ချိန်ချိန်မှာ မလွဲမသွေ ပြန်လည်ရောက်ရှိလာမည်ဆိုတာကိုပင်။

"ဒီသွန်း ... ညနေစောင်းတော့မယ်၊ ပြန်ကြရအောင်ကွာ၊ တော်ကြာ ကြီးကြီးခင်လေး စိတ်ပူနေဦးမယ်"

ဖိုးတေက သူ့ပခုံးကို သိုင်းဖက်ရင်း ခပ်တိုးတိုး သတိပေးလာသည်။ သူ သက်ပြင်းရှည်ရှည်တစ်ချက် လှိုက်မောတုန်ယင်စွာချရင်း ထိုင်ရာမှ ထရပ်လိုက်ပါသည်။

ထနောင်းရေ ... နင် တစ်နေရာရာကနေ ကြားနိုင်မလား။ ဦးတည်ရာမဲ့ လေပြည်တချို့ တီးတိုးတမ်းတနေတဲ့အသံတွေကိုလေ။

www.burmeseclassic.com

www.burmeseclassic.com



ငါဟာ ခုချိန်မှာ မျောချင်တိုင်းမျော၊ လွင့်ချင်တိုင်း လွင့်နေတဲ့ လေပြည်တစ်စတော့ ဖြစ်ကောင်းဖြစ်လိမ့်မယ်။ ဒါပေမဲ့ ကိုယ်တိုင်ဖွဲ့သီထားတဲ့ တမ်းချင်းတစ်ပုဒ်ကိုတော့ လွမ်းမောစွာ ရေရွတ်နေမိပါတယ်။

ဒါဟာ နင် ဘယ်တော့မှ ပြန်မလာနိုင်တော့မှာကို ရင်နာနာနဲ့ လက်ခံသဘောပေါက်လိုက်မိလို့ပဲပေါ့။ လေပြည်တစ်စ ရဲ့တမ်းချင်းကို နင် သဲ့သဲ့ကလေးတော့ ကြားနိုင်ပါစေ သူငယ် ချင်းလေးရယ်။





သူငယ်ချင်း
တို့နှစ်ယောက်ကြားမှာ
ဖြူစင်မှု
ခိုင်မာမှု
ကျောက်သားလို တည်တံ့တဲ့
သံယောဇဉ်တွေရှိတယ် ...
ပေးဆပ်မှု
အနစ်နာခံမှု
တုနှိုင်းမမီတဲ့ မေတ္တာတွေရှိတယ် ...
တို့နှစ်ယောက်ရဲ့ အသက်ရှူသံတွေဟာ
အဖြူရောင်တေးသီချင်းတွေကို မွေးဖွားစေတယ်
တို့နှစ်ယောက်ရဲ့ တွဲလက်တွေဟာ
အဖြူရောင်ပန်းခင်းတွေကို ရှင်သန်စေတယ်
တို့နှစ်ယောက်ရဲ့ အဖြူရောင်စုတ်ချက်တွေနဲ့ပဲ
လောကပန်းချီကားတစ်ချပ် ရေးဆွဲလိုက်ရအောင် ...
ကမ္ဘာတည်သရွေ့
မင်းနဲ့ ငါ သူငယ်ချင်းပဲပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ဓာမတော်ပါရှိသတ်ကြိုးစာထွက်

သက်ဆုံးတိုင်ပေးဆပ်သွားမယ့်

မြသွေးနီချယ်

27-01-2009

Tuesday

6:30 PM

BURMESE CLASSIC .com

www.burmeseclassic.com